
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ထူးဆွေအောင်

# မပျော်ရင်စကား

(အချစ်ဟာသလုံးချင်းဝတ္ထုသစ်)

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၃၈-လမ်း ကျောက်တံတား။

ဖုန်း - ၂၄၅၂၈၉ ၃၇၉၄၈၉။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၂၇၄၀၆၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၂၇၀၀၆၀၇

| | | |
|---|---|---|
| အဖုံးပန်းချီ | - | အကာ |
| အတွင်းဒီဇိုင်း | - | နီဝင်းငြိမ်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | အမှတ် (၈၈)၊ ၃ထပ် (ညာ)၊ ၃၈ လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| တအုပ်ချုပ် | - | ကြူကြူဖွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

BURMESE CLASSIC .com

(၁)

'မထားရဲ့မျက်ဝန်းထဲမှာ တို့ကိုချစ်တယ်ဆိုတဲ့အဖြေကိုတွေ့နေရပြီပဲ မထားရယ်. . . ခေါင်းလေးသာညိတ်လိုက်ပါတော့. . .'

'ရပြီ. . . ရပြီ တစ်ညလုံးတစ်နေ့လုံး ဒီစကားကြီးကိုပဲ အခါ ဘစ်သိန်းမက ကြားရလွန်းလို့ ကြာရင်မင်းကို ငါဖက်နမ်းမိတော့မယ် သန့်ဇင်'

'ထင်ကြီးရဲ့ ရင်ထဲကလာတဲ့စကားကို မင်းကြားတယ်မဟုတ်လား။ သန့်ဇင်. . .၊ ငါတို့တွေကြိုးစားရှာဖွေထားတဲ့ စကားလုံးလေးတွေဟာ တစ်ခု သပ်၊ တစ်လင်ကွာ၊ မုဆိုးမတောင်မကြိုက်ကြတဲ့ ထင်ကြီးလိုအကောင်တောင် ကြွသွားပြီပဲ' မင်းရဲ့. . . မထားတင်မကဘူး၊ သူ့သူငယ်ချင်းမတွေပါ ကြွသွားမှာသေချာ ပြီကွ၊ ကဲကဲ. . . သွားဖို့ပြင်ဆင်ကြတော့'

ထိုစကားကို ပြောကြားသူကတော့ ကျွန်တော်တို့အဆောင်၏ အသက် အကြီးဆုံး၊ အလေးစားရဆုံး ကိုကြီးကျော်ခေါ် ကိုကျော်ဝင်းဖြစ်ပါသည်။

နေရာကတော့ ဖန်ခါးကောလိပ်ဟု အမည်တွင်သော၊ မြွေပွေးဒီဂရီ ကောလိပ်ဟုလည်းခေါ်သော မကွေးဒီဂရီကောလိပ်(ယခု မကွေးတက္ကသိုလ်ကြီး ၏ အမျိုးသားဆောင်ဖြစ်သော ဗိသနိုးဆောင်၊ အဆောင်(၆)၊ အခန်း(၃) ဖြစ်၍ အချိန်ကတော့ ညနေလေးနာရီခွဲခန့်ရှိပေပြီ။

ကိုကြီးကျော်ကဦးဆောင်၍ ထွန့်ထွန့်ဟုခေါ်သော မျိုးထွန်း အောင်ချစ်ဟုခေါ်သော ချစ်အောင်၊ သက်ပြင်းဟုခေါ်သော သက်နိုင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်တာတို့အုပ်စုသည် နှလုံးသားစစ်မြေပြင်သို့ထွက်တော့မည့် သန့်ဇင်ကို ဝိုင်း၍ ကူညီစောင့်မနေခြင်းဖြစ်ဘိ၏။

အရှက်အကြောက်ကြီးသော သန့်ဇင်က သူ့ထက်ပို၍ အရှက်အကြောက်ကြီးသော မထားနှင့် ချစ်စကားလည်းမဆို၊ ချစ်သဂင်္ဂဟလွှာလည်း မပါဘဲ နှလုံးသားချင်းနားလည်၍ နှစ်ဦးသားကျိတ်ပြီး ချစ်နေကြသည်။

သူတို့ဟာသူတို့ တုတ်နဲ့ရိုက်လို့ပဲချစ်ချစ် ဓားနဲ့ခုတ်လို့ပဲကြိုက်ကြိုက်၊ ချစ်ကြိုက်ဖို့သာပဓာနဟု ကျွန်တော်တို့က လက်ခံယုံကြည်ထားကြသော်လည်း မထား၏သူငယ်ချင်းမများကမူ. . . သူတို့အမျိုးသမီးထု၏ ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက်နှင့် ရိုးရာဓလေ့ထုံးစံ တည်တံ့ခိုင်မြဲရန်အတွက် ယောကျ်ားပီပီ သန့်ဇင်က မထားထံလာ၍ မေတ္တာစကား ဖွင့်ဟပြောကြားမှသာလျှင် တရားဝင်အသိအမှတ်ပြုမည်ဖြစ်ကြောင်း တစ်ခဲနက်ကြွေးကြော်ကြသည်။

ထို့ကြောင့် ကိုကြီးကျော်က ကမတထလုပ်၍ အခန်းအတွင်းရှိ လူအပေါင်း၏ အကြံဉာဏ်ကိုရယူကာ သန့်ဇင်မိန့်ကြားရမည့် စကားအတွက် အခြေအတင်၊ အကြိတ်အနယ် ဒိုးတိုက်မဆွေးနွေးနေကြသည်။ နောက်ဆုံး အားလုံး သဘောတူ ရွေးချယ်အတည်ပြု ဆုံးဖြတ်လိုက်တော့ ညသန်းခေါင်ကျော်သွား သည်။ ထိုအချိန်မှစ၍ သန့်ဇင်ကို ပုံသဏ္ဌာန်အမျိုးမျိုး၊ လေယူလေသိမ်းအမျိုးမျိုးဖြင့် ရွတ်ဆိုလေ့ကျင့်ခိုင်းနေကြသည်မှာ ယခုညနေ လေးနာရီကျော်မှ အားလုံး စိတ်တိုင်းကျဖြစ်သွားလေပြီ။

'ကဲ. . . သန့်ဇင် မထားရှေ့ရောက်ရင် လေ့ကျင့်ထားတဲ့အတိုင်းသာ ပြောလိုက် မင်းထက် အရှက်အကြောက်ပိုကြီးတဲ့မထားက ရှက်လို့ခေါင်းငုံ့သွားမှာပဲ၊ ဒါဆိုရင် 'ပွဲသိမ်း' ဟုတ်ပြီလား၊ မထားသူငယ်ချင်းတွေရှိနေလို့ဆိုပြီး ကြောက်မနေနဲ့ မင်းအားရှိအောင် ငါတို့ပါလိုက်ခဲ့မှာ'

'ကျွန်တော်ကလိုက်လို့မရဘူး 'ချက်(စ်)' လူရွေးပွဲရှိတယ်၊ မချိုကိုပါခေါ်ပြီး အဲဒီကိုသွားရမှာ'

ထွန်းထွန်းကပြောပြောဆိုဆို ချက်(စ်)ဗူးကို လွယ်အိတ်ထဲ ထည့်လိုက်စဉ် သက်ပြင်းက. . .





'ကျွန်တော်လည်းမအားဘူး သွားစရာရှိတယ်'

မောင်တာက သက်ပြင်းကိုမျက်မှောင်ကြုတ်ကြည့်ရင်း. . .

'သားစစ်. . . မြို့ထဲကိုသွားတာ ဘယ်အချိန်ပြန်လာမှာတဲ့လဲ စောင့်ဦးမှာလား'

ကိုကြီးကျော်က အနည်းငယ်ပြောင်နေသော နဖူးပေါ်သို့ ရှိုးစုမဲ့စု ဆံပင်လေးများကို ဘီးဖြင့်ဖြီး၍ ဖုံးအုပ်လိုက်ရင်း. . .

'စောင့်မနေနဲ့ အချိန်မရှိတော့ဘူး၊ ဟောကောင်ထင်ကြီး လိုက်မယ်ဆိုလုပ်လေကွာ'

ထင်ကြီးဟုအမည်တွင်သော ကျွန်တော်ထင်ကျော်ဦးက ဘောလုံးကန် ဘောင်းဘီဝတ်ရင်း. . .

'ဒီနေ့ ထရိန်နင်(Training) ရှိတယ် ကိုကြီးကျော်ရဲ့၊ အပြန်တွေ့မှ ဆုံကြတာပေါ့'

မောင်ချစ်ကခုတင်အောက်ရှိ ဘောလုံးကိုယူကာ တွန်တော့်ကို ပစ်ပေါက်လိုက်ရင်း. . .

BURMESE CLASSIC .com

'ကဲ. . . ဒါဆိုလည်း သွားကြရအောင်'

ကိုကြီးကျော်၊ မောင်ချစ်၊ မောင်တာနှင့် သန့်ဇင်တို့ထွက်သွားကြပြီးနောက် အခန်းထဲသို့သားစစ်ဝင်လာပြီး သူ့လွယ်အိတ်ထဲကို ခုတင်ပေါ်ပစ်တင်ရင်း. . .

'ကိုကြီးကျော်တို့အုပ်စု ငါ့ကိုမစောင့်နိုင်လို့ သွားတုန်ကြပြီထင်တယ် ကဲ. . . ထင်ကြီး ငါ့အိမ်ကပိုက်ဆံပို့လိုက်တယ်ဟေ့ မြို့ထဲသွားပြီး ဝါးကြရအောင်'

'အိုကေပဲ ပိုက်ဆံပြတ်နေတာကြာလို့ ဘီယာတောင်မှ အမှုန့်လား အရည်လား မနည်းစဉ်းစားနေရတယ်၊ ငါ အခုဘောလုံး ထရိန်နင် ပြီးပြီးခြင်း ပြန်လာခဲ့မယ်'

ကျွန်တော်သည် ဘောလုံးကန်ဖိနပ်ကို ကြိုးချည်နေစဉ်တွင် သားစစ်သည် ဘောလုံးကိုယူ၍ နံရံနှင့်ပစ်လိုက် ပြန်ဖမ်းလိုက် လုပ်နေသဖြင့် နံရံတွင်



www.burmeseclassic.com

www.burmeseclassic.com



သုတ်ထားသောထုံးများမှာ တဖွားဖွားကွာကျနေသည်။ ဒီကောင် ကမြင်းလို့ အဆောင်နံရံကြီး ပြိုကျသွားတာကအရေးမကြီး။ အရေးကြီးတာက နံရံဘေးရှိ အဲဝဲ့ပေါ်တွင်တင်ထားသော ငရုပ်သီးကြော် နှင့် ငါးပိကြော် ပုလင်းတွေကို မှန်ပြီး ကျကွဲသွားလို့ကတော့ အားလုံး အငတ်ဘေးဆိုက်သွားနိုင်သဖြင့်. . .

'ဟော့ကောင် စားပွဲကို မှန်သွားလို့ ရှိစုမဲ့စု ရိက္ခာပုလင်းလေးတွေ တွဲတုန်ပါဦးမယ် မလုပ်ပါနဲ့ဟ၊ ဘယ်လိုအမျိုးအနွယ်က ဆင်းသက်လာခဲ့တာလဲ နဲနဲမှကိုအငြိမ်မနေဘူး၊ မင်းကိုမြင်မှ 'ဒါဝင်' ရဲ့သီဝရီ မှန်မှန်းသိရတော့တယ်'

'မင်းက ငါ့ကို မျောက်မျိုးလို့ပြောချင်တာလား ကဲကွာ. . .'

သူက ကျွန်တော့်ကို ဘောလုံးဖြင့် လှမ်းပေါက်လိုက်သည်၊ ကျွန်တော်က ငုံ့ရှောင်လိုက်သဖြင့် ဘောလုံးသည် ကျွန်တော့်ခေါင်းပေါ်မှ ကျော်ကာ ပြတင်းပေါက်မှတစ်ဆင့် အခန်းအပြင်သို့ထွက်သွားသည်။

'ဘုံး. . .'

'အောင်မလေး'

'တောက်. . . ဒါဘယ်သူ လုပ်တာလဲ'

အသံမျိုးစုံထွက်လာသဖြင့် ပြတင်းပေါက်မှ ကျွန်တော်ထွက်ကြည့်လိုက်ရာ၊ အဆောင်နှင့်ကပ်လျက်ရှိသော လမ်းမကြီးပေါ်တွင် ဒေါသထွက်နေသော မိန်းကလေးတစ်စုကို တွေ့လိုက်ရသည်။

'ဟိုက် စနိုးဝှိုက်(Snow white) ရဲ့ လက်မောင်းကို မှန်သွားပါ လား'

စနိုးဝှိုက်ဟု ကျွန်တော်တို့ မကွေးဒီဂရီကောလိပ် ကျောင်းတော်သားများက အမည်ပေးထားသော ရူပဗေဒ အလှဘုရင်မလေး (Physics Queen) နှင်းဖြူကို သွားမှန်ခြင်းဖြစ်ပါသည်။

အဆောင်နံရံတွင် သုတ်ထားသော ထုံးများသည် ဘေ ်လုံးမှတစ်ဆင့် စနိုးဝှိုက်၏ နီရဲသော Puma တီရှပ်ပေါ်တွင် အကွက်လိုက်ကြီး သွား၍ပေနေသည်၊

စနိုးဝှိုက်က ဘောလုံးကို ကောက်တိုင်လိုက်ပြီး ပြတင်းပေါက်ကို လှမ်းကြည့်လိုက်ရာ ကျွန်တော့်ကို မြင်သွားသဖြင့်. . .





'ဒါ. . . ရှင်လုပ်တာလား'

'အင်း. . . အဲ. . . မဟုတ်ဘူး တမင်လုပ်တာမဟုတ်ဝါဘူး။ မတော်တဆ ဖြစ်သွားတာပါ'

'ဒီမှာ ကျွန်မ အင်္ကျီပေကုန်ပြီ မြင်လား'

'မြင်ပါတယ် ဖြူဖွေးနေတာပဲ အဲ အဲ ထုံးတွေပေကုန်လို့. . . တောင်းပန်ပါတယ်ဗျာ၊ ဘောလုံးအစား ကျွန်တော်အနူးအညွတ် တောင်းဝန်ပါတယ်'

'သူများကို လုပ်ပြီးမှ တောင်းပန်တိုင်းကျေနပ်ရမှာလား'

ထိုစဉ် သားစစ်က ကျွန်တော့်ဘေးနားလာရပ်ရင်း. . .

'အဲဒီ ဘောလုံးနဲ့ ငါက သူ့ကိုပေါက်လိုက်တာ သူကငုံ့ရှောင်လိုက်တော့ သူ့ခေါင်းပေါ်ကကျော်ပြီး မင်းကိုမှန်သွားတာပါ'

'ဒါဆို ရှင်ပစ်လိုက်တာပေါ့'

'ဟုတ်ပါတယ် မတော်တဆဖြစ်သွားတာပါ၊ တမင်လုပ်တာ မဟုတ်ပါဘူး၊ တောင်းပန်ပါ. . .'

သားစစ်၏ စကားမဆုံးခင်ပင် စနိုးဝှိုက်က ဘောလုံးကိုမြှောက်ပြီး ရိုက်ချလိုက်ရာ ရှတ်တရက်ရှောင်ချိန်မရလိုက်ဘဲ သားစစ်၏ နှုတ်ခမ်းတို ဘောလုံးမှန်သွား၍ နှုတ်ခမ်းပေါက်ကာ သွေးများထွက်လာသည်၊

သားစစ်က တောက်ခေါက်လိုက်ပြီး. . .

'တောက်. . . မင်းမိုက်ရိုင်းလှချည်လား၊ မင်းဟာ မိန်းကလေး တစ်ယောက်ဖြစ်နေလို့ သက်သာသွားတယ်မှတ်၊ မင်းနေရာမှာ ယောကျ်ားလေး တစ်ယောက်သာဆိုရင် ငါ့အကြောင်းသိသွားမယ်. . . တောက်'

သားစစ်သည် ဒေါသဖြင့်ပြောပြီး အခန်းထဲလှည့်ဝင်သွားသည်၊

စနိုးဝှိုက်ခေါ် နှင်းဖြူလည်း အစုမှ သူ့အမှားကိုသူသိ၍ ဝမ်းနည်းသွားပုံရသည်။ တစ်ခုခုပြောမည်ဟု ပါးစပ်ဟလာစဉ် သူ၏ သူငယ်ချင်း နှစ်ယောက်က ဆွဲခေါ်သွားသည်၊

'နှင်တလည်းဒေါသကြီးပဲ နှင်းနှင်းရယ် ဟိုကတောင်းပန်နေရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



နဲ့

'ငါ. . . ငါ. . .'

ထိုစကားများကိုသာ နောက်ဆုံး ကျွန်တော်ကြားလိုက်ရသည်။

'သားစစ် တော်တော်နာသွားလား'

'နာတာပေါ့ကွ၊ နှုတ်ခမ်းတောင်ပေါက်သွားတာပဲ'

'မနာခံနိုင်ရိုးလား ငါ့လူရယ်၊ ဟိုက ရူပဗေဒလက်ရွေးစင် ဘောလီဘောသမားကွ၊ အခုလည်း ဘောလီဘောလေ့ကျင့်ဖို့ စလေဆောင်က အားကစားနည်းပြဆရာကို သွားခေါ်ပြီးပြန်လာတာနေမှာပဲ၊ အင်း. . . လူတလှသလောက် ရိုက်ချက်ကလည်း မှန်တယ်၊ တော်တော် အရသာရှိသွားမှာပေါ့ သနားပါတယ် ကျွတ်. . . ကျွတ်. . .'

သားစစ်က သူ့နှုတ်ခမ်းကို လက်ကိုင်ပဝါဖြင့် အုပ်ရင်း. . .

'မင်းသနားတာ ငါသိပါတယ် ထင်ကြီးရယ်၊ ညစာ စားကောင်းအောင် သနားတာမဟုတ်လား'

ကျွန်တော်က ခေါင်းခါလိုက်ရင်း. . .

'ငါသနားတာက စန်းဝိုက်ကိုကွ၊ မင်းကိုမဟုတ်ဘူး၊ ခြေထောက်နဲ့တန်ရတဲ့ ဘောလုံးကြီးကို လက်ဖဝါးနုနုလေးနဲ့ ရိုက်လိုက်ရတာ သူ့လက်တလေးတွေ သွေးချည်ဥသွားမလားပဲ'

သားစစ်က ကျွန်တော့်ကို ကျိန်ဆဲလိုက်ရင်း. . .

'မင်း သူ့ကိုသိလား ထင်ကြီး'

'သိတာပေါ့ကွ တစ်ကျောင်းထဲ အားကစားသမားချင်းအတူတူပဲ၊ ဒါပေမယ့် သိပ်မရင်းနှီးဘူးကွ၊ ရင်းနှီးကြည့်ပါလား တောင်းပန်စရာတောင်မလိုဘူး ငါ့ကိုမြင်တာနဲ့ပဲ ဟဲ. . . ဟဲ. . .'

'မင်းကိုမြင်တာနဲ့ ပါးဆွဲချမှာပဲ'

ကျွန်တော်က အိတ်နှင့်ဘောလုံးကိုယူကာ အပြင်ထွက်မည်ပြုစဉ် သားစစ်က ကျွန်တော့်လက်ကိုဆွဲလိုက်ရင်း. . .

'မင်း. . . သူ့ကိုသိတယ်ဆို. . . သူက. . .'





ကျွန်တော်က သားစစ်အိတ်ကပ်ကိုလှမ်းကြည့်လိုက်ပြီး. . .

'ဟဲ ဟဲ. . . သူ့နာမည်က စန်းဝိုက်ခေါ် နှင်းဖြူ စတုတ္ထနှစ် ရူပဗေဒက အလှဘုရင်မ၊ မိတ္ထီလာက ဗိုလ်ကြီးလား၊ ဘာလား မသိဘူး၊ သူ့ရဲ့သမီးရုပ်လှသလောက် ရည်းစားလည်းများတယ်၊ ငါဒီလောက်ပဲ ပြောဦးမယ် ကျန်တာတွေကို ညစာ စားရင်းပြောကြတာပေါ့. . . ဟဲဟဲ'

'ပြန်မလာနဲ့တော့ ငါနှုတ်ခမ်းနာနေလို့အစာစားရင် စပ်မှာကွ မစားတော့ဘူး မင်းကိုလည်း မကျွေးတော့ဘူး'

'ဟာကွာ မင်းကလည်း ငါပြန်လာတဲ့အချိန်ကျရင် မင်းနှုတ်ခမ်းတကောင်းသွားမှာပါကွ၊ မင်းစိတ်ထဲမှာ သူ့ကိုမနမ်းရသေးခင် သူရိုက်တဲ့ ဘောလုံးကို အရင်နမ်းရတယ်လို့စိတ်ထဲ မှတ်ထားလိုက်'

'အဲဒီလို ရည်းစားများပြီး စွာတဲ့မိန်းကလေးတော့လားကွာ'

'မင်းက ဘာလုပ်ချင်လို့လဲ'

'ငါ သူနဲ့ ရည်းစားဖြစ်ချင်တယ်'

'ဘာ. . . သားစစ် မင်းရူးနေသလား'

'ငါ. . . သူ့ကိုချစ်မိသွားပြီ ထင်ကြီးရေ'

'ဟေ. . . .'

ထိုစဉ်ချစ်အောင်တစ်ယောက် အခန်းထဲသို့ဝင်လာသဖြင့်. . .

'ပြန်လာခဲ့ပြီလား သန့်ဇင်ကိုစွအောင်မြင်တယ် မဟုတ်လား'

ချစ်အောင်က တဟီးဟီးသာရယ်နေသဖြင့် ကျွန်တော်ကမနေနိုင်ဘဲ. . .

'ဘာရယ်နေတာလဲ ငါမေးတာဖြေပါဦး'

'ဒီလိုကွ. . . ငါတို့လေးယောက် စက်ဘီးကိုယ်စီနဲ့ မထားတို့အဆောင်ကို သွားကြတယ်၊ မထားသူငယ်ချင်းသုံးယောက်ကို ငါတို့သုံးယောက်ကတင်တယ်၊ မထားကို သန့်ဇင်ကတင်ပြီး တောင်တွင်းလမ်းက အကြော်ဆိုင်ကို သွားကြတယ်လေ၊ အဆောင်မှာတိုင်ပင်ထားတဲ့အတိုင်း ငါတို့ စက်ဘီးသုံးစင်းက ရှေ့ကခွာပြီး ခပ်သွက်သွက်လေးနင်းတယ်၊ သန့်ဇင်က နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တခေါ်

တတယ် ရည်းစားစကားပြောမှာဆိုတော့ မထားသူငယ်ချင်းတွေကလဲ နောက်ကို လှည့်မကြည့်ရဲဘူး၊ ငါတို့တစက်ဘီးနင်းရတဲ့သူဆိုတော့ နောက်ကိုလှည့်ကြည့်လို့လည်း မရဘူးလေ'

'ဟာ. . . လေရှည်လိုက်တာကွာ သန့်ဇင် ပြောဖြစ်လားသာပြောစမ်းပါ'

'ဟာ. . . ပြောဖြစ်တာပေါ့ကွ၊ တစ်နေကုန်သင်ပေးထားတဲ့အတိုင်း လေလုလေသိမ်းကအစ အမှန်အကန်အပီအပြင်ပဲ၊ နောက်ဆုံးစကား ခေါင်းလေး သာညိတ်လိုက်ပါတော့. . . လို့ သန့်ဇင်စကားဆုံးသွားတော့ မထားခေါင်းညိတ်လား မညိတ်ဘူးလားသိချင်လို့ အားလုံးကနောက်ကို လှည့်ကြည့်ကြတယ်လေ ဟီးဟီးဟီး'

'ကဲ. . . ချစ်အောင် နောက်မှရယ်စမ်းပါ၊ မထားခေါင်းညိတ်ပြလား. . .'

'ခေါင်းညိတ်ပြရအောင် မထားက သန့်ဇင်စက်ဘီးနောက်မှာ ပါမလာခဲ့ဘူးကွ'

'ဟေ. . .'

'သန့်ဇင်ဆိုတဲ့ကောင်က ကြောက်ကြောက်ရွံ့ရွံ့နဲ့ ထွေပွေပြီး သူ့စက်ဘီးနောက်မှာ မထား ပါမလာမှန်းမသိဘဲနဲ့ ရည်းစားစကားပြောနေတာကွ၊ မထားသူငယ်ချင်းတွေဆို ရယ်လိုက်ကြတာ မျက်ရည်ကိုထွက်လို့၊ သူတို့ဝိုင်းစတာနဲ့ သန့်ဇင်လည်းရှက်ပြီး စက်ဘီးကိုတအားနင်းပြီး ထွက်ပြေးသွားလေရဲ့'

ကျွန်တော်နဲ့ သားစစ်လည်း အူတက်အောင်ရယ်မောမိသည်။

မထားသူငယ်ချင်းတွေကို အဆောင်ပြန်ပို့ရင်း မထားကိုမေးကြည့်တော့ သူစက်ဘီးပေါ်ကိုတက်တယ်တဲ့၊ အဆောင်ရှေ့က သဲတောဆိုတော့ စက်ဘီးရမ်းသွားလို့ လဲမှာစိုးတာနဲ့ သူဆင်းပြီးစက်ဘီးကိုထိန်းတယ်တဲ့၊ ပြန်တက်မယ်လုပ်တော့ သန့်ဇင်က နောက်လှည့်မကြည့်ဘဲ အတင်းနင်းသွားတယ်တဲ့ကွာ ဟားဟားဟား'





အခု သန့်ဇင်ရော. . .

'ဘယ်သိမလဲ ကိုကြီးကျော်တို့တွေ လိုက်ရှာနေလေရဲ့၊ ငါတော့ ထမင်း ဆာလို့ ပြန်လာခဲ့တာ'

'ကဲ. . . ဒါဆိုလည်း ငါထရိန်နင် မသွားတော့ဘူးကွာ၊ မြို့ထဲဆင်းမယ် မောင်ချစ်ရေ သားစစ် သူ့အိမ်ကငွေရောက်နေတယ်'

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## (၂)

မန္တလေးလက်အောက်ခံ ကော္ဗလိပ်နှင့်တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကြီးကို ကျွန်တော်တို့ မကွေးဒီဂရီကောလိပ်တွင် ကျင်းပပြုလုပ်တော့မည်ဖြစ်၍ ကျွန်တော်တို့ဘောလုံးသမားများ အပြင်းအထန်လေ့ကျင့်နေကြသည်။

ကျွန်တော်သည် ဘောလုံးကိုနောက်ပြန်ကန် 'ဗိုလီကစ်' လေ့ကျင့်နေစဉ် ကျွန်တော်ကန်လိုက်သောဘောလုံးသည် ထိချက်မှန်အောင် မကန်မိဘဲ ရှပ်တန်မိသဖြင့် လိုရာမရောက်ဘဲဘေးသို့လိမ့်ထွက်သွားသလို ကျွန်တော်လည်း ခွေးကျ ကျကာကျောအောင့်သွားသည်။

ထို့နောက် ဘောလုံးကိုပြန်ကောက်ရန် လှည့်ကြည့်လိုက်ရာ ဘောလုံးတိုင်ထားသော စန္ဒီးဝိုက်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်မျက်လုံးပြူးသွားပြီး. .

'ထိ. . . ထိသွားလား မတော်လို့ပါနော်. . . နောက်ကလာတာကို မမြင်မိလို့ပါ၊ တောင်းပန်ပါတယ်ဗျာနော်. . . နော်'

စန္ဒီးဝိုက်က ဘောလုံးကိုပြန်လှိမ့်ပေးလိုက်ရင်း. . .

'မထိပါဘူး. . . . တောင်းပန်မနေပါနဲ့နှင်းနှင်း ဘောလုံးကို ဖမ်းထားသိုက်တာပါ'

အလဲ. . . စန္ဒီးဝိုက်က သူ့ကိုယ်သူ နှင်းနှင်းတဲ့ လှလိုက်တဲ့ကောင်မလေး စန္ဒီးဝိုက်ရယ်၊ သူလည်း ဘောလီဘောလေ့ကျင့်ပြီး ပြန်လာတာဖြစ်မည်။





ချွေးတွေစိုနေမှ သူ့ရဲ့အသားကပို၍ ပြောင်လက်လာကာ ဆင်စွယ်ရောင် ပေါက်နေသည်။ အားကစားဝတ်စုံမှာလည်း ချွေးတွေစွဲနေ၍ ကိုယ်လုံးနှင့်ကပ်နေသည်။ အဲဒါကြောင့်လည်း သူ့ကိုလိုက်တဲ့သူ၊ ကြိုက်တဲ့သူပေါပြီး ရည်းစားများတာနေမှာပဲ။

နှင်းဖြူက ကျွန်တော့်အနားလျှောက်လာရင်း. . .

'မနေ့က ရှင့်သူငယ်ချင်း ဘယ်လိုနေသေးလဲ'

'သြော်. . . စိတ်မကောင်းစရာပဲဗျ၊ ဒါမျိုးက အမှတ်မထင်ဖြစ်တတ်တယ်လေ၊ ဟိုကဘောလုံးကိုအအုပ် ဒီက အတင်းဝင်ကန်ဆိုတော့ အရိုးအက်သွားတာပေါ့၊ ဒီပြိုင်ပွဲတော့ သူဝင်ပါလို့ရမှာမဟုတ်ဘူး၊ ကျောက်ပတ်တီးက အနည်းဆုံး လေးဆယ့်ငါးရက်လောက်စည်းထားရမှာ'

'ရှင်ဘာတွေပြောနေတာလဲ'

'မနေ့က ဘောလုံးလေ့ကျင့်ရင်း အရိုးအက်သွားတဲ့ အောင်ဇော်အကြောင်းလေ'

'အဲဒါမေးတာမဟုတ်ဘူး၊ နှင်းနှင်းကြောင့် ဘောလုံးထိသွားတဲ့ရှင့်သူငယ်ချင်းအကြောင်းကိုမေးနေတာ'

'သြော်. . . သားစစ်အကြောင်းလား၊ စောစောက အဲဒီလိုပြောပါလား၊ စတုတ္ထနှစ်(သင်္ချာ)က သားစစ်တဲ့၊ အောင်လံက ဦးမောင်မောင်စိန်နှင့် ဒေါ်ဥမ္မာတို့ရဲ့ သားသမီးလေးယောက်ထဲက အငယ်ဆုံးနဲ့ တစ်ဦးတည်းသောသား၊ အချစ်ဆုံး သား၊ အမိုက်ဆုံးသားဖြစ်ကြောင်းနဲ့ အညာသားကြီး ပွဲရုံလုပ်ငန်းကိုလုပ်ကိုင်ကြောင်းပါခင်ဗျား'

'ဟာ. . . ဘာတွေပြောနေတာလဲ၊ နှင်းနှင်းကြောင့် သူဘာဖြစ်သွားလဲသိချင်တာ'

'ခင်ဗျားကလည်း ဒေါသကြီးပဲ စောစောက အဲဒီလိုရှင်းရှင်းမေးပါလား၊ အခုဘာဖြစ်ရမှာလဲ နှုတ်ခမ်းကွဲသွားတာပေါ့၊ အဲဒါ အသြော်မိပြီးရောင်နေလို့ ညကတောင်အနာရှိန်နဲ့ ကိုယ်နည်းနည်းပူတာနဲ့ ဘီယာတိုက်အဲ. . . အဲ. . . ဘာလီတိုက် လိုက်ရသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ဟာကလည်း ဖျားတာနဲ့ ဘာလိုတိုက်တာနဲ့ ဘာဆိုင်လို့လဲ'

ကျွန်တော့်ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ် အားကစားကွင်း ဝင်ပေါက်ဘက်မှ စက်ဘီးတစ်စီးကို အပြင်းနင်းလာသော သားစစ်ကို တွေ့လိုက်ရသဖြင့် . . .

'အဲဒါကတော့ . . . ဟို . . . ဟို . . . ဟောဟိုမှာ ကာယကံရှင်လာနေပြီ သူ့ကို သွားမေးကြည့်လိုက်ပါလား'

'ဟင်း ဖျားတဲ့သူကလည်း စွပ်ကျယ်ချိုင်းပြတ်ကလေးနဲ့ မမေးတော့ပါဘူး၊ နေကောင်းသွားလည်း ပြီးတာပါပဲ၊ ကဲ . . . နှင်းနှင်း သွားကစားလိုက်ဦးမယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

'ဘာ ကျေးဇူးတင်တာလဲ'

'ဟို . . . ဟို . . . မေတ္တာထားတဲ့အတွက်ပါ'

'ဂွ . . . နော် ဒီဝါစ်ခါ ရှင့်အလှည့်ဖြစ်သွားမယ်'

'မလုပ်ပါနဲ့ဗျာ၊ သတင်းမေးမဲ့သူ မရှိလို့ပါ'

'သေလိုက်ပါလား'

'သေချင်တာပေါ့ဗျာ၊ အခုနှစ်မှ ကျောင်းလခတွေကို စာမေးပွဲမတိုင်ခင် အကြွေပေးရမယ်ဆိုလို့ ဒီက သေချင်နေတာ'

စန္ဒီးပွိုက်က ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားသည်။ သားစစ်က စက်ဘီးကိုဒေါက်ထောက်လိုက်ပြီး ကျွန်တော့်ဆီ လျှောက်လာရင်း . . .

'ထင်ကြီး ကားရောက်နေတယ်'

'ဘယ်က ကားလဲ'

သားစစ်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ရင်း . . .

'မင်းအိမ်က ကား၊ ယာဉ်ငါးတန်၊ ကုန်ငါးတန်၊ ဂဟေဂျိုင်းဆော်ထားတာ ငါးတန် ပေါင်းတစ်ဆယ့်ငါးတန်ဆိုတဲ့ 'ဂျီအမ်စီ' ကုမ္ပဏီက ခရစ်တော်မပေါ်ခင် ထုတ်လုပ်လိုက်တဲ့ကားကြီး ရောက်နေတယ်၊ မင်း အစ်ကိုလည်း ပါလာတယ်'





'အိုကေ . . . ဒါဆို ငါလန်ပေါ်လော်ပန်ဖြစ်တော့မယ်ပေါ့၊ ဒါကြောင့် ညက အိပ်မက်ကောင်းတွေမက်ပြီး အခုလေးတင် စန္ဒီးပွိုက်ကို အနီးကပ်စကားပြောခွင့်ကြုံတာကိုး . . .'

'အိပ်မက်ကောင်းမနေနဲ့ ကိုယ့်လူ၊ မင်းအစ်ကိုနဲ့ အဆောင်မှူးနဲ့တငယ်သူငယ်ချင်းတွေဆိုပါလား၊ အဆောင်မှူးက မင်း အဆောင်ထမင်းလခတွေမသွင်းလို့ ထမင်းဖြတ်ထားတဲ့အကြောင်းကို တိတိကျကျ မင်းအစ်ကိုတိုတိုင်နေလေရဲ့ဗျား'

'ဟိုက်'

'မဟိုက်နဲ့ဦး ခုနက နှင်းဖြူလား၊ သူဘာတွေပြောသွားလဲ'

ကျွန်တော်သည် ခေါင်းကိုအပြင်းအထန်ကုတ်ရင်း . . .

'အေး . . . ငါပြောပြမယ်၊ ဒါပေမယ့် မင်း ငါ့အစ်ကိုကိုပြောလိုက်၊ အခု ဘောလုံးလေ့ကျင့်ရတာက တက္ကသိုလ်ပေါင်းစုံ ပြိုင်ပွဲအတွက် လေ့ကျင့်ရတာဖြစ်လို့ အပြင်းအထန်လေ့ကျင့်ရမှာ၊ အဲဒါကြောင့် အဆောင်ကိုမှောင်မှပြန်ရောက်မယ်၊ အဆင်မသင့်ရင် ညလုံးပေါက်တောင် လေ့ကျင့်ရင် လေ့ကျင့်ရမယ် စောင့်မနေနဲ့တော့လို့၊ ပြီးတော့ ငါ့ကိုပေးစရာရှိတဲ့ဟာတွေကိုလည်း မင်းကို ပေးခဲ့ပါလို့ ပြောပြလိုက်ကွာ'

သားစစ်က စီးကရက်မီးခိုးများကို အကွင်းကလေးများဖြစ်အောင် မှုတ်ထုတ်လိုက်ပြီး . . .

'ငါမညာချင်ဘူးကွာ၊ မုသာဝါဒကံဆိုတာက ဒီလိုရှိတယ်ကွ'

'ဒီလိုရှိမနေပါနဲ့ ယောက္ခမသားရယ်၊ ပိုက်ဆံရရင် ညကျဆိုင်မှာ မင်းကိုအဝကျွေးပြီး နှင်းဖြူအကြောင်းပြောပါ့မယ်'

'အိုကေ ထင်ကြီး ညကျရင် ငါ့ကိုထမင်းကျွေးရင်း နှင်းဖြူ အကြောင်းပြောမယ်ဆိုတဲ့ မင်းရဲ့ကတိကို ငါယုံတယ်၊ မင်းဟာ ကတိပေးပြီးရင် အသက်သာအသေခံမယ်၊ ကတိတို မဖျက်ဘူးဆိုတာ ငါယုံကြည်ပြီးသား၊ ဒီတော့ မင်းခိုင်းတဲ့အတိုင်း မင်းအစ်ကိုကို ငါသွားပြောပေးမယ်'

ဘောလုံးကွင်း ဝင်ပေါက်နားတွင် ထိုးဆိုက်လာသော ကုန်အခြင်



www.burmeseclassic.com

www.burmeseclassic.com



တာကြီးကို ကျွန်တော်လှမ်းကြည့်လိုက်ပြီး. . .

'စိတ်တော့ မကောင်းဘူး သားစစ်ရေ ငါ့ကတိကိုဖျက်လိုက်ပြီ၊ နှုတ်ထွက် အကြောင်းကိုလည်း မပြောဘူး၊ မင်းကိုကျွေးဖို့မပြောနဲ့ ငါစားတဲ့ မုန့်တောင် အနံ့မခံနိုင်းတော့ဘူး'

'အပြောင်းအလဲမြန်လှချည်လား သူငယ်ချင်းရယ်၊ လူ့ပုံစိတ်တို ခွေးပုရန်လို ဆိုတဲ့ စကားကြားဖူးလား၊ ပုပုကွကွ မင်းအစ်ကိုနဲ့ မင်းနဲ့တွေ့သွားရင် ဘာဖြစ်သွားမလဲ မင်းစဉ်းစားကြည့်ပါဦး'

'စဉ်းစားမနေတော့ပါဘူး၊ ဟိုမှာ မြင်လား ဒီဘက်ကိုလာနေတာ အဆောင်မှူးဘေးက ကွကွ ကွကွနဲ့ လျှောက်လာနေတာ တွေ့လား'

သားစစ်က ဘောလုံးကွင်း ဝင်ပေါက်ဘက်သို့ လှည့်ကြည့်လိုက်ပြီး. .

'ဟိုက်. . . မင်းအစ်ကိုပါလား၊ ကဲ ထင်ကြီး ငါ့မှာက နှလုံးရောဂါ အခံရှိတယ်ကွ၊ အဲဒါကြောင့် ဆူတာ ပူတာတွေကို မြင်လို့ကြားလို့ မဖြစ်ဘူး၊ ငါသွားတော့မယ် တာ့ တာ'

သားစစ်က စက်ဘီးကို အတင်းနင်း၍ ထွက်သွားသည်။

အဆောင်တွင် ကျွန်တော်ချိုးဖောက်ခဲ့သော အဆောင်စည်းကမ်းများကို အသေးစိတ်တစ်ခုခြင်းအလိုက် အဆောင်မှူးကရှင်းပြပြီး အစ်ကိုကလည်း တစ်ခုခြင်းစီအလိုက် အသေးစိတ် တစ်တစ်ခွခွ ဆုံးမဩဝါဒပေးကြသည်မှာ 'စီခြောက်ဆယ်' နှစ်ခွေစာလောက်ရှိမှ အားရသွားသည်ထင်ပါသည်။ အိမ်မှပို့လိုက်သော ပိုက်ဆံများကိုပေးသဖြင့် ကျွန်တော်ယူပြီး ရေကြည့်ရာ. . .

'ဟင်. . . အစ်ကို ပိုက်ဆံကလည်း ဆယ့်နှစ်ကျပ်ခွဲပဲ ရှိပါလား၊ လမ်းမှာကျကျန်ခဲ့သလား'

'လမ်းမှာမကျဘူး မင်းရဲ့ အဆောင်ထမင်းလခနဲ့ ကျောင်းလခ အကြွေးကျန်တွေအားလုံးကို တစ်ခါထဲ သွင်းခိုင်းထားလိုက်ပြီ'

'ဒါ. . . ဆို ကျွန်တော်သုံးဖို့ မလောက်တော့ဘူးဗျ'

'မလောက်ရင် အငတ်နေ၊ ကိုယ်ထိုက်နဲ့ ကိုယ့်ကံပဲ'

◆ ◆ ◆





'အဲဒီလိုလည်း ငါပြောလိုက်ရော နှင်းဖြူရဲ့ အချစ်ရည် ရွှန်းလဲ့နေတဲ့ မျက်လုံးအိမ်ထဲမှာ ပုလဲဥတွေ ခိုတွဲပြီးတော့ 'ကိုသားစစ် အခုဖျားနေတုန်းပဲလားဟင်'တဲ့ တောက်. . . မင်းမြင်စေချင်တယ်ကွာ၊ အဲဒီ အချိန်မှာ ဦးမောင်မောင် စိန်နဲ့ဒေါ်ဥမ္မာတို့က မနေနိုင် မထိုင်နိုင်မွေးထားတဲ့ မင်းရောက်လာတာနဲ့ ကောင်မလေးလည်း ပြန်ပြေးသွားရော. . .၊ သွားခါနီး တောင် မင်းကိုပြောသွားသေး တယ်'

'ဘာ. . . ဘာတဲ့လဲ. . . ငါ့ကို. . . ငါ့ကိုဘာပြောသွားသေးလဲ'

ကျွန်တော်က သားစစ်အိတ်ကပ်ထဲမှ ဒူးယားဘူးကိုကြည့်လိုက် ရင်း. . .

'ငါ့ဦးနှောက်တွေက မှတ်ဉာဏ်သိပ်မကောင်းတော့ဘူး၊ ဒူးယားလေး များဖွာလိုက်ရရင် ပြန်မှတ်မိမလားပဲ'

သားစစ်သည် ဖျာဖျာသလဲဖြစ်သွားပြီး သူ့ဒူးယားဘူးကိုထုတ်တာ. .

'ရော့. . . ရော့. . . ဒီမှာဒူးယားရှိတယ် အေးအေးဆေးဆေးဒူးယား လေးဖွာပြီး စဉ်းစားလိုက်ရင် သူပြောတာတွေကို မင်းမှတ်မိလာမှာပါကွာ၊ မင်းတ သိပ်ဉာဏ်ကောင်းတဲ့ ကောင်ပဲဟာ'

ကျွန်တော်က ဒူးယားကိုမီးညှိဖွာလိုက်ပြီး သားစစ်ရှေ့ရှိ'စမူဆာ' ပန်းကန်ကိုလက်ညှိုးထိုးပြလိုက်ရင်း. . .

'အေးပါကွ မင်းကသိပ်လောတော့ ငါက ရုတ်တရက် ဘယ်မှတ်မိ မလဲ၊ အဲ အဲ မင်းအနားက စမူဆာပန်းကန်လေး ငါ့ဘက်နည်းနည်းလောက် တိုးလိုက်ပါဦး'

'ရော့ ရော့ စားစမ်း သူငယ်ချင်း ငါက မင်းအတွက်ဆိုသိပ်ကြီး စေတနာရှိတာ၊ အားမနာနဲ့နော် ထပ်ပြီးမှာပေးမယ်'

ကျွန်တော်သည် စမူဆာတစ်ခုလုံးကို ပါးစပ်ထဲထိုးထည့်ရင်း. . .

'နေပါစေကွာ. . . ရှုလွတ်. . . နောက်တစ်ပွဲဆိုတော်ပါပြီ၊ အချစ် ချင်းတွေပဲဟာ၊ ငါကမနှိပ်စက်တတ်ပါဘူး အဟွတ် အဟွတ်၊ သြော်. . . ခဏာလေးကွာ၊ ဟော့ မောင်တာ မင်းဆီက ငါယူထားတဲ့ လေးဆယ့်ငါးကျပ်



www.burmeseclassic.com

www.burmeseclassic.com



အခုညနေ ငါပြန်ပေးမယ်၊ မင်းအပြန်ငါတို့အဆောင်ရှေ့က စိန်ပန်းပင်အောက်မှာစောင့်နေ'

သားစစ်က သူ့အိတ်ကပ်ထဲမှ ပိုက်ဆံကို ထုတ်ကာရေပြီး. . .

'နေပါစေ နေပါစေ ကိစ္စမရှိဘူး၊ ငါပေးလိုက်မယ်၊ ဟေ့ မောင်တာ ဒီမှာထင်ကြီးက မင်းကိုပေးဖို့ရှိတဲ့ ပိုက်ဆံ ရော့ ရော့'

'ဟာကွာ မဟုတ်တာ သားစစ်ကလည်း၊ ငါပေးရမယ့်ပိုက်ဆံပဲဟာ၊ အားနာ စရာတွေဖြစ်ကုန်ပါပြီကွာ ဟင်း ဟင်း၊ မင်းရှေ့က အချဉ်ပုလင်းလေး လှမ်းလိုက်ပါဦး၊ တကယ် အားနာတယ်ကွာ ဟင်း ဟင်း'

'ရပါတယ် မင်းနဲ့ငါနဲ့က ငွေရေးကြေးရေး ပြောရမဲ့သူတွေမှ မဟုတ်တာ၊ ကဲ ကဲ ဒါနဲ့ နှင်းနှင်းက သွားခါနီးဘာပြောသွားတာလဲ ဒီလောက်ဆို မင်း မှတ်မိလောက်ပါပြီ'

'အင်း. . . . အဲ မှတ်တော့ မှတ်မိလာသလိုလိုပဲ ဟိုဒင်းကွာ'

'ဘယ်ဒင်းလဲ'

'သူပြောသွားဟာက မင်းသေရင် ယပ်တောင်ဖိုးကို သူတာဝန်ယူပါတယ်တဲ့'

သားစစ်က စားပွဲခုံကို ဘုန်း ခနဲ ပုတ်လိုက်ရင်း. . .

'ဟင်. . . ယောက္ခမသား၊ ကျက်သရေယုတ်၊ အုတ်ကြားမြတ်ပေါက်၊ ကာလကဒျေ၊ ပေါက်လွှတ်ပဲစား ခြေသလုံးအိမ်တိုင်ရဲ့၊ ဟေ့ကောင်. . . မောင်တာ ခုဏက လေးဆယ့်ငါးကျပ်ပြန်ပေး၊ မင်းဟာမင်း သူ့ဆီက တောင်းယူ၊ တဲ့ ကာလကဝ မင်းစားဟာ မင်းဟာမင်းရှင်း ငါကော့သွားပြီ၊ တောက်. . . အဟုတ် မှတ်လို့'

ကျွန်တော်က မျက်နှာကို အချိုသာဆုံး ပြုံးလိုက်ပြီး. . .

'ငါက မင်းကိုချစ်လို့ အလကား အလကားစတဲ့ဟာပဲ မင်းက စိတ်ဆိုးရတယ်လို့ ဟဲ ဟဲ၊ ငါ့မှာ တစ်ပြားမှမရှိတာ မင်းယရဲ့သားနဲ့ မင်းပဲ ခုနတုန်းက ငါ့ကို စေတနာသိပ်ပြီးရှိတယ်ဆို'

'စေတနာလည်း မရှိဘူး၊ ကြံတိုင်းအောင်လည်း မရှိဘူး၊ ဧရာအရှေ့





ရော ကုန်းလမ်းပို့ဆောင်ရေးရော ဘာမှမရှိဘူး'

'မင်းနဲ့ ငါနဲ့က ငွေရေးကြေးရေးပြောရမဲ့သူတွေ မဟုတ်ဘူးဆို'

'ပြောကိုပြောရမယ် ကြက်သရေယုတ်ရဲ့ မျက်နှာကိုက မုဆိုးမအိမ်က ခုံဖိနပ်စုတ်ကို ကားတက်ကြိတ်ထားသလိုကောင်ရဲ့'

'ရေရေလည်လည် ညွန်းလှချည်လား သူငယ်ချင်းရာ၊ မင်း ဘယ်လို မြှောက်မြှောက် ငါက ဘဝင်မမြင့်တတ်ပါဘူး ဟဲ ဟဲ၊ နောက်ပြီးတော့ အခု ပြောနေတာတွေဟာ မင်းစိတ်ထဲကပါလို့မဟုတ်မှန်း ငါနားလည်ပါတယ် ချစ်သူငယ်ချင်းရာ၊ မင်းဟာ သိပ်ပြီးကြင်နာတတ်တဲ့သူဆိုတာ ပတ်ဝန်းကျင် သိသွားအောင် သက်သေပြတဲ့အနေနဲ့ ငါစားတာတွေကို မင်းရှင်းတော့မယ် မဟုတ်လား'

'ဆိတ်ထဲကရော နွားထဲကရောပါလို့ ပြောတာကွ၊ အင်း. . . စိတ်တော့မကောင်းပါဘူး ပတ်ဝန်းကျင်သိဖို့အတွက်တော့ ငါ့ပိုက်ဆံ အကုန်မခံနိုင်ဘူး၊ မင်းစားတာမင်းရှင်းပေတော့၊ အမယ်. . . နှစ်နာရီတောင်ထိုးတော့မယ် ငါ အတန်းရှိသေးတယ် သွားပြီဟေ့'

'ဟာ. . . ဟေ့ကောင် သားစစ်၊ သားစစ်'

သားစစ်ကတားမရတော့ပါ ကျွန်တော်လည်း လက်ဖက်ရည်ဆိုင် အတွင်းသို့ မျက်စိကစားလိုက်ရာ မောင်တာတို့အုပ်စုမှာလည်း လျှင်မြန်စွာ ကျသင့်ငွေကို ရှင်း၍ ထွက်သွားကြသည်မှာ ကျွန်တော့်ကို ယောင်လို့မျှပင် လှည့်ကြည့်မသွားကြပေ။

ကျွန်တော်တစ်ယောက်တည်း အားငယ်သွားစဉ် အားကိုးချင်စရာ ကောက်ရိုးတစ်မျှင်ပမာ ဆိုင်ရှေ့သို့ စက်ဘီးစီးဝင်လာသူတတော့ ကိုကြီး ကျော်ခေါ် ကိုကျော်ဝင်းဖြစ်ပါသည်။

'ဟာ. . . ကို. . . ကိုကြီးကျော် လာ လာ ဒီမှာလာထိုင်'

ကိုကြီးကျော်က ဆိုင်ထဲမဝင်သေးဘဲ ကျွန်တော့်ရှေ့စားပွဲပေါ်ရှိ ပန်းကန်ခွက်ယောက်များကိုတစ်လှည့် ကျွန်တော့်မျက်နှာကိုတစ်လှည့် ကြည့်ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



'ထင်ကြီး မင်းမျက်နှာကြည့်ရတာ အမိမဲ့သား ရေနည်းငါးလို အားကိုးမှာနေခဲ့ပါလား'

ကျွန်တော့်မှာ ငမ်းသာသွားပြီး. . .

'အစစ်ပေါ့ ကိုကြီးကျော်ရယ် သားစစ်လေ အဲဒီအကောင်နှိပ်စက်သွားလို့ဗျာ'

ကိုကြီးကျော်က ဆိုင်အတွင်းမှ ချာခနဲ လှည့်ထွက်ကာ သူ့စက်ဘီးကို အမြန်တွန်းရင်း. . .

'ထင်ကြီးရေ ဆောရီးကွာ ငါ့ကို ဝေဒင်ဆရာက သူများကြား မဝင်ရဘူးလို့ ဟောထားလို့ပါကွာ၊ မင်းနဲ့ သားစစ်ရဲ့ ပြဿနာကြားထဲ ငါမပါဝါရစေနဲ့၊ စပ်ကြားက ထွေား ဒါးနာကိန်းမြင်နေလို့ပါ'

ကျွန်တော်လည်း ကြိတ်၍ဆဲလိုက်ပြီးနောက် လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဘက်သို့ လှည့်၍ မိုနာလီဇာအပြုံး ပြုံးပြလိုက်ရာ ဆိုင်ရှင်က. . .

'ဘာလဲ ထုံးစံအတိုင်း မင်းရဲ့အကြွေးစာရင်းထဲ မှတ်ရမှာလား'

ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်ရာ ဆိုင်ရှင်က အံဆွဲထဲမှ ဗလာစာအုပ်အထူကြီးကိုထုတ်၍ ကျွန်တော့်ရှေ့ချပြရင်း. . .

'ဟောဒီမှာ မင်းယူထားတဲ့ အကြွေးတွေ မဆပ်ရသေးလို့ မှတ်ထားတာ ခြောက်ဆယ်ပါ ဗလာစာအုပ်အပြည့်ပဲ၊ နောက်ထပ် မှတ်စရာ နေရာလွတ်ကို မရှိတော့ဘူး မောင်ထင်ကျော်ဦးရဲ့'

'ဟဲ ဟဲ အစ်ကိုကလည်း ဒါလေးများဗျာ နောက်ထပ်ဗလာစာအုပ်အသစ်တစ်အုပ်ထပ်ဝယ်လိုက်ရောပေါ့၊ အဲဒီစာအုပ်ဖိုး ကျွန်တော်ပေးပါ့မယ် ရောသာမှတ်ထားလိုက်နော် ဟဲ ဟဲ'

လက်ဖက်ရည်ဆိုင်ပိုင်ရှင်အား နည်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းဖျောင်းဖျပြီးနောက် အောင်မြင်စွာဖြင့် ကျွန်တော်ဆုတ်ခွာလာခဲ့သည်။

အတန်းထဲသို့ ကျွန်တော်ရောက်ချိန်တွင် အချိန်အခါမဲ့မိုးက ရွာလာသဖြင့် နောက်ဆုံးခုံတန်းတွင်သွား၍ ထိုင်နေလိုက်သည်။

နောက်ဆုံးအချိန်ရောက်သောအခါ နောက်ဆုံးခုံတန်းတွင် ထိုင်နေ





သော ကျွန်တော်သည် ဘေးဘက်ပြတင်းပေါက်မှတစ်ဆင့် တစ်လောကလုံးမှိုင်းတိမ်ဟိုဖြင့် အုံ့ဆိုင်းမည်းမှောင်၍ မိုးဖွဲကလေးများကျနေသည်ကို ကြည့်နေမိသည်။

အလွမ်းဓာတ်ခံရှိသူအဖို့တော့ အလွန်ကိုလွမ်းစရာ ဆွေးစရာကောင်းလိမ့်မည်ဖြစ်သော်လည်း ကျွန်တော့်အဖို့မှာတော့ အိပ်ငိုက်ချင်စရာ ကောင်းနေသည်။

ရှေ့မှဆရာပြနေသော 'ပရိုတွန်၊ နျူထရွန်၊ အီလက်ထရွန်' တို့တွေမှာ ဘာဖြစ်ကုန်မှန်းမသိတော့၊ ကျွန်တော့်မျက်စိထဲတွင် ပဲပင်ပေါက်နှင့် မီးခြစ်ဆံခေါင်းများ ရန်ဖြစ်နေသည့်အထဲသို့ နှမ်းစေ့များကို ကျဲပက်ထားသည့်အလားရှုပ်ရှက်ခတ်နေသည်။

မိုးကလည်း တဖြည်းဖြည်းဖြင့် ပိုသည်းလာသလို ကျွန်တော့်အတွေးများကလည်း အကိုင်းအဆမရှိ ပျံ့လွင့်လာတော့သည်။

'ဟာ. . . အခုမှ သတိရတယ်၊ ငါ့ရဲ့ တစ်ဖက်သတ်ကြိုက်နှစ်သက်ခြင်းကိုခံနေရသော မေတ္တာပေးတာကို ယူရကောင်းမှန်းမသိသော သင်းသင်းအောင်ဆိုသော မိန်းမချောမှာ ထီးပါလာမှာမဟုတ်ဘူး၊

ဒီအချိန်ပြီးလို့ ကျောင်းဆင်းရင် မိုးဆက်ပြီး သည်းသည်းမည်းမည်းရွာပါစေ၊ ဒါမှ ငါ့ထီးကို သင်းသင်းအောင်ကိုငှား၊ ငါကမိုးရွာထဲမှာပြန်၊ သူကငါ့ကို တွေးလူတင်၊ နောက်နေ့ ငါကဖျားချင်ယောင်ဆောင်၊ ဒါဆို ငါ့ကို သူကသနားသနားတာကနေ ကြင်နာ၊ ကြင်နာတာကနေ ချစ်. . . ချစ်. . . ချစ်၊

ဟုတ်ပြီ. . . ချစ်တော့ ချိန်းတွေ့၊ ချိန်းတွေ့တော့ ငါကသူ့ကိုဖတ်ပြီး ချစ်လိုက်ရတာ သင်းသင်းရယ်လို့ 'စတိုင်ပင်' အတွက် လူတွေ့မေးတဲ့အခါ ပြောသလို အသံပျော့ပျော့လေးနဲ့ပြော ဟီးဟီး၊ ဒါဆို သူက. . . သူက တကယ်လား မောင်ရယ်. . . အယ်. . . အယ်'

ကျွန်တော့်အတွေးကောင်းခန်းရောက်ချိန်တွင် ပြတင်းပေါက်မှ လေတစ်ဖက်ကဝင်လာပြီး ကျွန်တော့်ထီးကို လှမ်းဆွဲသဖြင့် ကျွန်တော် သန့်သွားကာ အတွေးများလည်း ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထိုလက်ကို လှမ်းဆွဲထားလိုက်ရင်း လေသံ တိုးတိုးဖြင့်. . .

'ဟေ့ကောင် သားစစ် ဒါဘာလုပ်တာလဲ လွှတ်'

'ထီး ယူတာလေကွာ'

'မင်းမှာလည်း ထီးပါရဲ့သားနဲ့'

သားစစ်က ကျွန်တော့်ထီးကို အတင်းဆွဲရင်း. . .

'မရှည်စမ်းနဲ့ အရေးကြီးလို့လာယူတာ ပေးစမ်းပါဟ'

'ဟ. . . လွယ်လွယ်ကူကူနဲ့ ရမလားကွ၊ အခုလို မိုးတွင်းအခါ သမယမှာ သဘာဝမိုးဒဏ်ကိုတွန်းလှန်ဖို့အတွက် လူ့အသိဉာဏ်နဲ့ လုပ်ထားတဲ့ ထီးဟာ ဘယ်လောက်အသုံးဝင်. . .'

'အေးပါ 'ဝမ်းတေဘယ်'လောက် အသုံးဝင်ပါတယ်ကွ၊ ကဲ. . . ထီး ပေး၊ မင်း. . . ဒီကပဲစောင့်နေ အဆောင်ကိုမပြန်နဲ့ ငါလာခေါ်လှည့်မယ်'

'အို့ဂေ ရော့. . . ထီး'

သားစစ်ထွက်သွားပြီးနောက် ခဏအကြာတွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော်အရမ်း အရမ်းကို အံ့သြသွားသည်။

သားစစ်ရဲ့ထီးကို ဆောင်းလာသော ဧနိုးဝိုက်ပါလား. . .

ခွေးနှင့်ကြောင်သည် 'ရမ်ဘို' ဗွီဒီယိုဇာတ်ကားကို အတူတူကြည့်ရင်း တစ်ကောင်ကိုတစ်ကောင် ဖက်၍ 'ဟမ်ဘာဂါ' အသားညှပ်မုန့်ကို စားနေကြ သည့်မြင်ကွင်းကို မြင်တွေ့ရသည်ထက် အခု သားစစ်ထီးကို နှင်းဖြူ ဆောင်း လာသည့် မြင်ကွင်းကပို၍ အံ့သြဖို့ကောင်းနေပေတော့သည်။

သားစစ်က နှင်းဖြူကို ဘယ်လိုများစည်းရုံးလိုက်သ ` တိုင်၍ ဦးချပြီး စည်းရုံးလိုက်လေသလား၊ ပါးရိုက်ပြီး စည်းရုံးလိုက်လေသလား၊ နှင်းဖြူကရော သားစစ်ကို ချို(ကျို)ကိုင်ပြီး တောင်းပန်လိုက်သလား၊ အမြီးဆွဲပြီး တောင်းပန် လိုက်သလား သိချင်စိတ်များလွန်ကဲစွာဖြင့် ကျွန်တော်တွေးနေ ငေးနေဆဲ သားစစ်ရောက်လာပြီး ပြတင်းပေါက်ဘေး အပြင်ဘက် အဆောင်နံရံတွင် ကွယ်၍ ရပ်လိုက်ပြီး. . .





'မှော်ကောင်. . . ဆရာ မမြင်အောင်ခိုးထွက်ခဲ့ လာ လာ'

ဆရာသည် သင်ပုန်းဘက်သို့ လှည့်နေသဖြင့် ကျွန်တော်တို့ ကျောင်းသား/သူများဘက်သို့ ကျောခိုင်းနေသလို ဖြစ်နေသည်။ ဤသည်ကို အခွင့်ကောင်းယူ၍ အတန်းထဲမှခိုးထွက်ရန်အတွက် ကျွန်တော် ထိုင်ရာမှ ထလိုက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ခုန်ထွက်မည်အပြု ဆရာက အတန်းဘက်သို့ပြန်လှည့်အကြည့် ကွက်တိတိုးသွားသည်။

ဆရာနှင့် မျက်လုံးချင်းဆုံသွားသဖြင့် ကျွန်တော်လည်း ရင်ခုန်သွား သည်။ ထို့ကြောင့် ဆရာ့ကို ပြုံးပြလိုက်မိသည်။

ဆရာကလည်း ကျွန်တော့်ကို ပြန်ပြုံးပြရင်း. . .

'ကဲ. . . အဲဒါကြောင့်ပြောတာပေါ့ ဆရာတပည့်တွေက တော်ပါ တယ်လို့ အခုကြည့်စမ်း ဆရာမေးတဲ့ ပုစ္ဆာကိုဖြေနိုင်တဲ့သူ မတ်တပ် ရပ်ပြပါလို့ ပြောတာ စကားတောင်မဆုံးသေးဘူး၊ ဟော. . . ဟိုနောက်တန်းက ကျောင်းသားက ထရပ်ပြတယ်၊

ဟေ့. . . မင်း. . . ထင်ကျော်ဦး မဟုတ်လား၊ မင်းအစ်ကိုနဲ့ ငါနဲ့တ ကျောင်းနေဘက်တွေကွ၊ မင်း. . . တော်တော်ပွေတယ်လို့ သူက ငါ့ကိုတိုင်သွား တယ်၊ ဒါပေမယ့် ဆရာကတော့ မင်းကိုပွေတယ်လို့ မထင်ပါဘူး၊ ဒီတစ်ခါ မင်းအစ်ကိုလာရင် မင်းဟာစာသိပ်တော်တဲ့ သူတစ်ယောက်လို့ ဆရာပြန်ပြော လိုက်မယ်၊ ကဲ. . . တပည့်ရေ ရေဒီယိုအိုက်ဆိုတုတ်ဟာ. . .'

ဆရာ့စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားပြီး ချွေးစေးများ ထွက်လာသည်။ ဆရာက သူမေးတာဖြေနိုင်တဲ့သူ ထခိုင်းသည်၊ ကျွန်တော်တ ကည်း ထမိခဲ့သည်၊ ကယ်ကြပါဦး အရပ်ကတို့ရေ. . . ဗြဟ္မာပြည်မှအပ် တစ်စင်းနှင့် လူ့ပြည်မှအပ်တစ်စင်း ထိတွေ့ရုံမျှမက အဝီစိမှအပ်တစ်စင်းဝါ ဝင်း၍ အပ်သုံးစင်းတစ်ပြိုင်တည်း တိုက်တိုက်ဆိုင်ဆိုင် ထိတွေ့ခဲ့လေပြီ တည်း။

ကြက်သရေယုတ် သားစစ်တတော့ ပြတင်းပေါက်ဘောင်နှင့် ရှည်ကာ ပုန်းရင်း ကြိတ်ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စိတ်ကိုတင်းလိုက်ရင်း ချွေးများကိုသုတ်သလိုနှင့် ခေါင်းကုတ်လိုက်ပြီးနောက် ရင်ကိုကော့ကာ. . .

'ဒါက ဒီလိုရှိပါတယ်ဆရာ၊ ရေဒီယို အိုက်ဆိုတုတ်ဟာ 'သာမိုညူ ကလီးယား'နဲ့ပေါင်းပြီး 'ရေဒီယိုအက်တစ်ဗတီ' ဖြစ်တဲ့အခါမှာ သူ့ရဲ့ 'ရီလေးရှင်း'ဟာ တော်တော်လေးကို ပြင်းထန်ပါတယ်၊ ဘယ်လောက် ပြင်းထန် သလဲဆိုရင် ဟို. . . ဟို. . . အရမ်းကိုပြင်းထန်တာပေါ့ဆရာ ရယ်. . . . . .က်. . . နောက်ပြီး'ရီလေးတစ်ဗတီး သီအိုရီ'အရ ဟိုဒင်းဆရာရယ် . . . အဲ. . . ဟိုဟာနဲ့ သွားပေါင်းလိုက်တဲ့အခါမှာ သူ့ရဲ့ ပရိုတွန်၊ ဈျူထရွန်၊ အီလက်ထရွန်တွေဟာ ပုံမှန်အတိုင်း မဟုတ်တော့ဘဲနဲ့ ဟိုလိုလို အဲ. . ရှေ့ပြန် တွေ နောက်ပြန်တွေ ပြောင်းပြန်တွေဖြစ်ကုန်၊ ပြီးတော့ ဆရာရယ်. . . ဟိုဟာကလည်း'

'လုံလောက်ပါပြီ တပည့် ထိုင်နိုင်ပါပြီ'

ကျွန်တော့်အဖြေမဆုံးသေး ဆရာကအလိုက်သိစွာ ထိုင်ခိုင်းသဖြင့် ကျွန်တော်လည်း ဝမ်းသာအားရကြီး ထိုင်ချလိုက်သည်။

ဆရာ့မျက်နှာကြီးက ရဲရဲကြီးနီနေလေပြီ၊ ကျောင်းသား/သူများ ကတော့ ကျွန်တော့်ကိုတစ်လှည့် ဆရာ့ကိုတစ်လှည့် ကြည့်နေကြသည်၊ တချို့၏ အကြည့်ထဲမှာ အံ့သြမှုတွေ၊ တချို့ရဲ့ အကြည့်တွေထဲမှာ အထင်ကြီးမှု တွေ၊ အများဆုံးကျောင်းသား/သူတွေရဲ့ အကြည့်ထဲမှာတော့ ဘာမှန်းမသိလို့ ကြောင်ပြီးကြည့်နေကြခြင်း ဖြစ်ပါ၏။

ဆရာကတော့ တော်တော်ကြီးကို စိတ်ဓာတ်ကျသွားပုံရသည်၊ ကျောင်းဆရာ 'ကျူတာ' အလုပ်မှ တစ်ခါတည်းထွက်ဖို့များ စဉ်းစားနေသလား မသိပါ။ မျက်မှန်ကိုချွတ်၍ချွေးသုတ်ရင်း သင်ပုန်းဘက်သို့ လှည့်သွားကာ သူဆွဲ ထားသောပုံများကိုကြည့်နေစဉ်ပင် ကျောင်းဆင်း ခေါင်းလောင်းထိုးသံ (Bell) တီးသံ ကလင်. . . ကလင် ထွက်ပေါ်လာသဖြင့် ဆရာလည်း ကျောင်းသား/ သူများကိုပင် နှုတ်မဆက်တော့ဘဲ အတန်းထဲမှထွက်သွားလေတော့သည်။

ကျွန်တော်လည်း အချိန်ဆိုင်းမနေဘဲ ပြတင်းပေါက်မှကျော်ဆင်းကာ





သားစစ်၏ထီးထဲသို့ ပြေးဝင်လိုက်သည်။

သားစစ်ကအံ့သြစွာဖြင့်. . .

'ထင်ကြီး. . . မင်းဘာတွေ လျှောက်ပြောလိုက်တာလဲ'

'ငါ့ပါးစပ်ထဲရှိတာတွေနဲ့ သင်ပုန်းမှာမြင်ရတဲ့ဟာတွေကို သုံးခွက် တစ်ခွက်တင်ရောမွှေပြီး ဖြီးချလိုက်တာ၊ တော်ပါသေးရဲ့ကွာ လုံးလုံး လွဲသွားလို့'

'ဟား. . . ဟား. . . ဟား. . .'

ကျောင်းနားရှိ အနီးဆုံးလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်လိုက်ပြီး သားစစ်က စကားစလိုက်သည်. . .

'ငါ့ထီးဆောင်းသွားတဲ့သူ မြင်လိုက်လား'

'အေး. . . မြင်လိုက်တယ် ခဏလေးကွာ၊ ဟော့. . . မုန့်ဟင်းခါး အရည်ဖျော် ပဲကြော်နဲ့ အီကြာကွေးညှပ်ထည့်တစ်ပွဲ၊ လက်ဖက်ရည်ချိုကျ တစ်ခွက်၊ ဒူးယားတစ်ပွဲ၊ စမူဆာတစ်ပွဲချဟော့. . .'

'ဟာ. . . များလှချည်လား၊ ဟော့ကောင် ထင်ကျော်ဦး ငါ့စတိုင်ပင် ရသို့ ထုတ်လာတယ်များမှတ်နေလား၊ ဒါမှမဟုတ် နေ့လည်က ကိစ္စတို့ လက်စားချေ တာလား'

'ငါ့မှာ အာယာတတွေ အငြိုးတွေမရှိပါဘူး သူငယ်ချင်းရာ၊ အခု ဟာက တန်ဖိုးရှိတဲ့စကားကို တန်ဖိုးရှိရှိနားထောင်စေချင်တဲ့ စေတနာပါကွာ အလွဲမထင်ပါနဲ့ ချစ်သူငယ်ချင်းရယ်၊

ကဲ ကဲ မင်းလည်းမှာကွာ ပြီးတော့ပြော၊ မိုးအေးအေးနဲ့ အခုလို အချိန်မှာ မုန့်စား၊ စီးကရက်သောက်၊ လက်ဖက်ရည်သောက်ပြီး မင်းရဲ့ အကြင်နာတွေ၊ မေတ္တာတွေ၊ ကရုဏာတွေနဲ့ လွှမ်းခြုံထားတဲ့ အချစ်မေတ္တာ ဇာတ်လမ်းလေးထဲက ဇာတ်ဝင်ခန်းလေးတစ်ကွက်ကို ငါနားထောင်နေမယ်၊ ကြာရင်ကြာပါစေ ကိစ္စမရှိဘူး၊

ငါ့ကိုအားမနာနဲ့ ဖြည်းဖြည်းအေးအေးဆေးဆေးသာပြောနော်၊ တစိမ့်စိမ့်နဲ့ ငါနားထောင်နေမယ်၊ မင်းအတွက်ပါ သူငယ်ချင်းရာ အဲ. . . အဲ. . . မုန့်ဟင်းခါးက ဒီကိုပေး'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ရဲ့ဇာတ်လမ်းကို မြန်မြန်ပြောမှ ဖြစ်လိမ့်မယ်ထင်တယ်၊ ကြာကြာသာပြောရင် တစိမ့်စိမ့်နဲ့ မင်းစားတာတွေဟာ 'အီသီယိုပီးယား' ကိုပို့ရမယ့် စားနပ်ရိက္ခာတွေထက်များသွားလိမ့်မယ်'

ကျွန်တော်သည် မုန့်ဟင်းခါးကို တစ်ဇွန်းစားလိုက်ရင်း. . .

'ကိစ္စမရှိပါဘူး ငါ့ဒုက္ခနဲ့ငါသာထားလိုက်စမ်းပါ၊ ကဲ. . ပြောတော့'

သားစစ်က စီးကရက်ကိုမွှာလိုက်ပြီး. . .

'ငါတို့အတန်းပြီးချိန်နဲ့ သူတို့အတန်းပြီးချိန်နဲ့ အကိုက်ဖြစ်သွားတယ်ကွ အဲဒီအချိန်မှာ မိုးကလည်းသည်းနေပြီ နှင်းနှင်းမှာထီးပါမလာဘူး၊ အဲဒါကြောင့် အပြင်ထွက်မယ့်အပေါက်ဝနားမှာ ရပ်နေတယ်၊ ဘေးက ကောင်တွေဘလည်း ထီးငှားချင်ကြလို့ထင်ပါတယ်ကွာ ရစ်သီ ရစ်သီနဲ့ သူကတော့ ခပ်တည်တည်ပဲရပ်နေတယ်၊ ငါကလည်း သူ့ကိုမမြင်ချင်ယောင်ဆောင်ပြီး သူ့ဘေးနားကနေ ထီးကိုဆောင်းပြီးဖြတ်အသွား သူကလေ နှင်းနှင်းတပေါ့'

'မင်း. . . မင်းဆီက ထီးကိုငှားရောလား'

ကျွန်တော်သည် စားလက်စမုန့်ဟင်းခါးကိုပင် ဆက်မစားနိုင်တော့ဘဲ သိချင်ဇောဖြင့်မေးလိုက်မိသည်။

သားစစ်က ခေါင်းညိတ်လိုက်ရင်း. . .

'ကိုသားစစ်ကို တောင်းပန်ပါရစေတဲ့၊ ဟိုနေ့က စိတ်တိုပြီး ပြန်လာနင်း ဖြစ်သွားတာပါတဲ့၊ အဲဒီနေ့က အရိုင်းအစိုင်းတစ်ယောက်လို ပြုမိတဲ့အတွက် နှင်းနှင်းတောင်းပန်ပါတယ်၊ ကျေပါနော်တဲ့'

'အဲဒီလို အတိအကျပြောတာလား၊ မင်းဟာမင်း စိတ်ကူးယဉ်ပြီး လျှောက်ပြောနေတာလား'

'အတိအကျပါပဲ ထင်ကြီးရယ်၊ အခုအထိ သူ့အသံလေးကို ငါ့နားထဲက မထွက်သေးဘူး'

ကျွန်တော်က အီကြာကွေးတစ်ဖတ်ကို ကော်စားလိုက်ရင်း. . .

'မင်းက ဘယ်လိုပြန်ပြောလိုက်လဲ'

'ကျေပါတယ် မအေးစိန်လို့လေ ဟဲ ဟဲ ဟဲ'





'ဩ. . . မင်းကိုယ်မင်း ဘောလိပ်ဂျင်ဆဲက ကိုသိန်းဖေ ပေါ့လေ'

သားစစ်က ကျွန်တော့်မုန့်ဟင်းခါးကို ယူစားလိုက်ရင်း. . .

'သူကလည်း ရယ်ပြီးတော့ ကျေးဇူးတင်ပါတယ် ကိုသိန်းဖေတဲ့၊ နှင်းနှင်း ထပ်ပြီး ကျေးဇူးတင်ချင်လို့ နှင်းနှင်းကို ထီးငှားပါလားတဲ့'

'ဟာ. . . လူလည်ကြီးသမီး ပီသပါပေတယ်ဗျာ၊ မင်းက အဲဒါနဲ့ ငါ့ဆီကို ထီးလာယူတယ်ဆိုပါတော့၊ မင်းဟီးနဲ့ နှစ်ယောက်အတူ ဆောင်းလိုက်ရင်း ပြီးတာပဲ'

'အဲဒါကြီးကတော့ အဆင့်ကျော်လွန်းအားကြီးပါတယ်ကွာ၊ ငါက နှင်းနှင်းကိုထီးပေးချင်ပါတယ်၊ ဒါပေမယ့် ထီးကတစ်လက်တည်းဆိုတော့ မိုးရွာကြီးထဲမှာ ငါပြန်ရလိမ့်မယ်၊ အဲဒါကြောင့် ခဏလေးစောင့်ပါ ထီးသွားငှားပေးမယ်ဆိုပြီး မင်းဆီလာခဲ့တာပဲ'

ကျွန်တော်က လက်ဖက်ရည်ကိုသောက်လိုက်ရင်း. . .

'ဒါပဲ လား'

'ရှိသေးတယ်၊ ငါက သူ့ကိုထီးပေးလိုက်တော့ ကျေးဇူးတင်ပါတယ်တဲ့ ကိုသားစစ်နဲ့ နှင်းနှင်း သူငယ်ချင်းတွေ ဖြစ်သွားပြီနော်တဲ့'

ကျွန်တော်သည် လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်ရင်း. . .

'ဟ. . . ရင့်လှချည်လား ထီးငှားမှ သူငယ်ချင်းတဲ့လား။ မင်းကလည်း အကြီးဖြီးပြီး တဟီးဟီးလုပ်နေမှာ မြင်ယောင်သေး'

'ဒါမျိုး ငါကလည်း ဘယ်ရမလဲကွ၊ နှင်းနှင်းနဲ့ သူငယ်ချင်းမဖြစ်ချင်ဘူးလို့ ပြန်ပြောလိုက်ရော သူက ငါ့ကို စေ့စေ့ကြည့်ပြီးတော့ ဘာပြုလို့လဲတဲ့ နှင်းနှင်းကိုမခင်ချင်ဘူးလားတဲ့၊ သူငယ်ချင်းအဖြစ် အသိအမှတ်မပြုချင်ဘူးလားလို့ မေးတယ်'

သားစစ်က စကားကိုရပ်၍ ဆေးလိပ်ကိုမွှာနေသဖြင့် ကျွန်တော်တဆေးလိပ်ကိုယူ၍ လွှင့်ပစ်လိုက်ရင်း. . .

'သောက်ရေးထဲ ပဏာယူနေသေးတယ် မင်းဘာပြန်ပြောလိုက်လဲ'

'နှင်းနှင်းကို သူငယ်ချင်းထက်ပိုပြီး ချစ်သူအဖြစ်သတ်မှတ်ချင်တယ်ပါ



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းကို သိပ်ချစ်နေမိပြီလို့ ပြောလိုက်တယ်'

'ဟော. . . မင်း. . . မင်းရည်းစားစကားပြောတာကလည်း မြန်လှချည်လား အခုမှသိပြီး ခင်မလို့ရှိသေးတယ် ရည်းစားစကားကပြောလိုက်ပြီ ဟော့ကောင်. . . သားစစ် မင်းစဉ်းစားကြည့်စမ်း သူကျေးဇူးတင်တာကို အခွင့်အရေးယူသလို ဖြစ်မသွားဘူးလား'

သားစစ်က ပခုံးတွန့်လိုက်ပြီး စားပွဲထိုးကို ရေနွေးအသစ်လဲရန် လှမ်းခေါ်လိုက်ရင်း. . .

'ငါကလည်း အခွင့်အရေးရလို့ ပြောလိုက်တာပဲ၊ အခွင့်အရေးဆိုတာ နှစ်ခါမလာဘူး၊ နောက်ပြီး ငါသူ့ကိုတကယ်ချစ်တာကွ၊ အဲဒီ ချစ်တယ် ဆိုတဲ့ စကားကိုပြောဖို့အခွင့်အရေးဟာ အခုအချိန် အကောင်းဆုံးပဲ'

ကျွန်တော်က နှာခေါင်းရှုံ့လိုက်ပြီး. . .

'ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ကျေးဇူးအတင်ခံပြီး ရည်းစားစကားပြောတော့ သူ့ကိုစော်ကားသလို ဖြစ်မသွားဘူးလား'

'ရည်းစားစကားပြောတာက ငါ့ရင်ထဲက ငါတကယ်ချစ်လို့ပြောတာပဲ သူ့ကိုစော်ကားတာမှ မဟုတ်ပဲ၊ မင်းသာ အဲဒီလို အတွေးတွေလွန်နေလို့ အခုအထိ သင်းသင်းဆီက အဖြေမရတာ'

ကျွန်တော့်ဘက်သို့ မြားဦးလှည့်လာသဖြင့်. . .

'အေးပေါ့လေ ငါ့လို မိကောင်းဖခင်သားသမီးနဲ့တော့ အတွေးအခေါ် ချင်းကွာပေမပေါ့ ဟဲ ဟဲ၊ ဒါနဲ့ ကောင်မလေးက ဘာပြန်ပြောသွားလဲ၊ မှန်းစမ်း မင်းရဲ့ဘယ်ဘက်ပါး နည်းနည်းရောင်နေသလားပဲ'

သားစစ်က မရယ်ပါ။ Gas မီးခြစ်ကလေးကိုခြစ်လိုက် မီးတောက် ကလေးကို ငြိမ်းလိုက်ဖြင့် လုပ်နေသည်။ ခဏကြာမှ. . .

'ငါပြောတော့ နှင်းနှင်းက ခေါင်းလေးငုံ့နေတယ်ကွ၊ ပြီးတော့မှ သူ့မှာ ရည်းစားတွေ မရှေ့နိုင်လောက်အောင်ကို ရှိခဲ့ဖူးတယ်တဲ့'

ကျွန်တော် အံ့ဩသွားပြီး. . .

'အဲဒီလို ပေါ်တင်ကြီးပြောတာလား'



'အင်း. . . ငါတောင် အံ့ဩသွားမိတယ်'

'သားစစ် မင်းဘာတွေ ဆက်ပြောလိုက်သေးလဲ'

'အဲဒီအထဲမှာ ငါ့ကိုပါထည့်လိုက်ပါလို့ ပြောလိုက်တော့ သူဘာမှ ပြန်မပြောဘူးကွ၊ တစ်ခုခုကိုစဉ်းစားနေသလိုပဲ မင်းတို့အခန်းနားရောက်မှ ငါ့ကိုမော့ကြည့်ပြီး နှင်းနှင်း သွားပါရစေတဲ့ ငါက ခေါင်းညိတ်ပြလိုက်ပြီး နှင်းနှင်းကို သားစစ်ချစ်နေတာ နှင်းနှင်းသိသွားရင် ကျေနပ်ပါတယ်လို့ ပြောလိုက်တယ်ကွာ'

'သူ. . . သူက ဘာပြန်ပြောသေးလဲ'

'သူက ဘာမှတော့ပြောမသွားဘူးကွ ငါ့ကို ပြုံးသလား မပြုံးဘူးလား ခန့်မှန်းလို့မရတဲ့အကြည့်နဲ့ ကြည့်ပြီးသွားတော့တာပဲ'

'ဒါပဲလား'

'ဟင့် အင် သူသွားပြီးတော့ မကြာပါဘူး ခွေးဝဲစားကို တောအား တက်ကြိတ်သလို ဖရိုဖရဲ အမှားမှားအယွင်းယွင်းနဲ့ ဒုက္ခရောက်နေတဲ့ ကျွတ် သရေကုံးကို မှန့်ဟင်းခါးကျွေးရတော့တာပဲ ဟဲ ဟဲ'

ကျွန်တော်က ဖျစ်ဖျစ်နှစ်နှစ်ဆဲလိုက်ပြီး စားသောက်ထားသည်များ ကို ငွေရှင်းရန်ပြင်နေသော သားစစ်လက်ထဲမှပိုက်ဆံကို ဆွဲယူလိုက်ရင်း. . .

'အဲဒီပိုက်ဆံ ငါပေး၊ ဒီကိစ္စကို ငါ့နာမည်နဲ့အကြွေးမှတ်လိုက်မယ် ဟော့ကောင်. . . ဟော့ကောင် အပြည့်ပေးနော်'

သားစစ်ကရယ်ရင်း ပိုက်ဆံကိုကျွန်တော့်ကိုပေးလိုက်ပြီး. . .

'မင်းဆက်ထိုင်ရင် ထိုင်နေခဲ့ ငါအောင်လံကိုပြန်မလို့ ဆိုက်ကားငှား ပြီး ကားဂိတ်ကိုသွားတော့မယ်'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရင်း. . .

'သိပ်တော့မကြာနဲ့နော် နောက်အပတ် အဆောင်မှာ ဒင်နာ (Dinner) ရှိတယ်'

'အေးပါ ကြုံတောင့်ကြုံခဲ ဒင်နာ မီအောင်ပြန်လာခဲ့မယ်'

'ဟော့ကောင် သားစစ် နှင်းနှင်းက စံပယ်ဆောင်က မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



[illegible] သူအစ်ပယ်ဆောင်က ပြီးတော့ အခန်း'အင်ချုပ်'၊ ဒီတော့ [illegible] ငါတို့ ဇာတ်သိမ်းဆောင်က မောင်နှမဆောင်တွေဆိုတော့ 'ခင်နှာ' [illegible] အင်ချုပ်အဖြစ် နှင်းနှင်းလာမှာ ငါစုံစမ်းပြီးသား မင်းမရှည်နဲ့'

ကျွန်တော် ညစ်ညစ်ပတ်ပတ်ဆဲလိုက်သည်။ သားစစ်က ရယ်မော ရင်း. . .

'ဟေ့ကောင်. . . ထင်ကြီး ကကယ်လို့မင်းနဲ့ နှင်းနှင်းနဲ့တွေ့လို့ သူက ငါ့ထီးကိုပြန်ပေးရင် မင်းယူမထားနဲ့နော် ငါ့ဟာငါ နောက်မှ သူနဲ့တွေ့ပြီး ပြန်ယူမယ်'

ကျွန်တော်က ခေါင်းညိတ်လိုက်ပြီး အပြင်သို့သွားဟန်ပြင်နေသော သားစစ်အိတ်ထဲမှ ဒူးယားကိုနှိုက်လိုက်သဖြင့်. . .

'က. . . မင်းဟာကလွန်လှချည်လား ထင်ကျော်ဦးရဲ့'

ကျွန်တော်က ပြုံးစစဖြင့် သူ့ကိုကြည့်ရင်း. . .

'ဒီမှာ သူငယ်ချင်း အခွင့်အရေးဆိုတာ နှစ်ခါမလာဘူးကွ'

သားစစ်ထွက်သွားသွားခြင်း စားသောက်ထားသည်များကို ထုံးစံ အတိုင်း ကျွန်တော့်စာရင်းထဲတွင် မှတ်ခိုင်းထားလိုက်ပြီးနောက် အဆောင်ပြန် ရန် ပြင်လိုက်စဉ် မျိုးထွဋ်၊ သန့်ဇင်၊ မောင်တာနှင့် ချစ်အောင်တို့အုပ်စု ဆိုင်ထဲသို့ ဝင်လာရင်း ကျွန်တော့်ကိုမြင်သွားသဖြင့် မျိုးထွဋ်က ဝမ်းသာအားရ ကြီး ကျွန်တော့် လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်ကာ. . .

'တွန်ဂရက်ကျူလေးရှင်း မစ္စတာ 'အိုင်းထင်ကျော်ဦးစတိုင်း'

ကျွန်တော်က ကြောင်တောင်တောင်ဖြင့် မျိုးထွဋ်ကို ပြန်ကြည့်လိုက် စဉ် မျိုးထွဋ်က သန့်ဇင်တို့ဘက်သို့လှည့်၍. . .

'သူငယ်ချင်းတို့ သူကတော့ 'အိုင်းစဟိုင်း'ရဲ့'ရီလေးတစ်ဗတီ' သီအိုရီ နောက်ဆက်တွဲ 'ဖြုတ်စပြင်းတောင်း' သီအိုရီကို ထုတ်ဖော်ခဲ့တဲ့ အိုင်းစတိုင်းရဲ့ သောက်ဖန်စ်ဝမ်းတွဲ မစ္စတာ အိုင်းထင်ကျော်ဦးစတိုင်း ဆိုတာပဲ'

သန့်ဇင်၊ မောင်တာနှင့် ချစ်အောင်တို့ကလည်း. . .

'အခုလို တွေ့ဆုံသိကျွမ်းခွင့်ရတာကို အထူးပဲ ဝုဏ်ယူပါတယ်ခင်ဗျာ၊





ဘယ်ကမ္ဘာသူ ကမ္ဘာသားမှ မထုတ်ဖော်နိုင်ခဲ့တဲ့ ဖြုတ်စ ပြင်းတောင်း သီအိုရီကို ရဲရဲပြတ်သားစွာ သောက်ရှက်မရှိ ထုတ်ဖော်ပေးခဲ့တဲ့ မစ္စတာ အိုင်းထင်ကျော် ဦး စတိုင်းနဲ့ ဟစ်ဆောင်ထဲနေခွင့်ရတာ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိ ကြောင်းကို ဦးစွာပထမ ပြောကြားပါရစေ'

ထိုအခါမှ အတန်းထဲတွင် ကျွန်တော် အိုးနှင်းခွက်နှင်း အမှားမှား အယွင်းယွင်း ဖြစ်ခဲ့တဲ့ကိစ္စကို ဒီကောင်တွေက ကြုံတုန်းကျွန်တော့်ကို ဝိုင်းဟား ကြခြင်းဖြစ်ကြောင်း ရိပ်မိသွားသဖြင့်. . .

'ဒါကတော့ အရေးကြုံတဲ့အခါ တတ်သည့်ပညာမနေသာ ဆိုသလို ပညာခန်းလေးတွေ မတိမ်ကောရအောင် ဖော်ထုတ်ပေးရတာကိုးကွ၊ နောင်လာ နောင်သားတွေ အမှတ်မမှားရအောင် မင်းတို့ကပဲ ပိုင်းဝန်း ထိန်းသိမ်းပြီး လက်ဆင့်ကမ်းလိုက်ကြကွာ၊ အခုလို နောင်လာနောင်သား များအတွက် ငါရဲ့ပေးဝေနေတဲ့ ပညာတွေကိုလည်း မင်းတို့က နုစဉ်အခါမှာ ကြိုးကြိုးစားစားနဲ့ လေ့လာမှတ်သားကြပါလို့ ဆရာသခင်က ဩဝါဒပေးချင်ပါတယ် အဟမ်း အဟမ်း'

မျိုးထွဋ်တို့အုပ်စုက ကျွန်တော့်ကို ဝိုင်းဆဲကြသည်။ ကျွန်တော်လည်း သူတို့အုပ်စုနှင့်ထိုင်ရင်း လေပန်းနေစဉ် သက်ခိုင်(ခေါ်)သက်ပြင်းတစ်ယောက် ဖြူဖြူဖွေးဖွေးကောင်မလေးတစ်ယောက်ကို စက်ဘီး၏နောက်တွင် တင်နင်းရင်း ကျွန်တော်တို့ထိုင်နေသော ဆိုင်ရှေ့သို့ ရောက်လာပြီး ကျွန်တော်တို့ကို မြင်သွားသဖြင့် စက်ဘီးကိုဘရိပ်အုပ်၍ ခြေဖြင့်ထောက်ကာ ရပ်လိုက်ရင်း. . .

'ထင်ကြီး မင်းကိုအဆောင်မှူးက ညနေ သူ့အခန်းကို လာခဲ့ဦးလို့ မှာလိုက်တယ်၊ ဒင်နာမှာ Stage Show ထည့်ဖို့ကိစ္စထင်တယ်တော့ ဝင်သွား လိုက်ဦး၊ ကဲ. . . ငါလည်း သွားမယ်'

ပြောပြောဆိုဆို စက်ဘီးကိုနင်း၍ ထွက်သွားသည်။

'တောက်. . . ငါတို့အုပ်စုထဲမှာ လတ်ဆုပ်လက်တိုင် ရည်းစားရှိတာ ဆိုလို့ ဒီကောင် တစ်ကောင်ပဲရှိတယ်၊ ကျန်တဲ့ကောင်တွေက တစ်ကောင်မှ အသုံးမကျဘူး'



www.burmeseclassic.com

www.burmeseclassic.com



မောင်တာ၏စကားကြောင့် သန့်ဇင်က. . .

'အေးကွာ ကျောင်းတောင်ပြီးတော့မယ် ငါတို့မှာ အခုအထိ နေမြဲကနေမတက်သေးဘူး၊ မျိုးထွဋ်ကျတော့လည်း ရည်းစားသာရှိတယ် သူ့ဟာက ဘယ်လိုမှန်းမသိ ပြတ်ပြတ်သားသားလည်း မဟုတ်၊ ဟော. . . သက်ခိုင်ကျတော့ တကယ်ပီပြင်တယ်၊ ညနေဘက်ဆိုရင် သူ့ကောင်မလေးကိုတင်ပြီး စက်ဘီး စီးရတာအမော. . .'

မောင်ချစ်က စီးကရက်ကို မီးညှိရင်း. . .

'သက်ခိုင်ကို ငါမကြိုက်တာက စက်ဘီးစီးရင် ကောင်းကောင်းမစီးဘူး၊ ငါတို့ကိုတွေ့ရင် လှမ်းနှုတ်ဆက်ပြီး လက်မထောင်ပြရတာ အမောပဲ၊ အခု ကြည့်ပါလား စကားတစ်ခွန်းကို လက်မနှစ်ခါလောက် ထောင်ပြသွားဟာ'

မျိုးထွဋ်က သူ့လွယ်အိတ်ထဲမှ (Chess) ချက်ရှပ်ကလေးများကို ထုတ်လိုက်ရင်း. . .

'သူ့ရှိလို့ သူထောင်တာပဲ၊ မင်းတို့က မနာလိုဖြစ်နေ'

'ဟ. . . သူ့ဟာက ရိုးရိုးသားသားမှ မဟုတ်ဘဲကွ ငါတို့ကိုနှိမ်ချင်သလို ဘာလိုလိုနဲ့'

ကျွန်တော်က မျိုးထွဋ်မမြင်အောင် ဘုရင်မအရုပ်ကိုယူ၍ ဖွက်လိုက်ပြီး ထိုင်ရာမှ ထကာ. . .

'ကဲပါ. . . နောက်ကို သက်ခိုင် လက်မ မထောင်နိုင်အောင် ငါ ဖျောင်းဖျ ပြောဆိုပေးပါ့မယ်၊ အဲဒီတာဝန်ကို သမိုင်းပေးတာဝန်သဖွယ် သဘောထားပြီး ငါဆောင်ရွက်လိုက်ပါ့မယ်၊ ကဲ. . . သွားပြီ'

ခပ်လှမ်းလှမ်းအရောက်တွင် မျိုးထွဋ်၏ ဆူညံသောအသံကို ကြားလိုက်ရသဖြင့် အိပ်ကပ်အတွင်းမှ အမည်းရောင်ဘုရင်ရုပ်ကလေးကို စမ်းကြည့်လိုက်ရင်း စက်ဘီးကိုပို၍ မြန်မြန်နင်းကာ အဆောင်မှူး၏ အခန်းသို့ သွားမိလေတော့သည်။

◆ ◆ ◆



(၃)

ကျွန်တော့်အလှည့် သီချင်းတိုက်ပြီးသွားသဖြင့် အဆောင်သို့ပြန်လာခဲ့စဉ် ကျွန်တော့်အခန်းထဲသို့ ယိုင်ထိုး ယိုင်ထိုးဖြင့် ဝင်သွားသော သက်ပြင်းကို တွေ့လိုက်ရသဖြင့် ကျွန်တော်လည်း အဆောင်နံရံကိုကွယ်ရင်း နားစွင့်လိုက်ရာ မောင်တာ၏ မေးမြန်းသံနှင့်အတူ အရက်မူးသံကြီးနှင့် သက်ပြင်း၏ စကားသံတို့ကို ကြားလိုက်ရသည်။

'ဟ. . . သက်ပြင်း ဘယ်လိုဖြစ်လာတာလဲ လေးခွကြီးနဲ့ ဘယ်ခွေးပစ်ဖို့လဲ'

'ဘယ်မလဲ ဟိုကောင် ကလေကချေ ပေါက်လွှတ်ပဲစား ခြေသလုံးအိမ်တိုင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ကျက်သရေယုတ်တဲ့ ထင်ကြီး အဲဒီကောင် ဘယ်မှာလဲ၊ ဒီနေရာမှာတင် အသက်ချင်းလဲပစ်လိုက်မယ်၊ သက်ပြင်းကို ဘာမှတ်နေလဲ ထင်ကြီး ထွက်ခဲ့စမ်း'

ကျွန်တော်လည်း ကိုယ့်ရင်ဘတ် ကိုယ်ဖိကာ နားစွင့်နေလိုက်သည်။ ဘေးအခန်းများမှ ကျောင်းသားများ၏ အသံနှင့်အတူ ကျွန်တော်တို့အခန်း၏ ဒါအရင့်ဆုံး ကျောင်းသက်အရှည်ဆုံးနှင့် အလေးစားရဆုံး ကိုကျော်ဝင်း၏ အသံကိုလည်း ကြားလိုက်ရသည်။

'ဟေ့ကောင်. . . သက်ပြင်း ဘယ်လိုဖြစ်လာတာလဲ၊ ဟာ. . . အရက်



www.burmeseclassic.com

www.burmeseclassic.com



တွေ သောက်လာတာထင်တယ် နံစော်နေပါလား'

'ဟုတ်တယ် ကိုကြီးကျော်. . . ကျွန်တော် မောင်သက်ခိုင်(ခေါ်) မောင်သက်ပြင်း အရက်တွေအများကြီး သောက်လာတယ်၊ အဲ. . . ဘာပြုလို့ ကျွန်တော်အခုလို အရက်တွေသောက်လာခဲ့ရတဲ့အကြောင်းရင်းကို ကိုကြီး ကျော်သိခဲ့ရင်လေ ဟောဒီက ကျွန်တော်မောင်သက်ပြင်းကို ကိုကြီးကျော် ခွင့်လွှတ်နိုင်မှာပါဗျာ. . . ဒေ့'

'မင်းလက်ထဲက လေးခွကြီး ငါ့ကိုပေးထား၊ ကဲ. . . ပြောစမ်းပါဦး ဘယ်လို ဖြစ်လာတယ်ဆိုတာကို'

'အီး. . . ဟီး. . . ဟီး. . . ဟီး. . .'

မီးသတ်ကားရှစ်စီး ခေါင်းချင်းဆိုင်၍ အပြိုင်ဥသြဆွဲချလိုက်သလို သာယာနာပျော်ဖွယ် အလျှင်းကင်းမဲ့သည့် အသံကြီးကြောင့် ကျွန်တော် ကြက်သီးထသွားသည်။

'ဟ. . . ဟ. . . သက်ပြင်း မငိုနဲ့လေ၊ ဘာဖြစ်လာသလဲဆိုတာ ငါတို့ က သိရမှ ဖြေရှင်းပေးလို့ရမှာပေါ့၊ မငိုပါနဲ့ကွာ တိတ် တိတ်'

ကိုကြီးကျော်တို့အုပ်စု ဝိုင်း၍ချော့မှ သက်ပြင်းငိုသံကြီးက ပို၍ကျယ် လာသည်။ ငို၍အားရမှ. . .

'ထင်ကျော်ဦးကြောင့် ကိုကြီးကျော်ရေ ထင်ကြီးကြောင့်ဗျ အီး. . .'

ဟိုက် ကျွန်တော့်ကြောင့်ဆိုပါလား၊ သက်ပြင်း နာကြည်းသွားအောင် ကျွန်တော်ဘာလုပ်မိပါသနည်း၊ အဲ. . . လုပ်တာတွေကလည်း များနေသဖြင့် ဘယ်အကြောင်းကြောင့် ယခုလို သက်ပြင်း နာကြည်းသွားသည်ကို စဉ်းစားလို့ မရ၊ ထို့ကြောင့် ဆက်၍နားစွင့်နေလိုက်သည်။

'ဒီလို ကိုကြီးကျော်ရဲ့ ရွှတ် ရွှတ် ကျွန်တော်လေ. . . ကျွန်တော် လေ. . . ကျွန်တော့်ကောင်မလေးနဲ့'

'ဘာကွ. . . မင်းကောင်မလေး ဟုတ်လား၊ ဘယ်ကလဲ မင်းရည်းစား လား'

'ဟုတ်တယ်. . . ကိုကြီးကျော် ကျွန်တော့်မှာလေ အပြင်းအထန်





နည်းဗျူဟာ၊ မဟာဗျူဟာ၊ စစ်ဌဗျူဟာတွေနဲ့ လက်ကုန်စက်ကုန် ကြိုးစားပန်းစား လိုက်ထားရတဲ့ ကောင်မလေးရှိတယ် ကိုကြီးကျော်ရယ်. . . ရွှတ် ရွှတ် သူဟာလေ ကျွန်တော့်အတွက်တော့ မျှော်လင့်ချက်လင်းရောင်ခြည်၊ အကြင်နာ မီးရှူး တန်ဆောင်နဲ့ မေတ္တာအလင်း ပိုင်ရှင်မလေးပါ ကိုကြီးကျော်ရယ် အီး. . . ဟီး. . . ဟီး'

သက်ပြင်း၏ မူးသံကြီးနှင့်အတူ အခန်းနေအဖော်များ၏ တခွိခွိ ကြိတ်ရယ်သံများကိုလည်း ကြားနေရသည်။ သက်ပြင်းကတော့ ဘာမှမသိ၊ စွပ်ပြီး ရင်ဖွင့်နေပြန်သည်။

'ဒီနေ့ ဘာနေ့လဲ ကိုကြီးကျော် ရွှတ် ရွှတ်'

'သောကြာနေ့လေ'

'ရွှတ် ရွှတ် 'လ'ကတော့ 'မေလ'ထင်တယ်နော် ကိုကြီးကျော် ဟုတ်လား'

မောင်ဘာက ဝင်၍ထောက်ခံလိုက်သည်။

'အေးလေ ဒီနေ့ မေလ (၂၇)ရက်နေ့ပဲ'

'အဲဒီ မေလ ၂၇ ရက်နေ့ သောကြာနေ့ ညနေမှာပေါ့ ကိုကြီးကျော် ရယ်. . . အီး ဟီး ဟီး'

သက်ပြင်း၏ ငိုသံကြီးနှင့်အတူ တဝါးဝါးရယ်သံများ ထွက်ပေါ် လာသည်။ မျိုးထွဋ်ကလည်း ရယ်ရင်း ဝင်၍ထောက်လိုက်သည်။

'ဟဲ့. . . သက်ပြင်းရဲ့ အခုညနေကဆိုလည်း ရတာပဲဟာ ဟဲ ဟဲ ဟဲ'

'မျိုးထွဋ် မနောက်နဲ့ကွာ၊ ဒါ နောက်စရာ မဟုတ်ဘူး၊ ဒီနွေရာသီမှာ မြို့ရင်ထဲမှာ နေတစ်ရာမက ပူနေတာကို မင်းပြက်ရယ်မပြုချင်စမ်းပါနဲ့ သူငယ် ချင်း မျိုးထွဋ်ရယ် ရွှတ် ရွှတ်၊ ငါ တောင်းပန်ပါတယ်ကွာ အီး ဟီး ဟီး'

သွားပြီ သက်ပြင်းတော့ သွားချေပြီ၊ ကျွန်တော်တို့ဒေသတွင် အရက်မူးသည်ကို ရှာလည်သည်ဟုခေါ်သည်။ သက်ပြင်းကတော့ ရှာတင်မက မြို့ခေါ်ကျော်ကာ ကမ္ဘာပင်လည်နေချေပြီ ကိုကြီးကျော်က ကြားဝင်လိုက်သည်။

'မျိုးထွဋ် အေးအေးနေစမ်းကွာ ပြောပါ သက်ပြင်းရဲ့. . .'



www.burmeseclassic.com

www.burmeseclassic.com



'အီး ဟီး ဟီး မျိုးထွင့်ပြောသလို အခုညနေမှာပေါ့ ကိုကြီးကျော်ရယ် ရွှတ် ရွှတ်'

တဟားဟား ရယ်သံကြီးများ ထိန်းမရ သိမ်းမရ ထွက်ပေါ်လာသည်။ သက်ပြင်းကတော့ ဘာမှ ဂရုပြုမိပုံ မရတော့ပါ။

'ကျွန်တော့်ကောင်မလေးကို ကျွန်တော်လေ စက်ဘီးပေါ်တင်ပြီး သာယာတဲ့ ညနေဆည်းဆာရဲ့ ရွှေအိုရောင် လှပမှုကို ကြည်နူးခံစားရင်း အကြင်နာစကားတွေ မေတ္တာပေါင်းကူးနေမိကြတယ် ကိုကြီးကျော်ရယ် ရွှတ် ရွှတ်၊ အဲဒီအချိန်မှာ' 'တောက်'

သက်ပြင်း၏ တောက်ခေါက်သံကြီးကြောင့် တခွီခွီကြိတ်ရယ်နေမိသော ကျွန်တော်ပင်လန့်သွားသည်။ တစ်ခန်းလုံးလည်း အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ထိုအခါကျမှ. . .

'ကလေကချေ ပေါက်လွှတ်ပဲစား ခြေသလုံးအိမ်တိုင် ကျက်သရေယုတ်၊ အဲ. . . ပြီးတော့ မောင်တာ ဒီထက်ကောင်းတဲ့ ဆဲနည်းတစ်မျိုး ပြောစမ်း'

မောင်တာက ဝင်ထောက်ပေးလိုက်သည်။

'ငါ့ယောက္ခမ သား'

'အေး. . . အဲဒီ ငါ့ယောက္ခမသား နေဦး နေဦး၊ ဒီလို အယုတ်တမာနဲ့ သမီးယောက်ဖ မတော်ချင်ဘူး၊ အဲဒီ ခွေးသူတောင်းစား ထင်ကြီးနဲ့ ပက်ပင်းဆုံမိကြတာပါပဲ ကိုကြီးကျော်ရယ်၊ ကျွန်တော်လေ. . . ကျွန်တော် ထင်ကြီးကို မြင်ပြီးနှုတ်ဆက်လိုက်မိတယ်၊

အဲဒီမှာတင် သူ့မှာလည်း ရည်းစားမရှိ၊ သူများရည်းစားနဲ့ တွဲတာကိုလည်း မနာလိုတဲ့ ထင်ကြီးက ဘာပြောတယ်မှတ်သလဲ ကိုကြီးကျော်. . . သူ ဘာပြောလိမ့်မယ်လို့ ကိုကြီးကျော် ထင်သလဲ'

'ငါ ဘယ်သိပါ့မလဲကွာ'

ကိုကြီးကျော်က ခေါင်းရမ်းရင်း ခပ်ညည်းညည်းလေးပြောလိုက်ရာ သက်ပြင်းက. . .

'ရွှတ် ရွှတ် ဖော့ကောင် သက်ပြင်းတဲ့ အီး ဟီး ဟီး၊ ညက ငါသင်





ပေးထားတာတွေ မမေ့နဲ့တဲ့ ပီပြင်အောင် အသုံးချလာခဲ့တဲ့၊ အဲဒီလိုကြီးပြောတယ် ကိုကြီးကျော်ရဲ့ အီး ဟီး ဟီး ဟီး'

ဟဝါးဝါး ရယ်သံကြီးများ ပျံ့လွင့်လာပြန်သည်။ ကိုကြီးကျော်လည်း အောင့်ထားနိုင်ပုံမရပါ။ တဟီဟိ အသံများထွက်လာသည်ကိုပင် ကြားရသည်။ သက်ပြင်းကတော့ ဘာကိုမှ ဂရုစိုက်မိပုံမရပါ။

'အစက ကျွန်တော့်ကောင်မလေးနဲ့ ရုပ်ရှင်ကြည့်ဖို့ပါ ကိုကြီးကျော်ရယ်၊ အခုတော့ ရွှတ် ရွှတ် ကျွန်တော့် ကောင်မလေးကလေ ကိုသက်ခိုင်နော် သူငယ်ချင်းတွေ မြှောက်ပေးတိုင်း အကောင်းမထင်နဲ့တဲ့၊ သူ့ကို အခုချက်ခြင်း အဆောင်ကိုပြန်ပို့ပေးရမယ်လို့ ပြောတယ်ဗျာ အီး အီး ဟီး'

တခန်းလုံး အော်ဟစ်ရယ်မောနေကြသည်။ သန့်ဇင်က. . .

'အဲဒါ မင်းက တောင်းပန်လိုက်ပါလား၊ ချော့လိုက်ပါလား'

'အီး ဟီး ဟီး မရဘူးဗျ၊ ကျွန်တော်အမျိုးမျိုးတောင်းပန်ပြီး ချော့ပါတယ်ဗျာ လုံးဝမရတာပါဗျ အီး ဟီး ဟီး၊ ကျွန်တော့်ကို ယောကျ်ား ပီသရိုးမှန်ရင် အဆောင်ကို အခုချက်ခြင်းပြန်ပို့ပေးပါဆိုလို့ ပြန်ပို့ပေးခဲ့ရတယ်ဗျ အီး ဟီး ဟီး

အဲဒါ ထင်ကြီးကြောင့် ဘယ်မလဲ ခွေးသူတောင်းစား ကျွန်တော်တို့ရဲ့ ရွှေရောင် အချစ်မေတ္တာကို သက်သက်အရောင်လာဆိုးတဲ့ကောင်၊ ဒီကောင့်ကို သတ်မယ်'

'ဟ. . . သက်ပြင်း. . . သက်ပြင်း. . .'

သက်ပြင်းက အတင်းရုန်းကန်၍ထရာ ဘေးမှသူငယ်ချင်းများက ဆွဲလိုက်ကြသော်လည်း နောက်ကျသွားခဲ့လေပြီ။

မောင်သက်ပြင်းလေးခမျာ ခုတင်ပေါ်မှလိမ့်ကျ၍ မေ့သွားလေသည်။

'ဟ ဟ ကိုကြီးကျော် ဒီကောင် သေသွားပြီလား မသိဘူး၊ ငြိမ်သွားပြီ'

'ဘာမှမဖြစ်ဘူး၊ အဲဒီကောင်က အရက်မသောက်တတ်ဘဲ နှမ်းကန်



www.burmeseclassic.com

www.burmeseclassic.com



သောက်လာလို့ အမူးလွန်ပြီး မေ့သွားတာ၊ သူ့ကို ခုတင်ပေါ်တင်ပေးထားလိုက် မနက်မှ ဒီကောင် အရက်ဒဏ်ကိုခံရမယ်'

အခန်းထဲသို့ ကျွန်တော်ဝင်လိုက်စဉ် သက်ပြင်းကို ခုတင်ပေါ် တင်ပေးနေသူအပေါင်းက နတ်တို့၏သိကြားမင်း ဦးမာယတစ်ယောက် အပျော်လွန်၍ သကြြန်အပြီးတောင်မှ မပြန်နိုင်ဘဲ အဆောင်သို့ အလည် အပတ်လာရောက်သဖြင့် ကြုံတုန်းခန့်မှန်းမေးခွန်း တောင်းလိုက်မယ်ဟဲ့ ဟုအားခဲထားကြသလား မသိ၊ အားလုံးက တစ်ပြိုင်တည်း. . .

'ဟေ့ကောင်. . . မင်း မနေ့ညက သက်ပြင်းကို ဘာတွေသင်ပေး လိုက်လဲ'

ကျွန်တော်က ပခုံးကို တစ်ချက်တွန့်ပြလိုက်ပြီး ဘေးခုတင်တွင် ဝင်ထိုင်ရင်း မီးသေနေသော ဆေးလိပ်တိုကို ပါးစောင်တွင်ခဲကာ သူတို့မျက်နှာ များကို တစ်ယောက်ချင်း လိုက်ကြည့်နေစဉ်. . .

'တောက်'ခနဲ အသံနှင့်အတူ မောင်တာက မီးခြစ်ပြီး ကျွန်တော့် ဆေးပေါ့လိပ်ကို လာညှိပေးသည်။

ကျွန်တော်က နှစ်ဖွာသုံးဖွာ ဖွာလိုက်ပြီး. . .

'လူကလေးတို့ ဒီအလောင်းကို ဒီအတိုင်းပဲ အလှကြည့်နေကြ တော့မှာလား(စ်)၊ မောင်းမင်းတို့ C I D က အတော်ဆုံးဆိုတဲ့ ဆားပုလင်း နှင်းမောင် ဘယ်သွားနေသလဲ(စ်)'

'ဟေ့ကောင် ထင်ကြီး အပိုတွေပြောမနေနဲ့ ငါတို့မေးတာသာဖြေစမ်း'

'အိုး. . . ဟိုး. . . ဟိုး. . . လူကလေး မောင်မျိုးထွဋ် ဒီလိုတော့ လွယ်လွယ် ကူကူ မရဘူးလေ၊ ဒီကေ့စ်က ဘဲရိုး ဘဲရိုး၊ အိုးပင်း စီးကရက်ဖြစ်တယ်၊ ဒီကေ့စ်ကို အိုင်ပီတို့ အလွန်အင်မတန် သိချင်ကြသလား'

အားလုံးက တပြိုင်တည်း. . .

'အေး'

ဟုပြောလိုက်သဖြင့်. . .

'ကဲ. . . ဒါဆိုရင် လူကလေးမောင်တာက မောင်မင်းတောင်ကြီး





ပါလာတဲ့ 'ရွှေလီမွှော်' အရက်ကလေးကိုထုတ်၊ အိုင်ပီ သန့်ဇင်တာ မောင်မင်းအိမ်ကပါးလိုက်တဲ့ ဆိတ်သားပေါက်ကြော်ပုလင်းလေးကိုဖွင့် ကိုဘက်က မောင်ချစ်ကလည်း ညနေကဝယ်ထားတဲ့ ဒူးယားဘူးလေးကိုဖွင့်ပြီး စားပွဲပေါ်တင်၊ မောင်မျိုးထွဋ်ကတော့ ရေချမ်းချမ်းတစ်ခွက်ခပ်ခဲ့၊ အဲ. . . ကိုကြီးကျော်ကတော့ အသက်အကြီးဆုံးဆိုတော့ လေးစားတဲ့အနေနဲ့ အခန်း တံခါးတွေလျှောက်ပိတ်လိုက်'

မောင်ချစ်က နှာခေါင်းရှုံ့ရင်း. . .

'ဟာ. . . ငါ့ရည်းစား အစ်ကိုက ကြီးကျယ်လှချည်လား'

'အိုး. . . လူကလေးမောင်ချစ် တန်ဖိုးရှိတဲ့စကားကို တန်ဖိုးရှိရှိ နားထောင်စေချင်တဲ့ သခင်ကြီးရဲ့ စေတနာကို မစော်ကားပါနဲ့ ဒူးယား မတိုက် ချင်ဘူးဆိုရင်လည်း မောင်မင်း အခန်းအပြင်မှာပဲနေပါ၊ သခင်ကြီးတို့ရဲ့ အားဝိုင်းမှာ မောင်မင်းပါလို့ မဖြစ်ဘူး'

မောင်ချစ်က ဆောင့်ဆောင့်အောင့်အောင့်ဖြင့် သူ့ဒူးယားဘူးကို ယူလာ စားပွဲပေါ်တင်ပေးသည်။ ကိုကြီးကျော်ဟာ အခန်းတံခါးများကို လိုက်ပိတ်နေမည့်ပင် ကျွန်တော်တို့က သက်ပြင်းကိုအလယ်ခေါ်ထား၍ ကြက်ဝိုင်းလေး ဖြစ်သွားသည်။

ကိုကြီးကျော်က ဝင့်ပေါက်ထွက်ပေါက် တံခါးမကြီးကိုပိတ်ရန် သွားရင်း. . .

'ပုလင်းကို ခုတင်အောက်နားမှာ ချထား၊ စကားကိုလည်း တိုးတိုးပြော ဒီအတိုင်းပဲ အဆောင်ထဲမှာ အရက်သောက်တာကို အဆောင်မှူးက တွေ့တာမဟုတ်ဘူး၊ အဲဒါကိုမိရင် ပြင်းပြင်းထန်ထန် အရေးယူမယ်လို့ ပြောထားတာနော်၊ တော်ကြာ အဆောင်က နှင်ထုတ်ခံနေရမယ်'

ကျွန်တော်က ဒူးယားကို မီးခိုးအကွင်းလေးများဖြစ်အောင် ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်ပြီး 'ရွှေလီမွှော်' အရက်တစ်ခွက်ကို ဖွင့်ပွဲအနေ နဲ့သောက်လိုက်ပြီးမှ. . .

'အဟမ်း. . . အဟမ်း. . . ယမန်နေ့ညက ယခုတမလွန်ဘဝသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားပြီဖြစ်သော မောင်သက်ပြင်းကလေးအား ကျွန်ုပ်သင်ပေးလိုက်သော ပညာသည်ကား နယ်နယ်ရရမဟုတ် အလွန်အင်မတန်. . . တန်. . .'

'ဟဲ့ကောင်လေးတွေ အဲဒါ ဘာလုပ်နေကြတာလဲ'

ကိုကြီးကျော်က တံခါးမကြီးကိုပိတ်အောင်အသွား တံခါးပေါက်ရှေ့ မှတ်တရက် အဆောင်မှူးပေါ်လာပြီး မေးလိုက်သဖြင့် ကျွန်တော်တို့အားလုံး တုန်လှုပ်သွားသည်။

ကျွန်တော်လည်း အသံတုန်တုန်ဖြင့်. . .

'မောင်တာ တောင်ကြီးကပါလာတဲ့ ရွှေလိမ္မော် သောက်နေကြတာပါ ဆရာ. . .'

အဆောင်မှူးက ခေါင်းတဆတ် ဆတ်ညိတ်ရင်း. . .

'အေး. . . အရက်တော့ မသောက်ကြနဲ့နော်. အရက်သောက်တာ မိလို့ကတော့ကွာ အိပ်ရာလိပ်ဖို့သာပြင်. . . .'

အဆောင်မှူးသည် ပြောပြောဆိုဆို ရေချိုးခန်းဘက်သို့ထွက်သွားသည်။

ကျွန်တော်တို့လည်း ကြိတ်ရယ်လိုက်ကြသည်။ ကိုကြီးကျော်က တံခါးကိုစေ့ပြီး ကျွန်တော်တို့ထံ ပြေးလာရင်း. . .

'ဟား ဟား ဟား အဆောင်မှူးက ပုဘီးသမားကြီးဆိုတော့ ရွှေလိမ္မော်ကို အရက်လို့မထင်ဘဲ အချိုရည်လို့ ထင်သွားတာဖြစ်ရမယ် ဟီး ဟီး ဟီး'

'ခွမ်. . .'

'ဟာ. . .'

ကိုကြီးကျော်က ရယ်ရင်း ကျွန်တော်တို့ထိုင်နေသည့် ခုတင်ပေါ်သို့ အတက် ခုတင်အောက်တွင် ထောင်ထားသော ရွှေလိမ္မော် အရက်ပုလင်းကို တိုက်မိသွားသဖြင့် ပုလင်းမှာလည်း လိမ့်သွားလေတော့သည်။

'ကုန်ပါပြီဗျာ. . . ကုန်ပါပြီ'

မောင်တာက အော်ဟစ်၍ ပြေးကောက်လိုက်သော်လည်း အနှောင်း၍ သွားပေပြီ။ ပုလင်းထဲတွင် လက်တစ်လုံးခန့်သာ ကျန်တော့သည်





တစ်ခန်းလုံးလည်း ရှဲစိုသွားကာ အရက်စော်လည်း 'ဟောင်' တတ်သွားလေတော့သည်။

တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်ပြီး မှင်သတ်နေကြစဉ်. . .

'ငါ့ကို ဒီသိုစမ်းလို့ဘယ်ရမလဲ၊ ဟင်း. . . တစ်ခန်းလုံးကို နံစော်နေတဲ့ အရက်နံ့က သက်သေပြနေပြီ ငြင်းဖို့မကြိုးစားကြနဲ့၊ အောင်မယ် ဟိုတောင်ထလဲတောင်နေပြီ၊ ကဲ ကဲ ကိုယ့်အိပ်ရာလိပ်ကလေး. . .'

'ဟာ. . . ဆရာ. . . ဆရာ ကျွန်တော်တို့ အရက်သောက်နေကြတာ မဟုတ်ပါဘူး၊ သက်ပြင်း အဲလေ. . . သက်ခိုင်ရယ် အပြင်ကမူးပြီး ပြန်လာလို့ ခုတင်ပေါ် ဝိုင်းတင်ပေးတာ၊ အဲ. . . အဲဒါ သူ့ခါးကြားက ပုလင်းထွက်ကျပြီး မှောက်သွားလို့ အရက်စော်နံ့ကုန်တာပါ ဆရာ'

ဆရာက မျက်မှောင်ကြုတ်လိုက်ရင်း. . .

'ဘာလဲ. . . လက်ပူးလက်ကြပ် မိတာတောင် မင်းတို့က. . .'

ကိုကြီးကျော်က ရင်ကော့ကာ. . .

'ဆရာ့ကို ကျွန်တော်တို့ မညာဝံ့ပါဘူး၊ မယုံရင် နမ်းကြည့်ပါ'

'ဘာကွ မင်းတို့ကို ငါက နမ်းရမယ် ဟုတ်လား'

'ဟုတ်ပါတယ်ဆရာ၊ အဲ. . . အဲ. . . မဟုတ်ပါဘူး၊ ဒီ. . . ဒီသိုဝါ သက်ခိုင်က အပြင်မှာသောက်ပြီး မူးပြီးအဆောင်ကိုပြန်လာတာ ကျွန်တော်တို့က သူများတွေမြင်ရင် အဆောင်သိက္ခာကျမှာစိုးလို့ ခုနက တံခါးလိုက်ပိတ်တုန်း ဆရာရောက်လာတော့ ရေချိုးပြီး ဘုရားရှိခိုးတော့မယ့် ဆရာ့တို အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဟို. . . ဟို ညာမိပါတယ် ဆရာ၊

ပြီးမှ သက်ခိုင်ကို ခုတင်ပေါ်ဝိုင်းတင်ရင်း သူ. . . သူ့ခါးကြားက ပုလင်းကို ခြေထောက်နဲ့ တိုက်မိ၊ အဲ. . . အဲ. . . သူ့ဟာသူမှောက်ကျသွားလို့ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း ဆရာပြန်ဝင်လာတာနဲ့ အခုလိုဖြစ်တုန်တာပါ တောင်းပန်ပါတယ် ဆရာ၊ မလိမ္မာတစ်ခါမိုက်တဲ့ သက်ခိုင်ကို ခွင့်လွှတ်ပါ ဆရာ၊ သူက အဆောင်ထဲမှာ သောက်တာမဟုတ်ပါဘူး၊ အပြင်မှာသောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ'

ဆရာက ကျွန်တော်တို့မျက်နှာများကို တစ်ယောက်စီ လိုက်ကြည့်ရင်း. . .

'သက်ခိုင်က အပြင်မှာ သောက်လာတာဆိုတော့ မင်းတို့က ဒီအထဲမှာ သောက်တာပေါ့ ဟုတ်လား'

'ဟုတ်တဲ့. . . အဲ. . . အဲ. . . မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်တို့က ဒီအဆောင် မှာနေလာတာ နောက်ဆုံးနှစ်တောင်ရောက်လာပြီဆိုတော့ ဒီအဆောင်ရဲ့ စည်းကမ်းတွေကို သိပြီးသားပါ ဆရာရယ်၊ ဘယ်လိုလုပ်ပြီး အဆောင် စည်းကမ်းကို ဖောက်ဖျက်ပါ့မလဲ၊

အဲဒါကြောင့် ကျွန်တော်တို့ ပါးစပ်မှာ အရက်စော်နံ့ မနံ နမ်းကြည့်ပါလို့ ပြောတာပါ ဆရာ ကျွန်တော့်ပါးစပ်ထဲမှာ အရက်စော်နံ့ခဲ့ရင်တော့ဒီအဆောင်က နေ ကျွန်တော် ခေါင်းနဲ့ဆင်းမယ် ဆရာ'

ကိုကြီးကျော်က မုသာဝါဒကံကို မြိန်မြိန်ယှက်ယှက်ကြီး အသုံးပြုပြီး ရဲရဲကြီးအာမခံကာ ဆရာ့အားပြောကြားလိုက်ရင်း ကျွန်တော့် ဘက်သို့လှည့်၍ မျက်စိမှိတ်ပြလိုက်သည်။

အဆောင်မှူးက လက်ပိုက်လိုက်ရင်း. . .

'အေး. . . ကောင်းပြီ တစ်ယောက်စီ လာခဲ့ကြ'

'အမလေး. . . လေး. . . အရက်မူးရမ်းသူက သက်ပြင်း၊ ပုလင်းကိုတိုက်မိသူက ကိုကြီးကျော်၊ လက်တစ်လုံးသောက်မိသူက ကျွန်တော်မျိုး။ ကြော်ကြော်ကြဖက် အားလုံးအနက်မှ ကံကွက်ကြား၍ ငမိုက်သား ထင်ကျော်ဦးနင်ချည်းဝင် အဆောင်ကထွက်ပေရော့ဟု အဆောင်မှူးသဏ္ဍာန်ဆရာက ကျွန်တော့်အားနှင်ထုတ်လျှင်လည်း မလွတ်နိုင်ရာ ထွက်ရပါတော့မည်ဟု တွေးမိရင်း ဆရာ့အလစ်တွင် ကွမ်းယာထဲမှ အာမွှေးကိုထုတ်၍လျှာဖြင့်လျက်မည်ဟု ကြံစည်လိုက်စဉ်တွင် ဆရာက ကျွန်တော့်ကိုခေါ်၍ ပါးစပ်တခိုင်း လေတော့သည်။

'မိုးကြီးဝစ်ရပါစေ့ ဆရာရယ်၊ သက်ပြင်းခါးကြားထဲက ပုလင်းထွက်





ကျပြီး မှောက်ကျသွားသွားခြင်း ပုလင်းကိုကောက်ပြီးတော့ အရက်စစ်မစစ်နည်းနည်းမြည်းကြည့်မိတာပါ ဆရာရယ်၊ သောက်ချင်လို့ သောက်ရတာမဟုတ်ပါဘူး၊ မယုံရင် သူတို့ကိုမေးကြည့်ပါ ဆရာရယ် တကယ်ပါ'

ကျက်သရေယုတ်များကတော့ သူငယ်ချင်းတောင်းဝိသစ္စာဖြင့် သူတို့နှင့်ဘာမှမဆိုင်သည့်အလား ပခုံးတတွန့်တွန့်၊ ခေါင်းတခါခါဖြင့် ဖြစ်မှဖြစ်ရပလေ သနားစရာတောင်းလှပါပေ၏ဟု တွေးမိလေကြသလား ဖြစ်သင့်တာကြာပါပြီ၊ အလွန်အင်မတန် မတန်တဆ ကြီးလေးသော အပြစ်ကြီးပေးပါစေဟု ဆုတောင်းနေကြသလားမသိ ပြုံးစိစိ ဖြစ်နေကြသည်။

အဆောင်မှူးက လက်ကိုနောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း. . .

'ဒီလောက် နံနေတာတောင် မင်းက စစ်လား မစစ်လား သိချင်လို့ သောက်ကြည့်ရသေးတယ် ဟုတ်လား'

'ဟုတ်ကဲ့. . . အဲ. . . မဟုတ်ပါဘူး၊ ရုတ်တရက် ပုလင်းတလဲ့ကြီး အရက်တွေဖိတ်ကျန်တာမြင်တော့ နှမြောတာနဲ့ အဲ. . . အဲ. . . သောင်ပြီတော့ပေါ့ ဆရာရယ် ဖိတ်ချင်းဖိတ်ငါ့ပါးစပ်ထဲဖိတ်ဆိုပြီး မတော်တဆ သောက်မိတာပါဆရာရယ်၊ ကျွန်တော်တောင်းပန်ပါတယ် ခွင့်လွှတ်ပါ ဆရာ အဆောင်က မထွက်ပါရစေနဲ့'

ဆရာကလည်း အရက်စော်နံ့ဟောင်နေသော အခန်းထဲတွင် ကြာကြာနေချင်ပုံ မရပါ။

'ကဲ. . . ဒါဆိုရင်လည်း ပထမဦးဆုံး အကြိမ်ဖြစ်လို့ ခွင့်လွှတ်လိုက်မယ်၊ ဒါပေမယ့် မင်းနဲ့သက်ပြင်းနဲ့ မနက်ဖြန်ကြရင် ဗိဿနိုးဆောင် တစ်ဆောင်လုံးက သောက်ရေအိုးတွေကို ရေဖြည့်ရမယ် ဒါပဲ'

ပြောပြောဆိုဆို ထွက်သွားလေတော့သည်။

ကျွန်တော်လည်း ရင်ဖိကျန်နေခဲ့ရသည်။ မောင်ချစ်က ဝကာန်းဝေါ်စက်ကိုထုတ်၍ ကျွန်တော့်စိတ်ချမ်းသာအောင် တွက်ချက်ပြသည်။

'တို့ဗိဿနိုးဆောင်မှာ အဆောင်ရှည် ဟော(Hall)ခန်းတ[illegible]ချာတ်ခု



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းက တစ်ခုဆိုတော့ ခုနစ်ခု၊ ဟောခန်းတစ်ခု ရေအိုးစင်က နှစ်စင်ဆိုတော့ ဆယ်လေးခု၊ ရေအိုးစင်တစ်စင်မှာ ရေအိုးက နှစ်လုံးဆိုတော့ နှစ်ဆယ့်ရှစ်လုံး၊ ရေတစ်အိုးကို ရေပုံး နှစ်ပုံးဆန့်တယ် ဆိုတော့ ငါးဆယ့်နဲ့ ခြောက်ပုံး၊

အဲဒီတော့ ငါးဆယ့်ခြောက်ခေါက်ပဲ ထည့်ရမှာပါကွာ၊ မင်းက နှစ်ဆယ့်ရှစ်ခေါက်၊ သက်ပြင်းက နှစ်ဆယ့်ရှစ်ခေါက်ဆို ပြီးရောပေါ့ကွ၊ အင်း . . . ဒါ . . . ပေ . . . မယ့် . . . အလိုလိုမှ သက်ပြင်းက မင်းကို ဆော်ဝလော်တီးချင် နေတာ၊ မဆီမဆိုင် မင်းကြောင့်သူ ရေနှစ်ဆယ့်ရှစ်ခေါက် ခပ်ရ ထည့်ရရင်တော့၊ အင်း . . . မတွေးဝံ့စရာပေါ့ကွာ၊ ဒါနဲ့ မောင်တာ မင်း ဖဲထုပ်စုံသေးတယ် မဟုတ်လား'

မောင်တာက ခေါင်းညိတ်ပြရင်း . . .

'ကိုယ့်သူငယ်ချင်း အရင်းကြီးပဲကွာ ပိုက်ဆံဘယ်လောက် ကုန်ကုန် ဖဲထုပ်အသစ်ဝယ်ရမှာပေါ့ကွ'

သွားချေပြီ၊ သွားချေပြီ ကျွန်တော့် မောင်ထင့်[illegible] ကစ်ယောက် သူများကိုမကောင်းကြံမိသဖြင့် ရွှေလိမ္မော် လက်တစ[illegible] သာက်မိရုံဖြင့် ထစ်မနတ်လုံး ရှုံးရချေတော့မည်။ တွေးရင်း တွေးရင်း ချာချာလည် မူးသွား ပေတော့သည်။

◆ ◆ ◆



(၄)

ကျွန်တော်တို့ ဗိသုနိုးဆောင်၏ ဒင်နာ(Dinner)နေ့ဖြစ်သည်။ အဆောင်နေကျောင်း[illegible]များမှာ အခမ်းအနားကိုပြင်ဆင်ခြင်း၊ တီးဝိုင်းအတွက် ဆောင်းဘောက်(Sound Box)များ၊ ဒရမ်ဆက်(Drum Set)များ၊ မိုက်ကရိုဖုန်း(Micr[illegible] နေရာချထားခြင်းတို့ကို လုပ်ဆောင်ရင်း အလုပ် ရှုပ်နေကြ[illegible]

အားလုံးပြီးဆုံး၍ ရေမိုးချိုးအဝတ်အစားလဲပြီး ခန်းမထဲနေရာ ယူကြချိန်တွင်တော့ ညနေခြောက်နာရီခွဲခန့်ရှိပေပြီ။

ကျွန်တော်တို့အဆောင်နှင့် မောင်နှမဆောင်ဖြစ်သော စံပယ်ဆောင် ကျောင်းသူများနှင့် ဆရာ/မများ အဆောင်မှူးများ ရောက်ရှိလာကြသည်။

ထိုအချိန်ရောက်မှ သားစစ် ပြန်ရောက်လာသည်ကို မြင်လိုက်ရ သည်၊ သူ့ကိုမြင်မှ နှင်းနှင်းကိုသတိရ၍ ရှာကြည့်လိုက်ရာ ရှေ့ဆုံးခုံတန်းတွင် တွေ့လိုက်ရသည်။

သားစစ်သည် အဝတ်အစားလဲပြီး ကျွန်တော့်ဘေးတွင်ဝင်ထိုင် ရင်း . . .

'ထင်ကြီး မင်း သီချင်းဆိုဦးမှာလား'

ကျွန်တော်က မိန့်မိန့်ကြီး ပြုံးပြလိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



'အေး. . . ချစ်ရက်ရှည်ရှည် အင်းယားမြေ သီချင်းတို့ဆိုမှာ'

'အဲဒါ တုံ့တေးသိန်းတန် သီချင်းမဟုတ်လား'

'အေးလေ ငါ့ရှေ့ကနေ အံမေနဲ့ရွာတိုလွှမ်းတယ် သီချင်းဆိုမဲ့ ကျောင်းသားတစ်ယောက်ရှိသေးတယ်ကွ၊ သူပြီးမှ ငါက ချစ်ရက်ရှည်ရှည် အင်းယားမြေ သီချင်းကိုဆိုမယ်၊ ငါပြီးသွားရင် စံပယ်ဆောင်က ကျောင်းသူ တစ်ယောက်က တက္ကသိုလ်ကျောင်းကဌေးလမင်း သီချင်းဆို လိမ့်မယ်၊ အဲဒီလို စီစဉ်ထားတာကွ'

သားစစ်က စီးကရက်တစ်လိပ်ကို တုတ်ယူလိုက်ရင်း. . .

'အင်း. . . မင်းတို့သီချင်းမဆိုခင် ထမင်းစားဝိုင်းကိုစနှင့်တာဟာ ငါတို့အဆောင်မှူးရဲ့ အမြော်အမြင်ကြီးမှုပဲ သာဓုဗျာ သာဓု သာဓု'

ကျွန်တော့်မှာ သားစစ်စကားကို နားမလည်သဖြင့်. . .

'အဆောင်မှူးက ဘာအမြော်အမြင်ကြီးလို့ မင်းက သာဓုခေါ်တာလဲ'

သားစစ်က စီးကရက်ကို ခိုး၍ မီးညှိဖွာရင်း. . .

'မင်းတို့ သီချင်းဆိုနေတုန်းသာ ထမင်းစားရရင် စားရင်းစားရင်းနဲ့ ရင်ပြည့်ပြီးအန်ကျမှာစိုးလို့ မင်းတို့အသံတွေမကြားရခင် ထမင်းအရင် စားဝိုင်း တာကွ ဟီး ဟီး'

ကျွန်တော်က ဆဲရန်ပြင်လိုက်စဉ် အခမ်းအနားစတင်၍ အစီအစဉ် များ ကြေငြာသံကြောင့် တစ်ခန်းလုံးငြိမ်သွားသလို ကျွန်တော်လည်း ငြိမ်နေ လိုက်ရသည်။

သားစစ်က ကျွန်တော့်အနားကပ်၍ လေသံတိုးတိုးဖြင့်. . .

'ဟော့ကောင် နှင်းနှင်းဘယ်နားမှာလဲဟ'

'ညာဘက်ရှေ့ဆုံးခုံတန်းမှာလေ၊ ဟော. . . ဟော. . . ဟိုမှာ မင်းကို ကြည့်ပြီးပြုံးနေတယ်ကွ၊ အောင်မယ် သူက မင်းရဲ့ထီးကို ယူလာတယ်ဟ၊ ထီးကိုတောင် ထောင်ပြနေသေးတယ် ပြီးတော့. . .'

'မင်းကလည်း ဘောလုံးပွဲတိုက်ရိုက်ထုတ်လွှင့်လို့ ကြေညာတာကျနေ တာပဲ မြင်သမျှ လျှောက်ပြောနေတာ အာမညောင်းဘူးလား၊ ငါ့ရည်းစားငါ





မမြင်ဘဲနေပါ့မလား'

'ဟင်. . . ခွေးမသား ကျက်သရေယုတ်၊ ငါက အကောင်းမေးတယ် မှတ်လို့ ပြောနေတာ စေတနာနဲ့ မတန်တဲ့ကောင်'

သားစစ်က ကြိတ်ရယ်ရင်း. . .

'ဟော့ကောင် ထင်ကြီး၊ နှင်းနှင်းရဲ့ နှစ်ယောက်ကျော်မှာ ဘယ်သူလဲ ကြည့်လိုက်စမ်းပါဦး'

သားစစ်ပြောမှ သတိထား၍ ကြည့်မိလိုက်ရာ. . .

'ဟာ. . . ငါ့နှလုံးသားရဲ့ အလှနတ်ဖုရားမလေး သင်းသင်းအောင် ပါလား 'ယောက်' ကလေကဝတွေကို လျှောက်ကြည့်နေမိတော့ ငါ့ရဲ့ ညို့ မျက်ဝန်းရှင်ကို သတိမထားလိုက်မိဘူး၊

အိုကေ. . . သီချင်းဆိုချိန်ရောက်မှ ငါ့ရဲ့ ရင်ထဲအသည်းထဲက ထွက်ပေါ်လာမဲ့ ရင်လှိုင်းခပ်သံသီချင်းသံနဲ့ သူ့ရဲ့အကြင်နာ အချစ်စိတ်တွေ ငါ့အပေါ် ယိုဖိတ်ပြီး မေတ္တာမိုးတွေ သည်းသည်းကြီးရွာသွန်းသွားအောင် အပီအပြင်ဆိုမယ် ကြည့်နေ. . .'

သားစစ်က စီးကရက်တိုကို ထိုးငြိမ်းလိုက်ရင်း. . .

'လူနားလည်အောင်ပြောပါ ကျက်သရေယုတ်ရယ်၊ နားထဲတို့ ခွေးလှေးယားသီးအမှုန့်ထည့်သလို မလုပ်ပါနဲ့၊ ဒါနဲ့ မင်းနဲ့သင်းသင်းအောင်ရဲ့ အခြေအနေက ဘယ်အဆင့်ရောက်သွားပြီလဲ'

'နေမြဲအဆင့်တော့ ရောက်နေပြီကွ၊ ရည်းစားစကားပြောမယ်လို့တာ မကြုံသေးလို့ စောင့်နေရတာ'

'ဟာ. . . တော်တော်အဆင့်မြင့်သွားပါရောလား၊ အဲဒီအဆင့်ဆို တော်သင့်ပြီကွာ၊ နောက်တစ်ယောက် ပြောင်းဖို့သာလုပ်တော့'

'နောက်တစ်ယောက်ပြောင်းဖို့ အချိန်မရှိတော့ဘူးကွ၊ ဖိုင်နယ် စာမေး ပွဲက လပိုင်းပဲလိုတော့တာ၊ နောက်ပြီး ငါ့မှာက သူကလွဲရင် ကျန်တဲ့ဟာတွေ အဆောင်ထမင်း'

'ဘာလဲကွ အဆောင်ထမင်းဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဆန်ကွဲနဲ့ ဖွဲလေ ဟဲ ဟဲ'

'ဒါဆိုလည်း လုပ်တော့ကွာ ကျောင်းမှာအမြဲတွေ့နေတာပဲ၊ တွေ့တဲ့အချိန်ပြောပေါ့ကွ၊ အချိန်ဆွဲမနေနဲ့'

'မလွယ်ဘူးကွ သူဘေးမှာက အမြဲတန်း အဖော်လေး၊ ငါး ယောက်ပါနေတြတွ၊ လူလစ်တဲ့အချိန် နှစ်ယောက်ချင်းတွေ့လို့ ပြောမယ်လုပ်တိုင်း တစ်ခုခုကြောင့် ပျက်ပျက်သွားတာများလှပြီ ဟင်း. . .'

ကျွန်တော်လည်း စိတ်ရှုပ်စွာဖြင့် ခေါင်းကုတ်ရင်း သင်းသင်းအောင်ဘက်သို့ အမှတ်မထင်လှမ်းကြည့်လိုက်ရာ၊ ရုတ်တရက် သင်းသင်းအောင်နှင့်မျက်လုံးချင်းဆုံသွားသဖြင့် ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ၊ ပြာခနဲ၊ လှိုက်ခနဲ၊ ဗိုခနဲ ဖြစ်သွားပြီး ဝမ်းသာအားရ သားစစ်ကိုလက်တို့လိုက်ရာ သားစစ်က လှည့်မကြည့်သဖြင့်. . .

'သားစစ် သားစစ် ဟာ. . . ကျက်သရေယုတ် ငါခေါ်နေတာ'

'ဘာလဲဟ နှင်းနှင်းကို ကြည့်ကောင်းနေတုန်းကွာ'

'ဟို. . . ဟိုမှာ သင်းသင်းအောင်ကို ကြည့်လိုက်စမ်း၊ ငါ့ကို လှမ်းကြည့်နေတယ် မြင်လား ဟီ ဟီ၊ ဟော. . . ဟော. . . သူဘေးက ကောင်မလေးကို ဘာပြောလိုက်လဲမသိဘူး၊ အဲဒီကောင်မလေးကပါ ငါ့ကိုကြည့်နေပြီ၊ သေချာပါတယ်ကွာ. . . ဒါ လုံးဝသေချာပါတယ်၊ အဲဒါ ငါ့ရဲ့ ရည်းစားလောင်းထင်ကျော်ဦးဆိုတာပဲ ကြည့်ထားလိုက်စမ်း၊ နောက်ပြီး နင်မပစ်မှားမိစေနဲ့နော်လို့ ပြောတာနေမှာပဲ၊

အောင်မလေး. . . လေး. . . ငါ့ရင်တွေခုန်လိုက်တာ၊ လက်ချာပေဘေးကလမ်းပေါ် စက်ဘီးစီးရတဲ့အတိုင်းပဲ ဟုတ်နေပါပြီ၊ သင်းသင်း ငါ့ကိုကြိုက်နေပါပြီ၊ အင်း. . . ဒီကလေးမရဲ့ ငါ့ကိုမရလို့ စိတ်ဆင်းရဲနေရတဲ့ အချစ်ဒုက္ခကြီးကို မေတ္တာရှေ့ထားပြီး ငါကယ်တင်မှဖြစ်တော့မှာပါလား အင်း အင်း'

သားစစ်က သူ့ပါးစပ်သူပိတ်၍ ကြိတ်ရယ်ရင်း ကျွန်တော့်ကို လက်တို့၍. . .

'အဟီး. . . ဟီး. . . ဟီး. . . ထင်ကြီး မင်းရဲ့နောက်က နံရံကို လှည့်





ကြည့်လိုက်စမ်း ဘာပုံတွေသလဲ အဟီး. . . ဟီး. . .'

ကျွန်တော်လည်း ယောင် အအဖြင့် လှည့်ကြည့်လိုက်ရာ နံရံတွင် ကပ်ထားသော 'မိုမိုကို' ပုံဝေါ်ရှိကြီးကို တွေ့လိုက်ရသဖြင့်. . .

'ဘာတွေ့ရမှာလဲ မိုမိုကို ပုံပေါ့၊ 'ဂျင်း' အကျီ အပြာဖျော့ဖျော့လေးနဲ့ ဘက်ထဲမှာလည်း 'နှင်းပန်း' တွေလားမသိဘူး ကိုင်လို့၊ အဲဒါ ဘာဖြစ်လဲ'

ကျွန်တော်က ဒေါသသံဖြင့် ကြိတ်ပြောလိုက်ရာ သားစစ်က မျက်ရည်ထွက်အောင်ရယ်ရင်း. . .

'ဘာဖြစ်ရမှာလဲ သင်းသင်းအောင်က အဲဒီပုံထဲက မိုမိုကိုရဲ့ အကျီ ခြင်လိုမျိုး ဂျင်းအကျီဝတ်ထားတာ အဲဒါကိုပြတာ၊ မင်းကိုပြတာ မဟုတ်ဘူး၊ မင်းက အဲဒီပုံရဲ့ရှေ့မှာရောက်နေတော့ မင်းကို လက်ညှိုးထိုးပြသလို ဖြစ်နေတာ ဟီး ဟီး ဟီး၊

ဟော ဟော ဟိုမှာ မယုံရင်ကြည့်လိုက်၊ သင်းသင်းက သူ့အကျီကို ပြပြီး ဘေးနားကကောင်မလေးကိုပြနေပြီ၊ အဲဒီကောင်မလေးကပါ ဒီကိုလှမ်းကြည့်နေပြီ ဟား ဟား ဟား'

သားစစ် စကားကြောင့် ကျွန်တော့်မှာ ဒေါသများ အတုံးလိုက် အခဲလိုက် ထွက်သွားပြီး. . .

'ဟင်. . . ကျက်သရေယုတ် အုတ်ကြားမြက်ပေါက်ရဲ့ ကိုယ့်ဟာကိုယ် ဆိုရင် ကိုယ့်ဟာကိုယ်နေပေါ့လား၊ အခုတော့ သူများ စိတ်အနှောင့်အယှက် ဖြစ်အောင် ပြောရတယ်လို့၊ တယ်. . . ဒီယောက်ျာမ သားဟာလေ'

သားစစ်ကတော့ တခွီးခွီးဖြင့် ရယ်နေသည်။

မကြာခင်မှာပင် အစီအစဉ်များ ပြီးဆုံးသွား၍ ထမင်းစားပွဲ စတော့ သို့ စတိတ်ရှိုးလည်း တစ်ပြိုင်နက်တည်း စတော့သည်။

ကျွန်တော့် အစီအစဉ်က နည်းနည်းလိုသေးသော်လည်း ဒန်ပေါက်ကို မြိန်စားနေမိသဖြင့် ဘေးကိုလည်း မကြည့်အားတော့ပါ။ လည်ပင်းနင် သွားသဖြင့် ဘာလိပုလင်းကို မော့သောက်လိုက်စဉ် သားစစ်နှင့် နှင်းနှင်းတို့ ဟန်ခြေဟန်ဖြင့် စကားပြောနေကြသည်ကို မြင်လိုက်ရသဖြင့် ရင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မနာလိုမှုများ တစ်ဆို့သွားသလို အားကျမခံ သင်းသင်းအောင်အား လှမ်းကြည့်မိတော့ ကျွန်တော့် ရှုမငြီးသော ရည်းစားလောင်းလျာ မဒီကညာ သင်းသင်းအောင်သည် ဘယ်အချိန် ဘယ်ကာလကတည်းက ငတ်နေမှန်းမသိ ခေါင်းမဖော်တန်းစားနေသည်ကို တွေ့လိုက်ရသဖြင့် ရင်ထဲတွင် ဟာတာတာကြီးဖြစ်သွားသည်။

ဒန်ပေါက်ကို ဆက်၍ စားချင်စိတ်မရှိတော့သောကြောင့် အသင့်ယူလာသော 'ကြွတ်ကြွတ်အိတ်' ထဲသို့ ထည့်လိုက်ရင်း လက်ဟန် ခြေဟန်ဖြင့် အချက်ပြနေသော သားစစ်၏ ပန်းကန်ထဲမှ ကြက်ရင်ပုံတုံးကိုလဲယူ၍ ထည့်လိုက်ကာ ကြွတ်ကြွတ်အိတ်ကိုချည်၍ အပေါ်မှအသင့်ယူလာသော သတင်းစာစက္ကူဖြင့် ပတ်ကာ သားရေကွင်းဖြင့် ပတ်လိုက်ပြီးနောက် ခါးကြားတွင်ထိုးလိုက်ရင်း အပေါ်မှ တိုက်ပုံအင်္ကျီဖြင့် ဖုံးထားလိုက်သည်။

ဣန္ဒြေရရဖြင့် ဘာလ်ပုလင်းကို မော့သောက်ရင်း ကျွန်တော့်လုပ်ရပ်ကို မည်သူများ သိသွားပါလိမ့်ဟု အခန်းအဟွင်း ဝေ့ကြည့်လိုက်ရာ အားလုံးပုံမှန်အတိုင်းသာ ရှိနေကြသဖြင့် ကျွန်တော်ဒူးနှံ့နေလိုက်သည်။

ထိုစဉ် သားစစ်နှင့် နှင်းနှင်းတို့နှစ်ယောက် မသိမသာဖြင့် အခန်းအပြင်ကို ထွက်သွားသည်။

သားစစ်က သူ့ဘာလိပုလင်းကို လက်ဖြင့်ပင်တို့မသွားပေ။ ထို့ကြောင့် ကျွန်တော် အမြော်အမြင်ကြီးစွာဖြင့်ယူလာသော ကြွတ်ကြွတ်အိတ် နောက်တစ်ခုထဲသို့ လောင်းထည့်ကာ ဖိတ်မကျစေရန် ခိုင်ခိုင်ချည်ထားလိုက်သည်။

အစီအစဉ် အားလုံးပြီး၍ လူခြေတိတ်ချိန်တွင် ကျွန်တော်ဝယ်၍ ဖွက်ထားသော ဘီအီးအရက်ကို ယခုဘာလီဖြင့်ရော၍ ဒန်ပေါက်ထဲမှ ကြွတ်သားဖြင့် မြည်းလိုစိတ်များ တဖွားဖွားပေါ်လာသည်။(ထိုအချိန်က ပက်(ပ)စီ (Pepsi)၊ ဆဲဗင်းအပ်(7-up) များမပေါ်သေးပေ)

သေသေချာချာ ချည်နှောင်ထားသော ဘာလီအိတ်ကို အမျိုးမျိုးစစ်ဆေးကြည့်သည်။ ယိုဖိတ်မှုလုံးဝမရှိ။ ထို့ကြောင့် တိုက်ပုံအင်္ကျီ ဘေးအိတ်ထဲသို့ ထည့်လိုက်ရင်း ပတ်ဝန်းကျင်ကို လေ့လာသမှု ပြုလိုက်ပြန်သည်။





အခြေအနေက 'အိုကေ' မှာစိုပြည်နေသည်။

ကျွန်တော်သီချင်းဆိုဖို့ အလှည့်ရောက်ရန်လည်း တစ်ယောက်သာလိုတော့သဖြင့် Stage စင်ပေါ်သို့သွားရန် အခန်းထဲမှထွက်လာခဲ့သည်။

အခန်းအတွင်း ဝင်ဝေါက်ထွက်ပေါက်နားရှိ ရေအိုးစင်နားတွင် သာလီမကြိုက်သော သားစစ်နှင့် နှင်းနှင်းတို့ ရေသောက်ဖျင်ယောင်ဆောင်ရင်း စကားပြောနေကြသည်ကို မြင်လိုက်ရသဖြင့် အသာကိုယ်ရှိန်သတ်ကာ ကြည့်နေလိုက်သည်။

'ဘယ်လိုလဲ နှင်းနှင်းရယ်၊ ငါဘယ်လောက်ချစ်မိနေပြီဆိုတာကို ပြောပြရဦးမှာလား ငါ့ကိုပြန်ချစ်တော့ဟာ'

သားစစ်၏ ကမ္ဘာ့အကောင်းဆုံး ဂန္ထဝင်မြောက်သည့် ရည်းစားစကားကိုကြားလိုက်ရသဖြင့် မဆီမဆိုင် ကျွန်တော့်မှာဒေါသထွက်သွားသည်။ ပြောပုံက သူ့ကိုမချစ်ရင် အသေရိုက်သတ်မဲ့ပုံစံမျိုး၊ ဒီလောက် အသုံးမကျတဲ့ ကောင် ဖြတ်ပစ်ဖို့ပဲကောင်းတယ် သူ့လျှာကို။

နှင်းနှင်း၏အသံ တိုးတိုးလေးကိုလည်း ကြားလိုက်ရသည်။

'နှင်းနှင်းမှာ ရည်းစားတွေအများကြီးရှိခဲ့ဖူးတယ်၊ အဲဒါကြောင့် ကိုသားစစ်စဉ်းစားပါဦး'

'အဲဒါတွေကို မစဉ်းစားချင်ဘူး၊ စဉ်းစားဖို့လည်း အချိန်မပေးနိုင်ဘူး၊ ရင်ထဲမှာလေ အချိန်တိုင်းနှင်းနှင်းကိုချစ်တဲ့ အချစ်တွေပဲရှိနေတယ်'

'နှင်းနှင်းမှာ ရည်းစားတွေအများကြီးရှိခဲ့ဖူးတဲ့ အတိတ်က အရိပ်မည်းကြောင့် ပတ်ဝန်းကျင်က ပြောကြမဲ့ဒဏ်တွေကို ကိုသားစစ် ခံနိုင်ပါ့မလား'

'တစ်သက်မှာ တစ်ခါပဲ ချစ်ခဲ့ဖူးတာပါ နှင်းနှင်းရယ်၊ နောက်ပြီးတော့ သိပ်ချစ်မိနေတဲ့သူဆီက ချစ်ပါတယ်ဆိုတဲ့ စကားလေးကိုလည်း ကြား ဖူးချင်ပါတယ် ကြားပါရစေ၊ ပတ်ဝန်းကျင်ကိုလည်း စိတ်မဝင်စားဘူး သူတို့ပြောချင်တာ ပြောပါစေ တို့ဂရုလည်းမစိုက်ဘူး၊ ကြားလည်း မကြားချင်ဘူး၊ နှင်းနှင်းဆီက ချစ်တယ်ဆိုတဲ့ စကားကလွဲလို့ ဘာကိုမှ ကြားလည်း ကြားချင်ဘူး၊ သိလည်းမသိချင်ဘူး၊ နှင်းနှင်း တို့ကိုမချစ်နိုင်ဘူးလားဟင်'



www.burmeseclassic.com

www.burmeseclassic.com



အောင်မလေး. . . အလိုက်တဲ့ သားစစ်ရယ် နှင်းနှင်းက သူ့ကို ချစ်ပါတယ်လို့ သွယ်ဝိုက်ပြောလိုက်တာကို မရိပ်မိဘူး၊ ဒီနေရာမှာ သူနှင့်ကျွန်တော်သာ လူချင်းလဲလိုက်ရလျှင် ပွဲကပြတ်ပြီ။

ထိုစဉ် ကျွန်တော်သီချင်းဆိုရန် အလှည့်ကျ၍ ကျွန်တော့်နာမည်ကြေညာသံကို ကြားလိုက်ရသည်။

ဒီမှာက ဇာတ်လမ်း၏ အထွတ်အထိပ်ကို ရောက်နေသဖြင့် မျက်ခြည်ပြတ်မခံနိုင်အောင် ဖြစ်နေသည်။

ယောကျ်ားလေးပေါင်းများစွာ၏ အသည်းကိုခွဲ၍ နှင်းချေကစားခဲ့ဖူးသော၊ ချစ်ပါတယ်ဟူသောစကားကို ထမင်းစားရေသောက် ကီစ္စလောက်သာ သဘောထား၍ လွယ်လွယ်ကူကူပြောထွက်တတ်သော နှင်းဖြူဟူသည့် အသည်းစား 'ကဝေမကြီး' တစ်ယောက်ထံမှ 'ချစ်ပါတယ်' ဟူသော သားစစ်အတွက်ပေးမည့် အဖြေစကားသံကို ကျွန်တော် နားထောင်ကြည့်ချင်သည်။

ကံမကောင်း အကြောင်းမလှ၍ ယခု ဖိုင်နယ်နောက်ဆုံးနှစ်ရောက်သည်အထိ 'မ' ဆိုလျှင် ခွေးမတောင်မှ အကိုက်မခံရဖူးသေးသော ကျွန်တော့်အနေဖြင့် နှင်းနှင်း၏အသံ၊ လေယူလေသိမ်းကို နားထောင် ကြည့်ရုံဖြင့် နှင်းနှင်းသည် သားစစ်ကိုတကယ်ချစ် မချစ်ကို သိနိုင်လိမ့်မည်ဟု ကိုယ့်ဟာကိုယ်ယုံကြည်ထားသည်။

ထို့ကြောင့် သူတို့နှစ်ဦးထံမှ ထွက်ပေါ်လာမည့် စကားသံကို နားစွင့်နေစဉ်. . .

ကျွန်တော့်နာမည်ကို ထပ်မံကြေညာသံနှင့်အတူ ကြားရာအရပ်မှ အမြန်လာပါရန် လှမ်းခေါ်နေသဖြင့် ကျွန်တော့်မှာ စတိတ်ခုံရှိရာသို့ ကြွမြန်းခဲ့ရလေတော့သည်။

စတိတ်ထောင့်မှ ကျွန်တော်ပေါ်လာလာခြင်း တစ်ဆောင်ထဲနေ၊ တစ်ဟင်းထဲစား၊ တစ်ကျောင်းထဲသွားခဲ့ကြရသော ကျွန်တော်တို့ ဗိသုကာဆောင်ကျောင်းတော်သားများ၏ ဩဘာလက်ခုပ်သံကြီး ဟိန်းထွက်လာသည်။

ကျွန်တော်ကလည်း အဆောင်အတူနေ ညီအစ်ကိုတော်များ ကျေနပ်





သွားစေရန် လက်ပြနှုတ်ဆက်ရင်း အဲတတ်နိုင်ဆုံး သွားကိုဖြီးထားလိုက်ပြီးနောက် တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေဖြင့် လှေကားအတိုင်း စတိတ်ပေါ်သို့တက်လာရင်း သားစစ်နှင့် နှင်းဖြူတို့၏ အချစ်ဇာတ်လမ်းလေးကို သံယောဇဉ်မကုန်နိုင်ဘဲ သမင်လည်ပြန်လှည့်ကြည့်လိုက်မိသည်။

ထိုသံယောဇဉ် သမင်လည်ပြန်လေးကြောင့်ပင် လှေကားအပေါ်ဆုံးအထစ်ကို ခလုတ်တိုက်ပြီး မှောက်ခုံကြီး စတိတ်ခုံပေါ်သို့ လဲကျသွားလေတော့သည်။

ပရိသတ်က'ဝါး' ခနဲ ရယ်လိုက်ကြသည်။ ပြီးမှ ကိုယ့် ညီအစ်ကိုတော်တစ်ယောက် ဒုက္ခရောက်တာကိုရယ်ဖို့ မသင့်ပါဘူးဟု သဘောပိုက်လိုက်ကြပုံရသည်။ အားလုံးအရယ် ရပ်လိုက်ကြသည်။

သို့သော် ယခုမှ ကျွန်တော့်မှာ ဒုက္ခကောင်းကောင်း ရောက်နေသည်။ ကျွန်တော်ဝတ်တာရည်ကျ၍ ခိုးဝှက်ယူခဲ့သော ဘာလီရည်ထည့်ထားသည့် ကြွတ်ကြွတ်အိတ်သည် ကျွန်တော်လဲကျစဉ် တက်ဖိမိ၍ အိတ်တွဲ သွားလေပြီတည်း။

ရေကာတာ ကျိုးပေါက်၍'ဒလဟော' ထွက်ကျလာသော ရေလုံးကြီးများသဖွယ် ဘာလီရည်များက ကျွန်တော်ဝတ်ထားသော 'တော့်သူ ဝုဆိုး' ဟုခေါ်သည့်(ရခိုင်လုံချည်အနီကြီး၏ ရှေ့ပိုင်းကို ရွှဲရွှဲစိုသွားသည်။ သည်အတိုင်းသာမတ်တပ်ရပ်၍ ပရိသတ်ဘက်သို့မျက်နှာမူလိုက်ပါက ရွှဲရွှဲစိုနေသော ပုဆိုးပေါ်မှရေကွက်ကြီးကိုကြည့်၍. . . . . . ထင်ကြပေတော့မည်။

ရုတ်တရက် အကြံတစ်ခုကို အပြင်းအထန်ထုတ်လိုက်သည်။ ဟုတ်ပြီ ကုန်းပြီးထသလို ပုံစံမျိုးဖြင့် ဖြည်းညင်းစွာထရင်း ရေစိုတွက်ကြီးကိုအတွင်းဘက်သို့ရောက်အောင် ပုဆိုးကိုလှည့်ဝတ်မည်။ တော်ရုံတန်ရုံ ရေစိုကွက်လောက်ဆိုလျှင်တော့ အောက်ကကြည့်နေသူများ ရိပ်မိမည်မထင်ပေ။

ရေစိုနေသော တိုက်ပုံအင်္ကျီအိတ်ကပ်လောက်ကိုတော့ လက်ဝါးဖြင့်အုပ်၍ထားလိုက်လျှင် ဘယ်သူမှသိမည်မဟုတ်။

ထိုအကြံဖြင့် ကျွန်တော်ဖြည်းညင်းစွာ ထ,မည်ပြုစဉ် တီးဝိုင်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ရစ်သမ် (Rythum) ဂစ်တာတီးနေသော သန့်ဇင်က ကျွန်တော်မထနိုင်ဘူး ထင်၍ ပြေးလာကူလိုက်သဖြင့် ကျွန်တော်လည်းပရိသတ်ကို ကျောပေး၍ထရင်း ဝုဆိုးကို လျှင်မြန်စွာ လှည့်ဝတ်လိုက်မိသည်။

သွားပြီ. . . သွားပြီ. . . သွားပေပြီ 'ဖုတ်' ခနဲ အသံနှင့်အတူ ခါးကြား တွင်ထိုး၍ တိုက်ပုံအကျီနှင့် ဖုံးထားသော ကြွတ်ကြွတ်အိတ် တစ်ထပ် စက္ကူ တစ်ထပ်ဖြင့် သေသပ်စွာပတ်ထားသော ဒန်ပေါက်ထုပ်ကလေးသည် ပုဆိုး ကြားမှ ထွက်ကျသွားခဲ့လေပြီတည်း။

အောက်က ပရိသတ်က ငြိမ်သက်တိတ်ဆိတ်သွားသည်။ ကျွန်တော့် ကို ထူရန်လာသော သန့်ဇင်က ဘာမပြောညာမပြောဖြင့် ထိုအထုပ်ကို ကောက် ယူ၍ နမ်းကြည့်ရင်း. . .

'ဟာ. . . ဒန်ပေါက်ထုပ်ကြီးပါလား. . . ဟ'

သန့်ဇင်က အံ့အားသင့်စွာဖြင့် ပြောလိုက်သောအသံသည် မိုက်ကရို ဖုန်းမှတစ်ဆင့် တစ်ခန်းလုံးကို မိုးကြိုးပစ်ချလိုက်သကဲ့သို့ ကျယ်လောင်စွာ ခြည်ဟီးသွားသဖြင့် 'ဝါး' ခနဲ အော်ရယ်လိုက်ကြသည်မှာ တစ်ခန်းလုံး ဆူညံ သွားသည်။

သေချင်သည်၊ တတ်နိုင်လျှင်မတ်တတ်ကြီး သေပစ်လိုက်ချင်သည်။ သည့်ထက်ပိုပြီး ဖြစ်နိုင်လျှင် ဖင်နှင့်မျက်နှာကို နေရာချင်းလဲ၍ ချက်ချင်း သေပစ်လိုက်ချင်သည်။

ဟိုးရှေးရှေး ဘဝအစုစုက အကုသိုလ်ကံတို့သည် ကြုံတုန်းယခုမှ ဒုပြုံအတိုးပေးလိုက်မယ်ဟဲ့ဟု မောင်းတင်လာခဲ့လေသလား ''သိ။ ခလုပ် တိုက်မိ၍ စင်ပေါ်တွင် မှောက်ခုံကြီးလဲကာ ပထမဆုံး အရှက်ကွဲသည်။ ထို ပထမတွဲသော အရှက်နှင့်အတူ ကြွပ်ကြွတ်အိတ်ဖြင့်ထည့်လာသော ဘာလီ ရှည် အထုပ်ပါကွဲသွားသဖြင့် တစ်ရှက်မှနှစ်ရှက် မဖြစ်စေရန်ရည်သန်၍ ထိုတိစ္စကို ဖုံးဖုံးဖိဖိလုပ်မိသည်။

ထိုအခါမှ ခိုးထုပ်ခိုးထည်ကြီးသည် လူပုံအလယ်တွင် ဘွားဘွား ကြီးပေါ်ထွက်လာခဲ့သည်။ သန့်ဇင်၏ ကူညီစောင်မမှုကြောင့် အသံချဲစက်





'မိုက်'မှတစ်ဆင့် တစ်ခန်းလုံးမှာ ကျွန်တော်ဒန်ပေါက် ခိုးထည့်လာမှန်း သိသွား သဖြင့် နှစ်ခါကွဲတဲ့အရှက် မရှက်ဘဲရှိပါ့မလား ခင်ဗျာ. . .။

အောက်တလူတွေရယ်နေသဖြင့် စင်ပေါ်မှလူများက အနုပညာ သမားချင်း ကျွန်တော့်ကို သနားကာ မျက်နှာပိုးသတ်မလား အောက်မေ့မိသော် လည်း သူတို့က ပိုဆိုးနေသည်။

သူတို့ရယ်တာက ကိစ္စမရှိ၊ ကိစ္စရှိတာက ကျွန်တော်ဆိုမည့် သီချင်း က မြန်မာသံစဉ်ခံစားမှုသီချင်းဖြစ်သော 'တွံတေးသိန်းတန်'၏ 'ချစ်ရယ် ရှည်ရှည် အင်းယားမြေ'။ ဒီလိုသီချင်းမျိုးကို ဒီလိုရယ်နေသော ပရိသတ်ရှေ့တွင် ဆိုရမှာကိုဖြင့် တွေးပင်မတွေးဝံ့ပါ။

လိ(ဒ်)(Lead)ဂစ်တာတီးသော မျိုးထွဋ်က 'ငါမကယ် ဒီတောင် သေဖွယ်ရာသာ ရှိတော့သည်' ဟု ရိပ်မိသွားပြီး တစ်ချက်နှစ်ချက်ခန့် အသံမြ ရင်း အချက်ပြလိုက်သဖြင့် ပရိသတ်နည်းနည်းငြိမ်သွားသည်။

ကျွန်တော်လည်း ကျွန္ဓေ့ရရဖြင့် မိုက်ကရိုဖုန်းရှေ့တွင်ရပ်လိုက်သည်။ မျိုးထွဋ်က သူ့လိဒ်ဂစ်တာဖြင့် သီချင်း၏အတော အစပိုင်းလေးကို အင်ထရို (Intro) ဝင်လိုက်သည်။

ဤတွင် ရစ်သမ်ဂစ်တာတီးမည့် သန့်ဇင်မှာ သူလွယ်ထားသော ဂစ်တာကိုတစ်လှည့် လက်ထဲကိုင်ထားသော ဒန်ပေါက်ထုပ်ကိုတစ်လှည့်ကြည့် ကာ . . .

ကျွန်တော့် လက်ထဲသို့ ဒန်ပေါက်ထုပ်ကြီးကို အတင်းထိုးပေးရင်း. .

'ရော့. . . မင်းဒန်ပေါက်ထုပ်၊ မင်းက အဲဒီအထုပ်ကိုကိုင်ရင်း သီချင်း ဆိုလို့ ရတယ်၊ ငါက အဲဒီအထုပ်ကြီးကိုကိုင်ပြီး ဂစ်တာတီးလို့ မရဘူး ရော့ရော့'

ဟု ခပ်တိုးတိုးပြောပါသော်လည်း ကျွန်တော့်လက်ထဲမှ မိုက်နှင့် ပါးစပ်မှာ တစ်တောင်ကျော်ကျော်ခန့်သာ ကွာဝေးသဖြင့် တစ်ခန်းလုံးကြား သွားပြီး တဝါးဝါး တဟားဟားဖြင့် အော်ဟစ်ရယ်မောလိုက်ကြသည်မှာ ခုနထက်ပင် နှစ်ဆခန့်ကျယ်လောင်မည်ဟု ထင်ရပါသည်။

ဇီးကင်းလောက်ရှိသော ချွေးလုံးကြီးများ ကျွန်တော့်နဖူးတွင်



www.burmeseclassic.com

www.burmeseclassic.com



နိုတွဲကျလာသည်။ ကျွန်တော်ဆိုမည့် သီချင်းက မြန်မာသံစဉ် ခံစားမှု သီချင်း ဖြစ်သည့် တွံတေးသိန်းတန်၏ 'ချစ်ရက်ရှည်ရှည် အင်းယားမြေ'။ ဒီလို ခံစားမှု သီချင်းကြီးကို ခွက်ထိုးခွက်လန်ရယ်မောနေကြသော ဟောဒီ ပရိသတ်ကြီး ရှေ့တွင် ဆိုရမည့်အရေးမှာ တွေးပင်မတွေးဝံ့ပါ။ မဆိုဘဲ ဒီအတိုင်းဆင်း သွား လို့ကတော့ တဲတဲသာကျန်တော့သော သိက္ခာကောက်ယူလို့ မရလောက် အောင်ကို ကျဆင်းသွားပေတော့မည်။

ထို့ကြောင့် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချလိုက်ရင်း သန့်ဇင် လက်ထဲမှ ဒန်ပေါက်ထုပ်ကို မယူဘဲ သူလွယ်ထားသော ဂစ်တာကို ဖြုတ်ယူကာ လွယ်လိုက်ရင်း ကြိုးကိုအနည်းငယ်စမ်း၍ ချစ်ကောင်း၏ 'ကော်ဖီခါးခါး' သီချင်းကို နင်းကန်အော်ဆိုပစ်လိုက်ရာ တီးဝိုင်းအဖွဲ့မှာ ကြောင်သွားသည်။

ကြောင်မှာပေါ့၊ တိုက်တုန်းက တွံတေးသိန်းတန်၏ ချစ်ရက်ရှည်ရှည် အင်းယားမြေ သီချင်း၊ အခမ်းအနားမှူးကြေညာထား၍ အများမျှော်လင့်နေ သည့် သီချင်းကလည်း တွံတေးသိန်းတန်၏ မြန်မာသံစဉ် ခံစားမှု သီချင်း။ ယခု ကျွန်တော်အော်ဟစ်သီဆိုနေသည်က ချစ်ကောင်း၏ရော့ခ် (Rock) သီချင်း။

ဒါပေမယ့် တီးဝိုင်းအဖွဲ့ကလည်း 'နပ်' ပါသည်။ တန်းပြီးလိုက်တီး ကြသည်။ ဤတွင် ဂစ်တာလက်မဲ့ သန့်ဇင်မှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွား ပြီးနောက်. . .

'ဩော်. . . အေး. . . ငါဒီအထုပ်ကြီးကို မင်းအခန်းထဲ သွားထားပေး လိုက်မယ်နော်'

ဟု တီးဝိုင်းသံကိုဖုံးလွှမ်းသွားအောင် အော်ဟစ်ပြောဆိုရင်း စင်ပေါ်မှ ဆင်းသွားသည်။

အောက်ကပရိသတ်က အတင်းအော်ဟစ်ရယ်မောကြသလို တီးဝိုင်း အဖွဲ့မှာလည်း 'တိုင်ပင်' မှားခါးနီးအထိ အော်ဟစ်ရယ်မောရင်း တီးမှုတ် ပေးကြသဖြင့် အောင်အောင်မြင်မြင်နှင့် ပြီးဆုံးသွားပါသည်။

♣ ♣ ♣



(၅)

အခန်းထဲသို့ ရောက်ရောက်ခြင်း စောင်ခေါင်းမြီးခြုံ၍ အဘောင်း ငွတ်မိုက်အိပ်ရန်ပြင်နေစဉ် သားစစ်နှင့် အခန်းဖော်များ ရောက်လာကြသည်။

သားစစ်က ကျွန်တော့်အပေါ်မှ စောင်ကိုဆွဲယူရင်း. . .

'ဟဲ့. . . တွံတေးချစ်ကောင်း၊ ငါကတော့ မင်းရှက်လွန်းလို့ တိုယ့်တိုယ် ကိုယ် သတ်သေနေပြီမှတ်တာ၊ မသေသေးရင်လည်း ထစမ်းပါဦး'

ကျွန်တော့်ဒေါသများ အထွတ်အထိပ်သို့ရောက်သွားပြီး ဝေါက်ခနဲ ထထိုင်လိုက်ရင်း. . .

'အလကားကောင် ကျက်သရေယုတ် မင်းကြောင့်'

'ဘာကွ ငါ့ကြောင့် ဟုတ်လား၊ ပြောစမ်းပါဦး'

'မင်းနဲ့ စန္ဒီးဝိုက်စကားပြောနေတာကိုကြည့်ရင်း မင်းရဲ့ အသုံး မကျမှုအပေါ် ဒေါသတွေထွက်လွန်းလို့ စင်ပေါ်မှာ မင်းမြင်တဲ့အတိုင်း ဖြစ်တုန် တာကွ'

'မင်းဟာမင်း မိန်းရိုးရဲ့ မတောင်းခြင်းသောက်ကျင့်ကို မဖျောက်နိုင်ဘဲ ခိုးထုပ်ခိုးထည်နဲ့ မိတာတောင် ငါ့ကိုလွှဲချသေးတယ်၊ ဟော့ကောင် ထင်ပြီး မင်းဘယ်ဥကပေါက်တာလဲ မှန်မှန်ဖြေစမ်း'

'ဟင်. . . ယောက္ခမသား မင်းလို 'လေဥ' ကနေမပေါက်ဘဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်နေ သလား ကဲ တဲ'

ကျွန်တော်က အနီးရှိစာအုပ်ဖြင့် ကောက်ပေါက်လိုက်ရာ သားစစ်က ငုံ့ရှောင်လိုက်သဖြင့် 'တင့်လွင်' ၏စားပွဲပေါ်ရှိ မှန်ကိုသွားမှန်ရာ 'ခွမ်း'ခနဲ ကျွတ်သွားပြီး တင့်လွင်လည်း ရုတ်တရက်လန့်သွားကာ. . .

'ဟာ. . . သိပ်လက်တည့်တဲ့ကောင် မှန်တယ်ဟေ့၊ မှန်ကိုမှန်တယ် 'ခွမ်း'ခနဲကိုနေတာပဲ၊ လျော် အခုညတွင်းချင်း လျော်ရင် သက်သာခွင့် နည်းနည်းရမယ်၊ မလျော်လို့ကတော့ (Lesson 1 to 10) ကိုညတွင်းချင်း အပေးခံရမယ်မှတ်'

'ဘာကွ လျော်ရမယ် ဟုတ်လား၊ မင်းရဲ့ ပြဇါးမပါလို့ ဟိုဘက် သည်ဘက် ထုတ်ချင်းပေါက်အောင်မြင်နေရတဲ့ မှန်ကိုများ ငါက အကောင်း ခွဲပေးရသေးတယ်၊ ဘာလို့လျော်ရမှာလဲ'

'အောင်မယ် မင်းမှာရော ငါ့လိုမှန်မျိုးရှိလို့လား ကျက်သရေယုတ်ရဲ့'

'အဆောင်မှာ ဟင်းချိုကျွေးနေသမျှ ကာလပတ်လုံး မှန်မလိုလို့ မဝယ်ဘူးဆိုတာကို မင်းသဘောပေါက်ထားစမ်းပါ'

ကျွန်တော်တို့နှစ်ယောက်၏ အော်ဟစ်ပြောဆိုသံကြောင့် အစီအစဉ်ပြီး၍ ပြန်လာကြသော သူငယ်ချင်းများပါ ဝိုင်းလာကြသည်။

'ဟေ့ကောင်တွေ ချမှဖြင့် ချကြပါတော့လား၊ ဘာလို့ အော်ဟစ်နေတာလဲ ဆရာသိသွားလို့ အိပ်ရာလိပ်နေရဦးမယ်'

'အေးလေ. . . အလကားလျှောက်အော်နေတယ်၊ ရော့ ဒီမှာ ခုတင် အကျိုး က 'နှစ်တစ်' ပျဉ်တွေ၊ လိုအပ်ရင် ခုတင်အောက်မှာ ခုထားတဲ့ အုတ်ခဲ ထက်ပိုင်း ကျိုးတွေကိုရော လိုချင်သလား၊ ခုတင်ကို မပြီး ယူ ပေးမယ်'

'ချမှာဖြင့် ချ၊ ဘာမှပူမနေနဲ့၊ သူများတွေ တစ်ပတ်ခုနစ်ရက်ထားရင် မင်းတို့ကို တစ်လလောက်အထိထားပေးမယ်'

'ဆော်ကြပါတော့လား ငါ့မှာ ဖဲထုပ်အသစ်တွေဝယ်ထားတာ အများကြီး ရှိတယ်၊ စည်စည်ကားကားဖြစ်ဖို့ လုံးဝတာဝန်ယူတယ်'

ကျွန်တော်က ခုတင်ပေါ်မှဆင်းလိုက်ရင်း အကြော်အလှော်များ





တည့်ထားသော ပုလင်းများထားသည့် စားပွဲနားသို့သွားကာ ညနေတာမှ ရောက်လာသော ချစ်အောင်၏အိမ်မှပို့လိုက်သည့် ဆိတ်သားဝေါက်ကြော် ပုလင်းကိုဖွင့်လိုက်ရင်း. . .

'ဟင်း. . . ဟင်း. . . တင့်လွင် မင်းစဉ်းစားပါ၊ ဝေဆာန်ရှုံတောင်ပေါ် က နှင်းဖွားဖွားဆီကနေ 'တောင်ဖြိုလက်ဝါး နဂါးနိုင်ဓား' ကျင့်စဉ်ကြီးကို သုံးနှစ်လုံးလုံး စာပေးစာယူနည်းနဲ့တတ်မြောက်ခဲ့တဲ့ ငါနဲ့တွေ့လို့ကတော့ကွာ ဟောဒီပုလင်းထဲက အသားကြော်လေးတွေလို မင်းဘဝဟာ လုံးပါး ပါးသွားမယ်'

ပြောပြောဆိုဆို သူ့မျက်နှာကိုကြည့်ရင်း တစ်ဖွန်းကော်စားလိုက်ရာ. . .

'အား. . . စပ်တယ်. . . စပ်တယ်. . . သားစစ်ရေ'

'ဘာတုံးကွ'

'မင်းကိုခေါ်တာ မဟုတ်ဘူး ရေတောင်းတာ. . . ရေ. . . ရေပေးပါ'

ချစ်အောင်က ဝမ်းသာအားရကြီး ကျွန်တော့်ကိုပြေးဖက်ထား ရင်း. . .

'သေ. . . သေ. . . လဲပြီးသေလိုက်၊ မင်းအကြောင်းသိလို့ အသား ပေါက်ကြော်ပုလင်းရဲ့အပေါ်မှာ ငြုပ်သီးကြော်တွေထည့်ထားတာကွ၊ ဟေ့ ကောင်တွေ ဒီကောင် ရေမသောက်နိုင်အောင် ဝိုင်းချုပ်ထား'

ရှန်းကန်ရင်း အခန်းထဲမှ ကျွန်တော်ပြေးထွက်ကာ အပြင်ဘက်ရှိ ရေအိုးစင်မှရေကိုခပ်လိုက်ရာ. . .

'ဂေါက်. . . ဂျစ်. . . ဂျစ်'

'ဟိုက်. . . ရေကုန်နေပါလား၊ သားစစ် သူငယ်ချင်း ငါ့ကို ပစ်မထားပါနဲ့ကွာ၊ ငါမ ရတော့ဘူး စက်ဘီးမြန်မြန်ယူပြီး လက်ဖက်ရည်ဆိုင်လိုက်ပို့ ပါ သူငယ်ချင်း၊ အောင်မလေး စပ်တယ် စပ်တယ်'

♣ ♠ ♣

ဆန္ဒင်းမကင်း နှစ်တုံးကိုတစ်ပြိုင်တည်းဝါးလိုက်ပြီး. . .

'ရှူး. . . အခုမှ အစပ်နည်းနည်းသက်သာသွားတယ်၊ ဟေ့ချာတိတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ချိုဆိမ့်တစ်ခွက် မြန်မြန်ယူခဲ့ပါဟ'

သားစစ်က ဒူးယားကိုမီးညှိရင်း. . .

အင်း. . . အဆောင်နေ ကျောင်းသားလို့ မပြောရဘူး ဝေါ်လိုက်တာ တလည်း လွန်ပါရောလား၊ ပြီးခဲ့တဲ့ နာရီပိုင်းအတွင်း မင်းစားခဲ့တာတွေကို ပြန် ဆိုင်းစားကြည့်စမ်း'

'တန်ဖိုးရှိတဲ့ အချိန်ကို မဟုတ်က ဟုတ်ကတွေစဉ်းစားပြီး အချိန် မဖြုန်းနိုင်ဘူး၊ ပြောစမ်းပါဦး မင်းရဲ့ဇာတ်လမ်းကို'

'နှင်းနှင်းကပြောတယ် ချစ်တယ်ဆိုတဲ့ စကားကို သူ့ပါးစပ်က လွယ်လွယ်နဲ့ ပြောမထွက်တော့ဘူးတဲ့၊ သူ့ကိုယုံကြည်ပေးပါတဲ့၊ အမှန်အတိုင်း ပြောရရင် ရည်းစားတွေအများကြီးသူထားခဲ့ဖူးပေမယ့် အခုမှ အချစ်ဆိုတာကို တွေ့ရသလိုပဲလို့ သူထင်တယ်တဲ့'

ကျွန်တော်စိတ်ဝင်စားသွားပြီး လက်ဖက်ရည်ခွက်ကို ဘေးချထား ရင်း. . .

'ရည်းစားဦး မဟုတ်ပေမယ့် အချစ်ဦးလို့ သူပြောချင်တာ ထင်တယ်၊ နောက်ပြီးတော့ရော ဘာထပ်ပြောသေးလဲကွ ဟေ'

'ပြီးတော့ တေက်ပြားကို ဘုရင့်မိဘုရား စောဥမ္မာထဘီထုပ်ကြီးနဲ့ လတ်ပူးလက်ကျပ်မိကုန်တာနဲ့ ငါတို့လည်းအခန်းထဲ ပြန်ဝင်ခဲ့ရတော့ပေါ့ ဟီး ဟီး'

ကျွန်တော်က ဆဲရန်ပါးစပ်အဟ သားစစ်က ဆနွင်းမကင်းတုံးကို ကျွန်တော့်ပါးစပ်ထဲ ထိုးထည့်လိုက်ပြီး. . .

'နှင်းနှင်း ငါ့ကိုချစ်နေပြီလား ဟင်'

ကျွန်တော်သည် ပါးစပ်ထဲရှိ ဆနွင်းမကင်းကို မဝါးဘဲ အတင်းမျို ချလိုတ်ပြီး. . .

'ကျက်သရေယုတ်ရဲ့ သူက မိန်းကလေးမို့ ချစ်ပါတယ်ဆိုတဲ့ စကား ကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောနေတာဟဲ့၊ သူ မင်းကိုချစ်နေတာ လုံးဝသေချာတယ်၊ ဒါပေမယ့် ဘယ်အတိုင်းအတာအထိ ချစ်သလဲဆိုတာ





တော့ ဦးနှောက်မရှိတဲ့ တိရစ္ဆာန်အတွက် ငါမဟာပညာကျော်ကြီးက ဖြည်းဖြည်းအချိန်ယူပြီး ဆုံးဖြတ်ပေးမယ်'

သားစစ်က သူ့စီးကရက်ကို အောက်ပစ်ချ၍ နင်းလိုက်ရင်း. . .

'ဦးနှောက်မရှိတဲ့ တိရစ္ဆာန်ဆိုတာ ဘာကောင်လဲကွ'

'ဦးနှောက်မရှိတဲ့ တိရစ္ဆာန်ဆိုတာ မင်းကိုပြောတာကွ၊ ဟာ. . . ခံစား ရတယ်ကွာ ကိုယ့်ကိုပြောလို့ပြောမှန်းတောင် မသိပါလား၊ သူများတွေက မေးရင် ငါ့သူငယ်ချင်းလို့ မပြောနဲ့နော် တော်ကြာ ငါ့ဂုဏ်သိက္ခာကို ထိခိုက်မယ် ဟင်း ဟင်း'

'အေးပါကွာ ငါ့ဦးနှောက်ထဲမှာ အသိဉာဏ်မရှိတော့ပါဘူး၊ ငါ့ ဦးနှောက်ဟာ နှလုံးသားရဲ့ ကျေးကျွန်ဖြစ်သွားပြီလေ၊ ငါ့နှလုံးသားဟာလည်း နှင်းနှင်းကိုချစ်တဲ့ အချစ်စိတ်ရဲ့ ကျေးကျွန်ဖြစ်နေပါပြီကွာ'

'ဟာ. . . ပိပြင်လိုက်တာကွာ၊ ဘယ်စာအုပ်ထဲက ခိုးချတာလဲ၊ ငါးရှ ငါးဆယ် နိပါတ်တော်ထဲကလား'

ကျွန်တော့်စကားကို သားစစ်မရယ်ပါ၊ မည်းမှောင်နေသော မိုးတောင်းကင်ကြီးကို မြင်နေရပေမယ့် သားစစ်၏ အာရုံထဲတွင်တော့ စန္ဒီဗွိတ် ပေါ် နှင်းဖြူ၏ပုံရိပ်ကို မြင်ယောင်နေပေလိမ့်မည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

(၆)

ယနေ့မနက်ပိုင်း အတန်းလည်းအားသဖြင့် မနက်စာထမင်းဟင်းပင် ထမစားတော့ဘဲ ဆက်အိပ်ရန်ဆုံးဖြတ်ထားသော ကျွန်တော်သည် 'ဝုန်း' ခနဲ အခန်းတံခါးပွင့်သွားသံနှင့်အတူ အခန်းထဲသို့ ဒယိမ်းဒယိုင် ဝင်လာသော သန့်ဇင်နှင့် မောင်တာကြောင့် လန့်နိုးသွားစဉ် သန့်ဇင်က. . .

'သန့်ဇင်. . . သန့်ဇင်. . . မင်းလောကအသုံးမကျတဲ့အကောင် အရှေ့တောင်အာရှ တစ်လွှားမှာ လားလားမှ မရှိတော့ပါလားကွာ'

'ကဲဟာ'

'ဒုန်း'

ကျွန်တော်အိပ်ရာပေါ်မှ အပြေးဆင်းကာ နံရံကိုလက်သီးနှင့် ထိုးနေသောသန့်ဇင်ကို ပြေးဆွဲလိုက်ရင်း. . .

'သူငယ်ချင်း. . . ဘယ်လိုဖြစ်လာတာလဲကွာ၊ ငါ့ဘာကူညီရမလဲ၊ ဟာ. . . မင်းအရက်တွေ သောက်လာသလား အစောကြီးရှိသေးတယ်ကွာ. . .'

သန့်ဇင်က ကျွန်တော့်ကိုဖက်လိုက်ပြီး. . .

'သူငယ်ချင်း ထင်ကြီး၊ အီး ဟီး ဟီး ရှက်တယ် ရှက်တယ်'

ငိုချလိုက်သဖြင့် ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားပြီး မောင်တာ့ဘက်သို့ လှည့်ကြည့်လိုက်ရင်း. . .





'ဟော့ကောင် မောင်တာ သန့်ဇင်ကို မင်းဘာတွေ မဖွယ်မရာ လုပ်ခဲ့ သလဲ မှန်မှန်ပြောစမ်း'

မောင်တာ၏ နဂိုလည်းပြူးသော မျက်လုံးအစုံသည် ဝိုင်းစက်သွား တာ. .

'ဟော့ကောင် ထင်ကြီး စကားကို ဆင်ခြင်ပြောနော်'

'ဟို. . . သန့်ဇင်က ဘာကိုရှက်တာလဲလို့မေးတာပါကွ မင်းကလည်း'

မောင်တာက ကျိတ်၍ရယ်ရင်း. . .

'သန့်. . . သန့်ဇင် ပြောလိုက်ရမလား ဟီး ဟီး'

'မထူးပါဘူးကွာ ပြောချင်ရင်လည်း ပြောလိုက်ပါတော့ အီး အီး ရှက် တယ်ကွာ ရှက်ထယ်'

ပြောပြောဆိုဆိုငိုရှိုက်ရင်း သန့်ဇင်သည် ကျွန်တော့်အိပ်ရာထဲသို့ ဝင်သွားသည်၊ မောင်တာက တဟီးဟီးရယ်နေသဖြင့်. . .

'ဘာဖြစ်တာလဲ သေသေချာချာပြောပါဟ'

'အေးပါဟ ငါ့မှာ ရယ်ချင်လွန်းလို့ပါ ဟီး ဟီး၊ ဒီလိုကွ မထားတ ကို ခဏပြန်မယ်ဆိုတဲ့ သတင်းရတယ်ကွ၊ အဲဒါနဲ့ သန့်ဇင်က ငါ့ကိုလာ တယ်. . . မထား ဘယ်နေ့ ဘယ်အချိန် ဘာကားနဲ့ ပြန်မလဲဆိုတာ သိချင် ယ် ငါ့ကို မေးပေးပါတဲ့၊ အတိအကျ သိရရင် သူက မထားကိုလိုက်ပို့ရင်း မယ့်ကားမှာ ခုံနံပါတ်ချင်းကပ်ဖြတ်ပြီး လမ်းတစ်လျှောက်ရင်ဖွင့်ချင်တယ်တဲ့

အဲဒါနဲ့ ငါက ဒီကိစ္စကို မင်းကိုယ်တိုင်သွားမေးမှ ပိုကောင်းမှာ၊ ဒါမှ င်းကိုလိုက်ပို့စေချင်ရင် သူသွားမဲ့ရက်နဲ့ သူစီးမဲ့ကားကို အတိအကျ ပြောမှာပဲ၊ . . . လိုက်မပို့စေချင်ရင်တော့ ပြောမှာမဟုတ်ဘူး၊

ဒါပေမယ့် ငါထင်တာကတော့ မထားက မင်းကိုလိုက်ပို့စေချင် တော့ အသေအချာပဲလို့လည်းပြောလိုက်ရော ဒီကောင်တလည်း သွားမေး တာပဲဟေ့၊ မေးတာကလည်း တစ်ယောက်ချင်းတွေ မေးတာမဟုတ်ဘူး၊ ားက သူ့သူငယ်ချင်းကောင်မလေးတွေနဲ့ လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်နေ န်းကို သွားမေးတာ ဟား ဟား ဟား'



www.burmeseclassic.com

www.burmeseclassic.com



မောင်တာက ဆေးလိပ်မီးခိုးသီးသည်အထိ ရယ်ပြီးမှ. . .

'အဲဒီကောင်က ဘယ်လိုမေးတယ်မှတ်သလဲ၊ မထားတဲ့ ကျွန်တော် လေ. . . ကျွန်တော်ဘယ်နေ့ပြန်မှာလဲတဲ့ ဟား ဟား ဟား'

'ဘာကွ ကျွန်တော်လေ ကျွန်တော်ဘယ်နေ့ပြန်မှာလဲလို့ အဲဒီလိုကြီး သွားမေးတယ် ဟုတ်လား ဟား ဟား ဟား၊ မထားက ဘာပြန်ပြောလဲ ဟီးဟီး'

'မထားကလည်း အူကြောင်ကြောင်ဖြစ်သွားတာပဲ၊ ရှက်လို့ထင်ပါရဲ့ မျက်နှာကြီးကိုရဲလို့ပေါ့၊ ပြီးတော့မှ အ ထစ် အ ထစ်နဲ့ ကိုသန့်ဇင်ပြန်မှာ တိုမထားလည်း မသိဘူးလေ ဆိုတာတော့ ပြန်ပြောတယ်ကွ၊ မင်းသိတဲ့အတိုင်း အစအနောက်သန်တဲ့ မထားသူငယ်ချင်းတွေက ကိုသန့်ဇင် ရှင်အခုပြန်လိုက် ရင် ပိုကောင်းမယ်လို့ပြောပြီး ဝိုင်းဟားကြတော့တာပဲပေါ့ ဟား ဟား ဟား'

ကျွန်တော်လည်း အူနှိပ်အောင်ရယ်ရင်း. . .

'ဟား ဟား သန့်ဇင်၊ မင်းကတော့ ဖြစ်ရမယ်၊ အဲဒါနဲ့ ရှက်ရမ်း ရမ်းပြီး အရက်သောက်လာတယ်ဆိုပါတော့'

'နေဦး မပြီးသေးဘူး၊ အရက်သောက်ဖို့ ပိုက်ဆံမပြည့်တာနဲ့ ရွာသေ ထဲက အရက်ပုန်းဆိုင်ကိုသွားပြီ ချက်အရက်ဝင်သောက်တုန်း ရဲဝင်ဖမ်းတာ နဲ့တိုးနေလို့ ကျောင်းသားကဒ်ထုတ်ပြပြီး မနည်းတောင်းပန် ပြီးပြန်လာခဲ့ ရတာကွ ဟား ဟား ဟား၊ အခုအဲဒီသတင်းက 'လက်ချာပေါ'ထဲမှာ ပျံ့နေ ပြီပေါ့ ဟား ဟား ဟား'

ကျွန်တော်လည်း မျက်ရည်ထွက်အောင်ကို ရယ်မိပါသည်။ ထို စဉ်. . .

'ဝေါ့. . . အော့. . . အော့. . . ဝေါ. . . ဘရော. . . ဘရော. . .'

ဟူသောအသံကြီးက ကျွန်တော့်အိပ်ရာပေါ်တွင် အိပ်နေသော သန့်ဇင် ထံမှကြားလိုက်ရသဖြင့်. . .

'ဟာ. . . သန့်ဇင်. . . သန့်ဇင်. . . မင်းအန်လိုက်တာလား'

'ဝေါ့. . . အော့. . . အော့. . . ဝေါ. . . ဘရော. . . ဘရော. . .'

ဖြင့်သာပြန်ဖြေသဖြင့် ကျွန်တော်ပြေးသွားပြီး ခြင်ထောင်ကို ဖွ





ကြည့်လိုက်သည်။

'သွားပြီ. . . သွားပြီ. . . ငါ့အိပ်ရာတစ်ခုလုံးတော့ သွားပါပြီကွာ'

မောင်တာက သံမံတလင်းပေါ်တွင် ခြေဆင်းပြီးတော့ကို အော်ဟစ် ရယ်မောနေပါတော့သည်။

ထိုစဉ် သားစစ်ရောက်လာပြီး. . .

'ဘယ်ရည်းစားလင်နောက်လိုက်သွားလို့ ဒီလောက်တောင် ပျော်မြူး နေကြတာလဲ၊ ကဲ မောင်ထင်ကြီး ကိစ္စရှိလို့ လိုက်ခဲ့စမ်းပါဦး'

ကျွန်တော်က သန့်ဇင်နှင့် မောင်တာကိုမေးငေါ့၍ ရှုံ့ခဲ့ပြရင်း သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာခွက်နှင့် ရေဖလားကိုယူ၍ ရေချိုးခန်းသို့ ထွက်လာခဲ့စဉ်တော့ သားစစ်၏ရယ်သံကြီးက ကျွန်တော့်အခန်းထဲမှ ဟိန်းထွက် လာပါတော့သည်။

ကျွန်တော်မျက်နှာသစ်ပြီးပြန်လာတာတောင်မှ သူတို့က အရယ် မရပ်ကြသေးပေ။ ကျွန်တော်က အကျီနှင့် ပုဆိုးကိုလဲရင်း. . .

'မောင်တာ မင်းတို့ပြဿနာ မင်းဟာမင်းရှင်း'

ဟုပြောရင်း မျက်ရည်ထွက်အောင်ရယ်နေသော သားစစ်ကို ဆွဲခေါ် ၍ ထွက်လာခဲ့သည်။

သားစစ်ကိုတင်၍ စက်ဘီးနင်းလာခဲ့သောကျွန်တော်သည် မိုးလုံ လေလုံ အားကစားရုံရှေ့အရောက်. . .

'ဘယ်အထိသွားမှာလဲ အပြန်အတက်ကြီး ငါမနင်းချင်ဘူး'

'ရှေ့တစ်ကွေ့ဆိုရောက်ပါပြီ၊ ဟော ဟိုမှာမြင်လား'

သားစစ်ပြမှ 'တက်လူ' လက်ဖက်ရည်ဆိုင် မင်္ဂလာခန်းမတွင် ကား များ၊ စက်ဘီးများ ပြည့်နေသည်ကို တွေ့လိုက်ရသဖြင့်. . .

'အေး. . . ဟုတ်သားပဲ ငါမေ့နေလိုက်တာ၊ ဒီနေ့ မင်းသားနေဝင်းတို့ မင်္ဂလာဆောင်ပဲ၊ လက်ဖွဲ့စရာဆိုလို့ ငါ့မှာ အစာမပြည့်တင်းရသေးသော အသစ်စက်စက် ဗိုက်ကြီးနဲ့ ကိုက်ချင်ဝါးချင်နေတဲ့ သုံးဆယ့်နှစ်ချောင်းသော သွားတွေအပြည့်ရှိတဲ့ ပေါ့ဒီပါးစပ်ပေါက်ကြီး တစ်ခုပဲပါ ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မပူပါနဲ့ ထင်ကြီးရယ် ငါ့မှာ 'နတ်မောက်' ကကောင်တွေ မလာဖြစ် လို့ လူကြုံနဲ့ ပို့ခိုင်းလိုက်တဲ့ လက်ဖွဲ့ငွေတွေပါ ပါကယ်ကွ ဟား ဟား'

'အားပါးပါး သူတို့သတ္တုဗေဒက ကင်း(King) တွေရော၊ ကွင်း (Queen) တွေရော၊ ဂျက်(Jet) တွေရော၊ ဂျိုကာ(Joker) တွေရော အများကြီး ဝါလား၊ ငါတို့အဖို့စားစရာ ကျန်မှကျန်ပါဦးမလား ဘုရား ဘုရား'

စကားကိုသော့ခတ်ပြီး မင်္ဂလာခန်းမဝင်ပေါက်ဘက်သို့ ဦးတည် လိုက်ရာ သတို့သား မင်းသားဟုခေါ်သော နေဝင်းနှင့် သတို့သမီးတို့က ပြုံး ရွှင်စွာကြိုဆိုရင်း ဝင်ပေါက်ဝနားရှိခုံသို့ သွားရန်ပြောသည်။

'ငါတို့ ဒီမှာမထိုင်ချင်ဘူး မီးဖိုခန်းဘေးက ခုံမှာထိုင်မယ်'

နေဝင်းက နားမလည်စွာဖြင့်. . .

'အဲဒီမှာ အချောအလှတွေ မရှိဘူး ဟ'

ကျွန်တော်က သပြေပန်းကမ်းနေသော ကောင်မလေးလက်မှ သပြေပန်းကိုမယူဘဲ သူ့နောက်ရှိ ဒူးယားစီးကရက်ကမ်းသော ကောင်မ လေးထံမှ ဒူးယားကို ယူလိုက်ရင်း. . .

'ငါက သပြေပန်းမယူတဲ့အတွက် ဒူးယားနောက်တစ်လိပ် ယပ်ယူ မယ်နော် ရတယ်မဟုတ်လား'

ပြောပြောဆိုဆို ဒူးယားနောက်တစ်လိပ်ကိုယူပြီးမှ နေဝင်းဘက်သို့ လှည့်ကာ. . .

'ကိစ္စမရှိဘူး 'မင်းသား' မင်းဘာမှမပူနဲ့ ငါ့မျက်စိထဲမှာ လက်ဖက်ရည် တို့ မုန့်တို့ထက် ပိုချောတာလှတာ မမြင်ဖူးသေးဘူး'

'အင်း. . . ထင်ကြီးတို့ကတော့ကွာ ရည်းစားရှိရင်တောင် သူများတွေ လို အခန်းတွင်းထဲမှာ ငုံထားရုံတင်မကဘူး ဝါးပြီး မျိုချပစ်မယ်ထင်တယ်'

'သေချာတာပေါ့ကွာ အခုလည်းဝါးမယ်၊ လက်ဖက်ရည်နဲ့ မုန့်နဲ့ချပေး တော့၊ လိုက်ပွဲတွေပါ အသင့်ပြင်ထား'

မင်းသားက မျက်နှာကိုရှုံ့မဲ့ရင်း. . .

'မင်းက လက်ဖွဲ့ဖိုးကျေအောင် ဝါးတော့မယ်ပေါ့'





'သူများက ဖွဲ့ခိုင်းတဲ့ လက်ဖွဲ့ဆုံခတော့ အားနာလို့ပါ'

'ကဲ ကဲ ဒီစားပွဲကို မုန့်နဲ့လက်ဖက်ရည်ပို့ပေး၊ သူများစားပြီးသား အကျန်တွေပါရှိရင် တစ်ခါတည်းယူလာခဲ့ ဒီမှာ အမှိုက်ပုံးကြီး ရောက်နေတယ်'

မင်းသားလည်း အော်ဟစ်ပြောဆိုရင်း သတို့သမီးလက်ကိုဆွဲ၍ အခြားဝိုင်းသို့ ထွက်သွားသည်။

ကျွန်တော်က စားပွဲတွင်ဝင်ထိုင်လိုက်ရင်း ပတ်ဝန်းကျင်ရှိ စားပွဲများမှ လူများကိုအကဲခတ်ကာ လျှောက်ကြည့်နေစဉ် သားစစ်က ရောက်လာသော လက်ဖက်ရည်နှင့် မုန့်များကိုယူပြီး ကျွန်တော့်ရှေ့ချပေးရင်း. . .

'အခု မနက်က ငါ သူနဲ့ တွေ့ဖြစ်သေးတယ်၊ ငါက. . .'

ကျွန်တော်က လက်ဖက်ရည်ပန်းကန်ကို လှမ်းယူလိုက်ရင်း သားစစ် ၏ ခြေထောက်ကို ဆက်နင်းလိုက်ပြီး သူ့နောက်ရှိခုံတွင် ထိုင်နေကြသူများ၏ စကားသံကိုနားထောင်ရန် မျက်စပစ်ပြလိုက်သည်။

သားစစ်ကလည်း သဘောပေါက်သွားသောကြောင့် ပြောလက်စ စကားကိုရပ်၍ ငြိမ်နေလိုက်သည်။

'မင်းကို အစက ငါပြောသားပဲ သွားမချစ်ပါနဲ့လို့ အတန်တန်တားတဲ့ ကြားထဲက ချစ်ဖြစ်အောင်ကိုသွားချစ်သေးတာကိုး၊ အဲဒီ ဂုန်းဗိုက်က ရည်းစား ဘယ်လောက်များသလဲဆိုရင် သူနဲ့ ချစ်ဖူးတဲ့သူတွေအားလုံးကို တစ်ယောက် လက်တစ်ယောက်တွဲခိုင်းပြီး လက်ချင်းဆက်လိုက်ရင် အဲဒီ လူတန်းကြီးဟာ တရုတ်ပြည်က မဟာတံတိုင်းကြီးထက်နှစ်ဆလောက်တို ပိုရှည်သွားမှာအမှန်ပဲ'

'ဝါး. . . ဟား. . . ဟား. . . ဟား'

'မင်းက အခုစနိုးဗိုက်နဲ့ ပြတ်သွားပြီလား'

'အေးကွာ ငါ့ကိုချစ်တယ်လို့ အဖြေပေးထားတာ တစ်လတောင် မပြည့်သေးဘူး၊ အခုတော့ သူ့ရက်စက်တယ်ကွာ ငါ့ကို သူ့ရဲ့နှလုံးသားထဲက ရော ဦးနှောက်ထဲကရော ထုတ်ပစ်လိုက်ပြီတဲ့၊ သူ့ကိုလည်း အဆက်အသွယ် မလုပ်ပါနဲ့လို့ အဲဒီလိုကြီး ပြောလွှတ်တယ်ကွာ'

'မင်းက သူ့မကြိုက်တာ ဘာလုပ်မိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း မေးကြည့်ပါသေးတယ်၊ ငါ့မှာ ဘာအပြစ်ရှိလို့လဲပြောပါ ပြင်ပါရစေဆိုတော့ သူက အပြစ်ဆိုတာ မလိုပါဘူးတဲ့၊ သူချစ်ကို မချစ်ချင်တော့လို့ အဆက်ဖြတ်လိုက်တာပါတဲ့ သူ့ကို ထင်ချင်သလိုထင် ပြောချင်သလို ပြောနိုင်ပါတယ်ဆိုပြီး ပြောသွားတာပဲ'

'ဟ. . . ရိုင်းလှချည်လား ဘယ်လို ကောင်မမျိုးပါလိမ့်'

'နေပါဦး သူ နောက်တစ်ယောက်နဲ့ တွဲနေပြီလား'

'တွဲတာတော့ မမြင်သေးဘူး ပြီးခဲ့တဲ့အပတ်ထဲကတော့ ဘယ်'မေဂျာ' ကကောင်လဲမသိဘူး သူ့ကိုထီးကားပြီးတော့ မိုးရွာထဲမှာ လိုက်စကားပြောနေတာ တွေ့တယ်'

'သူ့ကိုမေးကြည့်သေးလား'

'အင်း. . . သူကပြောတယ် သိချင်ရင် ကိုယ့်ဟာကိုယ်စုံစမ်းပြီးတော့ အဲဒီလူကို သွားမေးကြည့်လို့ ပြောတယ်'

'မင်း စုံစမ်းကြည့်သေးလား'

'ထီးဆောင်းထားတော့ အဲဒီကောင်ရဲ့ မျက်နှာကို သေသေချာချာ မမှတ်မိလိုက်လို့ စုံစမ်းမရဘူး၊ ငါတော့ အဲဒီကောင်ကို တွေ့ချင်သေးတယ်'

'တွေ့ရင် မင်းက ဘာလုပ်မှာလဲ ရုပ်ရှင်ထဲကလို လူမိုက်တွေနဲ့ ဝိုင်းရိုက်ခိုင်းမလို့လား ဟား ဟား ဟား'

'မဟုတ်ပါဘူး၊ အဲဒီကောင်လည်း ဘယ်နှရက် ဘယ်နှလလောက်ဆို ငါ့လိုအဖြတ်ခံရမလဲ သိချင်လို့ပါ'

'ဘာလဲ မင်းထက်ကြာကြာ စနိုးဝိုက်နဲ့တွဲနိုင်ရင် မင်းက ဂုဏ်ပြု လက်ဆောင်သွားပေးမလို့လား ဟား ဟား၊ ကဲ ရောက်တာကြာပြ ၊ ဟ့ သတို့သားနဲ့ သတို့သမီးကိုနှုတ်ဆက်ပြီးပြန်ကြ ရအောင်'

ထိုအဖွဲ့ ထသွားသည်။ သားစစ်ငိုင်နေသည်။ ကျွန်တော် အပြတ်ဝါးနေစဉ် သားစစ်က ခုံကိုပုတ်ရင်း. . .

'ထင်ကြီး ပြန်ကြရအောင်ကွာ'

'ဟာ. . . မင်းကလည်း စားကောင်းဝုန်းရှိသေးတယ်၊ မင်း လက်ဖက်





ရည် တစ်ကြိုက်တောင် မသောက်ရသေးပါလား'

'ငါ မသောက်ချင်သေးဘူးကွာ'

'ဘာလဲ ဟိုကောင်တွေ ပြောသွားလို့ စိတ်ခုတ်ကျနေတာလား မင်းနေရာမှာ ငါသာဆိုရင် ပျော်မှာပဲ၊ ဘာလို့လဲဆို နှင်းနှင်းဟာ အဲဒီကောင်နဲ့ လုံးဝပြတ်စဲ ကင်းရှင်းသွားတာကို ကိုယ်တိုင်ကြားရလို့ပဲ၊ ဒါနဲ့ နေပါဦး မနက်တုန်းက မင်းသူနဲ့တွေ့တဲ့အကြောင်းလေး ပြောစမ်းပါဦး'

သားစစ်က သူ့လွယ်အိတ်ထဲမှ ဝေါ့(က)မန်း (Walk men) ကက်ဆက် အသေးလေး တစ်လုံးကိုထုတ်၍ ကျွန်တော့်ကိုပေးလိုက်ရင်း. . .

'မနက်က သူနဲ့ငါတွေ့ပြီး စကားပြောတော့ ငါမသိအောင် သူက အဲဒီကက်ဆက်ကလေးကို သူ့လွယ်အိတ်ထဲကနေ အသံဖမ်းထားတာတွေ့ ရစ်ပြီးသား တန်းဖွင့်ကြည့်လိုက်၊ ရော့. . . ဟောဒီမှာ နားကြပ်(Ear phone) ကလေးပါ ပါတယ်'

ကျွန်တော်လည်း သူပေးသော လက်ဝါးသာသာ ကက်ဆက်ကလေးကို ယူ၍ နားကြပ်တပ်ကာ ဖွင့်ကြည့်လိုက်သည်။

ထိုအချိန်က အလွန်ခေတ်စားသောအောင်နိုင်၏ 'နှဲ့ဆိုးရယ် ကျေနပ်တယ်' စီးရီးတိတ်ခွေထဲတွင် ဖြတ်သွင်းထားခြင်းဖြစ်သဖြင့် 'မောင့်သီရိမေ' သီချင်း၏ တစ်ပိုင်းတစ်စအရောက်တွင် တရှဲရှဲမြည်သံများနှင့်အတူ သားစဉ်၏ အသံထွက်ပေါ်လာသည်။

'နှင်းနှင်းရယ် ချစ်တယ်ဆိုတဲ့စကားကိုပြောဖို့ ငါ့မှာ တော်တော်ကြီးကို ကြိုးစားရပါတယ်၊ နှင်းနှင်းဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေစကားကို အရမ်းကြားချင်နေပါတယ်၊ နှင်းနှင်း စဉ်းစားမပေးနိုင်ဘူးလား ဟင်'

'ကိုသားစစ်ကို နှင်းနှင်းပြောပြီးပြီးပဲ၊ တကယ်စဉ်းစားရမှာတကိုသားစစ်ပါ နှင်းနှင်းမှာ ဟိုးအရင်က ရည်းစားတွေအများကြီးထားခဲ့ဖူးတဲ့ အရိပ်မည်းကြီးကြောင့် ပတ်ဝန်းကျင်က ပြောတာတွေ ကိုသားစစ် ခံနိုင်ပါ့ မလားဆိုတာ ကိုသားစစ် စဉ်းစားပါ'

'နှင်းနှင်းသာ အမြဲတန်းချစ်နေမယ်ဆိုရင် ငါ့ဘက်က အမြဲတန်းရှိ



www.burmeseclassic.com

www.burmeseclassic.com



နေမယ်ဆိုရင် ဘယ်သူဘာပြောပြောခံနိုင်တယ် နှင်းနှင်း'

သက်ပြင်းချသံလား လေတိုးသံလားမသိ အသံရှည်ကြီးတစ်ခုကို ကြားရပြီးနောက်. . .

'နှင်းနှင်း အရင်ကထားခဲ့ဖူးတဲ့ ရည်းစားတချို့က ပြောဖူးတယ်၊ သူတို့ကို နှင်းနှင်းအမြဲတမ်းချစ်နေနိုင်ပါစေလို့ ဆုတောင်းကြတယ်တဲ့၊ အခု တော့ ဝင့်လည်ပြီထင်ပါရဲ့ ကိုသားစစ်ရယ်၊ ဒီတစ်ခါ နှင်းနှင်း ဆုတောင်းရ မယ့် အလှည့်ရောက်ပြီထင်ပါရဲ့'

'သားစစ်ကလည်း ဆုနှစ်ခုတောင် တောင်းမိပါတယ် နှင်းနှင်းရယ်၊ နှင်းနှင်းရဲ့ နောက်ဆုံးလူနဲ့ အမြဲတမ်းအချစ်ဆုံးသူ ဖြစ်ပါစေလို့ပေါ့'

ကြားထဲတွင် တရှုံရှုံ မြည်သံအကြာကြီး ကြားရပြီးမှ. . .

'ကိုသားစစ်ကိုလေ နှင်းနှင်းရင်ထဲမှာ တစ်ခါမှမဖြစ်ဖူးသေးတဲ့ အချစ်မျိုးနဲ့ချစ်ပါတယ်၊ ကိုသားစစ် နှင်းနှင်းကို မချစ်ချင်တော့တဲ့ နောက်ပိုင်း အထိ နှင်းနှင်းချစ်နေမှာပါ'

တရှုံရှုံသံမှတစ်ပါး သားစစ်၏ အသံကိုမကြားရသဖြင့် အားမလို အားမရဖြစ်နေစဉ်. . .

'ကိုသားစစ် ဟောဒီကက်ဆက်အသေးလေးနဲ့ လွယ်အိတ်ထဲကနေ အသံဖမ်းထားတယ်၊ နှင်းနှင်း ခုနကပြောခဲ့တဲ့စကားတွေဟာ လေထဲမှာ ပျောက်သွားပေမယ့် ဟောဒီကက်ဆက်ထဲက တိပ်သားပေါ်မှာကတော့ အချိန် တော်တော်ကြာအောင် ရှိနေမှာပါ၊ နှင်းနှင်းရဲ့ ရင်ထဲမှာကတော့ အဲဒီစကား တွေဟာ တစ်သက်လုံး ဘယ်တော့မှ မပျောက်ဘဲနဲ့ရှိနေမှာပါ၊ ဒီကက်ဆက်နဲ့ တိပ်ခွေလေးကို ကိုသားစစ်ယူထားပါ နှင်းနှင်း အတန်းၜ ႁကိုသွားတော့ မယ်နော်'

'ချပ်'

ကက်ဆက်ပိတ်သံနှင့်အတူ ကျွန်တော့်ရင်ထဲမှာ တစ်ခုခုဖြစ်သွား သလို ခံစားလိုက်ရရင်း ကက်ဆက်ကိုပိတ်၊ နားကြပ်ကိုဖြုတ်၍ သားစစ်ကို ပြန်ပေးလိုက်ရင်း လက်ထဲရှိဒူးယားကို ဖွာလိုက်ပြီးမှ. . .





'ဟူး. . . သူ့စကားနဲ့ အပြုအမူတွေကတော့ နေရင်းထိုင်ရင်း ါတောင်ကြွေတယ်၊ ဒီလောက် ခိုင်ခိုင်လုံလုံ ရပြီးမှတော့ကွာ ဟိုကောင်တွေ ပြောတဲ့ စကားကို စဉ်းစားနေစရာတောင် မလိုဘူး'

'ဟိုကောင်တွေပြောသလို ငါ့အလှည့်ရောက်လာခဲ့ရင် ငါ အဲဒီ ကောင်လို အေးအေးဆေးဆေးနေနိုင်မှာ မဟုတ်ဘူး၊ မင်းသိပါတယ်ကွာ ငါလေ ချစ်တယ်ဆိုတဲ့စကားကို နှင်းနှင်းကလွဲလို့ ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး၊ ငါ နှင်းနှင်းကို သိပ်ချစ်တယ်ကွာ'

ကျွန်တော်က ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်လိုက်ရင်း. . .

'နှင်းနှင်းကလည်း မင်းကိုသိပ်ချစ်နေတယ်ဆိုတာ ငါလောင်းရဲတယ် နှင်းနှင်းက မင်းကို လုံးဝ ထားပစ်ခဲ့မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ်င်းနဲ့ ချစ်ပြီးကာမှ အထင်လွဲပြီး မင်းမုန်းသွားမှာစိုးလို့ သူကစပြီး အဖြေ မပေးဘဲနဲ့ မင်းကိုစဉ်းစားပါဦးလို့ ခဏ ခဏပြောနေတာပေါ့ကွ၊

ဟေ့ကောင်. . . ယောကျ်ားလေးတစ်ယောက်က မိန်းကလေး တစ်ယောက်ကို ချစ်တယ်ဆိုတဲ့ စကားကိုပြောရင် မိန်းကလေးက အဲဒီ ယောကျ်ားလေးကို ပြန်ချစ်ရင်တောင်မှပဲ သူ့သိက္ခာကို ဘူထိန်းတဲ့အနေနဲ့ ဉ်းစားပါရစေဦးဆိုတဲ့စကားကို မိန်းကလေးကပဲ ပြောရိုးထုံးစံရှိတယ်၊

အခုတော့ နှင်းနှင်းဟာ မိန်းကလေးတစ်ယောက်ရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ စဉ်းစားပါရစေဦးဆိုတဲ့စကားကို လုံးဝမသုံးဘဲ သူ့သိက္ခာကို အဆုံးအရှုံးခံပြီး ်င်းကိုစဉ်းစားပြီးမှ ချစ်ပါလို့ သူပြောတာဟာ မင်းကိုသိပ်ချစ်နေမိလို့ကွ'

သားစစ်က ရေနွေးအိုးကို လက်နှစ်ဖက်ဖြင့် ဖိကိုင်ထားရင်း. . .

'နှင်းနှင်း ငါ့ကိုထားပစ်ခဲ့မှာကို ကြောက်တယ်ကွာ'

'မင်. ..းပစ်ခဲ့မှာကိုနှင်းနှင်းက ပိုတောင်ကြောက်သေးတယ်၊ အဲဒါ ကြောင့် မင်းကလွဲလို့ သူဘယ်သူ့ကိုမှ မချစ်တော့ဘူးဆိုတဲ့ အကြောင်းကို ဒိ်လုံအောင် ဟောဒီတိပ်ခွေမှာ အသံသွင်းပေးခဲ့တာပေါ့ကွ၊ အာခြောက်တယ် ဘွာ ပေးစမ်းရေနွေးအိုး'

ကျွန်တော်က သားစစ်လက်ထဲမှ ရေနွေးအိုးကိုလှမ်းယူလိုက်ရင်း. . .



www.burmeseclassic.com

'အား. . . ပါး. . . ပါး. . . ရေနွေးအိုးကြီးက ပူလှချည်လား မင်းလက် မပူဘူးလား

'သားစစ်က သူ့လက်နှစ်ဖက်ကိုဖြန့်၍ ငုံ့ကြည့်ရင်း. . .

'အင်း. . . အဲ. . . အခုမှ ပူသလိုလိုပဲ'

'ဟဲ. . . ဟဲ. . . သားစစ် မင်းခေါင်းထဲမှာ စဉ်းစားဉာဏ်တွေ မရှိတော့ဘူး အချစ်တွေနဲ့ပြည့်နေပြီ ဟဲ ဟဲ၊ ပူလို့ပူမှန်းမသိရင်လည်း မောလို့ မောမှန်း သိမှာမဟုတ်တော့ဘူး အပြန်အတက်လမ်းကြီးကို မင်းနင်းပေတော့ ငါနောက်က ထိုင်လိုက်ခဲ့မယ် ပြန်ကြစို့ ဟဲ ဟဲ'

ကျွန်တော်သည် အပြန်ခရီးအတွက် သားစစ်ကို အပိုင်ချည်ပြီး ဖြစ်သွားသဖြင့် ပျော်ရွှင်စွာရယ်မောရင်း ယောင်ယမ်း၍ လက်ကြားရှိ စီးကရက်တိုကို လက်ဖြင့်'တောက်' ၍ နောက်သို့လွှင့်ပစ်လိုက်ရာ. . .

'ဟော. . . တော့'

'ဟဲ့. . . ဘာကြီးလဲ'

ဟူသောအသံများ နောက်က ထွက်ပေါ်လာသဖြင့်၊ လှည့်ကြည့် လိုက်ရာ ပြာကျသွားမတတ် ထိုးထားသော မျက်စောင်းပိုင်ရှင် သင်းသင်း အောင်ကို တွေ့လိုက်ရသလို သူ့စားပွဲပေါ်ရှိ ခရင်(Cream) များသုတ်လိမ်း ထားသော ကိတ်မုန့်ပန်းကန်ကြီးအတွင်းရှိ ကိတ်မုန့်ပေါ်တွင်တော့ ကျွန်တော် ပစ်လိုက်သော စီးကရက်တိုက ရောက်ရှိနေရာယူပြီးဖြစ်နေသည်ကို တွေ့လိုက် ရသဖြင့်. . .

'ဟာ. . . မ. . . မတော်လို့ပါ။ ယောင်သွားလို့ပါ တောင်းပန်ပါတယ်'

ကျွန်တော်ပြောဆိုတောင်းပန်ပါသော်လည်း တစ်ယောက်မှ ကျွန်တော့်ကို လှည့်မကြည့်ဘဲနေသဖြင့် ခေါင်းငုံ့ကာ အောင်မြင်စွာ ဆုတ်ခွာ လာခဲ့ရလေတော့သည်။

♣ ♣ ♣



(၇)

'မင်းတို့မြန်မာစာအသင်းက ဘောသမားတွေက ဘောလုံးဆိုတာ ဘလုံးလား အပြားလားမသိဘဲနဲ့ မေဂျာပွဲမှာ အနိုင်ရမယ်လို့ပြောတာ ကတော့ ဘွာ နည်းနည်းမှကို အရှက်မရှိတာဘဲ'

ကျွန်တော်တို့ဗိုလ်သိန်းဆောင်၏ ထမင်းစားဆောင်ဖြစ်သည့် 'ပန်ထွာ' ခန်းမထဲသို့ ကျွန်တော်ဝင်ဝင်ခြင်းကြားလိုက်ရသည့် ငြင်းခုန်သံကြောင့် မောင်ချစ်ဟု အမည်ရသော ချစ်အောင်နှင့် မျိုးထွန်းခေါ် ထွန်းထွန်းတို့ နှစ်ယောက်ကို ကြည့်၍ သူတို့စားပွဲနားသွားလိုက်ရင်း. . .

'ကဲ. . . ကဲ. . . အကြီးကောင်လည်း တော်၊ အငယ်ကောင်လည်း တော်ကြတော့၊ မိဘကတော့ ကိုယ့်သားသမီးတွေ ပညာတတ်ကြီးတွေ ဖြစ်ပါ စေတော့ဆိုပြီး ကောလိပ်ကိုပို့ထားရတာ လွယ်တယ်မှတ်နေလား'

ထွန်းထွန်းက ကျွန်တော့်ကို လှည့်ကြည့်ရင်း. . .

'မင်းဘာသိလို့လဲ ထင်ကြီးရဲ့၊ ဒီကောင်က အခုညနေ မေဂျာလိုက် ဘောလုံးပွဲမှာ သူတို့မြန်မာစာအသင်းက နိုင်မယ်တဲ့၊ မင်းလည်း မြန်မာစာတ ဘောလုံးသမားတွေရဲ့ခြေကိုလည်း သိရဲ့သားနဲ့ ဒီကောင့် သဘောပေါက်အောင် ပြောပြလိုက်စမ်းပါကွာ၊

ဒါနဲ့ မင်း အမဲသားမစားဘူး မဟုတ်လား၊ ဘာဥပဲရမယ်၊ ပေး. . .



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ထမင်းစားကဒ် ငါသွားယူပေးမယ်. ခင်းက နီကောင့်ကို သဘော ပေါက်သွားအောင် ကောင်းကောင်းလက်ချာ(Lecture) ပေးလိုက်စမ်းပါ'

ကျွန်တော်က ထမင်းစားကဒ်ကို ထွင့်ထွင့်အားပေးလိုက်ပြီး ပခုံး တစ်ချက်တွန့်ကာ မောင်ချစ်ရှေ့တွင် ဝင်ထိုင်လိုက်သည်။

'ဒီမှာ မောင်ချစ်ရဲ့ မင်းတို့မြန်မာစာအသင်းရဲ့ အပြေးလေ့ကျင့် ခန်းကတော့ တစ်ကျောင်းလုံးက စံပြုလောက်ပါပေရဲ့' ကျောင်းခေါ်ကြိမ် ခုနစ် ဆယ့်ငါးရာခိုင်နှုန်း မပြည့်လို့ မြန်မာစာဌာနမှူးရဲ့ ခေါ်ယူသတိပေးခြင်းကို အကြိမ်ကြိမ်ခံရသလို ရှေ့တန်းတိုက်စစ်မှူး အောင်မြင့်ခိုင်ရဲ့ ညာခြေမှာ(ဝဲ) တွေနဲ့ အလယ်တန်းလူ ကြည်အောင်ရဲ့ ဘယ်ပေါင်မှာ(ပွေး) ကွက်တွေနဲ့ နောက်ဆုံး ဂိုးသမား နိုင်နိုင်ရဲ့ ခြေသလုံးမွေးဟာ လေးသက်မနဲ့ ခြောက်စိတ် တိတိ ရှည်တဲ့အတွက်ကြောင့် မင်းတို့မြန်မာစာအသင်းဟာ လုံးဝခြေမပေါ်ဘူး'

'ဟင်. . . ယောက္ခမသား မင်းတို့အသင်းကရော ပွေး၊ ညှင်း၊ ခရုသင်း ကင်းလို့လား'

ကျွန်တော်က မောင်ချစ်ရှေ့ရှိ ဟောလစ်ပုလင်းထဲမှ ငါးပိကြော်ကို နှိုက်ယူရန်အတွက် ပုလင်းကိုဆွဲယူလိုက်ရင်း. . .

'ဒီမှာ မောင်ချစ်အောင်ရဲ့၊ မင်းက မြန်မာစာမေဂျာကဆိုတော့ ပါဠိလိုပဲ ပြောပြမယ်၊ တောထဲမှာ ဗျဂ္ဃ၊ ကောလိပ်မှာ သတ္တတဲ့ကွ မှတ်ထား ငါ့ရည်းစားလောင်း သင်းသင်းအောင်တို့ မေဂျာ သတ္တအသင်းကပဲ နိုင်လိမ့်မယ် လို့ တွဲ အသင်မောင်ချစ်အောင်သည် ဂဏှာဟိ မှတ်လေလော့ ဟင်း ဟင်း ဟင်း'

'ရော. . . ဒီမှာ မင်းအတွက် ဟင်း'

ပြောပြောဆိုဆို ထွင့်ထွင့်သည် ဘဲဥပန်းကန်းကို ထိုးပေးရင်း ထွက်ခွာသွားသည်။

'ဟာ. . . ဘဲဥကလည်း တစ်ခြမ်းတည်းပါလား'

ကျွန်တော်က ဟင်းပန်းကန်ကို ငုံ့ကြည့်ရင်း မောင်ချစ်ကိုပြလိုက် သည်။





မောင်ချစ်က သူ့ငါးပိကြော်ပုလင်းကို အလျှင်အမြန်သိမ်းလိုက် ရင်း. . .

'အေး. . . မင်းက 'မာမီ' ကျော်ပြီး 'အန်တီ' ဆိုတဲ့ သတ္တဗေဒဘက် က လွမ်းတဲ့အကောင်ဆိုတော့ တစ်ခြမ်းထဲဥသော ဘဲဥအကြောင်းကို စာတမ်း ပြုပြီး တင်ပေါ့ကွာ၊

အဲဒါ မင်းတစ်ခါတည်းနဲ့ ပါမောက္ခ ဘွဲ့ထူးရသွားမယ်၊ ငါတော့ ငါးပိလောကအကြောင်း စာတမ်းပြုစုချင်လို့ ငါးပိကြော်ပုလင်းကိုယူသွားပြီဟေ့ ဘာ'

ကျွန်တော်သည် ခွက်ထဲရှိ တစ်ခြမ်းတည်းသော ဘဲဥလေးအား ဂေါ် ထောင်ပေါင်းများစွာရှိသော စိန်ရိုင်းဟုံးကြီးအား မှန်ဘီလူးဖြင့် အသေ အချာကြည့်ရှုနေသော စိန်ကုန်သည်ကဲ့သို့ အနုလုံ ပဋိလုံကြည့်ရှုရင်း. . .

'အို. . . တစ်ခြမ်းတည်းသော အသင်ဘဲဥလေး၊ သင့်ဘဝကားဆိုး လေစွတကား၊ သင်သည် မိခင် ဘဲမကြီးဖင်မှ 'ဖွတ်' ခနဲ ထွက်ပြီးသကာလ ည်းရည် ဓိမ်ခြင်းကို ခံခဲ့ရပေသည်'

ထို့နောက် ရေနွေးပွက်ပွက်ဆူထဲသို့ ထည့်ပြုတ်ခြင်း ခံရရုံမျှ မက သေး ဓားသက်ထက်ဖြင့် တစ်ခြမ်းယိုးခြင်း ခံရ. . . ခံရ. . . ဟာ. . . ဒါ. . . ဒါ. . . ဓါးရာ မဟုတ်ဘူး၊ သွားရာကြီး. . . သွားရာကြီး၊ သွားနဲ့ ကိုက်ဖဲ့ထားတာ လောက် အောက်တန်းကျတဲ့ စားဖိုမှူးကတော့လားကွာ အလုပ်ပြုတ်အောင်ကို င်ပစ်မယ်'

ဒေါသအမျက်ချောင်းချောင်းထွက်လျက် ကျွန်တော်သည် စားဖိုမှူးကို ကြည့်လိုက်ရာ စားဖိုမှူးက ဘယ်အချိန်ကတည်းက ကျွန်တော့်ကို ကြည့် နေမှန်းမသိ လှမ်းအော်လိုက်သည်။

'မောင်ထင်ကြီး ငါ့ကိုမကြည့်နဲ့ ငါနဲ့ဘာမှမပတ်သက်ဘူး၊ ငါတို့က ထမင်းလာမစားတဲ့သူကို ဘဲဥပြုတ်တစ်လုံးပေးတယ်၊ ငါ့ရှေ့မှာတင် ထွင့်ထွင့် က ဘဲဥကိုအခွံခွာပြီး တစ်ခြမ်းကိုကိုက်စားသွားတာ'

ကျွန်တော်သည် စားဖိုမှူးကြီးကို သွားဖြီးပြလိုက်ရင်း စိတ်ထဲမှ. . .



www.burmeseclassic.com

www.burmeseclassic.com



'တောက်. . . ယောက္ခမသားတွေ ဒါ တမင်ငါ့ကို ရိုက်စားလုပ်သွားတာ လုပ်ရက်ပါပေ့ကွာ ငါ့မှာတော့ ပိုက်ဆံတစ်ပြားမှမရှိလို့ အဆောင်ထမင်းကို အားခဲပြီးလာစားရတာ ဟင်း. . . ဘဲဥက တစ်ခြမ်းပဲ၊ ဟင်းချိုက မုန်ရောင် ထမင်းက မာမာတောင်ကို သည်းမောင်ဘယ်နှယ့် ဝါးရပါ့မယ်'

ထိုစဉ် ကျွန်တော်၏တစ်ခြမ်းတည်းသော ဘဲဥကလေးအား လက်ကြီး တစ်ဖက်က လာရောက်နှိုက်ယူလိုက်၍ အလန့်တကြား ကျွန်တော်တားလိုက်ရ သော်လည်း. . .

'သားစစ်. . . သားစစ်. . . မလုပ်နဲ့. . . မလုပ်နဲ့၊ ဟာ. . . ငတ်ပါပြီ ကွာ'

သားစစ်က ဘဲဥတစ်ခြမ်းအား ပလုပ်ပလောင်းဝါးရင်း. . .

'ဘာဖြစ်လို့လဲဟ အလန့်တကြားနဲ့၊ ဒီနေ့ မင်း. . . နိုင်လာလို့ ဝေသန္တရာ လုပ်ပြီး ဘဲဥတစ်ခြမ်းတောင် ထွင့်ထွင့်ကိုကျွေးလိုက်သေးတယ်ဆို ငါ့တွေ့မှ မသထာတော့ဘူးလား ရှလွတ်'

'မင်းကို ဘယ်သူပြောလဲ. . .'

'ထွင့်ထွင့်နဲ့ မောင်ချစ်ကပြောတာ၊ ငါ့ကိုတောင်မှ စားချင်ရင် မြန်မြန်သွားစားလို့တောင် အတင်းတိုက်တွန်းနေလို့ ငါလည်းအားနာနာနဲ့ လာစားရတာ'

ကျွန်တော်သည် ကိုယ့်နဖူးကိုယ်ရိုက်ရင်း. . .

'ကောင်းကြပါပေတယ် ခင်ဗျာ. . . ကောင်းကြပါပေရဲ့. . . ဟိုနှစ် ယောက်က ရိုက်စား. . . ကျန်တစ်ယောက်က နှိုက်စား. . . ကျွန်တော့ မောင်ထင်ကြီးမှာ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဘဝပါ ခင်ဗျာ. . .'

သားစစ်က သူ့လက်တွင်ပေနေသော ဘဲဥ အစအနများကို လျှာဖြင့် လျက်ရင်း. . .

'အင်း. . . ငါထင်တော့ ထင်သားပဲ'

'မင်းက ဘာထင်တာလဲ၊ ဟိုနှစ်ကောင် ချောက်တွန်းတယ်လို့ ထင် တာလား'





'မဟုတ်ဘူး. . . ဘဲဥက ငံမယ်ထင်တာ၊ ထင်တဲ့အတိုင်းပဲ ဆား နည်းနည်းများသွားတယ်'

'ဟင်. . . ယောက္ခမသား ငါတော့ ငတ်ပါပြီကွ ငတ်ပြီ'

သားစစ်က ဟင်းချိုတစ်ဇွန်း ခပ်သောက်လိုက်ရင်း. . .

'ရှလွတ်. . . မင်းမငတ်အောင် ငါကြံဆောင်ပေးပါ့မယ်ကွာ၊ မငိုပါနဲ့ တိတ် တိတ်'

'ငါ့ကို သနားလို့ မြို့ထဲက ဆိုင်မှာ လိုက်ကျွေးတော့မယ်ပေါ့ သာဓုပါ သာဓု သာဓု'

'ဘယ်ကလာ မင်းကိုလိုက်ကျွေးရမှာလဲ၊ ငါ့မှာတောင် ပိုက်ဆံမရှိလို့ မင်းဆီလာချေးတာကွ၊ ဒီလိုလုပ်ရအောင် တောင်တွင်းလမ်းက အကြော်ဆိုင် တွေဘက် လျှောက်ရအောင်၊ အဲဒီမှာ အသိကျောင်းသူတွေ ရှာပြီး တောရိုက်မယ်'

ကျွန်တော်တို့နှစ်ယောက် တောင်တွင်းကြီးလမ်းဘက်ရှိ အကြော် ဆိုင်ဘက်သို့ လမ်းလျှောက်လာခဲ့သည်။

'ဟော့ကောင် ထင်ကြီး၊ ဟိုမှာ သင်းသင်းအောင်တို့ အဖွဲ့ပါလား ဝိုင်းပြီး အဲဒီကို သွားရအောင်'

'ဟာ. . . မလုပ်နဲ့ကွ၊ ငါမလိုက်ရဲဘူး'

'လာစမ်းပါကွာ မင်းလည်းတစ်ခါတည်းနဲ့ သင်းသင်းအောင်နဲ့လည်း ငါ့ခပ် ငါတို့လည်း ဗိုက်ဝ အဆင်ကိုပြေလို့ လာ လာ ငါကြည့်လုပ်ပြမယ်၊ ငါ့ နောက်ကိုသာ ရဲရဲလိုက်ခဲ့'

သားစစ်က ရင်ကော့ ခေါင်းမော့ရင်းသင်းသင်းအောင်တို့ အုပ်စုထိုင် နေသော အကြော်ဆိုင်ဆီသို့ ဦးတည်ပြီးသွားသောကြောင့် ကျွန်တော်လည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် သူ့နောက်က လိုက်သွားမိသည်။

တောင်တွင်းကြီးသို့သွားသော ကားလမ်းဘေး ကုက္ကိုပင်ကြီးအောက်ရှိ အကြော်ဆိုင်တွင် မြေပြင်ပေါ်၌ဖျာခင်း၍ အပေါ်မှစားပွဲဝိုင်းလေးတင်ထား သော စားဝိုင်းငါးခုရှိသည်။အချိန်စောသေး၍ထင်သည် သင်းသင်းအောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အုပ်စု စားနေသောဝိုင်းမှတစ်ပါး အခြားဝိုင်းများတွင်လူမရှိပါ။

သင်းသင်းအောင်တို့အုပ်စုထဲမှ ပုလင်းဖင်အဝိုင်းအထူကြီးကိုဖြတ်၍ မှန်ကန်လုပ်ထားပုံရသည့် အလွန်ထူထဲသော မျက်မှန်ဒိုင်းကြီးတပ်ဆင်ထားသော မဥမ္မာက ကျွန်တော်တို့ကိုမော့ကြည့်ရင်း. . .

'ဟာ. . . ကိုသားစစ်နဲ့ ကိုထင်ကြီးပါလား အတော်ပဲ လာထိုင်ပါဦး၊ အကြော်စားပါဦး၊ သင်းသင်း သူတို့ထိုင်လို့ရသွားအောင် ဟိုဘက်နည်းနည်း ရွှေ့ပေးလိုက်လေ၊ အဒေါ် အကြော်စုံတစ်ပွဲထပ်ချပေးပါဦး'

မဥမ္မာ၏ ဖော်ရွေပျူငှာစွာခေါ်ယူမှုကြောင့် ခြေလှမ်းတုန့်ကာ ဟန်ချက်မလိုဖြစ်သွားသော သားစစ်၏လက်ကို ကျွန်တော်ကအတင်းဆွဲ၍ ထိုင်ရန်အချက်ပြလိုက်ပြီး ကျွန်တော်ကတော့ သင်းသင်းအောင်၏ဘေးတွင် 'ဇွတ်'ခနဲဝင်ထိုင်ပစ်လိုက်သည်။

သားစစ်ကလည်း ရှောင်ယောင်၍ထိုင်ရင်း. . .

'မဥမ္မာ ဒီနေ့နောက်ဆုံးအချိန် အတန်းတက်ဖြစ်သေးလား'

'ဘယ်တုန်းကကျောင်းပျက်တာတွေ့ဖူးလို့လဲ ဒီနေ့ ကိုသားစစ်ကို အတန်းထဲမှာ မမြင်ပါဘူး'

မဥမ္မာက ပြောပြောဆိုဆိုဖြင့် အသစ်ရောက်လာသော အကြော်ပန်းကန်ကို ကျွန်တော်တို့ရှေ့ထိုးပေးသည်။ သားစစ်က. . .

'အင်း. . . မတက်ဖြစ်လို့ အဲဒီစာကူးချင်လို့'

'ဒီနေ့ အခန်းတစ်ခန်းနီးပါးအပြတ်သင်လိုက်တာ ကူးရမယ့်စာတွေက အများကြီးပဲ ကဲ အကြော်လေးစားကြပါဦး'

သင်းသင်းအောင်က အကြော်တစ်ခုကိုကောက်ယူလိုက်သောကြောင့် ကျွန်တော်တို့ကိုများစားပါဦးဟု ပြော ကပေးမလားမျှော်လင့်ချက်ဖြင့် ရင်ခုန်သွားစဉ် သူမ၏လှပသော လက်ချောင်းလေးများဖြင့်ကိုင်ထားသော နီရဲကြွတ်ရွ နေသည့် ဘူးသီးကြော်လေးကိုအချဉ်ခွက်ထဲသို့နှစ်လိုက်ပြီး ကျွန်တော့်ကိုကြည့် ငြိမ်း ပြုံးပြနေသဖြင့် ကျွန်တော်၏ရင်ခုန်သံကြီး မြည်ဟီးလာလေတော့သည်။

သင်းသင်းအောင်သူမ. . . သူမက ဤကဲ့သို့သောအပေါင်းအသင်း





စုံချိန်ကြီး၌ ကျွန်တော့်ကိုအကြော်ခွံကျွေးတော့မည်။ မှန်တာပြော ချမ်းသာရလိုပါ၏။ ကျွန်တော်ကဲ့သို့သော လူဖိုအူရှိုင်းလေးအဖို့ကတော့ လက်ဖျားခြေဖျားတွေပင် အေးစက်လာပါတော့သည်။

သို့သော်လည်း သူမကဲ့သို့သော ပီဘိအပျိုရိုင်းလေးကပင်လျှင် ဤကဲ့သို့ရဲရင့်စွာဖြင့် အချစ်အတွက် အရှက်ကိုပင်စွန့်လွှတ်ရဲလျှင် ကျွန်တော်ကရော အလွန်ရခဲလှသည့် ယောက်ျားသိက္ခာကြီးကို တစ်စွန်းတစ်စတော့ စွန့်လွှတ်ရဲရပေတော့မည်။

ကဲ. . . သူ့အကြော်စား၍ရဲရပေတော့အံ့ဟု ရင်တွင်းမှာဟစ်ကြွေးရင်း အသာအယာပင်ပါးစပ်ကို 'ဟ' ပေးလိုက်သည်။ ရှက်စိတ်ကြောင့် အချစ်ရည်ရွှမ်းလဲ့နေသည့်ကျွန်တော်၏မျက်ဝန်းအစုံပိတ်မိသွားသည်။ ကုသိုလ်စန်း'လင်' ငယ်ထိပ်အထိတက်နေစဉ် မတော်တဆမာရ်နတ်ဖျက်၍ သူမလက်ကို ကိုက်မိသွားပါက ဖြစ်ပေါ်လာမည့်အရေးတွေးပင်မတွေးချင်သောကြောင့် မျက်စိကိုအသာမှေး၍ကြည့်လိုက်လေသော်. . .

မဥမ္မာတို့အဖျိုတစ်စုသည် 'အောက်မေးသန်စေ လက်မြန်စေ' ဟူသော ဘုန်းကြီးကျောင်းသားတို့၏နည်းဥပဒေသကို တိတိကျကျကြီးလိုက်နာနေသည့်အလား သရဲမရဲစီးသလိုအကြော်များကို နှိုက်ယူစားသောက်နေကြသည်ကို တွေ့မြင်ရသဖြင့် သင်းသင်းအောင်ကိုလှည့်ကြည့်မိသည်။

ကျွန်တော့်နှလုံးသား၏ အလှဘုရားမကလည်း သူ့ခံတွင်းသို့ အကြော်များကို အတင်းသွတ်သွင်းနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရ၍ နှလုံးသည်းပွတ်ကွဲကျေပြုန်းသလို ခံစားမိသော်လည်း အင်တော်ဘေးမှခဏဝေးရန် အတွက် ကျွန်တော်လည်း အကြော်တစ်ခုကို ကောက်ယူမျိုဆို့လိုက်ရပါသည်။

'အဲဒါဆိုရင် မဥမ္မာစာအုပ်ခဏငှားပါ စာကူးချင်လို့. . .'

မဥမ္မာအကြော်ကိုဝါးပင်မဝါးတော့ဘဲ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မျို ချလိုက်ရင်း. . .

'နေ. . . နေ ကိုသားစစ် စာအုပ်သာပေးလိုက် ဥမ္မာကူးပေးမယ်. . .'

သားစစ်က ကျွန်တော့်ကိုခုံအောက်မှ လက်တို့သည်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သဘောပေါက်စွာဖြင့် အကြော်နှစ်ခုပူးကြီးကို ဝါးပစ်လိုက်သည်။

သားစိတ်က ကျွန်တော့်ကိုကြည့်၍ခေါင်းကုတ်ရင်း. . .

'ကျေ. . . ကျေးဇူးတင်ပါတယ် မဥမ္မာရယ်'

ကျေးဇူးတင်စရာမလိုပါဘူး ကိုသားစစ်ရယ် အချင်းချင်းတွေပဲဟာ၊ ဒါနဲ့ ကိုသားစစ်တို့နှစ်ယောက်ကို အကူအညီတစ်ခုတောင်းရဦးမယ်'

မဥမ္မာ၏ စကားကြောင့် ကျွန်တော်ခေါင်းထောင်ကြည့်မိသည်။ မဥမ္မာအကူအညီတောင်းပုံက သားစစ်တစ်ယောက်တည်းမဟုတ် ကျွန်တော်ပါ ပါနေသည်၊ ကိုသားစစ်တို့နှစ်ယောက်ဟူသောအသုံးအနှုန်းက မဥမ္မာ တောင်းမည့် အကူအညီသည် သားစစ်တစ်ယောက်တည်းဖြည့်စွမ်းပေးနိုင်ပုံမရ။

ထိုကြောင့် ကျွန်တော့်ကိုပါစစ်ကူခေါ်ကြောင်း ကျွန်တော် ကောင်းကောင်းကြီးသဘောပေါက်မိသည်။ ထို့ကြောင့် ကျွန်တော်လည်း သင်းသင်းအောင်ကိုလှမ်းကြည့်လိုက်ရင်း ကြီးစွာသောအကြံကိုထုတ်လိုက်သည်။

ဟုတ်ပြီ မဥမ္မာတောင်းသောအကူအညီကို သားစစ်မကူညီနိုင်ချေင်တောင်မှ ကျွန်တော်က ထိုအကူအညီကိုမဖြစ်ဖြစ်အောင်ပေးမည်။ ပြီးချေင်တစ်ဖန်ပြန်၍ မဥမ္မာကိုကျွန်တော်က အကူအညီတစ်ခုပြန်တောင်းမည်။

ကျွန်တော်တောင်းမည့်အကူအညီက သင်းသင်းအောင်နှင့် ကျွန်တော်၊ ကျွန်တော်နှင့်သင်းသင်းအောင် နှစ်ပါးဂဟေဆက်ဖို့အရေး မဥမ္မာက အကူအညီပေး ပေး ပေး ပေး. . . ဟိုက်'

ကိုယ့်အတွေးနှင့်ကိုယ်သဘောကျပြီး ပြုံးရင်း ပေး ပေး ပေးဟု စိတ်ထဲကပြောမိရာ နောက်ဆုံး 'ပေး' တစ်လုံးက ပါးစပ်မှယောင်ပြီးထွက်သွားသဖြင့် အားလုံးက ကျွန်တော့်ကိုဝိုင်းကြည့်ကြသည်။

မဥမ္မာက ရေနွေးတစ်ခွက်ကိုသောက်ရင်းမှ. . .

'ဘာဖြစ်လို့လဲ ဟင် ကိုထင်ကြီး'

ကျွန်တော်ကလဲ အထစ်ထစ် အငေါ့ငေါ့ဖြင့်. . .

'ဟို ဟို အဲ အကအညီပေးမယ်'အေး' လို့ပြောတာ၊ ဟဲဟဲ အကြော်ဘာလည်ပင်းနင်သွားလို့ အေးမဖြစ်ဘဲ'ပေး' ဖြစ်သွားတာ ဟဲဟဲ'





မဥမ္မာက လျှာထုတ်ရင်း. . .

'အကြော်နင်မယ်ဆိုရင် နင်လောက်စရာပဲ ကိုထင်ကြီးရယ်၊ ကျွန်မတို့ အုပ်စုလေ အကြော်လာစားကြတာ၊ အဲ ဟို ဟို ဘယ်သူမှ ပိုက်ဆံပါမလာကြဘူး မေ့ မေ့ပြီးတော့လေ ကျန်နေခဲ့လို့၊ အဲဒါ အသိတစ်ယောက်ယောက်ကို တောင့်နေတာ ပိုက်ဆံခဏချေးချင်လို့'

သားစစ်နဲ့ ကျွန်တော်'ဟိုက်' ခနဲဖြစ်သွားကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

'ကိုသားစစ်တို့ ကိုထင်ကြီးတို့ အကြော်ဖိုးလေးရှင်းလိုက်ပါနော်၊ နောက်မှ ဥမ္မာတို့ပြန်ဆပ်ပါ့မယ် ကူညီပါနော်ကျေးဇူးတင်ပါတယ်'

ပြောပြောဆိုဆိုဖြင့် မဥမ္မာ၊ သင်းသင်းအောင်နှင့် အပေါင်းအပါတစ်စုတို့သည်ထသွားကြလေတော့သည်။

သားစစ်က မျက်လုံးပြူးရင်း. . .

'အောင်မလေး. . . သူတို့တွေစားသွားတာက ခြောက်ပွဲ၊ နောက်ဆုံးနဲ့ ဆိုရင်ခုနစ်ပွဲ၊ တစ်ပွဲတစ်ဆယ်ဆိုတော့ ခုနစ်ဆယ်ကြီးများတောင်'

ကျွန်တော်က ကိုက်လက်စအကြော်ကို ပန်းကန်ထဲပြန်ထည့်ရင်း. .

'သားစစ် ကျက်သရေယုတ်၊ မင်းအကြံဒါအကုန်ပဲလားဟင်. . .၊ အခု ဒီမှာ အကြော်ခုနစ်ပွဲဖိုးဘယ်လိုရှင်းမှာလဲ'

'ဘယ်လိုရှင်းရမလဲလို့ ငါလည်းဘယ်သိပါ့မလဲ မဥမ္မာက ဒီလောက်သဘောတွေကောင်းနေတော့ ငါလည်းမသင်္ကာတာနဲ့ အခြေအနေမဟန်ဘူးထင်လို့ပြန်ရအောင် မင်းကိုလက်တို့သားပဲ၊ မင်းကငတ်ကြီးကျနေတာကိုး'

'ဟ. . . မင်းလက်တို့တာက ငါ့ကိုစားခိုင်းနေတာလို့ထင်ထားတာကွ'

'မင်းမြင်တဲ့အတိုင်းပဲနော် ငါ အကြော်တစ်ခုကိုမှ လက်နဲ့မထိရသေးဘူး'

'ဒါမျိုးရမလားကွ ဒီအကြံမင်းပေးလို့ မင်းကိုယ်တိုင်ခေါ်ခဲ့လို့ ငါ ဒီနေရာကိုလိုက်လာတာပဲ မင်းရှုံးအောင်ရှင်း. . .'

သားစစ်က သွားကိုဖြဲပြရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲ ထင်ကြီးမင်းအိတ်ကပ်ထဲကို ငါမြင်နေရတယ်'

ကျွန်တော်က ဒေါသဖြင့် အိတ်ကပ်ထဲရှိသမျှ အကုန်ထုတ်လိုက်ရင်း . . .

'မင်းဘာမြင်တာလဲ ဟောဒီကျောင်းသားကဒ်နဲ့ ကျပ်တန်အနွမ်းလေး တစ်ရွက်တည်းပါတယ်ကွ'

'ဟဲဟဲ အဲဒီကျောင်းသားကဒ်ကိုပြောတာကွ၊ ငါကမင်းမြင်တဲ့အတိုင်း တီရှပ်နဲ့လာတာဆိုတော့ ကျောင်းသားကဒ်မပြောနဲ့ ဘာမှကိုပါမလာခဲ့ဘူး၊ အဲဒီတော့ မင်းကျောင်းသားကဒ်ကလေးကိုခဏလောက်ထားခဲ့ကွာနော် နော်လို့'

ကျွန်တော်တို့နှစ်ဦး၏ အော်ကြီးဟစ်ကျယ်အငြင်းပွားမှုကြောင့် ကျွန်တော်တို့ကိုအကဲခတ်နေသည့် အကြော်ရောင်းသည့်အဒေါ်ကြီးကလည်း. . .

'ငါတို့လည်း ဝက်လိုအကြော်ရောင်းစားနေရတာပါ ကွယ်၊ အဲဒီလို တော့ မလုပ်ကြပါနဲ့ ပါရင်လည်းပေးခဲ့ကြပါ၊ ဟောဒီမှာကပ်ထားတဲ့စာလေး ကိုလည်း ဖတ်ကြည့်ကြပါဦးကွယ်တို့'

ကျွန်တော်တို့နှစ်ဦး ပြိုင်တူဖတ်လိုက်ကြသည်။

'ယမန့်ရောင်းရငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည်'တဲ့။

♣ ♣ ♣



(၈)

ကျွန်တော်ပြောသမျှကို သဘောကျစွာဖြင့် မျက်မေါက်ကျင်းကျင်း လေး ပိတ်လုမတတ်ရယ်မောနေသူကတော့ မချိုဖြစ်သည်။

မချိုက အောင်လံသူ တရုတ်မလေးဖြစ်၍ ယခုနောက်ဆုံးနှစ် ရောက်သည့်တိုင်အောင် တစ်နှစ်တစ်တန်းနှုန်းဖြင့် အောင်မြင်ခဲ့သူဖြစ်သော ကြောင့် အသက်ငယ်သလို လူပုံကလည်း သေးသေးသွယ်သွယ်၊ အရပ်က လည်း ငါးပေပင်မရှိ၍ ကျွန်တော်တို့နှင့်ယှဉ်လိုက်လျှင် တကယ့်ကိုကလေးငယ် လေး အတိုင်းပင်။

မချိုက ကျွန်တော်တို့အုပ်စုနှင့်မေဂျာမတူသော်လည်း ကျွန်တော် တို့အုပ်စုထဲမှ အငယ်ဆုံးဖြစ်သည့် ထွန်းထွန်းနှင့်မေဂျာတူသလို ချက်(စ်)(ခုနှ) ကစားရာ၌လည်း ဝါသနာတူမေဂျာလက်ရွေးစဉ်များဖြစ်၍ ထွန်းထွန်းနှင့်ပေါင်း ရင်း ကျွန်တော်တို့တစ်အုပ်စုလုံးနှင့် ပြောမနာဆိုမနာ ရင်းနှီးသောကြောင့် ကျွန်တော်တို့အုပ်စုက မချိုကို တစ်ဦးတည်းသောညီမလေးအဖြစ် အားလုံးက သဘောထားကြသည်။

ယခုလည်း မြို့ကြီးသားလက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ကျွန်တော် ပြောပြနေသော အကြော်ဆိုင်မှ စာတမ်းကိုသဘောကျစွာဖြင့် ရယ်နေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မနေ့က အကြော်အကြွေးတွေဆပ်ခဲ့ရတော့ ဒီနေ့မနက်စာစားဖို့ ပိုက်ဆံမရှိတော့ဘူး မဟုတ်လားကိုထင်ကြီး'

ကျွန်တော်က ခေါင်းညိတ်လိုက်ရင်း. . .

'ညီမလေးက သဘောပေါက်လွယ်သားပဲ ဟဲဟဲ'

မချိုတာ သူ့လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကိုယူရန်အလုပ် ကိုကြီးကျော်က မချိုကိုတားလိုက်ရင်း. . .

'နေနေညီမလေး ဒီနေ့အားလုံးစားတာတွေကို ကိုကြီးကျော်ရှင်းမှာ'

ကိုကျော်ဝင်းက ရဲဝံ့ပြတ်သားစွာပြောလိုက်သောကြောင့် မောင်တာက ဆေးလိပ်ခွက်ထဲမှ လက်ကျန်ဒူးယားနှစ်လိပ်ကို ကောက်ယူလိုက်ရင်း. . .

'ဘာလဲ ညကခင်ဗျားနိုင်လာလို့လား'

ကိုကျော်ဝင်းက မောင်တာလက်ထဲမှ ဒူးယားနှစ်လိပ်ကိုပြန်ယူ၍ ခွက်အတွင်းပြန်ထည့်လိုက်ပြီး. . .

'ငါမှ ဖဲမကစားတတ်တာ'

ကျွန်တော်က ဒူးယားတစ်လိပ်ကိုလှယူ၍ မီးညှိလိုက်ရင်း. . .

'ဘာလဲ ခင်ဗျား စတိုင်ပင် ရလာလို့လား'

မျောက်အား ငပိဖြင့်တို့လျှင်မည်ကဲ့သို့ဖြစ်တတ်သည်ကို မမြင်ဖူးသော်လည်း ကိုကျော်ဝင်းခေါ် ကိုကြီးကျော်၏ ယခုအမူအရာကို မြင်ရုံဖြင့် ရိပ်မိနိုင်ပါသည်။

'ကိုကြီးကျော်လို နှစ်နှစ်ကိုတစ်တန်းနှုန်းနဲ့ကျောင်းတက်တဲ့သူကို စတိုင်ပင်ပေးလို့ကတော့ကွာ ပညာရေးဌာနကြီး ဒေဝါလီခံသွားရလိမ့်မယ် ဆိုတာ သိရဲ့သားနဲ့ မင်းကမေးနေပြန်ပြီ၊ ကဲကဲ ကိုကြီးကျော် ဘာကြောင့်များ ကျွန်တော်တို့အုပ်စုကိုသဒ္ဒါပေါက်ပြီး လာရောက်လှူဒါန်းရကြောင်းကိုရှင်းပြမှ ကျွန်တော်တို့လည်း သာဓုခေါ်လို့ရမှာပေါ့ဗျ ပြောပါဦး အကြောင်းလေးကို'

မောင်ချစ်က အချွန်နဲ့မပြီး နှမ်းဖြူးလိုက်ရာ ကိုကျော်ဝင်းက'ဟင်း' ခနဲသက်ပြင်းရှည်ကြီးကိုချ၍ ဆိုင်မျက်နှာကြက်ပေါ်ရှိ ကျပ်ခိုးများနှင့် ပင့်ကူအိမ်များကိုမော့ကြည့်နေသည်။ ထို့နောက် သူ့မျက်နှာကြီးသည် အရှေ့ပုဗ္ဗာစွန်





ဒွန်းသစ်စအရုဏ်ဦးကဲ့သို့ အရောင်မျိုးစုံပြောင်း၍ တဖြည်းဖြည်း ဝင်းပလာသည်။

အားလုံးကစိတ်ဝင်တစားဖြင့် ကိုကြီးကျော်ပြောမည့်စကားကို စောင့်နေကြစဉ် ထွန်းထွန်းက မချို၏နားဝသို့ကပ်ပြီး လေသံတိုးတိုးဖြင့်. . .

'မချို ဒီလူကြီးပုံကြည့်ရတာ ဆေးရုံလိုက်တင်ပေးရတော့မယ်ထင်တယ် လူကြီးတွေထဲ ငါတို့ကလေးတွေဝင်ပါဖို့မသင့်ဘူး လာ လာ မင်းနဲ့ငါ ဟိုဟာဟော အခန်းလွတ်ထဲမှာ ချက်(စ်)သွားကစားရအောင်'

ပြောပြောဆိုဆိုဖြင့် မျိုးထွန်းက မချို၏လွယ်အိတ်ကိုဆွဲ၍ထိုင်ခုံမှ ထရင်း. . .

'ကျေးဇူးတင်ပါတယ် ကိုကြီးကျော် ဘာကြောင့်တိုက်တိုက် ခင်ဗျား ကျွေးတဲ့လက်ဖက်ရည်ကိုသောက်ရလို့ ကျေးဇူးတင်ပါတယ်၊ အချိန်မရှိလို့ နောက်နဲ့မချို လက်ချာနဟာကိုပြေးလိုက်ဦးမယ်၊ ကျန်တဲ့ပရိသတ်ကလည်း ဒီပွဲရင်လာရောက်ဆက်သွယ်နိုင်ပါတယ် သွားပြီဗျို့. . .'

ပြောပြောဆိုဆိုဖြင့် ထွန်းထွန်းနှင့် မချိုတို့နှစ်ယောက် ဆိုင်ထဲမှ ထွက်သွားသည်။

သို့သော်လည်း ဤအချင်းအရာကို ကိုကြီးကျော်က ဂရုစိုက်ပုံမရဘဲ နှင့်ယန်းလျက်ခဲများအမှုန့်ကြိတ်၍ ပျားရည်နှင့် သုံးခွက်တစ်ခွက်တင် သောက်ထားသူကဲ့သို့ ပြုံးချိုချိုမျက်နှာပေးကြီးဖြင့် ကျွန်တော်တို့ အားလုံး ကို ယောက်စီလိုက်ကြည့်နေပြန်သဖြင့် ကျွန်တော်တို့အားလုံး ဘာလုပ်ရမည်ဘဲကြောင်ပြီးတော့ ကိုကြီးကျော်ကိုကြည့်နေစဉ် မောင်တာက ကော်တို့ အေးမှဖြတ်သွားသောစားပွဲထိုးကို. . .

'ဟေ့. . . လက်ဖက်ရည်ချိုဆိမ့်တစ်ခွက် စမူဆာတစ်ပွဲနဲ့ ဒူးယား မြန်မြန်ယူခဲ့'

လှမ်းမှာလိုက်မှ ကိုကြီးကျော်လည်း အလန့်တကြားဖြင့် သတိဝင် လာ. . .

'ဟောကောင်. . . ဟော့ကောင်. . . အခုမှာတာ မင်းဟာမင်းရှင်း၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့မဆိုင်ဘူးနော်'

'ဘာလို့မဆိုင်ရမှာလဲ ပြုံးတလည်လည်မျက်နှာပေးကြီးနဲ့ ဟိုကြည့် ဒီကြည့်လုပ်နေတဲ့ ခင်ဗျားမျက်နှာကို မြင်ရတာနဲ့ ဗိုက်ကပြန်ဆာလာ အခုမှာထားတာတွေစားပြီးတဲ့အထိ အကြောင်းပြချက်ကိုမပြောသေး အဲဒီလိုကြီး ပြုံးတလည်လည်လုပ်နေဦးမယ်ဆိုရင် ဟိုဘက်ဆိုင်က ထမင်းချိုင့် မှာစားရလိမ့်မယ်. . .'

'အေးပါ အေးပါ ပြောပါမယ်၊ ပြောမလို့ဟာ ငါရင်ထဲမှာ ကျေနပ် ဝမ်းမြောက် ပီတိဖြစ်မှုတွေပြည့်လျှမ်းနေတော့ တော်တော်နဲ့ပြောမထွက်လို့ပါကွ အခုမနက်က ငါ ငါ့စာတစ်စောင်ရတယ်၊ ရွာကငါ့ကောင်မလေးက ငါ့ အပြေပေးလိုက်တာဗျား. . .၊ ငါ့ကို ငါ့ကို သူသိပ်ချစ်ပါတယ်တဲ့ ငါမရှိ တောင် သူမနေတတ်တော့ပါဘူးတဲ့ဗျား. . . . ဟား. . . ဟား'

အဆောင်မှာနေတိုင်း ကြက်. ဂက်၊ ဆိတ်၊ ငါး၊ အမဲဆီပြန်ဟင်းပြ နေ့တိုင်းထမင်းကျွေးတော့ပြည့်ဟူသော သတင်းကြီးကိုကြားလိုက်ရသည့်အလ ကျွန်တော်တို့အားလုံးအံ့ဩမှင်သက်ကာ ငေါင်ဆိုင်သွားကြသည်။

သံပုရာသီးသွားကြားညှပ်နေသောဘီလူးပုံနှင့် ချွတ်စွတ်တူသော အရွယ်တော်အလွန်ဟိုင်း၍ နားသယ်တွင်ဆံဖြူဝိုင်းနေသော ဘကြီးတော ကြီးမားကြီးကို ဆေးပေးမီးယူ ခြေဆုပ်လက်နယ်ပြုချင်သူပေါ်ပေါက်ကြော နားရှိလို့သာကြားရသည်၊ ဘယ်လိုဘယ်ပုံမှ မယုံနိုင်၍ ကျွန်တော်တို့အ အလွန်အံ့ဩစွာဖြင့် ကိုကြီးကျော်ကိုငေးကြည့်နေမိကြသည်။

'ဟော့. . . ချာတိတ် ဘယ်လောက်ကျသလဲကွက်ကွာ'

ဟုပြောရင်း ဂုဏ်ယူဝံ့ကြွားစွာဖြင့် ဒူးနှံ့နေသော ကိုကြီးကျော်ကိုကြ ၍ သန့်ဇင်က မယုံသင်္ကာစွာဖြင့်. . .

'မယုံဘူးဗျာ အဲဒီစာကိုပြ၊ စာပြမှယုံမယ်'

ကိုကြီးကျော်က အပြုံးကိုလုံးဝမလျှော့ဘဲ ပခုံးတွန့်ပြရင်းပိုက်ဆံ ကို ရေတွက်နေသဖြင့် ကျွန်တော်တို့အားလုံးကလည်း. . .

'ဟုတ်သားပဲ ကိုကြီးကျော်ရဲ့စာပြလေဗျာ ဖတ်ကြည့်ရအောင်'





ကိုကြီးကျော်၏ မျက်နှာပြင်ပေါ်တွင် အပြုံးများပျောက်တွယ်၍ အမုန်း တရား၏သင်္ကေတများပေါ်လာသည်၊ ခြေမလောက်နီးနီးကြီးသော မျက်ခုံးမွေး မည်းမည်းကြီးများတွန့်လိန်သွားပြီး ဒေါသရောင်တလက်လက်ဖြင့် ဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့်ကျွန်တော်တို့ကိုကြည့်ရင်း. . .

'ငါတို့ရွာက ငါကြိုက်လို့ ငါလှုပ်ရှားနေတဲ့ကောင်မလေးရဲ့ဓာတ်ပုံကို င်းတို့ကို ငါပြဖူးသားပဲ'

'ခင်ဗျားပြတဲ့ပုံက အလှူလှည့်တုန်းမှာ ကွမ်းတောင်ပန်းတောင်ကိုင် တွေ ဘန်းစီသွားနေတဲ့ပုံကြီးပဲ'

'အေးလေကွာ ရှေ့ဆုံးကအလှဆုံးကောင်မလေးပုံကို ငါသေသေ ချာချာ လက်နဲ့ထောက်ပြီးပြခဲ့သားပဲ'

'အဲဒီကောင်မလေးက အခုမှပုခက်ထဲကနိုးလာသလားမှတ်ရတယ် ကြည့်ရတာတကယ့်ကလေးလေးပဲ မှတ်ပုံတင်တောင်မလုပ်ရသေးဘူးထင် တယ်'

ကိုကြီးကျော်က 'ဝုန်း' ခနဲမတ်တပ်ရပ်လိုက်ရင်း. . .

'တော် တော် မင်းတို့အားလုံးငါ့ကိုမနာလိုနေကြတာ၊ ကိုယ့်သူငယ်ချင်း တစ်ယောက်က ငယ်ငယ်ချောချောလှလှလေးတစ်ယောက်နဲ့ ရည်းစားဖြစ်တာ ကို မနာလိုနေကြတာ၊ ရှင်းရှင်းပဲပြောမယ် မနက်ကငါ့ဆီကိုစာလာတယ် ငါ့ ကောင်မလေးဆီကစာ၊ ငါမေတ္တာကိုလက်ခံကြောင်းပြန်ရေးလိုက်တဲ့စာပဲ ပေမယ့်မင်းတို့ကိုပြလို့မဖြစ်ဘူး၊ ဘာကြောင့်ပြလို့မဖြစ်ရသလဲဆိုတာကို မေးကြနဲ့၊ စာကိုမမြင်ရလို့မင်းတို့မယုံရင်ဲ အခုလက်ဖက်ရည်ဖိုးတွေ ငါမရှင်း ဘဲ နေရုံပဲ'

'ဟာ ယုံတယ်၊ လုံးဝယုံတယ်၊ အမှန်အကန်ယုံတယ်၊ တကယ်ယုံပါ တယ်'

ပျာပျာသလဲ ကျွန်တော်တို့အုပ်စုက တစ်ခဲနက်ထောက်ခံပြီးနောက် ဆိုင်အတွင်းမှ အသျှင်အမြန်ထွက်ခဲ့ကြသည်။

ကိုကြီးကျော်ကတော့ အတန်းချိန်နီးသောကြောင့် ကျောင်းဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။ ကျွန်တော်တို့အုပ်စုက နေ့လယ်မှာသာ အတန်းရှိသဖြင့် ဘယ်သွား၍ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် မောင်တာက. . .

'ငါကတော့ကွာ လက်ဖက်ရည်ဖိုး သူရှင်းလိုက်လို့သာ ယုံလိုက်ရ တယ် ဒီကိစ္စကို ဘယ်လိုမှအစာမကျေဘူး'

'မင်းက. . . ဘယ်အစာကျေမလဲကွ၊ စမူဆာနှစ်ခုကိုမဝါးဘဲ အထင်ကြီး မျိုချပစ်လိုက်တာကို'

သန့်ဇင်၏စကားကြောင့် မောင်တာက သန့်ဇင်ကိုဆဲနေစဉ် သားစစ်က ဆေးလိပ်ကိုခြေဖြင့်နင်း၍ငြိမ်းရင်း. . .

ငါတို့ရဲ့ သွားကြားသံပုရာသီးညပ်နေတဲ့ 'ကိုယက္ခ'က ဟိုကောင်မလေးကို အကြွေးနဲ့ပဲသိမ်းလိုက်သလား၊ မိဘဆွေမျိုးအားကိုးပြီး ဓားပြတိုက်ယူလိုက်သလား တစ်ခုခုတော့တစ်ခုခုပဲ'

မောင်ချစ်ကခေါင်းညိတ်ရင်း. . .

'အေး. . . ကောင်မလေးကို ငွေကြေးအားကိုး၊ ဆွေမျိုးအားကိုးနဲ့ အတင်း အဓမ္မနှားချကြတာဖြစ်လိမ့်မယ်၊ ဒါကြောင့် ကောင်မလေးကမတတ်သာလို့ ကိုကျော်ဝင်းဆီကိုစာပြန်လိုက်ပုံရတယ်ကွ၊ စာထဲမှာ ပြင်းပြင်းထန်ထန်တော့ ရေးထားလိမ့်မယ်ထင်တယ်၊ ဒါကြောင့်သာ ကိုကြီးကျော်က ငါတို့ကိုစာမပြရဲတာနေမှာ'

'ငါကတော့ ရှင်းရှင်းပဲယုံကိုမယုံဘူး၊ သူ့အကျီအိတ်ကပ်ထဲမှာလည်း ကျောင်းသားကဒ်ကလွဲလို့ ဘာစာမှမပါဘူး၊ အတန်းကလည်း တစ်ချိန်ပဲ တက်ရမှာဆိုပြီး ယူလာတဲ့စာအုပ်ကြားမှာလည်း ပိုက်ဆံတစ်ချို့ညှပ်ထားတာကလွဲလို့ ဘာစာမှမမြင်ပါဘူးကွာ၊ သူ့သေတ္တာထဲရှိမလားတော့ မသိဘူး'

သန့်ဇင်၏စကားကြောင့် ကျွန်တော်အကြံတစ်ခုရသွားပြီး. . .

'သူ့စာကိုဖတ်ရရင် ဟုတ်မဟုတ်အဖြေပေါ်မှာပဲ၊ မင်းတို့ သူ့စာကို ဖတ်ချင်ကြသလား'

အားလုံးကစိတ်ဝင်စားစွာဖြင့် ခေါင်းညိတ်ပြကြသည်။

'ဟုတ်ပြီ ဒါဆိုရင် တို့အထဲကတစ်ယောက်ယောက်က ကိုကြီးကျော်





ဆီကိုသွားကွာ၊ မြို့ထဲသွားစရာရှိလို့ဆိုပြီး သူ့ဆီက စက်ဘီးငှားခဲ့၊ သူစက်ဘီးယူသွားတဲ့ သော့မှာ သူ့သေတ္တာသော့ပါတွဲထားတာ ငါသိတယ်၊ တို့တွေသူ့သေတ္တာကို ဖွင့်ပြီးစာရှာမယ်'

နှစ်ခွန်းပြောစရာမလိုပါ မောင်ချစ်က 'ချာ' ခနဲလှည့်ပြီး ကိုကြီးကျော်၏ အတန်းဘက်သို့ သုတ်ခြေတင်လေတော့သည်။

♠ ♠ ♠

အဆောင်တံခါးများကိုပိတ်၍ ကျွန်တော်တို့အုပ်စုကိုကြီးကျော်၏ သေတ္တာကိုဖွင့်ကာစာကိုအသည်းအသန်ရှာကြလေတော့သည်။ မောင်တာတာ ပုဆိုးခေါက်အောက်မှစာကို ယူလိုက်ရင်း. . .

'တွေ့ပြီဟေ့ ဟောဒီမှာစာတစ်စောင်'

မောင်ချစ်က ဖျတ်ခနဲဆွဲယူလိုက်ပြီး ကမန်းကတန်းဖွင့်ဖတ်လိုက်သည်။

'ငကျော် နင်မှာလို့ငွေပို့ရတာများနေပြီ၊ ကြာရင်ငါတို့ အိမ်ပေါ်က ခုန်ဆင်းရတော့မယ် လျှော့သုံးပါ၊ အခုလည်း နွားပိုက်ကလေးရောင်းပြီး ပိုက်ဆံပို့လိုက်တယ် အမေတဲ့'

'ဝါး ဟား ဟား'

ကျွန်တော်တို့အုပ်စု မျက်ရည်ထွက်မတတ် ရယ်လိုက်ရသည်။ သန့်ဇင်က. . .

'အဲဒါပေါ့ကွ မိဘမေတ္တာဟာ ဘယ်လောက်ကြီးတယ်ဆိုတာမေးကြနဲ့ဟေ့၊ အခုလောလောဆယ် နွားပိုက်ကလေးလောက်ကိုကြီးနေပြီ ဟီး ဟီး'

'ဟောဒီမှာ စာတစ်စောင်ဟေ့၊ ဒီတစ်ခါတော့သေချာပါပြီ ပေါင်ဒါနဲ့ကို သင်းနေတာပဲ'

မောင်တာကပြောပြောဆိုဆိုစာကိုဖွင့်ဖတ်လိုက်သည်။

'ကိုဝင်. . . တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ ကိုဝင်းဖြစ်ပါလိမ့်မယ်ကွ၊ ပေးစမ်း ငါဖတ်ပြမယ်'

ပြောပြောဆိုဆိုမောင်ချစ်က စာကိုဖျတ်ခနဲဆွဲယူ၍ ကြည့်ရင်း. . .

'အေးဟာ. . . သူ့စာမှာ 'ဝစ္စပေါက်' တွေမပါဘူးဟ၊ လက်ရေးက လည်း တမှတ်ဟာအတိုင်းပဲ မနည်းဖတ်ယူရဘယ်၊ ငါတော့မဖတ်တတ်ဘူး သင်ကြီးရော မင်းဖတ်'

ကျွန်တော်ကစာကိုယူလိုက်ပြီး. . .

'အဟမ်း ဟမ်း အယ် လက်ရေးကရှယ်ပဲ ဟုတ်ပါ့ဝစ္စပေါက်တွေ မပါဘူး၊ ဒီအတိုင်းပဲဖတ်တော့မယ် သေသေချာချာနားထောင်၊ ကိုဝင် ညီမ သတိရွှေဖြင့် စာရေးလိုက်ပါတယ်'

မောင်တာကဆေးလိပ်ကိုမီးညှိရင်း. . .

'ဘယ်လိုရေတာလဲ တခ်စောင် နှစ်စောင်ဆိုပြီးစာကိုရေတာလား'

မောင်ချစ်က ခေါင်းဟာခေါင်းကို ခေါက်လိုက်ရင်း. . .

'စာရေးတာကိုပြောတာဟ၊ ယင်ကြီးဆက်ဖတ်'

'ကိုဝင်က သိပ်သွေကြီတာပဲ'

'ဘယ်လိုသွေကြီတာလဲ၊ သွေဖိဟာဖြစ်မယ် သေသေချာချာဖတ်စမ်း ပါကွ'

သားစစ်၏အပြောကြောင့် ကျွန်တော် စာကိုသေသေချာချာပြန်ကြည့် ရင်း. . .

'သွေကြီတာလို့ရေးထားတာသေချာတယ်၊ နောက်တစ်ကြောင်း ဆက် ဖတ်ရင် သွေကြီသလား သွေဖိသလားသိရမှာပဲ၊ ကဲ. . . ဆက်ဖတ်မယ်'

သို့သော်လည်း ကျွန်တော်ဆက်မဖတ်ဖြစ်တော့ဘဲ တဟားဟားဖြင့် ရယ်မိနေတော့ရာ သားစစ်ကစာကိုယူ၍ ဖတ်လိုက်သည်။

'ဘယ်ရောက်သွားလဲ၊ အဲ တွေ့ပြီ ကိုဝင်က သိပ်သွေကြီတာပဲ၊ ဟိုတစ်ခါ ချောင်ထဲမှာတွေ့တော့ လှန်ခေါ်တာတောင်လှည့်မကြည့်ဘူးတဲ့ ဝါး ကား'

ကျွန်တော်တို့အားလုံး မျက်ရည်ထွက်အောင် ရယ်နေမိသည်။





မောင်တာက ဆေးလိပ်မီးခိုးသီး၍ တဟွတ်ဟွတ်ရယ်ရင်းမှ. . .

'မိုက်လိုက်တဲ့ ကိုကျော်ဝင်းကွာ ပါးသာရို မျက်တောင်ခပ်မိမယ် မထင်ဘူး၊ အဟွတ် ဟွတ် ဟားဟား. . '

သားစစ်က မျက်ရည်များကိုသုတ်ရင်း. . .

'သဘောကတော့ကွာ ကိုဝင်းက သိပ်သွေကြီတာပဲ၊ ဟိုတစ်ခါ ချောင်းထဲမှာတွေ့တော့ လှမ်းခေါ်တာတောင် လှည့်မကြည့်ဘူးလို့ရေးတာ ဟားဟားဟား အစကတလေးနှစ်ခက်မပါတာနဲ့ အဓိပ္ပါယ်တွေက ဖြစ်ချင်သလို ဖြစ်ကုန်တာ ဟားဟား၊ ငါနှယ်နော် မြန်မာစကားကလည်း သိတဲ့အတိုင်း အခုအ မခံဘူး ဟားဟားဟား၊ ကဲ ဆက်ဖတ်မယ်'

သို့သော်လည်း သားစစ်က ဆက်မဖတ်တော့ဘဲ ခုတင်ပေါ်တက်၍ မှောက်ခုံကြီး တဟားဟားရယ်နေသဖြင့် မောင်ချစ်ကစာကိုယူရင်း. . .

'အရင်က အစ်ကိုမှမတောင်တာ၊ အစ်ကိုတောင်ရင်ညီမပေမှာပေါ့ ဟားဟား၊ အခုဓာတ်ပုံထည့်ပေးလိုက်တယ် ဟားဟားဟား နောက်ထပ် ဓာတ်ပုံပါပေလို့ဟော့'

သန့်ဇင်က ဗိုက်ကိုနှိပ်ရင်း. . .

'အား. . . ဗိုက်ကြောတွေတောင်အောင့်နေပြီ ဟီးဟီး ကိုကျော်ဝင်း အကြောင်းကို ကောင်မလေးကအကုန်သိနေပြီကွ ဟီးဟီး'

ကျွန်တော်က စာကိုပြန်ယူလိုက်ရင်း. . .

'အရင်က အစ်ကိုမှမတောင်းတာ အစ်ကိုတောင်းရင် ညီမပေးမှာပေါ့ အခုဓာတ်ပုံထည့်ပေးလိုက်တယ် အဲဒီလိုရေးတာ မင်းတို့က ဟင်းဟင်း ထဲ ငါဆက်ဖတ်မယ် တစ်ကြောင်းပဲကျန်တော့တယ်'

သို့သော် ကျွန်တော်ဆက်မဖတ်ဖြစ်တော့ဘဲ တဟီးဟီး ရယ်နေမိ ပါတော့သည်၊ ထို့ကြောင့် မောင်တာကယူ၍ ဖော်ဖတ်လိုက်သည်. . .

'ကိုဝင်ကို ညီမချစ်ပါတယ် အခု ကိုဝင်မရှိရင် ညီမ မနေတတ်တော့ ဘူးတဲ့ ဝါးဟားဟား'

'အောင်မလေး ကိုဝင်မရှိရင်ညီမ မနေတတ်တော့ဘူးတဲ့ယား



www.burmeseclassic.com

www.burmeseclassic.com



ဟားဟား၊ ကိုကျော်ဝင်းတော့ပွပြီ ဒီလို မိန်းကလေးမျိုးရှားတယ် သိပ်ရှားတယ် ဘယ်လောက်ရှားသလဲဆိုရင် ကိုကြီးကျော်ရှာ ဒီစာကိုငါတို့ကိုမပြရဲတာသာ ကြည့်ပေတော့ ကဲကဲ စာကို ခြေရာလက်ရာမပျက်ထားလိုက်၊ ရှောမောင်ချစ် သူ့စက်ဘီးသော့ပြန်ပေးလိုက် ဟားဟား'

'ဒီကိစ္စကို ကိုကြီးကျော်လုံးဝမသိစေနဲ့နော်. သိရင်မို့ မီးလောင်လိမ့်မယ်'

'အေးပါ ဒီကိစ္စမှာ ငါတို့အားလုံး တရားခံဖြစ်နေတာပဲကွ ဟားဟား'

♣ ♣ ♣



(၉)

ကျွန်တော်တို့အုပ်စု စာသင်ဆောင်များဘက်ရောက်တော့ နေ့လယ် ခိုင်း အတန်းများပင်ဆင်းပေတော့မည်။ ထို့ကြောင့် သင်းသင်းအောင်၏ ရှုပါအလှကို ဖြူကော့ပြာကာကျအောင် ရှုစားလိုသော ကျွန်တော့်ဆန္ဒကို အားလုံး က အသိအမှတ်ပြု၍ သင်းသင်းအောင်တို့အတန်းရှေ့မှ စောင့်နေကြသည်၊

အခြားအတန်းမှ ဆင်းလာကြသူများကို မောင်တာကစလိုက်သည်၊

'ဟော့ယူ နေစိမ့်တယ်ကွာ လှန်ခေါ်တာတောင် လှည့်မကြည့်ဘူး'

'ဝါး' ခနဲ ကျွန်တော်တို့ရယ်လိုက်ကြသည်။ သန့်ဇင်ကလည်း. . .

'ညီမရေ အစ်ကိုတောင်တာကြာပြီလေ ဓာတ်ပုံပေးတော့၊ အမယ် မာနတွေကြီးနေလိုက်တာ ကိုဝင်မရှိရင် မနေနိုင်မှန်း ဒီကသိပါတယ်'

တဝါးဝါး တဟားဟားဖြင့် ကျွန်တော်တို့အုပ်စု ရယ်မောနေကြသည်၊

'ဒါ မင်းတို့ညက် အကုန်ပဲလား'

ဟူသော မိုးခြိမ်းသံကဲ့သို့ အသံကြီးက ကျွန်တော်တို့နောက်နားမှ ထွက်ပေါ်လာသဖြင့် အားလုံးလှည့်ကြည့်လိုက်ရာ နီရဲသောမျက်နှာနှင့် သက်ထဲတွင်လည်း အုတ်ခဲကျိုးကြီးကိုင်ထားသော ကိုကျော်ဝင်းကိုတွေ့လိုက်ရ ၍ အားလုံးလန့်သွားသည်။

'ဟာ. . . ကိုကြီးကျော်'



www.burmeseclassic.com

www.burmeseclassic.com



'ချေစ်နဲ့ သန့်ဇင် ဒါမင်းတို့နှစ်ယောက် လက်ချက်မဟုတ်လား ပြောစမ်း ဘယ်သူတွေပါသေးလဲ သေဖို့သာပြင်'

ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် ကိုကြီးကျော်လက်ထဲမှ အုတ်ခဲကျိုးကြီးကို လုယူလိုက်ရင်း. . .

'ကိုကြီးကျော် လွှန်မယ် လွှန်မယ် လူတောကြီးထဲဗျာ ပေးစမ်းပါ အဲဒီ အုတ်ခဲကြီး'

သားစင်ကလည်း. . .

'ခင်ဗျားလုပ်ရင်လည်း ခံရမယ့်သူကြီးပါပဲ ကိုကြီးကျော်ရှယ် ရှင်းပြပါရစေဦး'

ကိုကြီးကျော်ငြိမ်သွားစဉ် လက်ထဲမှအုတ်ခဲကျိုးကြီးကို နောက်သို့ ကျွန်တော် လွှင့်ပစ်လိုက်ရာ. . .

'ဒိန်း' ခနဲ စက်ဘီးကိုခဲမှန်သံနှင့်အတူ ကျွန်တော်အံ့အားသင့်ပြီး နောက်သို့လှည့်အကြည့် အတန်းဘေးထောင်ထားသော စက်ဘီးများထဲမှ တစ်စီးကို ခဲမှန်သွားကြောင်းသိလိုက်ရသလို ထိုစက်ဘီးပိုင်ရှင်ကလည်း ခါး ထောက်ရင်း ကျွန်တော့်ကိုစိမ်းစိမ်းကြီးကြည့်နေသည်ကို မြင်လိုက်ရသဖြင့် ခြေဖျားလက်ဖျားများအေးသွားသည်။

စက်ဘီးပိုင်ရှင်က ကျွန်တော့်နှလုံးသားကိုပိုင်စိုးမည့် သခင်မဖြစ်တော်မူသော သင်းသင်းအောင်၊ အတန်းဆင်း၍လာသော သင်းသင်းအောင်၏ရှေ့တွင် သူမ၏စက်ဘီးကို ခဲနှင့်ထုမိသွားပေပြီ ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နှင့်ခဲကိုပြန်ကောက်ရင်း. . .

'ဟာ. . . သင်းသင်းအောင် ငါ ငါ နင့်ကိုမမြင်လို့ပါ. . .'

'ဟိုနေ့က အကြော်ဖိုးတွေမရှင်းလို့ တမင်လုပ်တာမဟုတ်လား၊ ဟောဒီမှာ အကြော်ဖိုးတွေ ရှင့်ကိုပြန်ပေးချင်လွန်းလို့ မနက်ကတည်းက ရှာနေတာ၊ ရော့အကြော်ဖိုးတွေ ယူ ယူ ကျွန်မစက်ဘီးကိုထပ်ပြီး ခဲနဲ့ထုမယ်ဆိုရင်တော့ မော်ကွန်းထိန်းကို တိုင်ရမှာပဲ'

ဖွတ်အတင်းပင် ပိုက်ဆံများကို ကျွန်တော့်လက်ထဲသို့ အတင်း





ထည့်ပေး၍သူ့စက်ဘီးကိုယူကာထွက်သွားသောသင်းသင်းအောင်၏ကျောပြင် ကို အံ့အားသင့်ခြင်းများစွာဖြင့် ကျွန်တော်ကြည့်နေပြီးမှ ဒီဘက်ကိုပြန်လှည့် လိုက်စဉ်. . .

'ဒီအကြောင်း မင်းပေးတာဆို. . .'

ဒေါသဖြစ်နေသော ကိုကျော်ဝင်း၏မျက်နှာကြီးနှင့် မျက်နှာချင်းဆိုင် မိသွား၍. . .

'ဟုတ်တယ်ဗျာ ဟုတ်တယ် ရော့ ဟောဒီမှာ ခဲကြီးထုသာထု အား နာပါနဲ့ သေအောင်သာဆော်ဗျာ ယူစမ်းပါဗျ ကိုကြီးကျော် ဟောဒီခဲကိုယူပြီး ဒီက ငမိုက်သားကို သေအောင်သာထုသတ်လိုက်စမ်းပါဗျာ၊ ကျုပ်ခေါင်းကို ညိုးပေးထားတယ်လေ ချပါ'

စိတ်ညစ်ညစ်ဖြင့် တစ်ခါတည်းသေလည်း အေးတာပဲဟု ဆုံးဖြတ်ပြီး ကိုကြီးကျော်လက်ထဲခဲထည့်ရင်း ကျွန်တော်ခေါင်းငုံ့ထားလိုက်သည်။

'ရှုတ် ရှုပ် ငါမလုပ်ရက်ပါဘူးကွာ အဟင့် ဟင့်'

ကိုကြီးကျော်၏ ရှိုက်သံသဲ့သဲ့ဖုံးလွှမ်းနေသော စကားသံကြောင့် ကျွန်တော်မော့ကြည့်လိုက်တော့ မျက်ရည်စစဖြင့် ငြိုကွဲနေသော ကိုကြီးကျော်၏ မျက်ဝန်းအစုံကိုတွေ့လိုက်ရသဖြင့် ကျွန်တော်အံ့အားသင့်သွားသည်။

အယိုလိုမှ ရုပ်ဆိုးရသည့်အထဲ ကန့်ကလျှဖြင့် မျက်ရည်ကျပြနေသော ကိုကြီးကျော်၏ ဥပမိရုပ်ကိုမြင်ရသောကြောင့် ဆွဲထိုးချင်စိတ်များပင် ပေါက်လာသည်။ သားစစ်က လေသံပျော့ပျော့လေးဖြင့်. . .

'ခင်ဗျားမှာ ရည်းစားရပြီဆိုတော့ ကျွန်တော်တို့လည်း ဝမ်းသာတာပေါ့ဗျာ၊ ဒီကြားထဲ ခင်ဗျားကစာမပြဘူးဆိုတော့ ပိုပြီးတော့ဖတ်ချင်လာတယ်၊ တစ်မျိုးတော့မထင်ပါနဲ့ ကိုကြီးကျော်ရယ် ခင်ဗျားမှာအခက်အခဲတစ်ခုခုတော့ ဖြစ်နေပြီ ဒါကြောင့်ငါတို့ကိုစာမပြရဲတာ၊ ဒီအခက်အခဲတို့ ငါတို့တွေဝိုင်းရှင်းရင် မရနိုင်ဘူးလားဆိုပြီးတော့ပါ၊ တကယ်ပါဗျာ ခင်ဗျားကိုကူညီချစ်လွန်းလို့ ဖတ်မိတာပါ၊ ကိုကြီးကျော်မကျေနပ်ရင် ပေးချင်တဲ့အပြစ်ပေးဗျာ ကျွန်တော်ခံမယ်'

မလုပ်မှန်းသိတော့ သားစစ်တို့ကသိပ်တတ်၊ စိတ်ညစ်ညစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုရာ ဖြစ်စေဆိုပြီး ခေါင်းထိုးပေးလိုက်တာ ကံကောင်းလို့ ဟိုကသာ ဒေါသအလျှောက် ဆော်လိုက်ရင် အခုအချိန်ဆိုဆေးရုံရောက်နေလောက်ပြီ။

မောင်တာက ကျွန်တော့်လက်ထဲမှ ပိုက်ဆံများကိုဆွဲယူရင်း. . .

'လာဗျာ ကိုကြီးကျော် ရွှေလရောင်ဆိုင်မှာသွားပြီး ရင်ဖွင့်ကြရအောင်'

'အေး. . . ကောင်းတယ်'

'ဟုတ်တာပေါ့ ကိုကြီးကျော်ရဲ့အခက်အခဲကို ငါတို့ဖြေရှင်းပေးမှ ဖြစ်မှာပေါ့'

တစ်ယောက်တစ်ပေါက်ဝိုင်းဝန်းထောက်ခံပြီး သွားလိုက်ကြသည်မှာ ကျွန်တော့်ကိုပင်မစောင့်တော့သဖြင့် သူတို့ကိုမီရန်အပြေးလိုက်သွားရသည်။

သင်းသင်းအောင်ရေ တကယ်ဆိုတော့ငါထုတဲ့ခဲဟာ နင့်စက်ဘီးကို မှန်ရုံတင်မကဘူး၊ ငါ့အသည်းနှလုံးကိုပါမှန်တဲ့အကြောင်းကို နင်သိမှ သိပါလေစ။

♣ ♣ ♣



(၁၀)

အထက်မြန်မာပြည် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲကြီးသို့ တစ်နေကုန်သွားရောက်အားပေးကြရင်း ညနေစောင်းသောအခါ ထက်ဖက်ရည်ဆိုင်ထိုင်ရန်ပင် ပိုက်ဆံမရှိသည့် ကျွန်တော်တို့အုပ်စု အဆောင်သို့ပြန်၍ ထမင်းစားအပြီး အခန်းထဲသွားကာ ထမင်းလုံးစီနေကြစဉ် ထွန့်ထွင့်တစ်ယောက် အဆောင်ထဲဝင်လာသဖြင့်. . .

'ဘယ်သွားအလေလိုက်နေတာလဲ ထမင်းစားဆောင်တောင် ပိတ်သွားပြီ'

'မချိုနဲ့ ဘုရားကိုသွားနေတာကွ၊ အပြန်မြို့ထဲမှာ စားခဲ့တယ်'

'တော်တော်အသုံးမကျတဲ့ တပည့်ပဲ၊ စားစရာသောက်စရာတွေတာတောင်မှ ခေါ်ဖော်မရဘူး'

မောင်တာက ကျွန်တော့်ဆေးလိပ်မှမီးကို သူ့ဆေးလိပ်ဖြင့်တို့ယူရင်း. . .

'သူများသမီးရည်းစား လွတ်လွတ်လပ်လပ်သွားတဲ့ဟာ မင်းကကြားထဲက ဘာလိုက်လုပ်ချင်လို့လဲ'

ကျွန်တော်က မောင်တာ့ခေါင်းကိုခေါက်လိုက်ရင်း. . .

'သူတို့က သမီးရည်းစားမှ မဟုတ်တာကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဝါး' ခနဲအသံနှင့်အတူ ဟစ်ဆောင်လုံးရှိသူငယ်ချင်းများက ဝိုင်းရယ်ရင်း. . .

'ဒီမှာထင်ကြီး သိသိကြီးနဲ့ မသိချင်ယောင်ဆောင်ပြီး ပြောင်လိမ်တဲ့နည်းဟာ အရှည်းကြီးတွေခေတ်ကနည်းကြီး ရှိုးနေပြီ'

'အေးလေ ထွင့်ထွင့်တို့က ပထမနှစ်ကတည်းက ကြိုက်နေကြတာ အခု ဖိုင်နယ်တောင်ပြီးတော့မယ် မင်းကဘယ်သွားသေနေလို့ မသိတာလဲ'

တစ်ယောက်တစ်ပေါက် အားပေးနေကြသော ပရိသတ်ကိုလက်ကာ၍ စကားဖြတ်လိုက်ပြီးနောက် ကျွန်တော်က မျိုးထွင့်ကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်ရင်း. . .

'ပထမနှစ်ကတည်းက မင်းနဲ့မချိုတွဲနေတာ ငါတို့အားလုံးသိတယ် မနက်မိုးလင်းရင် မချိုကို အဆောင်မှာသွားခေါ်မယ် ငါတို့နဲ့အတူ လက်ဖက်ရည်ဆိုင်မှာထိုင်မယ်၊ အင်္ဂလိပ်စာကောင်းရင် မင်းက မချိုနဲ့ငါ့ကိုပါခေါ်ပြီး ရှပ်ရှင်ကြည့်မယ်၊ မြန်မာစာကောင်းရင် မချိုက မင်းနဲ့ငါ့ကိုပါခေါ်ပြီး ရုပ်ရှင်ကြည့်မယ်၊ ဒအားတဲ့အချိန်တွေမှာ မင်းတို့နှစ်ယောက်ချက်ကစားမယ်၊ ပြီးရင်အဆောင်ပြန်ပို့မယ်၊ ဒါမင်းနဲ့မချိုရဲ့ လေးနှစ်သက်တမ်းအတွင်းမှာ မရိုးနိုင်တဲ့နည်းတွေလေ၊ ဒါအကုန်ပဲမဟုတ်လား'

မျိုးထွင့်ကခေါင်းညိတ်ရင်း. . .

'အေးလေ ငါတို့နှစ်ယောက်က မေဂျာတူ ဝါသနာတူတွေလေ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံဘဲ တွဲနေကြတာ တစ်ကျောင်းလုံးတောင်သိတယ် အဲဒါဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ မင်း မချိုကိုနှစ်ကိုယ်ကြား စကားပြောရမယ့်နေရာ ဆိတ်ငြိမ်ရာကို ခေါ်သွားဖူးလား'

'ရေလိုတောင် မရဘူး'

'ဟိုကြတော့ ဘာလုပ်လဲ'

'ဘာလုပ်ရမှာလဲ ချက်ကစားကြတာပေါ့ကွ'

'ဟား ဟား ဟား ငါပြောတာ အဲဒါ. . . အဲဒါ၊ ကိုယ်ချစ်





းကလေးတစ်ယောက်ကို လူရှင်းရာကိုခေါ်သွားပြီး ချစ်စကားကြိုက်စကား ည်းမပြောဘူး နမ်းဖို့လည်းမကြိုးစားဘဲနဲ့ ချက်ကစားနေတဲ့စုံတွဲကို မင်းတို့မို့ သမီးရည်းစားလို့ ပြောကြတာ အံ့ပါရဲ့ကွာ၊ ကြင်နာတာတွေ၊ ယုယတာတွေ ခမ်းတွေ၊ အလွမ်းတွေမပါဘဲနဲ့များ ချစ်သူတွေတဲ့ ဟားဟားဟား၊ ဒါဟာ ခနှစ်ကဲ့လား အဲဒါဟာ ရည်းစားတဲ့လား'

မျိုးထွင့်ငိုင်သွားသည်။ သားစစ်က အ ထစ် အ ထစ်ဖြင့်. . .

'ဟေ့ကောင် ထင်ကြီး ငါ. . . ငါနှင်းဖြူကို ရည်းစားစကားပြောရဲ့ပေမယ့် သူ့အိက အဖြေရပြီး နှစ်ယောက်ချင်းတွေ့တဲ့အချိန်မှာ သူ့လက်ကလေးကို ကိုင်ဖို့တောင် ငါဟန်လှုပ်နေတယ်ကွာ၊ နမ်းတော့မနမ်းရသေးဘူး၊ အဲဒါရော ရည်းစားတို့ အချစ်တို့လို ခေါ်းစဉ်တပ် မရဘူးလား'

'မင်းက. . . သောက်အကြီးမှန်း နှင်းဖြူကသိသိကြီးနဲ့ ချစ်ခဲ့တာပဲ၊ သူကမင်းကို သင်ပေးလိမ့်မယ်၊ ပြဿနာမရှိဘူး၊ ဒီကောင်နဲ့ မချိုက နှစ်ယောက်လုံး ကလေးစိတ်မကုန်သေးလို့ သင်ပေးမယ့် လူကလည်းမရှိလို့ ငါကပဲ ကိုယ့်အမင်းကိုယ်စားပြီး အမိုက်ခံသင်ပေးနေရတာ ဟွန်း'

သားစစ်မျက်နှာမဲ့သွားသည်။ တစ်ခန်းလုံးငြိမ်နေကြစဉ် ကျွန်တော်က ဆေးလိပ်ကိုမီးငြိမ်းလိုက်ပြီး ခုတင်ပေါ်တက်ပြီးထိုင်လိုက်သည်။ မျိုးထွင့်က မျက်နှာငယ်လေးဖြင့်. . .

'မချို ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်၊ ငါကလည်း သူ့ကို မတွေ့ရမနေနိုင်အောင်ချစ်တယ်ကွာ သိပ်ချစ်တယ်၊ ဆိတ်ငြိမ်ရာ ခေါ်မသွားရုံ မနမ်းရုံနဲ့ အချစ်မဟုတ်တော့ဘူးလား၊ ရည်းစားမဟုတ်တော့ဘူးတဲ့လား'

ထွင့်ထွင့်အမေးကို ဘယ်သူမှမဖြေကြပါ။ မောင်ချစ်၊ သားစစ်၊ မောင်တာနှင့် သန့်ဇင်တို့ ကျွန်တော့်ခုတင်နားဝိုင်းလာကြသည်။ ကျွန်တော်က ကိုကြီး. . .ကျော်ကို မေးငေါ့ပြလိုက်သဖြင့် ထွင့်ထွင့်က. . .

'ကိုကြီးကျော် ဟိုကောင်က ရည်းစားမရှိဘဲနဲ့ လူတတ်ကြီးလုပ်ပြီး ကျွန်တော့်ကိုစွပ်စွဲချင်တိုင်းစွပ်စွဲနေတယ်၊ ခင်ဗျားမှာလည်း ရည်းစားရှိတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ကိုယ်ချင်းစာပြီးဖြေရှင်းပေးဗျာ၊ ကျွန်တော်နဲ့ မချိုရဲ့အချစ်ဟ
အချစ်မဟုတ်တော့ဘူးလား၊ ပြီးတော့ ရည်းစားမဟုတ်တော့ဘူးလား'

ကိုကြီးကျော်က သက်ပြင်းချရင်း ကျွန်တော့်ခုတင်ဘေးရှိ စားပွဲခုံပေါ်
တွင် ထိုင်လိုက်ပြီး. . .

'ဒါက ဒီလိုရှိတယ်ကွ'

မောင်တာက အင်္ကျီကိုချွတ်၍ ကျွန်တော့်ခြင်ထောင်ပေါ်ပစ်တင်
ရင်း. . .

'ဒါက ဒီလိုမရှိနဲ့ ထင်ကြီးပြောတာဟုတ်တယ်၊ လုံးဝထောက်ခံတယ်'

ကိုကြီးကျော်က ဒေါကန်သွားပြီး. . .

'ကလေးလိုလို ခွေးလိုလိုနဲ့ ရည်းစားမရှိတဲ့ကောင်ကများ နာချင်လို့'

'ဘာလို့ ရည်းစားမရှိရမှာလဲ ကျွန်တော့်ကောင်မလေးကို ရည်းစား
စကားလည်းပြောပြီးပြီ၊ မာလည်းပေးပြီးပြီ၊ သူ့ဆီက အကြင်နာ အရိပ်
အယောင်တွေကလည်း မြင်နေရပြီးပြီပဲ စာမေးပွဲမတိုင်ခင် အဖြေရမှာ သေချာ
တယ်'

'မင်းကောင်မလေးကို မင်းကလွဲပြီး လိုက်တဲ့သူမရှိဘူးလို့လည်း ထည့်
ပြောဦးလေကွာ ဟီး ဟီး'

သန့်ဇင်၏ စကားကြောင့် မောင်တာမျက်နှာမဲ့သွားသည်။ မျိုးထွန်း
က. . .

'ဟာကွာ မင်းတို့ကတစ်မျိုး၊ ကိုကြီးကျော် ကျွန်တော်မေးတာဖြေပါ
ဦးဗျ'

ကိုကြီးကျော်က ခေါင်းညိတ်လိုက်ရင်း ကျွန်တော့်ဘက်လှည့်
ကာ. . .

'ဒီမယ် ထင်ကြီး ကိုယ်ကလည်း သူ့ကိုချစ်တယ်၊ သူကလည်း ကိုယ့်
ကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ပြန်ချစ်တယ်၊ ရည်းစား
မက လင်မယားမကျတဲ့ ညစ်ညမ်းမှုလုံးဝမပါပေမယ့် အသည်းနှင့်အောင်
တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတာတွေကိုကြည့်ရင် ဒါဟာ မေတ္တာစစ်





မေတ္တာမှန်လို့ခေါ်သည်ဟုတွဲ့ အသင်ထင်ကြီးသည် ဂဏှာဟိ သေပြီးခြောက်သ
သုံးရက်နဲ့ လေးနာရီတိတိမှာ မှတ်ပေရော့'

ကျွန်တော်က အိပ်ရာအောက်ရှိ ဖဲထုပ်ကိုယူ၍ ကု···းဖန်ထိုးလိုက်
ရင်း. . .

'ကျွန်တော်ဆိုလိုချင်တာက ဒီလို ကိုကြီးကျော်ရဲ့ အချစ်ကို
ခဏထားဦး၊ ရည်းစားဆိုရင် တစ်ယောက်ကိုတစ်ယောက် ကြင်ကြင် နာနာခံ
ရမယ်၊ ဟောကောင် မောင်ချစ် အဲဒီအထုပ်ကို ပြန်ထည့်လိုက် ရောကုန်
လိမ့်မယ်. . .'

မောင်ချစ်က အထုပ်ကို ခုတင်အောက်ပြန်ထည့်သည်။ ထွန်းထွန်းက
ဂရုမစိုက်ဘဲ. . .

'ငါနေမကောင်းတုန်းက သူပြုစုတာ သူနားမလည်တဲ့စာတွေ ငါရှင်းပြ
ပေးတာ၊ အဲဒါကိုရော ကြင်နာတဲ့အထဲထည့်လို့ မရဘူးလားကွ'

'အဲဒါကြင်နာတာပေါ့ကွ'

ကျွန်တော်က . . .

'ခုနက ငါစကားမဆုံးသေးဘူးကွ၊ ငါပြောချင်တာက သူများအတွဲ
တွေဆို ရည်းစားနဲ့ နှစ်ယောက်ထဲရုပ်ရှင်ကြည့်တာတို့ ··န်းခြံထဲ အတူသွားတာ
တို့ ခုံတန်းပေါ် အတူထိုင်ရင်း ဘဝရှေ့ရေးတွေကို လေထဲတိုက်အိမ်ဆောက်တဲ့
စကားတွေ ဘာညာဘာညာပြောပြီး လူ့အလစ်မှာ ဖက်နမ်းတာတို့ အဲဒါမျိုးတွေ
မြင်ဖူးတယ်ကွာ၊ ဟဲဟဲ ငါ့မှာတော့ ရည်းစားမရှိလို့ အဲဒါမျိုးတွေ မလုပ်ဖူးပေမယ့်
သူများရည်းစားတွေဆို အဲဒီလိုမျိုးတွေမြင်ရတယ်၊ အခုမင်းတို့အတွဲကျတော့
ရုပ်ရှင်ကြည့်လည်း အုပ်စုလိုက်၊ မုန့်ဆိုင်သွားလည်း အုပ်စုလိုက်၊ နှစ်ယောက်ထဲ
ရှိလို့ လူလစ်ရင် ဖက်နမ်းဖို့တွေ ရှေ့ရေးနောက်ရေးစီမံကိန်းတွေ ပြောဖို့နေနေ
သာသာ ချက်ကစားတာနဲ့ကို မအားနိုင်ဘူးမဟုတ်လား'

ထွန်းထွန်းက ကိုကြီးကျော်ပခုံးကိုတို့ရင်း. . .

'ကျွန်တော်နဲ့မချိုဗျာ ကမ္ဘာ့စစ်တုရင်ချန်ပီယံများစာအုပ်ကို ···
တုန်းက ကျွန်တော့်လက်ကသူ့ပခုံးကိုဖက်လို့ သူကလည်း ကျွန်တော့်ခုံခွင်ထဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာပဲ တမင်မဟုတ်တဲ့အနမ်းတွေနဲ့ နမ်းမိကြတာအကြိမ်ကြိမ်ပါပဲ၊ နောက်ပြီး မချိုက ဘွဲ့ယူပြီးရင် သူ့ကိုလာတောင်းဖို့ပြောတယ်ဗျာ၊ အဲဒါ ရည်းစားမပီသ သေး ဘူးလား'

ကိုကြီးကျော်က

'ထင်ကြီးပြောတာလည်း ဟုတ်သလိုလိုပဲကွ၊ သူ့စကားအတိုင်းဆို မင်းတို့က ရည်းစားမဟုတ်သေးဘူး ချစ်သူအဆင့်ပဲရှိသေးတယ်'

ထွင့်ထွင့်က နားမလည်နိုင်စွာဖြင့်ခေါင်းရမ်းနေသည်၊ ကိုကြီးကျော် က . . .

'ဒီလို ထွင့်ထွင့်ရဲ့ အစကနဦးတာ၊ နောက်သိမ . . .ကြ် ပြီးတော့ ကိုယ် က သူ့ကိုချစ်၊ သူကပြန်ချစ် အဲဒါက ချစ်သူအဆင့်ပဲရှိသေးတယ်၊ ဟော . . အဲဒီနောက်က ရည်းစားအဆင့်၊ ရည်းစားအဆင့်ပြီးမှ လင်မယားအဆင့် အဲဒီလို Step by step အဆင့်တွေ အများကြီးရှိတာ'

ထွင့်ထွင့်က ကိုကြီးကျော်၏ ကျောကုန်းကိုထုမှင်း . . .

'ကဲ . . . အဲဒါဆို ရည်းစားဆိုတာ ဘာလဲ ကိုကြီးကျော်ရဲ့'

ကိုကြီးကျော်က . . .

'ရည်းစားဆိုတာ ဒီလိုကွ'

'ဝါး ဟား ဟား'

ကျွန်တော်တို့ဝိုင်းရယ်လိုက်ကြသည်။ မောင်တာက . . .

'မင်းကိုပြောတာမဟုတ်ဘူး၊ ကိုကြီးကျော်ကလည်း သေသေချာချာ ဖြေတာမဟုတ်ဘူး'

သန့်ဇင်က မျက်နှာ ပြုံးဖြီးဖြီးလုပ်ရင်း . . .

'ထွင့်ထွင့်ရေ ရည်းစားဆိုတာ မသေမချင်းမှတ်၊ ကိုဝင်မရှိရင် မနေ တတ်တာကို ပြောတာကွ'

'ဝါး ဟား ဟား'

ကျွန်တော်တို့ ဝိုင်းရယ်လိုက်ကြသည်။ ကိုကြီးကျော်က မရယ်ပါ။

'ဘာကွ . . . သန့်ဇင် ပြန်ပြောလိုက်စမ်းပါဦး'





'အဲ . . . ဟို . . . ဟို ခင်ဗျားကောင်မလေးက ခင်ဗျားမရှိရင် မနေတတ်အောင် စွဲလမ်းနေတာလေ၊ အဲဒါမျိုးကို ရည်းစားလို့ခေါ်တယ်လို့ ပြောတာပါဗျ'

ကျွန်တော်က . . .

'ကိုကြီးကျော် မဟုတ်က ဟုတ်ကတွေလုပ်မယ်မကြံနဲ့ ရိုးနေပြီ'

ကိုကြီးကျော်က ပြုံးဖြီးဖြီးနဲ့ . . .

'ကဲ . . . ထွင့်ထွင့် မင်းတို့နှစ်ယောက် ဘယ်လောက်ချစ်ကြသလဲ ဆိုတာကို ငါတို့တွေအားလုံးသိတယ်၊ မင်းတို့ရဲ့ ဖြူစင်တဲ့အချစ်ကို ထင်ကြီးက အရောင်ဆိုးချင်နေတာကွ'

'ဟား . . . စကားလုံးလေးတွေက မြင့်လှချည်လား ကိုကြီးကျော်ရဲ့'

'မြင့်မယ်လေကွာ စားပွဲခုံပေါ် ထိုင်ရင်း ပြောနေတာကိုးကွ'

'နှစ်ယောက်ပေါင်းလို့ အရုပ်လေးပေမပြည့်တဲ့ကောင်တွေ ငြိမ်ငြိမ်နေ ကြစမ်း၊ ဒီမှာ ထွင့်ထွင့် မချိုကလည်း မင်းနဲ့မခွဲနိုင်လို့ ဘွဲ့ယူပြီးရင် သူ့တိုလာ တောင်းခိုင်းတယ် မဟုတ်လား၊ အဲဒီကျမှ ရည်းစားအဆင့်နဲ့ လင်မယား အဆင့် ကို သူ့အလိုလို ရောက်သွားလိမ့်မယ်၊ အခုတော့ အချစ်အဆင့်ပဲ တောင်းဝါး တယ်ကွာ'

ထိုစဉ် အခန်းတံခါးကြီးပွင့်သွားပြီး . . .

'ဟင်း . . . မိဘတွေကတော့ ကိုယ့်သားသမီးတွေ ပညာတတ်ကြီး ဖြစ်စေချင်လို့ ရှိစုမဲ့စုနဲ့ကျောင်းထားရတာ မင်းတို့က ဖဲကစားလို့ ကောင်းတုန်း'

ပြောပြောဆိုဆို ဝင်လာသူက ဝင်းနိုင်ဖြစ်နေသဖြင့် . . .

'ဟာ . . . ဝင်းနိုင် ဘယ်ကလှည့်လာသလဲ'

ဝင်းနိုင်က မကွေးမြို့ခံဖြစ်ပြီး ကျောင်းလက်ရွေးစင် ဘော်လီဘော သမားလည်းဖြစ်သလို ကျွန်တော်တို့အားလုံး၏ငွေရေးကြေးရေးကို တစ်ဖက် တစ်လမ်းမှ အကူအညီပေးနေသူလည်းဖြစ်သည်။

ကျွန်တော်က မောင်ချစ်ဖဲကိုဖမ်းလိုက်ရင်း . . .

'ဒီဖဲထုပ် လက်ဆောင်ရပြီးကတည်းကကွာ ကစားဖို့ပိုက်ဆံမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



မကစားဖြစ်တာကြာနေပြီကွ၊ ကြာရင် ကစားနည်းတွေ မေ့ကုန်မှာစိုးလို့ ပြန်နွှေးနေတာလေကွာ၊ လာ. . . ပါဦးမလား အလကားကြေး ကစားနေတာ'

'ပါကွ ဖိုင်ဝင်ပါလေကွာ 'လာဘ်' မကောင်းတဲ့ ဖဲထုပ်ကလေး ဒီပွဲပြီးရင် အိမ်သာတွင်းထဲ ပစ်ချတော့မှာ'

ဝင်းနိုင်က မြေပဲဆားလှော်ထုပ်ကြီးကို လွယ်အိတ်ထဲမှ ထုတ်ရင်း. . .

'သွားသာလွှင့်ပစ်လိုက်ပါကွာ နာမည်ပျက်ပါတယ်၊ ဒါနဲ့ ထင်ကြီး မင်းတို့ဘောလုံးအသင်းကရော မွတ္တလေးကို နိုင်လား'

'မနိုင်လို့ တတိယဆုကို ရင်မှာပိုက်ပြီး ကျွန်တော်မျိုး အားကစားဝတ်စုံတစ်စုံ ရရှိကြောင်းပါ ကိုယ်တော်လေး'

'ထွန်းထွန်းမင်းတို့ 'ချက်(စ်)'အသင်းကရော'

'အမျိုးသားထဲမှာတော့ ရှေ့ဆုံးကပဲ ရှုံးလို့ထွက်တဲ့နေရာမှာ မချိုတို့အမျိုးသမီးအသင်းကတော့ Final တက်သွားပြီ'

'ဒီအခန်းထဲမှာ အားကစားက မင်းတို့နှစ်ယောက်ထဲနော်'

မောင်ချစ်က မြေပဲဆားလှော်ယူစားရင်း. . .

'ဖွန်လွင် ရှိသေးတယ်လေ ဒီကောင်က ကြက်တောင်လက်ရွေးစင်'

'အေး ဟုတ်သားပဲ တင့်လွင် ကိုမေ့နေတာ၊ ဒီကောင်ဘယ်သွားသလဲ'

မောင်တာက ဖဲများကိုဖြန့်ရင်း. . .

'နွားကျောင်းနေတာ မဟုတ်ဘူး၊ အဲဒီနွားက သူ့စားကျက်မှာ ရှိမှာပေါ့'

'မင်းတို့ကလည်း တင့်လွင် ဆိုရင် ဘယ်တော့မှ အကောင်းမပြောဘူး'

သားစစ်က ဆုတ်ဖြဲထားသော ဖဲများကိုစု၍ ပလပ်စတစ်အိတ်ထဲထည့်ရင်း. . .

'သူမှ မကောင်းတာ'

'သူက မင်းတို့အပေါ် ကောင်းပါတယ်ကွ'

ကိုကြီးကျော်က မြေပဲဆားလှော်များကို မဝါးဘဲ မျိုချရင်း. . .

'တို့အပေါ် ကော င်းပါတယ်၊ ဒါပေမယ့် သူကလူသားစားတဲ့ကျားကွ၊





အဲဒါကြောင့် ငါတို့နဲ့ စရိုက်ချင်းမတူလို့ မတွဲဖြစ်တာ၊ နေပါဦး မင်းတို့ဘော်လီဘောအသင်းကရော တောင်ကြီးကောလိပ်အသင်းနဲ့ ကစားတာဘယ်လိုနေလဲ'

'မနက်ဖြန်မနက် ကစားမှာကွ' အဲဒါ မင်းတို့ကိုအားပေးဖို့လာခေါ်တာ'

'ကျောင်းသူတွေ အားပေးအောင်လာမှာပေါ့'

'ယောက် :အချင်းချင်းတော့ Sorry ပဲ'

'အေး. . . ကျောင်းသူတွေလာအားပေးလို့ ဒုက္ခရောက်နေတာ၊ တောင်ကြီးအသင်းက ကစားသမားတွေက မင်းသားရုပ်တွေကြီးပဲ၊ အဲဒီ အထဲမှာ စည်သူဆိုတဲ့ အသင်းခေါင်းဆောင်က ရှမ်းစစ်စစ်ဖြစ်ပေမယ့် ကုလားမင်းသားအတိုင်းပဲဟေ့ ချောမှ ချော၊ အဲဒီတော့ တို့ကျောင်းသူတွေတာ တောင်ကြီးအသင်းကိုပဲ အားပေးမှာ အဲ့ဒီကိစ္စ မင်းတို့ကူမှဖြစ်မယ်'

'ဟေ. . . ဟုတ်လား၊ ဒါဆို ငါတို့ကူညီမယ်'

'ဒါမျိုးတွေ့ချင်တာ'

သန့်ဇင်က အောက်ကျသွားသော မြေပဲလှော်များကို ကောက်စားရင်း. . .

'ဝင်းနိုင် နိုင်ခဲ့ရင် လာမယ့်စနေနေ့နေ့လယ် ငါတို့ကိုယင်းချောင်းလိုက်ပို့မလား'

'နိုင်နိုင် ရှုံးရှုံး ပို့ပါမယ်ကွာ၊ မင်းတို့အဖွဲ့ကလည်း စုပြီးတော်ပြတ်နေလိုက်တာ ရွှေစက်တော်သွားမယ်ဆိုတုန်းကရော၊ ပုပ္ပါးသွားမယ်ဆိုတုန်းကရော ငါ့ကား အလကားစိုက်တာတောင်မှ စားစရိတ်မရှိလို့ မလိုက်နိုင်တဲ့ကောင်တွေက အခုမှ ဘာစိတ်ကူးပေါက်တာလဲ'

ကျွန်တော်က ရေခပ်သောက်နေရင်းမှ. . .

'မချိုနဲ့ ထွန်းထွန်းကို သမီးရည်းစားပိပိချိန်းတွေ့ခိုင်းချင်လို့ကွ ဟားဟား'

ဝင်းနိုင်လည်း တဟားဟား ရယ်ရင်း. . .

'ဒီလိုလား ရတယ်၊ မနက်ဖြန် မနက်ငါလာခေါ်မယ်၊ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တိုက် မုန့်ကျွေးပြီးမှ ကစားကွင်းကိုချီတတ်ခဲ့ကြ ဟုတ်ပြီလား'

ထိုစဉ် သက်ပြင်းတစ်ယောက်ရောက်လာပြီး. . .

'အဆောင်ရှေ့မှာ မင်းဟိုင်းလတ်ကား မြင်ကကည်းက ငါဝမ်းသာနေတာ'

မောင်တာက မျက်နှာကိုရှုံ့ရင်း. . .

'ပိုက်ဆံချေးမလို့ မဟုတ်လား။ ပြီးရင်လည်း ဘ ◌ ◌ တော့မှ ပြန်မဆပ်ဝဘဲနဲ့'

သက်ပြင်းက စားပွဲပေါ်ရှိ မြေပဲဆားလော်များကို ယူစားရင်း. . .

'ဆပ်မှာပါကွာ ငါ့ခကောင်မလေးကို ဒီညေ ◌ ဂကျွေးချင်လို့ မလောက်မှာစိုးလို့ပါကွ၊ ဟိုကောင်ထင်ကြီး နှိပ်စက်ထားတာ၊ အခုမှ ပြန်ပြေလည်တော့တယ်'

ဝင်းနိုင်က ပိုက်ဆံထုတ်ပေးလိုက်ရင်း. . .

'မနက် အစောကြီးလာခေါ်မယ်နော် စောင့်နေကြ'

'အိုကေ'

♣ ♣ ♣



(၁၁)

ယနေ့ကတော့ တောင်ကြီးနှင့်မကွေးဒိဂရီကောလိပ်တို့၏ ဘောလီဘော နောက်ဆုံးဗိုလ်လုပွဲဖြစ်၍ မိုးလုံလေလုံ အားကစားရုံတွင် ကျိတ်ကျိတ်တိုးစည်ကားနေသည်။

ကျွန်တော်တို့ကို တင်ဆောင်လာသော ဝင်းနိုင်၏ ဟိုင်းလတ်ကားလေးက အားကစားရုံနှင့် မျက်စောင်းထိုး အလှမ်းမဝေးလှသောနေရာရှိ လက်ဖက်ရည်ဆိုင်ရှေ့တွင်ရပ်ရင်း ဝင်းနိုင်က. . .

ကစားဖို့ အချိန်လိုသေးတယ်၊ ရော့. . . ပိုက်ဆံ လက်ဖက်ရည်သောက် မုန့်စားပြီးမှ အေးအေးဆေးဆေးလာခဲ့ကြ ငါတော့သွားနှင့်မယ်'

သားစိတ်က. . .

'ဝင်းနိုင် ခဏစောင့်ပါဦး။ ငါ့သွားနို့နဲ့မုန့်ပယ်ပြီး ဟစ်ခါတည်းမင်းနဲ့လိုက်ခဲ့မယ်၊ နှင်းဖြူတို့လည်း မင်းတို့နဲ့ တစ်ချိန်တည်းကစားရမှာ ထင်တယ်'

ဝင်း ◌ နှင့်သားစစ်ထွက်သွားပြီးနောက် ရရှိထားသောရန်ပုံငွေကို ခွဲတမ်းနှင့် အချိုးကျခွဲယူပြီး စားရင်းသောက်ရင်း ထွေရာလေးပါးပြောနေကြစဉ် မောင်တာက ထိုင်ရာမှ 'ဝုန်း' ခနဲထရင်း ဝေါသဖြင့်. . .

'ဟိုမှာ. . . ဟိုမှာ. . . ဖွန်လွင် ဖွန်လွင် ခွေးမသား'

ကျွန်တော်တို့လည်း မောင်တာမျက်နှာအမူအရာကိုကြည့်လိုက်သော့



www.burmeseclassic.com

www.burmeseclassic.com



တင့်လွင်ခေါ် ဖွန်လွင်၊ သူကအားကစားဝတ်စုံ အပြာဝမ်းဆက်ကိုဝတ် Yonex ဘက်တံကိုကိုင်ရင်း ကြွကြွရွရွဖြင့် တိုင်းအားကစားကွင်းဘက်ကို သွားနေသည်။ သူ့ဘေးတွင်လည်း လှလှပပကောင်မလေးတစ်ယောက် ပန်းကမ္ဘာစက်ဘီးကို တွန်းရင်း စကားပြောလျက် ရင်ပေါင်တန်းလျှောက်နေသည်။

ဖွန်လွင်က သူ့ဘက်တံဖြင့် ကောင်မလေးခေါင်းကို ခေါက်မယ့်ပုံရှယ်သည်၊ ကောင်မလေးက ခေါင်းလေးငုံ့ရှောင်ရင်း ရယ်နေကြသည်ကိုမြင်လိုက်ရသဖြင့် ကိုကြီးကျော်က. . .

'လှလိုက်တဲ့မြင်ကွင်းကွာ၊ တို့က ဖွန်လွင့်စာရိတ္တကိုသိထားလို့သာ ကြည့်ရတာ အဆင်မပြေဖြစ်နေတာ၊ တကယ်ဆို တော်တော်ကြည့်ကောင်းဖို့ကောင်းတဲ့ မြင်ကွင်းပဲကွ'

'ဘာ ကြည့်နူးရမှာလဲ မကြည့်နူးဘူး သတ်တောင်ပစ်ချင်တယ်'

ဒေါသတကြီးဖြင့် အော်ဟစ်နေသော မောင်တာ့ကိုကြည့်၍ ကျွန်တော်ကလည်း. . .

'ဖွန်လွင်က သူ့ကုသိုလ်နဲ့သူ ရည်းစားထည်လဲတွဲနိုင်တာ မင်းက ဘာလို့မနာလိုဖြစ်နေတာလဲ'

မောင်တာက ဘာမှပြန်မပြောပါ၊ သန့်ဇင်က မောင်တာ့ကိုဆွဲ၍ထိုင်ခိုင်းရင်း. . .

'ဖွန်လွင်နဲ့ တွဲသွားတာ မောင်တာလိုက်နေတဲ့ ငယ်ငယ်ဆိုတဲ့ ကောင်မလေးကွ'

ဟုပြောသဖြင့် ကျွန်တော်၊ မောင်ချစ်၊ ထွန့်ထွန့်နှင့် ကိုကြီးကျော်တို့ အံ့အားသင့်သွားကြသည်။ ထွန့်ထွန့်က. . .

'ဖွန်လွင်က ရုပ်ကလည်းမိုက်၊ ရေကလည်း လျှံ၊ အပြောကလည်း ကောင်းဆိုတော့ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲနိုင်တာပေါ့ နော်'

ကိုကြီးကျော်က သက်ပြင်းရှည်ကြီးကိုချရင်း. . .

'တင့်လွင်ကိုပဲ အပြစ်တင်လို့မရဘူးကွ၊ တို့ကောလိပ်က ကျဉ်းကျဉ်း





သေးရယ်၊ တင့်လွင်ရဲ့အကြောင်းကို အားလုံးသိကြရဲ့သားနဲ့ ဖွတ်တိုးတဲ့ မိန်းကလေးတွေကိုပဲ ငါကတော့ အပြစ်မြင်တယ်'

မျက်နှာမကောင်းသောမောင်တာ စိတ်ပြေစေရန်အတွက် ကျွန်တော်ကလည်း. . .

'အခုလို စောစောစီးစီးသိရတာ မင်းကံကောင်းပါတယ် မောင်တာရာ အချိန်ရှိတုန်း နောက်တစ်ယောက်ပြောင်းပေါ့'

မောင်တာက ခေါင်းကိုခပ်လေးလေးကြီးခါရင်း. . .

'ငင်ကြီး အချစ်ဆိုတာ ပြောင်းချင်တိုင်းလည်း ပြောင်းလဲလို့ မရဘူး နောက်ပြီး အချစ်ကိုတမင်လုပ်ယူလို့လည်း မရဘူးကွ'

မောင်ချစ်က စီးကရက်တစ်လိပ်ကို မီးညှိရင်း. . .

'နေပါဦး မောင်တာရာ ဒီဖြင့်လူနဲ့ မင်းကောင်မလေးနဲ့ တွဲသွားတာ မြင်ရင်ကော မင်းဒီလိုဒေါသထွက်မှာပဲလား၊ ငါအထင်တော့ ဖွန်လွင်ရဲ့ စာရိတ္တကို မင်းသိထားလို့ ပိုပြီးပေါက်ကွဲနေတယ်ထင်တာပဲ၊ ကဲပါ နောက်ကျမှ ကောင်မလေးကိုတွေ့ပြီး အေးအေးဆေးဆေးမေးကြည့်ပါဦး'

အားလုံးငြိမ်နေကြစဉ် ထွန့်ထွန့်က. . .

'ကိုကြီးကျော် တင့်လွင်ကရည်းစားထားတာလား၊ ချစ်သူထားတာလား'

ကိုကြီးကျော်က မျက်နှာကိုရှုံ့ရင်း. . .

'အဲဒါ ကြောရရုံကြံတာကွ သူ့မှာ အချစ်မရှိဘူး'

ကျွန်တော်တို့အုပ်စုလည်း မောင်တာ့ကိုချော့ရင်း ဖွန်လွင်၏ကောင်းနိုးရာရာ အတင်းများကို ဟိုရောက်သည်ရောက်ပြောရင်း စကားကောင်းနေကြသည်။

ထိုစဉ် မင်းသားနေဝင်းနှင့် သူ့ဇနီးအသစ်စက်စက်ကလေးတို့ ဆိုင်ထဲဝင်လာရင်း ကျွန်တော်တို့ကိုမြင်သွားသဖြင့်. . .

'မင်းတို့ကောင်တွေ ဘယ်လိုများစာတ်ကျပြီး ဒီဆိုင်ကိုလာထိုင်ကြတာလဲ၊ အရင်က တစ်ခါမှလာထိုင်တာ မမြင်ဖူးပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ. . .

'ဟာ. . . ငါတို့ ဝင်းနိုင်ဘော်လီဘောပွဲ အားပေးရအောင်လာတာ မေ့ကောင်းနေတယ်ဟ'

'ဟင်း. . . မင်းတို့ကလည်း ဟိုမှာက ပြီးတောင်ပြီးတော့မယ်'

ကျွန်တော်တို့အုပ်စု ပိုက်ဆံရှင်း၍ အားကစားရုံဘက် အပြေးသွားခဲ့ကြသည်၊ မောင်တာကတော့ မလိုက်ဘဲကျန်နေခဲ့သည်။

ကစားကွင်းထဲတွင်ကော့ အားပေးသည့်ပရိသတ် ကျိတ်ကျိတ်တိုးနေသလို ဝင်းနိုင်သတင်းပေးချက်အရ မကွေးကောလိပ်ကျောင်းတော်သူများက တောင်ကြီးအသင်းကို ဝိုင်းပြီးအားပေးနေကြသည်ကို မြင်လိုက်ရသည်။

'စည်သူ. . . စည်သူ. . . စည်သူ. . .'

ဟုသံပြိုင်အော်နေသူများရှေ့ဆုံးတွင် ကျွန်တော့်နှလုံးသည်းပွတ်ကို မတရားသိမ်းပိုက်ထားသော သင်းသင်းအောင်ကို တွေ့လိုက်ရသလို (ဆားဝင်ဘော) စပေးဘောကိုပေးရန်အတွက် အသင့်ပြင်နေသော တောင်ကြီးအသင်းမှ အသင်းခေါင်းဆောင် စည်သူဆိုသူကို မြင်လိုက်ရသဖြင့် မနာလိုစိတ်များ ပြင်းထန်သွားသည်။

စည်သူက အသားဖြူဖြူထောင်ထောင်မောင်းမောင်း နှာတံပေါ်ပေါ်ဖြင့် တကယ့်ကို ကုလားမင်းသားအတိုင်းချောသူဖြစ်သည်။ သူက ဘောလုံးကို မြှောက်၍ရိုက်ရန်အလုပ် ကျွန်တော့်၏ ကြွသာမစ်စွရိယများက ငယ်ထိပ်ရောက် သွားပြီး. . .

'စည်. . . သွတ်. . .'

ဟုငယ်သံပါအောင် အော်ပစ်လိုက်ရာ တစ်ခန်းလုံးဟိန်းသွားပြီး စည်သူလည်း ဟုန့်ခနဲဖြစ်သွားကာ ဘောလုံးကိုချော်ပြီး ရိုက်သည့်လိုက်သည်၊

ဘောလုံးပိုက်တိုးသွားသဖြင့် 'ဝါး' ခနဲကျွန်တော်တို့ ရယ်လိုက်ကြသည်။ တစ်ခန်းလုံး ဘယ်သူမှလိုက်မရယ်ကြသဖြင့် ကျွန်တော်အံ့ဩသွားသည်၊ ထို့ကြောင့်. . .

'အခုမှ သက်မှန်တွေပေါ်လာတော့တယ်ဟေ့. . .'





ဟုကျွန်တော်က ထပ်ကွန့်လိုက်သည်။ အားလုံးကမရယ်ကြသည့်အပြင် သင်းသင်းအောင်၏ နဂါးမျက်စောင်းကလည်း 'ဒိုင်း' ခနဲရောက်လာသဖြင့် ကျွန်တော်လည်း လန့်သွားသည်။

ကိုကြီးကျော်တို့ အုပ်စုကတော့အားပေးသူမဲ့နေသော ဝင်းနိုင်တို့ကို ငယ်သံပါအောင်အော်ဟစ်အားပေးနေသဖြင့် ကျွန်တော်လည်းမနေနိုင်တော့ဘဲ ငယ်သံအော်ဟစ်အားပေးရင်း ဝင်းနိုင်က မြှောက်တက်လာသောဘောလုံးကို ခုန်၍ ရိုက်ရန်အလုပ်. . .

'ဝင်းနိုင်ကွ ရိုက်ထည့်လိုက်စမ်း ကြမ်းပြင်ပေါက်ပြီး ရေထွက်သွားပါစေ မကွေးကောလိပ်တဲ့ဟေ့'

ကျွန်တော့်အော်သံနှင့် ဝင်းနိုင်အရိုက် ကွက်တိဖြစ်သွားသည်၊ တောင်ကြီးအသင်းက ထိုဘောလုံးကိုမဆယ်နိုင်ဘဲ ဘေးထွက်သွားစဉ် ပွဲပြီးခရာသံကြားလိုက်ရသည်။

လက်ခုပ်သံများနှင့်အတူ ကျွန်တော်လည်းရင်ကော့ရင်း အမျိုးသမီးဘော်လီဘောအသင်းနားရှိ စနိုးဗိုက်ဘေးတွင်ရပ်နေသော သားစစ်ထံသွားလိုက်သည်။

သင်းသင်းအောင်တို့အုပ်စုကလည်း ပြန်ရန်အတွက် စနိုးဗိုက်တို့အနီးရောက်ဆက်ရင်းဖြတ်သွားစဉ် ကျွန်တော်နှင့်သင်းသင်းမျက်ဝန်းချင်းဆုံသွား၍ ကျွန်တော့်ရင်မှာ ဟဒိန်းဒိန်းခုန်သွားသည်၊

ထိုစဉ်စနိုးဗိုက်က သင်းသင်းအောင်ကို. . .

'သင်းသင်းနေ့လယ်ကျရင် ငါတို့ကစားမှာ လာအားပေးဦးနော်'

'လာတော့ လာချင်ပါတယ် နှင်းနှင်းရယ်၊ ဒါပေမယ့် ငါတို့က အားနည်းတဲ့အသင်းကိုပဲ အားပေးချင်တာဟ၊ အပြတ်အသတ်နိုင်နေတဲ့ အသင်းဘက်ကနေ ကျားစီးဝါးစီး နိုင့်ထက်စီးနင်းအားပေးမဲ့သူတွေ ရှိနေတာပဲဟာ မလာတော့ပါဘူး'

စကားအဆုံး သင်းသင်းအောင်က ကျွန်တော့်ကိုစူးစူးရဲရဲတစ်ချက်ကြည့်ပြီး ချာခနဲလှည့်ထွက်သွားသည်။ ကျွန်တော်က နားမလည်နိုင်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်း၏ ကျောပြင်ကိုကြည့်ပြီးနောက် သားစစ်တို့ဘက်သို့လှည့်လိုက်ရာ စနိုးဝိုက်က. . .

'ဟုတ်သားပဲ ကိုထင်ကြီးကလည်း ငယ်သံပါအောင် အော်ထည့်လိုက်တာ နှင်းနှင်းတို့တောင်လန့်သွားတယ်၊ ပြီးတော့ လက်မှန်တွေပေါ်လာပြီဆိုပြီး အော်လိုက်တာများ ကိုထင်ကြီးအစား နှင်းနှင်းရှက်တောင်ရှက်မိသေးတယ်'

ကျွန်တော့်ဒေါသများ အထွတ်အထိပ်သို့ရောက်သွားသဖြင့် ပြန်ပြောရန် အလုပ် သားစစ်က ပြေပြည်လေးနှင့်. . .

'မနေ့ညက တောင်ကြီးအသင်းကကျောင်းသားတွေ အစားမှားလို့ ဝမ်းသွားပြီး တချို့ဆေးရုံတောင်ပို့ရဝယ်တဲ့ နည်းနည်းထူထူတောင်မထောင်ရှိတဲ့ သူတွေနဲ့ အရုံလူတွေက အခုပွဲကိုမဖြစ်ဖြစ်အောင် အားကစားစိတ်ဓာတ်အပြည့်နဲ့ လာကစားကြတာကွ' အဲဒါကို ဝင်းနိုင်ကသိသွားတော့ မင်းတို့အုပ်စုကို လက်ဖက်ရည်ဆိုင်မှာပဲ အေးအေးဆေးဆေးပဲနေပါစေလို့ ငါ့ကိုလာပြောလို့ ငါလည်း မင်းတို့ကို လာမခေါ်ဘဲနေလိုက်တာ'

စနိုးဝိုက်ကလည်း. . .

'နှင်းနှင်းတို့ကောလိပ်က အမျိုးသမီးတွေကလည်း ကိုယ့်အသင်းကိုယ် အားပေးဖို့လာကြတာ ဒီရောက်တော့ ဟိုက်ဘက်အသင်းရဲ့သတင်းကို ကြားပြီး လေးစားစိတ်နဲ့ မှုမှုတတအားပေးကြတာပါပဲ၊ ဒါပေမယ့် ပထမပွဲမှာ တောင်ကြီးအသင်းက ငါးမှတ်ပဲရလိုက်တော့ သနားသွားပြီး တောင်ကြီးအသင်းကိုပိုပြီး အားပေးကြတာပေါ့'

ကျွန်တော်ဆက်ပြီးနားထောင်နိုင်စွမ်းမရှိတော့ပါ၊ ဘယ်သူ့ကိုမှလည်း ရှင်းပြချင်စိတ်မရှိတော့သဖြင့် ခေါင်းငိုက်စိုက်ချရင်း မိုးလုံလေလုံ အားကစားရုံထဲမှထွက်ခဲ့သည်။

ဘယ်ကိုသွားရမှန်းမသိသဖြင့် မိုးလုံလေလုံ အားကစားရုံ၏ အနောက်ဘက် လူရှင်းနေသော တိုင်းအားကစားကွင်းဘေးရှိ တမာပင်ရိပ်တွင် ခြေဆင်းထိုင်ရင်း အတွေးများစွာပျံ့လွင့်နေသည်။

'သင်းသင်းရယ် နင့်ကိုငါချစ်တယ်ဟာ၊ ငါနင့်ကိုချစ်လွန်းလို့ ငါ့ရင်ထဲ.





က အချစ်တွေကို နင်သိသွားအောင် နင်မြင်သာအောင်ပြသဖို့ ငါကြိုးစားပေမယ့် ကံဇာတာကငါ့ဘက်မှမရပ်တည်ဘဲ ပြက်ရယ်ပြုနေလေရဲ့၊ ဘယ်တော့များမှ တို့နှစ်ယောက် ကောင်းသောဆုံစည်းခြင်းနဲ့ ဆုံတွေ့ ဖြစ်တော့မလဲ. . . ဟူး. . .'

လေးလံသောသက်ပြင်းကြီးကိုချအပြီး အမိပ္ပာယ်မဲ့စွာ တိုင်းအားကစားကွင်းကြီးကိုငေးအကြည့် ထိုကွင်းကြီး၏အပေါက်ဝမှ မောင်တာနှင့် စက်ဘီးတွန်းလာသော ကောင်မလေး သေသေချာချာပြောရလျှင် ဖွန်ကြီးနဲ့ ရယ်မောပျော်ရွှင်စွာပါသွားသော မောင်တာကြိုက်နေသည့် ငယ်ငယ်ဆိုသည့် ကောင်မလေးကိုမြင်လိုက်ရ၍ ကျွန်တော်စိတ်ဝင်စားသွားသည်၊

'တွဲသွားတွဲလာမကြိုက်ရအောင် ကိုတင့်လွင်က ဘယ်လိုလူစားမျိုးမို့လို့လဲ'

'တစ်ဖက်သားကိုအပုတ်ချပြီး ကိုယ့်ကိုယ်ကိုယ်ဂုဏ်လုပ်တဲ့ လူစား တွေထဲမှာ ငါမပါဘူးငယ်ငယ် အခုဟာက တွဲသွားတွဲလာကိုမကြိုက်လို့ပြောနေတာ မဟုတ်ဘူး၊ နင့်ကိုငါ ဘယ်လောက်ချစ်တယ်ဆိုတဲ့အကြောင်းတွေ ပြောပြနေတာ'

'ကျွန်မကိုချစ်တဲ့အကြောင်းတွေ ပြောပြနေတယ်ဟုတ်လား၊ ကျွန်မ နားလည်တာက ရှင်. . . ကျွန်မကိုသဝန်တိုတဲ့အကြောင်းတွေ ပြောနေတာလို့ပဲ နားလည်တယ်'

'သဝန်တိုတယ် ဟုတ်လား'

အထွတ်အထိပ်ကိုရောက်နေတဲ့ဇာတ်လမ်းနှင့် လာတိုးသဖြင့် ကျွန်တော်လည်း မျက်တောင်မခတ်၊ နားရွက်မလှုပ်ဘဲ စူးစိုက်နားထောင်လိုက်သည်၊ မောင်တာက ကောင်မလေး၏စက်ဘီးရှေ့တွင်ရပ်လိုက်ပြီး ကောင်မလေးတို့ မျက်ကြည့်နေသလို ကောင်မလေးကလည်း ပြန်ပြီးစိုက်ကြည့်နေစဉ် မောင်တာ က ရင်ထဲမှလှိုက်လှိုက် လှဲ့လှဲ့လာသောအသံမျိုးဖြင့်. . .

'ငါ. . . ဘာပြုလို့ သဝန်တိုနေရသလဲဆိုတာကို ငယ်ငယ်စဉ်းစား မကြည့်မိဘူးလား၊ နင့်ကိုငါချစ်လို့ပါ ငယ်ငယ်၊ ငါနင့်ကိုသိပ်ချစ်လွန်းလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ငါနင့်ကို ချစ်ခဲ့တာဟာ အပျော်တွဲဖို့မဟုတ်ဘူး တစ်ဘဝလုံးကို အဖော်အဖြစ် လက်တွဲချင်တဲ့ အချစ်မျိုးနဲ့ ချစ်နေမိလို့. . .

ပြုံးကျယ်သော မောင်တာ၏မျက်နှာအစုံတွင် မျက်ရည်များခို တွယ်နေသည်ကို တအံ့တသြ ကျွန်တော်မြင်တွေ့လိုက်ရသည်။

ငယ်ငယ်ဆိုသည့်ကောင်မလေးက ခေါင်းငုံ့နေသည်။ ခဏကြာ မှ. . .

'တိုတင့်လွင်က ကျွန်မနဲ့အမျိုးတော်တယ်ဆိုတာ ရှင်သိလား'

မောင်တာက ခေါင်းခါလိုက်ရင်း. . .

'ငယ်ငယ် ငါတကယ်သိချင်နေတာ အဲဒါလို့ထင်နေသလား'

ကောင်မလေးက အလှဆုံးပြုံးလိုက်ရင်း သူ့စက်ဘီးကိုမောင်တာ့ထံ တွန်းပို့၍. . .

'သွားကြရအောင်'

'ဘယ်ကိုလဲ'

ကောင်မလေးက ရှက်ပြုံးပြုံးရင်း မောင်တာ့ကျောကိုဖွဖွလေး ထု တာ. . .

'ဘီးနံပါတ် OK 0122 L လိုပေါ့'

မောင်တာ့မျက်နှာ ဝင်းခနဲဖြစ်သွားပြီး. . .

'ဘီးနံပါတ် OK 0122 L တဲ့လား ဖမ်းသာလိုက်တာ ငယ်ငယ်ရယ်'

ပြောပြောဆိုဆို မောင်တာ စက်ဘီးကိုယူ၍ ကောင်မလေးကို တင်ပြီး နင်းဖို့လုပ်နေသည်။ သူတို့၏ စကားဝှက် OK 0122 L ကိုကျွန်တော် အဖြေမရသေး၊ စိုင်းခမ်းလိပ်ရေးပြီး စိုင်းထီးဆိုင်ဆိုထားတဲ့ နာမည်ကြီးသီချင်း တို့ ပြန်စဉ်းစားကြည့်ပြီးဆိုကြည့်သည်။ အရေးထဲ သီချင်းစာသားတွေက တမောက်ဘာမဖြစ်နေသည်။

'မောတော့မောတာပေါ့ ဒါပေမယ့်မမောဘူး၊ ဒါမဟုတ်သေးဘူး၊ ငှာ အဖြတ်အသန်းသိပ်များတယ်ကွယ့် ဒါလည်းမဟုတ်သေးဘူး ဟုတ်ပြီ စိတ်ညစ်စရာချန်ထား လောကကိုမေ့ထား ဒီဘီးလေးဟာလေ





အမှန် ဇကန် ကိုယ်တို့နှစ်ဦးရဲ့ ချစ်နိဗ္ဗာန်၊ ဪ. . . လတ်စသတ်တော့ စက်ဘီးတစ်စီးနဲ့ ချစ်နိဗ္ဗာန်တည်ကြမဲ့ ချစ်သူနှစ်ဦးပေါ့

ဘီးနံပါတ် OK 0122 L ဆိုတဲ့ စကားဝှက်၏အဖြေကိုရသွား၍ ဝမ်းသာအားရ ထိုင်ရာမှထမည်အလုပ် ခြေဆင်းထားသော ဘယ်ခြေကျင်းဝတ် ပေါ်သို့ စက်ဘီးရှေ့ဘီးကတက်နင်းလိုက်သဖြင့် 'အား' ခနဲအော်တာ ခြေထောက်ကိုပြန်ရုပ်ရင်းမော့ကြည့်လိုက်တော့ 'ဗိုး' ခနဲစက်ဘီးက ဖြတ်နင်း သွားသည်။ ၎င်းတို့နှစ်ယောက်က မိုးမမြင်လေမမြင် ကျွန်တော့်ကိုပါ မမြင်ဘဲ တက်နင်းမိခြင်းဖြစ်သည်။ နောက်ဘီးနှင့်ထပ်ပြီးမနင်းမိ၍ တော်ပေသေးသည်။

'ဘာဖြစ်သွားသေးလဲ'

နာတာပေါ့ ယောက္ခမသားရဟု ဖြေမလို့ဖြင့်လိုက်. . .

'ဘာမှ မဖြစ်ဘူး'

'သဲလမ်းဆိုတော့ သဲဆွဲလို့ စက်ဘီးရမ်းသွားတာပါ ကိုင်ထားနော်'

'အင်းပါ'

နှစ်ယောက်သား အတိုင်အဖောက်ညီညီဖြင့် ပြောပြောဆိုဆို ပျော်ရွှင် စွာဖြင့် ထွက်သွားကြသည်။

ကျွန်တော့်ကို မြင်လည်းမမြင်၊ သတိလည်းမထား၊ စက်ဘီးနှင့်တက် နင်းခဲ့မှန်းတောင်မသိဘဲ ချစ်နိဗ္ဗာန်တည်အောင်သွားသည့် ဘီးနံပါတ် OK 0122 L ပိုင်ရှင်များ၏ နောက်ကျောကိုသာ တအံ့တသြငေးအရင်း တို့ဆို့ ခြေထောက် ကိုယ်ပွတ်ရင်း ကျွန်တော်ကျန်နေခဲ့တော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ဝင်းနိုင်မောင်းလာသော ဟိုင်းလတ်ကားလေးသည် 'ဂရိုး ဂရိုး' မြည်ကာ ခုန်ဆွခုန်ဆွဖြစ်ပြီး ထိုးရပ်သွားသဖြင့် ကားနောက်မြီးဖျားမှစီးလာသော ကျွန်တော်က ကားပေါ်မှခုန်ဆင်းကာ ရှေ့ခန်းသို့သွား၍ဝင်းနိုင်ကို. . .

'ဘာဖြစ်တာလဲ'

'ကလပ်(ချ်) ဝါရှာ ပေါက်သွားတယ်ထင်တယ်ကွ ဂီယာထိုးလို့ မရတော့ဘူး'

'ဒုက္ခပါပဲ ပြန်ပြင်လို့ရပါ့မလား'

ဟူသောဝင်းနိုင်ရည်းစား၏ ဘိုးသံနှင့်အတူ အနောက်ခန်းရှိ ထွန်းထွန်း၊ မောင်တာ၊ သက်ပြင်းတို့အတွဲများနှင့် ကိုကြီးကျော် နှင့်အောင်နှင့် သန့်ဇင်တို့ ထံမှလည်း ညည်းညူသံကြီးထွက်လာသည်။

ကားကိုဝိုင်းတွန်း၍ လမ်းမှလွတ်ရာသို့ ရွှေ့ကြစဉ်. . .

'နေတလည်းပူလိုက်တာ အရိပ်ခိုဖို့ သစ်ပင်လေးတစ်ပင်တောင် မရှိဘူး'

ဟု အမျိုးသမီးထုက ညည်းညူကြပြန်ပါသည်။

နေရာတ မကွေးနှင့်ယင်းချောင်းကြားရှိ အတက်အဆင်း အလွန်မတ်





သော ရေကျော်သဲချောင်းနေရာ အလယ်တည့်တည့်ကြီးဖြစ်သည်။ ဝင်းနိုင်တို့အားအောက်ဆင်းခိုင်းလိုက်ပြီး ကျွန်တော်ကတတ်ကာ စက်နှိုး၍ ကလပ်(ချ်)နှင့် ဂီယာကိုစမ်းကြည့်လိုက်ပြီး. . .

'သေချာတယ် ကလပ်(ချ်)ဝါရှာကြွသွားတာ မင်းမှာအပိုပါသလား'

ဝင်းနိုင်ကထိုင်ခုံအောက်ရှိ ဟူးဘောက်(Tool box) ကိုထုတ်ရင်း. . .

'ပါတယ်၊ ဘရိတ်ဆီဘူးရော ကွင်းတွေဂွတွေပါ ပါတယ်၊ မင်းလုပ်တတ်သလား'

ကျွန်တော်က ခေါင်းညိတ်လိုက်ရင်း မကွေးဘက်ကနေ၍ ကျွန်တော်တို့ ဘက်လာနေသော ဒိုင်နာကားကြီးကိုကြည့်လိုက်ပြီး. . .

'ဝါရှာလဲတာက နည်းနည်းကြာတယ်ကွ၊ ဟိုမှာလာနေတဲ့ ဒိုင်နာကားကိုမြင်တယ်မဟုတ်လား၊ အဲဒီကား ယင်းချောင်းတံတားကို သွားမှာသေချာတယ်၊ မင်းတို့တားပြီလိုက်သွားကြ၊ ငါဝါရှာလဲပြီး နောက်ကလိုက်လာခဲ့မယ်'

'ဟာ. . . မင်းတစ်ယောက်တည်း ဘယ်ဖြစ်မလဲ'

'ဖြစ်ပါတယ်ဟ မင်းတို့ရှိတော့ရော ဘာလုပ်တတ်လို့လဲ၊ သက်သက်မဲ့ နေပူကြီးထဲထိုင်စောင့်ရမှာ၊ မိန်းကလေးတွေလဲပါနေတော့ အားနာစရာကြီး သွားသာသွားနှင့်ပါ၊ အဲ. . . ကိုကြီးကျော် ခင်ဗျားတော့ ကျွန်တော့်ကိုကူဖို့ နေခဲ့ဦး'

သန့်ဇင်ကပျာပျာသလဲဖြင့်. . .

'ကိုကြီးကျော်ကိုထားခဲ့လို့မဖြစ်ဘူး၊ ငါ့ကိစ္စကိုသူလုပ်ပေးရမှာလေကွာ ရှေ့ကသွားနှင့်တဲ့ သားစစ်တို့ကားထဲမှာ[illegible]ထားတို့အုပ်စု ပါသွားတယ်ကွ'

သားစစ်က သူ့သူငယ်ချင်းဟိုင်းလတ်ကားကိုငှား၍ စနိုးပိုက် အကူအညီဖြင့် မထားတို့သူငယ်ချင်းတစ်စုလုံးကိုတင်ကာ ယင်းချောင်း၊ တံတားသို့ သွားနှင့်ပြီဖြစ်သည်။ ကျွန်တော်တို့အုပ်စုနှင့်ဆုံတွေ့၍ ပျော်ပွဲစားရင်း ကိုကြီးကျော်က သန့်ဇင်ကိစ္စကိုဖြေရှင်းပေးရန် စီစဉ်ထားပြီးဖြစ်သည်။

'အေးလေ ဒါဆိုလည်းမောင်ချစ်မင်းနေခဲ့၊ ဝင်းနိုင် မင်းတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ အဖော်ပါတယ်လိုက်သွား၊ ငါ့ကိုအားနာမနေနဲ့'

ဒိုင်နာကိုတား၍ အားလုံးလိုက်သွားကြသည်။ မောင်ချစ်ကဘာမှ မလုပ်ဖြစ်သဖြင့် ကားပေါ်ထိုင်ကာ ကလပ်(ချ်) ခြေနင်းကိုနင်းပေးရုံသာ တတ်နိုင်သည်။ ကျွန်တော်ကတော့ နေပူကြီးထဲကားစက်ဖုံးဖွင့်၍ ဟိုနှိုက် သည်နှိုက်လုပ်ရသလို ကားအောက်သို့လည်း သုံးခါတိတိပက်လက်ဝင်လိုက်ရ သဖြင့် ကစ်ကိုယ်လုံးချွေးများ ဖုန်များဖြင့် ညစ်ပတ်သွားသလို လက်နှစ်ဖက် လည်း ဆီချေးအလိမ်းလိမ်းဖြင့် ပေရေနေလေတော့သည်

လေးဆယ့်ငါးမိနစ်လောက်ပြုပြင်ပြီးမှ ကောင်းသွားသဖြင့် သူတို့ရှိရာ သို့လိုက်သွားခဲ့သည်။ ယင်းချောင်းရောက်တော့ ဆရာစ်နှင့်သခင်ဘိုးလှကြီး ရပ်တုံဘား အရိပ်ကောင်းသောနေရာတွင် Ground sheet ခေါ် ပလင်စတစ် အစကြီးကို မြေပြင်တွင်ခင်းပြီး နှစ်ဖွဲ့ပေါင်း၍ ထိုင်နေကြသည်ကိုတွေ့ရသည်။

ပြုံးရွှင်နေသော သန့်ဇင်နှင့် သူ့ဘေးတွင်ထိုင်နေသော ကြည်နူးနေပုံ ရသည့်ဘားကိုပါမြင်လိုက်ရသဖြင့် ကိုကြီးကျော်၏ စေ့စပ်ညှိနှိုင်းမှု အောင်မြင် ကြောင်းသိလိုက်ရ၍ ဝမ်းမြောက်သွားသည်။ အားလုံးလည်း ပျော်နေကြပုံရ သည်။ ကိုကြီးကျော်က ဝမ်းသာအားရကြီး. . .

'ကဲ. . . လာ လာ ထင်ကြီးနဲ့ မောင်ချစ် မင်းတို့ကိုစောင့်နေကြတာ ပါဆယ်ဂိမ်း(Parcel Game) ကစားမလို့ကွ၊ ကဲ ကဲ တစ်ယောက်ကျော် နေရာ လွတ် နှစ်ခုကြားထဲဝင်ထိုင်ကြကွ'

ယောကျ်ားလေးတစ်ယောက်ပြီးလျှင် မိန်းကလေးတစ်ယောက် (One by one) စံနစ်တကျနေရာယူ၍ စက်ဝိုင်းပုံစံထိုင်နေကြသော အုပ်စုအတွင်း ကျွန်တော်နှင့်မောင်ချစ်ထိုင်ရန် နေရာကိုကြည့်လိုက်တော့ ကျွန်တော့်ရင်များ တဒိုင်းဒိုင်းခုန်သွားသည်။ သင်းသင်းအောင်ပါလား။

သင်းသင်းအောင်က မချိုနှင့် နှင်းဖြူကြားတွင်ထိုင်နေသဖြင့် ကျွန်တော်နှင့်မောင်ချစ် ကြိုက်တဲ့နေရာဝင်ထိုင် သင်းသင်းအောင်သည် ကျွန်တော့်ဘေးတွင် ရှိနေတော့မည်။ နှင်းဖြူနှင့်သားစစ်က သင်းသင်းအောင် ကိုခေါ်လာကြခြင်းမှာ ကြားဖြတ်အစီအစဉ်ဖြစ်ပုံရသည်။ ကျွန်တော်လည်း





ရင်ခုန်ခြင်းများနှင့်အတူ သွားမည်အလုပ် စိတ်ရှုပ်နေဟန်တူသည့် သင်းသင်း အောင်၏မျက်နှာကို မြင်လိုက်ရ၍ ခြေလှမ်းများတုန့်သွားသည်။

ကျွန်တော့်ကိုကျွန်တော်ပြန်ကြည့်လိုက်တော့ ချွေးများ ဖုန်များ၊ ဆီများဖြင့်ညစ်ပတ်နေသည်။ မွှေးကြိုင်၍ လှပစွာဝတ်ဆင်ထားသော ဘယ်အမျိုးကောင်းသမီးကမှ သူ့ဘေးသို့ ညစ်တီးညစ်ပတ် စုတ်တီးမုတ်ပြတ်လူ ဝင်ထိုင်မည်ကို ကြိုက်နိုင်ပါမည်နည်း။ ကျွန်တော် သဘောပေါက်သွားသည်။ သို့ကြောင့်. . .

'မင်းတို့ဟာမင်းတို့ ကစားကြပါကွာ၊ ငါ့တစ်ကိုယ်လုံးလည်း ပေကျံ ညစ်ပတ်နေတာ မြင်တဲ့အတိုင်းပဲ၊ ငါတံတားဟိုဘက်ထိပ်က ဆိုင်တွေကိုသွားပြီး ခြေဖျော့လက်တွေ ဆေးလိုက်ဦးမယ်'

အားလုံးက ဝိုင်းတားကြသော်လည်း ကျွန်တော်ခေါင်းခါပြီး ယင်း ချောင်းတံတားကိုခြေလျင်ဖြတ်၍ တောင်ဘက်သို့သွားခဲ့သည်။ တံတားကြီး ၏တောင်ဘက်တွင် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင် များစွာရှိသည်။ ကုန်ကား ကြီးများ စခန်းချရာနေရာဖြစ်၍ အဆင်ပြေလွယ်ကူရပါချိုးနိုင်ရပေလိမ့်မည်။

ရေမိုးချိုး၍သန့်စင်သွားပါက မင်းဘယ်ပြေးမလဲ သင်းသင်းအောင်၊ ဆိပ်ဆုံးဆိုင်၏ရှေ့တွင် မကွေးဘက်သို့ခေါင်းပြု၍ရပ်ထားသော အိမ်မှ GMC ကားကြီးကိုတွေ့လိုက်ရသလို ကားအောက်တွင်လည်း ညစ်ပေစွာဖြင့် အလုပ် ရှုပ်နေသောအစ်ကိုကိုပါတွေ့လိုက်ရသည်။ အစ်ကိုက ကျွန်တော့်ကိုကြည့် ရင်း. . .

'မင်း. . . ဒီကိုဘာလာလုပ်တာလဲ၊ ကျောင်းမတက်ဘူးလား'

'ဒီနေ့ စနေနေ့ကျောင်းပိတ်ရက်၊ သူငယ်ချင်းတွေနဲ့လိုက်လာတာ အစ်ကိုကရော ဘာလုပ်နေတာလဲ'

'ငါ. . . ပြည်ကကုန်တွေကို မကွေးသွားပို့မလို့ အခုဒီနားရောက်မှ ဘရိတ်ပေါက်နေလို့ဟ'

'အစ်ကို့ စပါယ်ယာရော'

'ဒီကောင် တောင်တွင်းကြီးက သူ့အမျိုးအိမ်မှာနေခဲ့တယ်၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



မကွေးကို သိပ်မဝေးတော့ပါဘူးဆိုပြီး တစ်ယောက်တည်းမောင်းလာတာကွ ကဲ ကဲ လာကွာစမ်းကွာ၊ ဒီဟာက နှစ်ယောက်လုပ်မှဖြစ်တာ'

ရတောင့်ရခဲ အခွင့်အရေးလေးတွေ လက်လွတ်ကုန်ပါရောလား သင်းသင်းအောင်ရယ်လို့ ဆွေးစိတ်ကိုဘေးချိတ်ပြီး အစ်ကို့ကားအောက်ဝင်ကာ ကူရလေတော့သည်။

တစ်နာရီနီးနီးလောက် မြုတ်တပ်လုပ်ပြီးနောက် စမ်းမောင်းကြည့်ရင်း. . .

'ဘရိတ်ကတော့ ရသွားပြီကွ၊ ဒါပေမယ့် သိပ်စိတ်မချရသေးဘူး၊ မကွေးရောက်မှ စက်ဆရာနဲ့သေသေချာချာပြန်လုပ်ရဦးမယ်၊ မင်းငါနဲ့လိုက်ခဲ့ လမ်းမှာပြန်ဖြစ်ရင် ငါတစ်ယောက်တည်းမလွယ်ဘူး'

ကျွန်တော်လည်း ခေါင်းငိုက်စိုက်ကျသွားပြီး. . .

'ကဲ. . . ဒါဆိုရင်လည်းအစ်ကို တံတားမြောက်ဘက်က သခင်ဖိုးလှကြီးနဲ့ ဆရာစံတို့ရုပ်တုရှေ့မှာ ကျွန်တော့်သူငယ်ချင်းတွေစောင့်နေတယ်၊ သူတို့ကိုသွား ပြောရင်း ကျွန်တော်အဲဒီကပဲစောင့်နေမယ်၊ အစ်ကိုလာလို့ အဲဒီနားရောက်ရင် လှမ်းခေါ်လိုက်'

အစ်ကိုကခေါင်းညိတ်ရင်း ဖလားနှင့်ဆပ်ပြာခွက်ကိုယူ၍ ဆိုင်နောက်ဘက်သို့ဝင်သွားသည်။ ကျွန်တော်ကတော့ ခြေလက်ဆေးချင်စိတ်ပင် မရှိတော့သဖြင့် လေးကန်သောခြေလှမ်းများဖြင့် ယင်းချောင်းတံတားကြီးကိုဖြတ်၍ ဟိုကောင်တွေရှိရာသို့ပြန်သွားရပြန်သည်။

ပါဆယ်ဂိမ်းကတော့ ပြီးသွားပုံရသည်၊ ပျော်ရွှင်နေသော သူငယ်ချင်းအပေါင်းမှာလည်း သူတို့နေရာနေပူလာသဖြင့် နေရိပ်ရာသို့ ရန်ပြင်နေကြရင်း ယခင်ကထက်ပိုမိုညစ်ပတ်စုတ်ပြတ်နေသော ကျွန်တော့်ကိုတွေ့သွားကြသဖြင့် တအံ့တဩဖြစ်ကုန်ကြသည်။ ကျွန်တော်က နွမ်းလျစွာပြုံးရင်း. . .

'ဟိုဘက်တံတားထိပ်မှာ ငါ့အစ်ကိုရဲ့ကားပျက်နေလို့ ပြင်ပေးနေရတယ်ကွာ၊ ကားကသိပ်မကောင်းသေးဘူး၊ အစ်ကို့မှာလည်းအဖော်ပါမလာလို့ ငါသူနဲ့ မကွေးကိုပြန်လိုက်သွားမှဖြစ်မယ်ကွ၊ အဲဒါ. . . မင်းတို့ကိုလာပြောတာ'





ခြင်းတောင်းတစ်လုံးကိုဆွဲထားသော မောင်ချစ်က ကျွန်တော့်ဘေး ရပ်ရင်း အသံတိုးတိုးဖြင့်. . .

'စက်ဘီးကိုခဲနဲ့ထုတဲ့ကိစ္စကို ကိုကြီးကျော်ကရှင်းပြတယ်၊ တောင်ကြီး သင်းကိစ္စလည်း နှင်းဖြူကရှင်းပြလို့ အခုသင်းသင်းအောင်ကမင်းကို အမြင် ကြည်လင်နေပြီ၊ ဒါတင်မကသေးဘူး ဝင်းနိုင်ရည်းစားကလဲ မင်းအနစ်နာခံပြီး ပူကြီးထဲမှာ ကားပြင်တဲ့အကြောင်းပြောပြလို့ သင်းသင်းအောင်က မင်းကို တော်တော်လေး သနားနေပုံရတယ်ကွ၊ မင်းကတော့ အိုကေမှာ မြင်ယောင် တယ်'

ထိုစဉ် Ground sheet မြေခင်းပလပ်စတစ်စကြီးကိုဆွဲ၍ ကျွန်တော့် ဘေးအရိပ်တွင် ခင်းရန်ပြင်နေသော ကိုကြီးကျော်က. . .

'လက်ဖက်ခွက်ဘယ်သူ့ဆီမှာလဲ၊ ထင်ကြီးကိုကျွေးလိုက်ကြဦးလေ ကောင် ဘာမှစားရသေးတာ မဟုတ်ဘူး'

လက်ဖက်အုပ်ကိုကိုင်ထားသော သင်းသင်းအောင်သည် ကိုကြီး ကျော်စကားကြောင့် ဘာလုပ်ရမှန်းမသိဖြစ်သွားပြီး ကျွန်တော့်ကိုလှမ်းကြည့် သည်။ ထို့နောက်ကျွန်တော့်အနားသို့လာပြီး လက်ဖက်အုပ်ကိုအဖုံးဖွင့်ကာ ကျွန်တော့်ထံသို့ ထိုးပေးသည်။

ကိုကြီးကျော်ဆင်လိုက်သော 'ခွင်' က လှပစွာဝင်လာသဖြင့် ကျွန်တော်က ဆီချေးအလိမ်းလိမ်းကပ်ပြီး ညစ်ပေနေသောလက်မည်းကြီး ဖြင့်လက်ဖက်ကိုဖြန့်လိုက်ပြီး ကိုယ့်ဟာကိုယ်ကြည့်သလိုလိုဖြင့် သင်းသင်းအောင်မြင် အောင် ပြလိုက်ရင်း. . .

'အားနာလိုက်တာ လက်[illegible]ဆီချေးတွေနဲ့ ညစ်ပတ်နေတာပဲ'

ကျွန်တော့်စကားကိုအထာပေါက်သော မောင်တာက ပစ္စည်းများ ကိုပလပ်စတစ်အခင်းပေါ်တွင်ချရင်း. . .

'ဟေ့ကောင် ထင်ကြီးအငတ်သာခံလိုက်တော့၊ မင်းလက်မဲကြီးနဲ့ နှမ်းကို ကိုင်ရင် ငါတို့တွေအကုန်လုံးပါ ပေကျံကုန်လိမ့်မယ်၊ ငှန်းက တစ်ချောင်း တည်းရှိတာ မစားနဲ့တော့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုအပြစ်ပြောသလိုလိုဖြင့် တပ်မံ၍'ခွင်' ဆင်လိုက်သော မောင်တာ၏စကားကြောင့် ကျွန်တော်ကသနားဖွယ် ဟန်ပန်အမူအရာ ဖြင့်. . .

'ရပါတယ်ကွာ မစားတော့ပါဘူး'

ကျွန်တော့်စကားအဆုံး သင်းသင်းအောင်မှာ အိုးတို့ အမ်းတမ်းဖြစ် သွားပြီး လက်ဖက်ကိုဇွန်းဖြင့်ကော်လိုက်သည်။

ဤသည်ကိုမြင်လိုက်ရတော့ ကျွန်တော့်မှာ ရေထဲကငါး ကုန်းပေါ် တင်လိုက်သကဲ့သို့ အသက်ကိုဖုတ်လှိုက် ဖုတ်လှိုက်ရှူရင်း ဖင်တွေခုန်သွား သည်။

သွား. . . သွား. . . ဟုတ်သည်။ သင်းသင်းအောင်က ကျွန်တော့်ကို လက်ဖက် ခွံ့ကျွေးတော့မည်။

သင်းသင်းအောင်သည် လက်ဖက်တစ်ဇွန်းကိုကော်လိုက်ပြီး ကျွန်တော့်ကို ခွံ့ကျွေးရန် ပေပေသောသူမလက်ကလေး မြောက်တက်လာသည် ထို့နောက် ရုတ်ရွံ့မှုဖြင့် မျက်လွှာချလိုက်သည်။ အားလုံးကလည်း ဝိုင်းပြီးပြုံး ကြည့်နေကြသည်။

ကျွန်တော်ကလည်း ဇမ်းသာအားရကြီး ပါးစပ်ကို'ဟ' ၍လက်ဖက် ဇွန်းကိုလှမ်း အဟပ် 'ပွမ် ပွမ်' ဟူသော ကျယ်လောင်သည့် ကား'ဟွန်း' သံကြီး နှင့်အတူ. . .

'ထင်ကျော်ဦးရေ. . .'

ဟူသောငယ်သံပါအောင် အော်ခေါ်လိုက်သည့်အစ်ကိုအသံကြီးက ကျွန်တော့်နောက်မှ အချိန်ကိုက်ပြီး'ဖုံး' ခွဲချလိုက်သလို ထွက်ပေါ်လာသော အခါ. . .

ကျွန်တော်တုန်လှုပ်သွားပြီး ဟန်ချက်ပျက်ကာ လက်ဖက်ဇွန်းကိုလွဲပြီး သင်းသင်းအောင်၏လက်ကို လှမ်းဟပ်မိလိုက်လေတော့သည်။

သင်းသင်းအောင်လည်း 'အား' ခနဲလန့်အော်ကာ သူ့လက်ထဲရှိဇွန်း ကိုသာမက လက်ဖက်ခွက်ကိုပါလွှတ်ချလိုက်ရာ အားလုံးကလည်း 'အား' ဟု





ပြီးအော်ကြသည်။

ကျွန်တော်ကလည်း အံ့အားသင့်စွာဖြင့် ကျွန်တော့်ခြေထောက်နား ကျလာသော လက်ဖက်ခွက်ကိုကြည့်ရင်း မကွေးဒီဂရီကောလိပ်၏ လက်ရွေးစင် ဘောလုံးသမားပီပီအထုံဝါသနာအရ ရည်ရွယ်ဘဲယောင်ပြီး လက်ဖက်ခွက် ကိုမကျခင် လှုပ်တစ်ပြက်တော့၍ကန်ထည့်လိုက်မိသည် မြေမကျတောပေါ့ ဗျာ။

လက်ဖက်ခွက်မှာပေါ်မြောက်တက်သွားပြီး လက်ဖက်အသားများ၊ ပဲမြောက်များ၊ ပဲခြမ်းကြော်များ၊ ကြက်သွန်ဖြူများ ငရုတ်သီးတောင့်များက ရွာဖြင့် ပြန့်ကျဲလွင့်စင်ကာ အနားရှိသူအပေါ်ကိုအပေါ်သို့ မိုးရွာ သကဲ့သို့. . .

အားလုံးအငိုက်မိသွားသဖြင့် ကျွန်တော်၏ လျှပ်တစ်ပြက်ကန်ချက် မည်သူမျှ မတိမ်းရှောင်နိုင်ကြ။ နှစ်ဖက်အသင်းရှေ့တွင်သာ ဖြစ် သည်။ ဒိုင်လူကြီးလည်းမရှိပါ၊ စည်းကြပ်ဒိုင်လည်းမရှိပါ။ သို့သော် ဤ ကန်ချက်သည် အနီကတ်ဒ်သာဖြစ်ကြောင်း ကိုယ့်ဘာကိုယ်သဘောပေါက် ဖြင့်. . .

'ဆောရီး. . . ဆောရီး. . . မပေါ်လို့. . .'

ဟုအော်ဟစ်ရင်း 'ချာ' ခနဲကျွန်တော်လှည့်ကာ အစ်ကို့ ကားနောက် အသားကုန်ပြေးလိုက်၍သွားရလေတော့၏။

မကွေးရှိ ကားဝပ်ရှော့တွင် အစ်ကို့ကားကြီးကိုထိုးပြီးနောက် အစ်ကို့ ကမှ မုန့်ဖိုးတောင်းကာထွက်လာခဲ့သည်။ အဆောင်ကိုလည်း ပြန်ချင်စိတ်မရှိ သဖြင့် ဧရာဝတီမြစ်ဆိပ်သို့ဆင်းပြီး ကျွန်တော်တို့မြို့မှလိုင်းဆွဲသော ကျွန်တော့် သူငယ်ချင်းပိုင်သည့် ပဲ့ထောင်ကြီးပေါ်သို့တက်ခဲ့သည်။ ထိုပဲ့ထောင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



မကွေးတွင်ညအိပ်၍ မနက်ဆယ်နာရီမှ မြို့ကိုသွားမည့်ပဲထောင်ဖြစ်သည်၊

ထိုပဲထောင်တွင်ပင်ရေချိုး၊ သူတို့ထမင်းအိုးဖွင့်စားပြီးနောက် ပဲထောင်ခေါင်မိုးပေါ်တွင်ပက်လက်လှန်ကာ ဧရာဝတီမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကိုရှူ၊ ကြယ်ရောင်တလက်လက် တောက်ပနေသော မိုးကောင်းကင်ကြီးကိုကြည့်ရင်း အတွေးများကိုမိတ်ဆွေဖွဲ့နေလိုက်သည်။

မမျှော်လင့်သော တိုက်ဆိုင်မှုများကြောင့် ကျဆုံးခဲ့ရသော ကျွန်တော်၏ ဂုဏ်သိက္ခာများကို သင်းသင်းအောင်သိအောင် ပြန်လည်ဖြေရှင်းဖို့ အခွင့်အရေး လုံးဝမရှိတော့ဟူ၍ အဆုံးရှုံးခံထားသောအခွင့်အရေးလေးက သူငယ်ချင်းကောင်းများ၏ ကူညီမှုကြောင့် မျှော်လင့်ချက်ရောင်ခြည်လေးသမ်းလာသည်။

ကျွန်တော့်၏ရိုးသားမှုကို သင်းသင်းအောင်နားလည်သွားသည်။ သူမကကျွန်တော့်ကို အမြင်ကြည်လင်ရုံမက သူငယ်ချင်းအတွက် အနစ်နာခံတတ်သော ကျွန်တော့်စိတ်ရင်းအမှန်ကိုပါသိရှိသွားသဖြင့် ကိုဖျတ်ဝိနှင့် မအိုးဝလို ကွမ်းတစ်ယာ၊ ရေတစ်မှုတ်ဖြင့် ကျေအေးခြင်းလုပ်သကဲ့သို့ လက်ဖက်တစ်ဇွန်းဖြင့် သူ၏ တစ်ဖက်စွန်းရောက်မှုကို ခဝါချချိန်ရောက်ကာမှ ကံဟူသော ဆရာ၏ ကြိုးဆွဲမှားမှုကြောင့် ယခုတော့ဖြင့် ကျွန်တော်မောင်ထင်ကြီး တစ်ယောက် ကျည်တောက်အဖြုတ်ခံရတဲ့ အမြီးကောက်အကောင်လေးပဲ ဖြစ်နေတာပေါ့။

ဘာဖြစ်ဖြစ်စာမေးပွဲမတိုင်ခင်အတွင်း သင်းသင်းအောင် ရှေ့တော်မှောက်ကို ဖွတ်အတင်းအခစားဝင်ပြီး တောင်းပန်ဖြေရှင်းပြမည်ဟု စိတ်ပိုင်းတင်းလိုက်ပြီး ဖြေရှင်းစရာစကားလုံးလှလှလေးများကို ရွေးချယ်နေစဉ်မှာပင် ပဲထောင်ပိုင်ရှင်သူငယ်ချင်းက. . .

'ဟေ့ကောင်ထင်ကြီး ဟိုဘက်သင်္ဘောတွေမှာ ဧည့်စာရင်းစစ်တဲ့အဖွဲ့တွေလာနေကြတယ်၊ မင်း ဧည့်စာရင်းမတိုင်ရသေးဘူး ပြန်တော့ကွာ'

ဟုပြောလာသဖြင့်. . .

'ဩော်. . . ဖြေရှင်းစရာ စကားလုံးတောင်မှ ဖြောင့်ဖြောင့်တန်းတန်း





စဉ်းစားခွင့်မရတဲ့ငါ့ဘဝကို သင်းသင်းအောင်ရယ် နင်လာကြည့်ပါဦးတဲ့'

ဟူ၍ မချိတင်ကဲဖြင့် ပဲထောင်ပေါ်မှဆင်းကာ အဆောင်သို့ပြန်ရမည့် တစ်မိုင်အတက်ခရီးအတွက် မြေကြောကိုရှူရန် ဆိုက်ကားနှင့်မြင်းလှည်းဝိတ်သို့ သွားလိုက်သည်။ တစ်စီးမှမရှိတော့။

'ကံဆိုးထီးသွားရာ လိုက်လို့ရွာတဲ့မိုးကလည်း အခုအထိမစဲနိုင်သေးဘူး ဆိုတာကတော့ မြင်တဲ့အတိုင်းပဲ သင်းသင်းရေ. . ။ ငါ့ရဲ့ အပြန်ခရီးတစ်လျှောက် ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်းမှာ နင့်ကိုဖြေရှင်းရမယ့် စကားလုံးတွေကို စဉ်းစားရင်း အလှမ်းတွေကိုပဲစီးပြီးပြန်ရတော့မှာပေါ့'

လို့ သန္နိဋ္ဌာန်ချကာခြေလျင်လျှောက်ခဲ့တဲ့ကျွန်တော်တစ်ယောက် လမ်းဘေးဝဲယာမှနေပြီး ကိုအောင်နက်၊ ကိုဂုတ်ကြား၊ ကိုကျားဘိုတို့၏ အုပ်စုလိုက်မိုက်ကြေးခွဲမှုကို ခဲဖြင့်တစ်မျိုး၊ တုတ်ဖြင့်တစ်သွယ်၊ ဟဲ့ဟဲ့ ဟု အသံဖြင့်တစ်ဖုံနည်း၊မျိုးစုံနဲ့ ခုခံတွန်းလှန်ရင်း အန္တရာယ်အသွယ်သွယ်ကို လမ်းတစ်လျှောက်လုံးဖြေရှင်းနေရလို့ ကြေရာကြေကြောင်း တောင်းပန်မယ့် စကားလုံးများလည်းပျောက်ခဲ့ပြီပေါ့။

ကျောင်းထိပ်နားရှိ မုန့်ဆိုင်တန်းအစွန်ဆုံးက ကောင်းမွန်လတ်ဖက်ရည်ဆိုင်နားအရောက် နောက်ကားကိုရှေ့ကားဖြင့်ချိတ်ဆွဲလာသော ဟိုင်းလတ်ကားနှစ်စီးက ကျွန်တော့်ကိုဝင်တိုက်မလိုလုပ်သောကြောင့် လမ်းဘေးတိုခုန်ဆင်းပြီး ဆဲရန်ဟန်ပြင်လိုက်စဉ် ထိုကားနှစ်စီးပေါ်မှလူတစ်သိုက် ဆင်းလာပြီး သူတို့ကဦးအောင်ကျွန်တော့်ကို နည်းမျိုးစုံဖြင့် ညစ်ညမ်းသော အသုံးအနှုန်းများကို နားရှက်စရာ ပေါက်ပေါက်ဖောက်ကြသဖြင့် ကျွန်တော်လည်း သူတို့တိုတအံ့တဩ ကြည့်ရင်း. . .

'ဟ. . . ဘယ်လိုလဲ တစ်ညနေလုံးပျော်ပွဲစားထွက်တာ အပျော်လွန်ပြီး အခုအချိန်မှပြန်လာကြသလား'

နောက်ကားပေါ်မှ ဝင်းနိုင်ဆင်းလာပြီး ကျွန်တော့်ခေါင်းတိုခေါက်ရင်း. . .

'ယောက္ခမသား. . . ဘယ်မှာလဲ ငါ့ကားသော့'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ကျွန်တော်လည်းသတိရသွားပြီး ဂျင်းဘောင်းဘီအိတ်များကို လိုက်စမ်းရာ ရှေ့ဘက်အိတ်အသေးအတွင်းမှ ကားသော့ကိုပြန်တွေ့သဖြင့် သွားဖြီးရင်း. . .

'ဟီးဟီး အေးဟ ငါ့ဆီမှာပါလာတယ်၊ ငါလည်းမေ့သွားတာပေါ့ ဟီးဟီး'

ကျွန်တော်တို့အုပ်စု ကောင်းမွန်ဆိုင်ရှေ့အပြင်ဘက်တွင်ခင်းထားသော စားပွဲခုံများတွင်ဝင်ထိုင်ရင်း ကိုကြီးကျော်က. . .

'မင်းခြေစွမ်းပြချက်ကတော့ကွာ လက်ဖက်ကဆီတွေအကျီကိုစွန်းကုန်ရောပဲ၊ မိန်းကလေးတွေဆို ရှက်လွန်းလို့၊ နှမြောလွန်းလို့ ငိုမဲ့ငိုမဲ့နဲ့ဖြစ်ကုန်ကြရော၊ ဒီကောင်တွေက ကိုယ့်အတွဲကိုယ်တောင်းပန်ကြတော့ အားနာပါးနာနဲ့ သူတို့ကောင်မလေးတွေကကြိတ်မှိတ်ပြီးခွင့်လွှတ်ပေမယ့် သင်းသင်းအောင်နဲ့ မထားရဲ့သူငယ်ချင်းတွေကတော့ကွာ ငါနဲ့မောင်ချစ်တို့နှစ်ယောက်ဒူးဖက်မတတ် တောင်းပန်မှ မတတ်သာလို့မာန်လျှော့ကြတာဟေ့'

ကျွန်တော်ကရယ်ရင်း ဘေးမှဖြတ်သွားသောစားပွဲထိုးလေးကို. . .

'ညီလေးရေ ဟောဒီကကိုကြီးကျော်နဲ့ ဟိုဘက်ကမောင်ချစ်အတွက် လက်ဖက်ရည်ဖိုးကို ငါရှင်းမယ် ကျန်တဲ့ဟာမပါဘူး'

အားလုံးကဝိုင်းဆဲကြပြန်သည်။ ဝင်းနိုင်ကသူ့ရှေ့လာချသော မုန့်ဟင်းခါးကို တစ်ဇွန်းမြည်းကြည့်လိုက်ပြီး. . .

'အားလုံးကဝိုင်းတောင်းပန်၊ ဝိုင်းချော့လို့ အဆင်ပြေပြီး တဟီးဟီး တဟားဟားနဲ့ စကားဝိုင်းဖွဲ့နေကြတယ်၊ ငါတို့လည်း အရိပ်အခြေကိုကြည့်ပြီး တိုယ့်အတွဲနဲ့ကိုယ် လူရှင်းရာသွားမလို့လုပ်နေကြတုန်း ဟိုကောင်ထွဋ်ထွဋ်က မချိုကို ကမ်းပါးနားကခုံတန်းမှာ သွားထိုင်အောင်ခေါ်တယ်'

ကျွန်တော်ကစိတ်ဝင်စားစွာဖြင့်. . .

'ဟေ့ကောင်. . . ထွဋ်ထွဋ် ငါပြောတဲ့အတိုင်းလုပ်ခဲ့ရဲ့လား'

ကျွန်တော့်ကို အားလုံးကဝိုင်းဆဲကြသဖြင့် ကျွန်တော်က ဘာဖြစ်တာလဲဟု ပခုံးတွန့်ပြလိုက်သည်။ မောင်ချစ်က လက်ဖက်ရည်တစ်ငုံသောက်





ရင်း. . .

'မချိုက သူ့သံလိုက် 'ချက်(စ်)' ဘူးလေးကိုယူတယ်လေ၊ ထွဋ်ထွဋ်က ထားခဲ့ဖို့ပြောလို့ မချိုကဘာပြုလို့လဲလို့ပြန်မေးရော ထွဋ်ထွဋ်ကလေ မင်းက. . . ရည်းစားပီသအောင် လုပ်ခိုင်းတာတွေရှိတယ်လို့ပြောရောဟေ့'

ကျွန်တော်ပါးစပ်အဟောင်းသားကြီးဖြင့် ငေးကြည့်နေသည်။

'မချိုက ဘာလုပ်ရမှာလဲ၊ ကိုထင်ကြီးက ဘာခိုင်းထားလို့လဲလို့ ပြန်မေးပါလေရော၊ မင်းအကောင်က ဟိုနေ့က မင်းပြောတာတွေအကုန် ပြန်ပြောချလိုက်တာကွာ လူတောကြီးထဲမှာ'

'ဘာဖြစ်ကုန်ကြတုံး'

'ဘာဖြစ်ရမှာလဲ မိန်းကလေးတွေက ငါတို့တွေကိုအခွင့်အရေးသမားတွေ ဘာတွေညာတွေနဲ့ စွပ်စွဲတော့တာပေါ့၊ မင်းအနှိပ်အစက်ကိုခံထားရတဲ့ သက်ပြင်းရဲ့မဟေသီက ပိုဆိုးတယ်၊ မင်းမြှောက်ပေးတိုင်း လိုက်လုပ်ကြမယ့် မင်းရဲ့သစ္စာခံတွေဆိုပြီး ငါတို့ကိုရမ်းသေးတယ်ဗျာ'

'ဟားဟား အဲဒါနဲ့ မင်းတို့တွေရဲ့နှစ်ယောက်ချင်းကိစ္စ လက်လျှော့လိုက်ရရောလား'

'ဒါကတော့ သူ့သူကိုယ်ကိုယ် ကိုယ့်ရည်းစားနဲ့ကိုယ် ဆိတ်ငြိမ်ရာမှာ နေချင်တာပေါ့၊ အခုဟာက ပေါ်တင်ကြီးဖြစ်ကုန်တော့ ရှက်ရမ်းရမ်းကုန်ကြတာ မင်းရဲ့ဖြူစင်တဲ့ စာရိတ္တကြီးက ဘွားဘွားကြီးပေါ်သွားလို့ မင်းကိုလည်း ဝိုင်းပြီး မေတ္တာပို့ကြတာ နားတောင်မဆံ့ဘူး။ ကိုကြီးကျော်က လမ်းကြောင်းပြောင်းပြီး တို့တွေသုံးနေကျ 'စကားထာ' တွေနဲ့ ဝိုင်းကိုပြန်ထိန်းလို့ အဆင်ပြေသွားတာ'

ရှုတ်တရက်နားထောင်လိုက်လျှင် အလွန်ညစ်ညမ်းသော စကားထာဟုထင်ရသော်လည်း အဖြေကိုရှင်းပြလိုက်လျှင် ရိုးစင်းလွန်းသောကြောင့် အလွန်ပွဲကျသော ထိုကဲ့သို့သောစကားထာများကို ကိုကြီးကျော်တ တကူးတကရှာဖွေစုထားတတ်ကြောင်း၊ သုံးတတ်ကြောင်း အားလုံးသိထား၍ ကျွန်တော်ရယ်လိုက်စဉ် ကိုကြီးကျော်က. . .



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ ငါတို့မသိသေးတဲ့ စကားထာတစ်ခုကို မထားသူငယ်ချင်းက ဖွက်သွားတယ် မင်းဖြေနိုင်ရင်ဖြေစမ်း 'ငမဲဖင် ငနီရက်(လျက်) မြည်သံတဖွက်ဖွက်' တဲ့ အဲဒါဘာလဲ'

ကျွန်တော် ခဏစဉ်းစားလိုက်ပြီး ဆိပ်ကမ်းမှအလာခရီးကို သတိရသွား၍. . .

'ဒါများ တော်သလင်းခွေးတွေ'

အားလုံးကဝိုင်းဆဲကာ. . .

'ဖင်မည်းနေတဲ့ ထမင်းအိုးကို ထင်းမီးဖိုပေါ်တင်ပြီး ထမင်းချက်တာတဲ့ကွ၊ တဖွက်ဖွက်ဆိုတာ ဝေကျခါနီးအသံတဲ့၊ ဟီးဟီး ငါ့ထက်တော်တဲ့ဟာနဲ့တွေ့ခဲ့ရတာပဲ'

'ကဲ. . . နောက်ဆုံးတော့ အားလုံးအဆင်ပြေသွားတယ် မဟုတ်လား'

တစ်ဝိုင်းလုံးငြိမ်သွားသည်။ ခဏကြာမှ သားစစ်က. . .

'ညနေစောင်းပြန်ဖို့လုပ်မှ ဝင်းနိုင်ကားသော့ မင်းဆီပါသွားမှန်းသိတာ၊ မိန်းကလေးတွေကလည်း အဆောင်ပိတ်ကားနီးဆိုတော့ စိတ်ပူတာပေါ့၊ အဲဒါနဲ့ ငါတို့လည်း ကားမှာပါတဲ့ နိုင်လွန်ကြိုးနဲ့ ကားနှစ်စီးတွဲပြီး မောင်းရတာပေါ့ကွာ၊ လူဝိတ်ကများတော့ ကြိုးကလည်း ခဏခဏပြတ်၊ ပြတ်တိုင်းပြန်ဆက်ပြန်မောင်းနဲ့ ခရီးကမတွင်ဘူး၊

အဆောင်ပိတ်ချိန်ကနီးလာတော့ ဝင်းနိုင်ကားကိုထားခဲ့မယ်၊ ငါ့ကားနဲ့ ကောင်မလေးတွေ အကုန်လုံးတင်ပြီးခေါ်သွားမယ်ဆိုပြီး ကြိုးကို ဖြုတ်တော့ ဘယ်လိုမှဖြုတ်မရတော့ဘူး၊ အသေချည်ထားသလိုဖြစ်သွားပြီ၊ ဖြတ်စရာကလည်းမပါ ကားနဲ့ဆွဲပြီးဖြတ်တာတောင်မပြတ်တာနဲ့ ဒီအတိုင်းထိန်းပြီးမောင်းရတာပေါ့ကွာ၊

အဆောင်ပိတ်ချိန်ကလည်းရောက်ပြီ၊ ကားနှစ်စီးတွဲကြီးဆိုတော့ မြန်မြန်မောင်းမရလို့ ခရီးကလည်းမတွင် မိန်းကလေးတွေအားလုံးကလည်း စိတ်ပူပြီး မင်းကိုမေတ္တာပို့နဲ့ နောက်ဆုံးမြို့အဝင်နားက ဘက်စုံခြံရှေ့ရောက်မှ ကြိုးပြတ်သွားလို့ ဝင်းနိုင်တို့ကားကိုထားပစ်ခဲ့ပြီး ငါ့ကားနဲ့ကောင်မလေးတွေ





ကိုတင်ပြီး ကျောင်းကိုပြန်ရတာပေါ့၊ အဆောင်တပိတ်သွားပြီ၊ သော့လည်းခတ်ပြီးသွားပြီ ဆိုတော့ ဝင်ခွင့်မပေးတော့ဘူး၊

အဆောင်မှူးကိုနားလည်အောင်ပြောပြပြီး မနည်းကြီးတောင်းပန်တာတောင်မှ တော်တော်နဲ့မရသေးဘူး၊ အဆောင်မှူးက အားရအောင်ကြိမ်းမောင်းပြီးမှ အဆောင်ထဲဝင်ခွင့်ပေးတာကွ ၊ သူတို့တွေနောက်မဖြစ်စေရပါဘူးဆိုပြီး လက်မှတ်ထိုးရသေးတယ်လေ၊ အိမ်တွေကိုလည်းတိုင်စာပို့မယ်လို့တော့ ပြောတာပဲ ပို့မပို့တော့မသိဘူး၊ သူတို့အိမ်တွေကို တိုင်စာရောက်လို့ကတော့ မင်းတိုသတ်မယ်လို့ အားလုံးကကြိမ်းနေတာပဲ၊ အဲဒီအထဲမှာ သင်းသင်းအောင်က အဆိုးဆုံးပဲ မင်းသတိသာထားနေပေတော့၊

သူတို့ကိုပို့ပြီး မင်းကိုငါပတ်ရှာသေးတယ်၊ အဆောင်မှာလည်းမတွေ့ မင်းသွားတတ်တဲ့နေရာတွေမှာလည်းမရှိ၊ ဝပ်ရှော့ကိုသွားတော့ မင်းအစ်ကိုနဲ့တွေ့တယ် ပြန်သွားတာကြပြီတဲ့၊ ငါလည်းအဒိကနေကြိုးငှားပြီး ဝင်းနိုင်ကားကိုပြန်ဆွဲရတာ အခုမှပြန်ရောက်တာလေ'

ကျွန်တော်စိတ်မကောင်းပါ၊ ဝမ်းလည်းနည်းသွားသည်။ ထို့ကြောင့်ငိုင်နေမိသည်။ ကျွန်တော့်ပုံကိုကြည့်၍ သနားသွားသည့်ထင်သည်။

ဝင်းနိုင်က. . .

'ကဲပါကွာ. . . ငါတို့အားလုံးဘာမှမဖြစ်ဘဲ ပြန်ရောက်ပြီပဲ စိတ်မကောင်းဖြစ်မနေပါနဲ့တော့'

ကျွန်တော်ကခေါင်းကိုဖြည်းညင်းစွာရမ်းလိုက်ပြီး ကြယ်များလင်းလက်နေသည့် မိုးကောင်းကင်ကြီးကိုအစိပ္ပါယ်မဲ့စွာမော့ကြည့်ရင်း ရင်ထဲမှနှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှလာသောစကားများက တစ်လုံးချင်း ပွင့်အံထွက်လာသည်။

'သင်းသင်းရယ် အထပ်တစ်ရာလို ထပ်ခါထပ်ခါမှားနေတဲ့ ဟောဒီတာအပြစ်ရှိတဲ့ငါ၊ နင့်ကိုအမျိုးမျိုးစိတ်ဒုက္ခပေးခဲ့တဲ့ငါက ဘာကိုအားကိုးပြီးဘယ်မျက်နှာနဲ့ နင့်ကိုတောင်းပန်ဝံ့ပါတော့မလဲကွာ၊ မှန်တာပြောသစ္စာ နင့်ကိုသာ တောင်းပန်ခွင့်ရခဲ့ရင် ဟောဒီကောင်တွေ ဘယ်အချိန်မှပြန်ရောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



မရောက်ရောက် ငါသောတ်ဂရုမစိုက်ပါဘူးသင်းသင်းရယ်'

ဝိုင်း၍ဆဲလိုက်ကြသောအသံကြီးများက မိုးအထိညံသွားလေတော့သည်။

◆ ◆ ◆



(၁၃)

နှစ်နှစ်ကိုတစ်တန်းနှုန်းဖြင့် နေလေ့ရှိသောကိုကြီးကျော်ပင်လျှင် ရှာအပြန်စောင့်မျှော်နေမည့် ကွမ်းတောင်ကိုင်လေးကို တွေ့ချင်ဇောဖြင့် မတွေး ဒီဂရီကောလိပ်ကြီးကိုအပြီးတိုင် နှုတ်ဆက်ရန်အတွက် စာကိုအပြတ်ကြိုးစားနေ ပြီမို့ ကျန်တဲ့သူတွေကလည်း အလည်အပတ်အချိန်ဖြုန်းခြင်းများကိုလျှော့၍ အသည်းအသန်စာမှ စာဖြစ်ကုန်ကြပေပြီ။

မိဘကတုတ်ဖြင့်မိုးပြီး စာကျက်ခိုင်းလျှင်ပင် ဤလောက်အားကြိုး မာန်တက် စာကျက်ကြမည်မထင်ပေ။

သင်းသင်းအောင်၏ နှလုံးသားရာဇဝတ်သင့်မှုကို ခံစားနေရသော ကျွန်တော်ကတော့ သူမ၏ နှလုံးသားပြည်တော်ဝင်ခွင့်ရရန် ကိုယ်တိုင်ကိုယ်ဘု နှုတ်အားဖြင့် ကြိုးစားပါသော်လည်း နှစ်ယောက်ချင်းတွေ့ဖို့အခွင့်အရေးတ ပေးသည်ထက်ပေးနေသောကြောင့် လက်ဝဲသုန္ဒရအမတ်ကြီး၏ အမှတ်ပြေ ရတုကဲ့သို့ စံချိန်မီဖြောင့်ချက်သဝဏ်လွှာကြီးကို ရေးသားတင်သွင်းမည်ကြံစည် ပါသော်လည်းမည့်သည့်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးကမှ တာဝန်ယူ ၍ ပို့ပေးမည်ဖြစ်ကြောင်းအာမ မခံရုံမက စိတ်လျှော့လိုက်ရန်သာ ဝေဖန်အကြံ ပြုကြပါသည်။

ကျွန်တော်နှင့် အရင်းနှီးဆုံး မချိုကဝင်လျှင် ကျွန်တော့်ကိုရှုံ့ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်နေသည်မို့ အသနားခံစာတင်သွင်းမည့် မဟာဗျူဟာကိုရပ်ဆိုင်းလိုက်ပြီး နည်းဗျူဟာအသစ်ကိုချမှတ်၍ သင်းသင်းအောင်၏စိတ်ဖြင့် ကျွန်တော်တစ်ယောက် စားမဝင်၊ အိပ်မပျော်ဖြစ်နေကြောင်း၊ စာမေးပွဲကိုပင်လျှင် ဖြေဆိုချင်စိတ်တုန်ခမ်းနေပြီဖြစ်ကြောင်း စသည်ဖြင့် စသည်ဖြင့် သနားစဖွယ်ကို ဟန်ရေးကြွယ်ကြွယ်ဖြင့် အဆောင်နေ သူငယ်ချင်းအပေါင်းမှတစ်ဆင့် သင်းသင်းအောင်၏ရွှေနားတော်ပေါက်အောင်ကြံဆောင်လိုက်သည်ရှိသော်။

ကျွန်တော့်သတင်းကိုကြားရ၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် သင်းသင်းအောင်တစ်ယောက် စာမှစာ မျက်နှာမှမခွာအောင် ကျက်မှတ်နေကြောင်း၊ မတော်တဆ ကျန်းမာရေးချွတ်ချော်၍ စာမေးပွဲကျပါက နောင်နှစ်တွင် ကျွန်တော်နှင့် ပြန်လည်ဆုံစည်းရမည်ဆို၍ ကျန်းမာရေးကိုပါ အထူးဂရုစိုက်နေပါကြောင်း၊ သတင်းကောင်းကိုပြန်ကြားရသဖြင့် ကျွန်တော်လည်းစိတ်နှလုံးကို ဒုံးဒုံးချကာ နှလုံးသားလက်ကျန်ရှင်းတမ်း စာရင်းကိုပိတ်၍ ကျောင်းစာကိုသာ ကြိတ်မှိတ်ကျက်ရလေတော့သည်။

ကြိုးစားမှု၏ရလဒ်ကတော့ အနှောင့်အယှက်အခက်အခဲ ကင်းရှင်းစွာဖြင့် စာမေးပွဲနောက်ဆုံးနေ့ကို အောင်မြင်စွာဖြတ်သန်းပြီး အဆောင်ကိုပြန်လာခဲ့သည်။ သူငယ်ချင်းများကတော့ ဒွိယံ ဒွိယံ အတွဲကိုယ်စီဖြင့် သင့်ရာတိုသွားကုန်ကြပြီဖြစ်၍ အဆောင်တွင်တစ်ယောက်မှ မရှိကြတော့။

သွားစရာကလည်းမရှိ အသပြာကလည်း နတ္ထိဖြစ်လို့ ရှိသမျှပစ္စည်းလေးများကို ထုပ်ပိုးသိမ်းဆည်းနေစဉ် ချစ်အောင်ရောက်လာပြီး. . .

'ဟ. . . ပစ္စည်းတွေတောင် ထုပ်ပိုးနေပြီလား'

'အေးကွာ ခဏနေရင် ဆိုက်ကားလာလိမ့်မယ်၊ ငါ့ပစ္စည်းတွေ တစ်ခါတည်း ငါ့သူငယ်ချင်းရဲ့ ပဲ့ထောင်ပေါ်ကို ပို့လိုက်တော့မယ်၊ ဟိုမှာပဲ ညအိပ်လိုက်တော့မယ်ကွာ'

'ငါလည်း အဲဒီလိုထင်လို့ အချိန်မီ အဆောင်ကိုပြန်လာတာ'

'ဩော်. . . ငါ့ပစ္စည်းတွေ ကူသိမ်းပေးချင်တယ်ပေါ့'

'မဟုတ်ပါဘူး၊ မင်းအရင်ပြန်သွားရင် ငါတို့ပစ္စည်းတွေပါရောပြီး 'မ'





သွားမှာစိုးလို့'

ကျွန်တော်က ဆဲလိုက်ရာ မောင်ချစ်ကရယ်ရင်း. . .

'ညစာလေး ဘာလေးစားပြီးမှ သဘော်ဆိပ်ကိုသွားပါကွာ'

'ငါ့မှာတင်သမျှ အကြွေးတွေတစ်ပြားမကျန်ဆပ်ပြီးပြီကွ၊ ငါ့မှာ ပိုက်ဆံမရှိတော့ဘူး၊ နောက်ပြီး ငါ့နှလုံးသားမှာလည်း အမာရွတ်ကလေးက လွဲလို့ ဘာမှမရှိတော့ဘူး အားလုံးကိုနှုတ်ဆက်လိုက်ပြီ'

'မင်းကလည်းကွာ လေးနှစ်လုံးလုံးနားခိုခဲ့တဲ့ ဖန်ခါးမြေ၊ ဖန်ခါးကောလိပ်ကြီးကို ပြီးစလွယ်နှုတ်ဆက်ခဲ့တော့မလို့လား၊ လာပါ မြို့ထဲက စိန်ရတုဆိုင်မှာ ထမင်းကျွေးပါ့မယ်ကွ'

ကျွန်တော်က ခေါင်းရမ်းလိုက်သည်။

'မယုံထို့လား ငါ့မှာပိုက်ဆံရှိပါသေးတယ်၊ ဟိုမှာတိုကြီးကျော်လည်း စောင့်နေတယ်၊ နှစ်ယောက်ပေါင်းရင် မင်းထမင်းဖိုးတတ်နိုင်ပါတယ်'

ကျွန်တော်က ခေါင်းကိုထပ်ရမ်းလိုက်ရင်း. .

'အားနာတယ်ကွာ အရက်မပါဘဲ ထမင်းကြီးပဲဆို ငါမလိုက်ဘူး'

မောင်ချစ်က ကျွန်တော့်ကိုဆဲနေစဉ် ဆိုက်ကားရောက်လာ၍ ကျွန်တော့် ပစ္စည်းများတိုတင်ပြီးနောက်. . .

'ပဲ့ထောင်ပိုင်ရှင်ကို ကျွန်တော့်ပစ္စည်းတွေလို့သာပြောလိုက်၊ ခင်ဗျားဆိုက်ကားခ သူပေးလိမ့်မယ်'

ဆိုက်ကားဆရာကခေါင်းညိတ်၍ထွက်သွားစဉ် မောင်ချစ်က. . .

'မင်းတစ်ခါတည်း လိုက်မသွားဘူးလား'

'မင်းနဲ့ကိုကြီးကျော်ကို ရင်ဝယ်သားကဲ့သို့သနားလို့ ချီးမြှောက်ရဦးမှာပေါ့၊ အရက်ကလေးတော့ပါ ပါစေနော်'

ဆိုက်ကားတစ်စီးဖြင့် ကျွန်တော်တို့မြို့ထဲသို့သွားကြသည်။ မြို့လယ်ရှိ စိန်ရတုစားသောက်ဆိုင် အတွင်းခန်းသို့ဝင်လိုက်တော့ စားပွဲနှစ်လုံးဆက်ထားသည့် သီးသန့်အခန်းအတွင်းမောင်တာ၊ သန့်ဇင်၊ မျိုးထွဋ်၊ သက်ခိုင်၊ သားစင်၊ ဝင်းနိုင်တို့က သူတို့မဟေသီများနှင့်အတူ စံနစ်တကျနေရာယူထားပြီး စားပွဲထိပ်



www.burmeseclassic.com

www.burmeseclassic.com



၌ မိန့်မိန့်ကြီးထိုင်နေသူက ကိုကြီးကျော်။

ကိုကြီးကျော်၏ ဘေးထိုင်ခုံအလွတ်တစ်ခုခြားပြီး သင်းသင်းအောင်နှင့် မထားဝ၏သူငယ်ချင်းမတွေက ဧည့်သည်တော်အဖြစ် နေရာယူထားကြပြန်သည်။ တစ်ဆောင်ထဲနေ၊ တစ်ရေထဲသောက်၊ တစ်ကျောင်းထဲသွားခဲ့ကြသော သူငယ်ချင်းတစ်စုက ကျွန်တော်အံ့အားသင့်အောင်ကြိုတ်၍ ကြံစည်ထားကြပုံရသည်။

အခန်းပေါက်ဝမှ ဝင်မလိုပြင်နေသော ကျွန်တော့်ကိုမြင်လိုက်ရသဖြင့် အားလုံးသောအမျိုးသမီးအပေါင်းက သက်ပြင်းရှည်ကြီးများချလိုက်ပြီးတာယ ဣန္ဒြေကိုပြင်လိုက်ကြသည်။ အခန့်မသင့်၍တစ်စုံတစ်ခုသော မဖွယ်မရာ ဖြစ်လာပါက ရှောင်တိမ်းနိုင်ရန် ကြိုတင်ပြင်ဆင်လိုက်ကြမှန်း မြင်ရုံနှင့် ကျွန်တော်ရိပ်မိသွားသဖြင့် အခန်းအတွင်းဝင်မည့် ကျွန်တော့်ခြေလှမ်းများပင် တုန့်သွားသည်။

'လာပါကွာ မကြောက်ပါနဲ့ ကြောက်ခြင်းကြောက်ရင်ငါတို့က မင်းတို့ကြောက်ရမှာပါ'

ကိုကြီးကျော်က လှမ်းခေါ်သော်လည်း ကျွန်တော်က ခေါင်းကိုရမ်းရင်း နောက်ကိုဆုတ်သည်။ မောင်ချစ်က ကျွန်တော့်လက်ကိုဆွဲထားရင်း. . .

'ဘာလဲ. . . ပြန်ပြေးမလို့လား'

ကျွန်တော်က နှစ်ကိုယ်ကြားလေသံဖြင့်. . .

'သူတို့တွေရှေ့မှာ ငါ့သိက္ခာကျအောင် အရက်မမှာနဲ့နော်'

'မမှာပါဘူး၊ ဘယ်သူမှလည်း မသောက်ကြပါဘူး'

'ဒါဆိုလည်း အပြန်ကျမှ ငါ့အတွက်ပါဆယ်ယူသွားမယ်'

မောင်ချစ်က ကျွန်တော့်ကိုကြိတ်၍ဆဲရင်း သင်းသင်းအောင်ဘေးရှိ ထိုင်ခုံ၌ ကျွန်တော့်ကိုဝင်ထိုင်ခိုင်းလိုက်သဖြင့် မဝံ့မရဲကျွန်တော်ကဝင်ထိုင်လိုက်သည်။ စားပွဲထိုးလေးများက စားစရာများကို စုံအောင်ချပေးပြီးနောက် အားလုံးစားရန်ပြင်လိုက်ကြစဉ် ကိုကြီးကျော်က. . .

'ကဲ. . . ငါတို့ညီအစ်ကိုမောင်နှမတွေ နောက်ဆိုရင်တစ်စုတစ်ဝေး





ကြီးနဲ့ အခုလိုပြန်ဆုံကြဖို့မလွယ်တော့ဘူးနော်၊ အဲဒါကြောင့် နောင်တစ်ချိန်မှာ တစ်ယောက်နဲ့တစ်ယောက်ပြန်တွေ့ကြရင် အခင်အမင်အပျက်ကြရအောင်လို့ အခုကတည်းက 'နာ' စရာရှိရင် 'စား' စရာနဲ့ဖြေလိုက်ကြရအောင်'

အားလုံးရယ်မောပြီး ထမင်း၊ ဟင်းများထည့်နေကြစဉ်. . .

'တောင်းပန်ပါတယ်၊ တကယ့်ကိုစိတ်ရင်းအမှန်နဲ့တောင်းပန်တာပါ၊ အရင်ကဖြစ်ခဲ့တာတွေက ပရည်ရွယ်ဘဲနဲ့ ငါ့ရဲ့နမော်နမဲ့မှုကြောင့်ဖြစ်ရတဲ့ ငါ့အပြစ်တွေကြီးပါပဲ၊ ပြန်တွေးမိတိုင်း ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်ရပါတယ်၊ အဲဒါကြောင့် 'ကိုး' ပြစ်ရှိရင်လည်း ကျေပါ၊ 'ဆယ်' ပြစ်ရှိရင်လည်းကျေပါ၊ မလိမ္မာ ခဏခဏမိုက်ကလေးမိ့လို့ ခွင့်လွှတ်ကြပါလို့ တောင်းပန်ပါရစေနော် သင်းသင်းအောင်. . .'

ကျွန်တော့်စကားကြောင့် ဝက်နံကင်ကိုခက်ရင်းနှင့်ထိုးယူရန်ကြံနေသော သင်းသင်းအောင်တုန့်သွားသည်။ မထားသူငယ်ချင်းတွေတလည်း. . .

'အမယ်. . . ကိုထင်ကြီးကြောင့် စိတ်ညစ်ရတာအံကုန်လုံးပါနော် ဘာပြုလို့ သင်းသင်းအောင်တစ်ယောက်တည်းကိုကွက်ပြီး တောင်းပန်ရတာလဲ'

သင်းသင်းအောင်၏မျက်နှာ ပန်းနုရောင်သမ်းသွားသည်။ အားလုံးကလည်း. . .

'အေးလေ. . .'

'ဟုတ်သားပဲ'

ဟုဝိုင်းပြောနေကြသဖြင့်. . .

'သူကငါနဲ့ အနီးဆုံးလေ၊ သူ့လက်ထဲမှာလည်း ခက်ရင်းကြီးနဲ့ အခြင်ကပ်ပြီး ထိုးလိုက်မှာစိုးလို့'

သင်းသင်းအောင်ကရှက်ရယ် ရယ်ရင်းသူ့ခက်ရင်းကို ချထားလိုက်သည်။ အလိုက်တသိဖြင့် ကျွန်တော်က ဝက်နံကင်ပန်းကန်ကိုယူ၍ သူ့ပန်းကန်ထဲထည့်ပေးရန်ပြင်လိုက်သောအခါ သင်းသင်းအောင်က သူ့ခုံကိုနောက်သို့ ရွှေ့ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



'နေ. . . နေ. . . ကိုယ့်ဟာကိုယ်ထည့်မယ် လူပေါ်ဖိတ်ကျွမှာစိုးလို့'

အားလုံးဝိုင်းရယ်ကြသည်။ ကျွန်တော်လည်းရောယောင်ရယ်ရင်း ဝက်နံကင်ပန်းကန်ကိုချထားလိုက်သည်။ ထို့နောက် အားလုံးကလည်း တစ်ယောက်တစ်ပေါက်ပြောချင်ရာတွေပြောကြရင်း ပျော်ရွှင်စွာဖြင့်စားသောက်နေကြသည်။

ပျော်ရွှင်စွာဖြင့် စားသောက်နေကြသောသူငယ်ချင်းတစ်စု ကျွန်တော့်ကြောင့်အမှားအယွင်းတစ်စုံတစ်ရာဖြစ်ပြီး စိတ်ညစ်သွားမှာစိုး၍ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးကိုထိန်းရင်း စားသောက်နေရသဖြင့် အရသာခံ၍မရပါသောကြောင့် တို့ကနန်းဆိတ်ကနန်းသာ စားဖြစ်တော့သည်။

ထို့အပြင် အားမတန်၍မာန်လျှော့ကာ နှလုံးသားလက်ကျန်ရှင်းတမ်းစာရင်းကိုပိတ်လိုက်ပြီလို့ဆုံးဖြတ်ထားခဲ့သော်လည်း ရတောင့်ရခဲ ယခုကဲ့သို့ သင်းသင်းအောင်နှင့် ဘေးချင်းယှဉ်ထိုင်ရသောအခါ အလိုလိုမှမတည်ငြိမ်နိုင်သေးသော နှလုံးသားကလှုပ်ရှား၍လာပြန်သည်။

ချစ်သည်။ သင်းသင်းအောင်ကိုချစ်သည်။ လေးနှစ်သက်တမ်းကျောင်းတက်ခဲ့စဉ်အတွင်း မချစ်လိုက်ရလျှင်တောင်မှ ကျောင်းပြီးသွားသည့်နောက်ရော ချစ်လို့မရတော့ဘူးတဲ့လား။ သူမကကျောက်ပန်းတောင်းသူ၊ ကျွန်တော့်မြို့နှင့်ဆိုလျှင် ဧရာဝတီမြစ်ကြီးက စည်းခြားထားပြီး ကုန်းလမ်းခရီးတလည်း မိုင်ရှစ်ဆယ်ခန့် ကွာဝေးပါသည်။

သို့ပါသော်လည်း နှလုံးသားချင်းမကွာဝေးပါက ဤခရီးအနီးလေးပါ။ မျှော်လင့်ချက်ရောင်ခြည်အသစ်ဖြင့် ကျွန်တော့်၏နှလုံးသားမှ အချစ်ပန်းလေးပြန်လည်နိုးထလာသည်။ ထို့ကြောင့် သင်းသင်းအောင်ကို ကျွန်တော် ကြည့်လိုက်သည်။

သူမကလည်း ကျွန်တော့်ကိုပြန်ကြည့်နေသည်။ ကျွန်တော်ရင်ခုန်သံများကို ကျွန်တော်ပြန်ကြားနေရသည်။ သူမကကျွန်တော့်ထံမှအကြည့်ကို ကိုကြီးကျော်ထံ လွှဲရင်း. . .

'ကိုကြီးကျော် ရေတစ်ခွက်လောက်'





ကျွန်တော်နှင့် ကိုကြီးကျော်ကြားတွင်ရှိသောရေဘူးကို ကျွန်တော်ကြည့်ရင်း သိမ်ငယ်စိတ်များဝင်လာသလို နိုးထရှင်သန်လာသော အချစ်ပန်းလေး ပြန်ငုံသွားသည်။

ကိုကြီးကျော်ပေးသောရေခွက်ကိုယူ၍ သူမမော့သောက်အပြီး. . .

'အဲဒီလောက်ကြီးထိတောင်မှ ငါ့အပေါ်ယုံကြည်စိတ်တွေ ကင်းမဲ့သွားပြီလား'

ကျွန်တော်ကလေသံတိုးတိုးဖြင့်ပြောလိုက်ရာ သင်းသင်းအောင်တအံ့တဩဖြင့် ကျွန်တော့်ကိုပြန်ကြည့်ပြီး မျက်လွှာချသွားသည်။ ထိုစဉ် မျိုးထွန်းကထိုင်ရာမှထလိုက်ပြီး. . .

'ကဲ. . . အားလုံးခဏငြိမ်ပါ၊ အခုမချိုဆီ က ကတိစကားရထားတယ်စားမေးပွဲအောင်စာရင်းထွက်ပြီးပြီးချင်း သူ့ကိုလာတောင်းပါတဲ့'

ဝမ်းသာအားရ အားလုံးလက်ခုပ်တီးလိုက်ကြသည်။

'အဲဒါကြောင့် အောင်စာရင်းထွက်ပြီးပြီးချင်း အားလုံးကိုဆက်သွယ်အကြောင်းကြားမယ်၊ မချိုကိုတောင်းအောင်သွားရင် လိုက်ဖြစ်အောင်လိုက်ခဲ့ကြပါ၊ အဲ. . . ထင်ကြီးကလွဲလို့ပေါ့'

အားလုံးဝိုင်း၍ရယ်ကြသဖြင့် ကျွန်တော်လည်းရယ်ရင်း. . .

'မင်္ဂလာဆောင်ကြရင်ရော ငါ့ကိုဖိတ်ဦးမှာလား'

'ဖိတ်မယ်. . . ဖိတ်မယ်. . . လူတော့မလာခဲ့နဲ့ လက်ဖွဲ့ပဲပို့လိုက်'

မချို၏စကားကြောင့် အားလုံးဝိုင်းရယ်ကြပြန်သည်။ ဝိုင်းရယ်နေကြသော လူများထဲတွင် သင်းသင်းအောင်တစ်ယောက်မပါကြောင်းကို ကျွန်တော်သတိထားလိုက်မိသည်။

အားလုံးစားသောက်ပြီးနောက် ဆိုင်၏ဘေး သန့်စင်ခန်းရှေ့တွင်ရပ်ထားသောဝင်းနိုင်၏ကားရှိရာဆီသို့သွားကြသည်။ ဝင်းနိုင်ကသူ့ကားဖြင့်အဆောင်ကိုလိုက်ပို့မည်ဖြစ်၍ ကျွန်တော့်ကိုပါခေါ်သည်။

'မင်းတို့ဟာမင်းတို့သွားကြပါ ငါမလိုက်တော့ဘူး၊ ဒီကနေသင်္ဘောဆိပ်ကို ဆင်းတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် သဘော်ဆိပ်ကို ငါလိုက်ပို့မှာပေါ့'

'မပို့နဲ့ ဝင်းနိုင် မပို့နဲ့၊ ခွဲရခါနီးမှ ငါ့ကြောင့်အမှတ်တရတွေ ထပ်ဖြစ်တုန်မှာစိုးလို့ပါ'

အားလုံးရယ်မောကာ ကားပေါ်သို့တက်သူတက်၊ သန့်စင်ခန်းသွားသူက သွားနေကြသည်။ ကျွန်တော်က စီးကရက်တစ်လိပ်ကိုမီးညှိလိုက်စဉ် ကားပေါ်သို့မတက်သေးဘဲ သန့်စင်ခန်းသွားသည့် နှင်းဖြူကိုစောင့်နေသော သင်းသင်းအောင်နှင့် အကြည့်ချင်းဆုံသွားသည်။

'ကိုထင်ကျော်ဦး ထမင်းစားတာနည်းလှချည်လား ဘာဖြူလို့လဲ'

သင်းသင်းအောင်က လေသံတိုးတိုးလေးဖြင့်မေးသဖြင့် . . .

'သိပ်မဆာလို့ပါ'

'ကိုထင်ကျော်ဦးကိုညာမပြောတတ်ဘူးလို့ သင်းသင်းထင်ထားတာ'

'အမှန်အတိုင်းပြောရမလား'

သူမကခေါင်းညိတ်ပြသည်။

'သင်းသင်း နင့်ကိုငါချစ်တယ်'

'ရှင် . . .'

'နင့်ကို ငါချစ်တယ်ဟာ၊ နောက်ပြန်တွေ့ဖို့မလွယ်တော့တဲ့အချိန်မှာ ချစ်တယ်ဆိုတဲ့စကား သင်းသင်းကိုမပြောဖြစ်လိုက်မှာစိုးလို့ စားလို့တောင် မဝင်ဘူး'

သန့်စင်ခန်းမှ ပြန်ထွက်လာနေသောနှင်းဖြူကို ကျွန်တော်တစ်ချက် လှမ်းကြည့်လိုက်ရင်း . . .

'ဘယ်လောက်အထိ ချစ်မိနေခဲ့တယ်ဆိုတာကိုပြောခွင့်မရတော့လို့ အိပ်မပျော်မယ့်ညတွေ ဘယ်လောက်တောင်များဦးမလဲမသိဘူး'

သင်းသင်းအောင်ခေါင်းငုံ့နေသည်။ နှင်းဖြူရောက်လာသဖြင့် သူတို့ ကားပေါ်တက်ပြီးနောက် ကားထွက်သွားသောအခါ အားလုံးက ကျွန်တော့်ကိုလက်ပြကြသည်။

ကျွန်တော်လက်ပြန်မပြဖြစ်ပါ။ ကားလေးဝေးသွားတဲ့အထိ်တောက်ပ





သော မျက်ဝန်းအစုံဖြင့် မျက်တောင်မခပ်ဘဲကျွန်တော့်ကို ငေးကြည့်နေသော သင်းသင်းအောင်ကိုပြန်ကြည့်နေမိသောကြောင့်ဖြစ်ပါသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

နှင့်ရဲ့အကြည့်တစ်ချက်အတွက် အသက်ထွက်လုမတတ် ငါရူးခဲ့ရပါပြီ သင်းသင်းအောင်. . .

ကိုယ့်စိတ်ကိုယ်မထိန်းချုပ်နိုင်တာကလဲ လေအဝှေ့မှာ ကြွေလွင့်နေတဲ့ ရော်ဝါရွက်တွေလိုပေါ့. . .

ကြွေမရချက်ကလည်း လင်ပျောက်နေတဲ့ဆပ်ပြာသည်ရဲ့ လင်ငယ်လိုပါပဲ. . .

အဲဒါတွေကြောင့် ကိုယ့်ဇာတိကိုယ့်မြေပြန်ရောက်ခဲ့ပေမယ့် ငါ့ရဲ့အိမ်ကိုတော့ သေတ္တာနဲ့အိပ်ရာလိပ်ပဲရောက်သွားတယ်လေ. . .

လူကတော့ ငယ်သူငယ်ချင်းတွေနဲ့အတူ ညော်စာရင်းမတိုင်ဘဲ ကိုပိန့်ရဲ့ ထန်းတောမှာ နားခိုလို့ပေါ့. . .

နက်ရှိုင်းတဲ့နှင့်အကြည့်ရဲ့ ကျယ်ဝန်းတဲ့အဓိပ္ပာယ်ကို ငှက်ခါးတောင်ဆေးခါးကြီးအကူအညီနဲ့ ရှာဖွေနေတဲ့သူဟာငါပါ. . .

ထန်းတောကြီးတွေအုံ့မှိုင်းနေတဲ့ နှင့်ရဲ့ဇာတိချက်ကြွေ ကျောက်ပန်းတောင်းမြေဘက်က တိုက်ခတ်လာတဲ့လေနုအေးထဲမှာ နှင့်ရဲ့ရနံ့လေးများ ပါလာလိမ့်နိုးနဲ့ ကိုပိန့်ထန်းတောထဲမှာ နှင့်ရဲ့ကိုယ်သင်းရနံ့ကို ရှာဖွေနေသူကလည်း ငါပါပဲ. . .





မရှိတဲ့အရာ၊ မသိတဲ့အဓိပ္ပာယ်ကိုရှာဖွေနေတဲ့ငါ့အတွက် ကိုပိန့်ရဲ့ဒသနတွေကလည်း မျက်စိမမြင်သူလက်ထဲ မီးအိမ်ထည့်ပေးလိုက်သလိုပါပဲ. . .

ကိုပိန့်ဆိုတဲ့ပညာရှိ ထန်းသမားကြီးက သူ့ဘဝနဲ့ရင်းပြီး ရရှိထားတဲ့ဒသနကိုဟောဒီလိုလှလှပပကြီး ဖွင့်ဆိုသွားတယ်လေ. ...

ကျောက်ပန်းတောင်းက ထန်းပင်မကလို့ ဘယ်ကထန်းပင်ဖြစ်ဖြစ် ထန်းပင်ရဲ့ကိုယ်လုံးကို ထန်းရွက်ကလုံအောင်မဖုံးနိုင်ပါဘူးကွာ၊ အဲဒီလိုပါပဲ ကျောက်ပန်းတောင်းက မိန်းကလေးမကလို့ ဘယ်ကမိန်းကလေးဖြစ်ဖြစ် သူတို့ရဲ့ စိတ်နှလုံးကို သူတို့ရဲ့မျက်လုံးက လုံအောင်မဖုံးနိုင်ပါဘူးတဲ့. . .

ထန်းရည်ရနံ့လေးသင်းပျံ့နေတဲ့ သူ့ဒသနကိုကြိုက်လွန်းလို့ 'ဆောကရေးတီး' ရဲ့အဆိပ်ခွက်နဲ့တောင် ကိုပိန့်ကိုဂါရဝပြုလိုက်ချင်ပါရဲ့. . .

ကိုယ့်ဘက်ကို'ယက်' တဲ့သတ္တဝါတွေထဲမှာပါတဲ့ ငါကလည်း နှင့်ရဲ့အကြည့်ဟာ ငါ့မျှော်လင့်လိုချင်တောင့်တနေတဲ့အဖြေပဲလို့ ရာနှုန်းပြည့် သတ်မှတ်လိုက်ပြီ သင်းသင်းအောင်. . .

ဒီနေရာကိုလာပြီး ဒီအရည်ကိုသောက်ရကျိုးငါနပ်ပြီပေါ့ဟာ. . .။

အရှေ့ပုပ္ပါစွန်းက ထွန်းသစ်စနေရောင်ဟာ ထန်းလက်ကြားတစ်ဆင့် ငါ့မျက်နှာပေါ်သက်ဆင်းလာတယ်လေ။ လူလှလို့နေခနေတဲ့ငါတနင့်ကို သတိရမိသွားပြန်တယ် သင်းသင်းအောင်။

ငါခေါင်းထောင်ကြည့်လိုက်ချိန်မှာ နေက ထန်းတစ်ဖျားရောက်နေမှန်း တအံ့တသြနဲ့ သိလိုက်ရပြန်တယ်၊မြန်လိုက်တဲ့ဖြစ်ခြင်းဟာ၊ တုန်လွန်သွားခဲ့တဲ့ အချိန်တွေကို နှမြောတမ်းတမိသွားတယ်။

ဒီအချိန်ဆို အမေဈေးတပြန်ရောက်နေပြီလေ။ သူ့ပိုက်ဆံအိတ်ထဲမှာ ငါခိုးဖို့ငွေမှလောက်ငှအောင် ကျန်ပါဦးတော့မလားဆိုပြီးတော့ပေါ့။

သူငယ်ချင်းတွေအတွက် ထန်းရည်ဖိုးကိုဒီနေ့ငါရှာပေးမယ်လို့အာမဘန္တေခံထားမိတယ်လေ။ ကတိစကားကိုအသက်လိုတန်ဖိုးထားတဲ့ ငါတကိုပိန့်ထန်းတဲမှာပဲ ရေချိုးသန့်စင်ပြီးအိမ်ဘက်ကိုထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဝိုင်းထဲဝင် ဝင်ခြင်းပါပဲ အဖေနဲ့မွေးနေ့ချင်းတူပြီး ရွှေရတုပွဲတော်ကြီး ကို ပျော်ပျော်ကြီးဆင်နွှဲခဲ့တဲ့ သက်ကြားအို GMC ကားကြီးဘေးမှာ မရောင်ရာဆီလူးနေတဲ့အစ်ကိုက. . .

'ဟင်. . . ခွေးကောင်လေး၊ အိမ်မှာဒီလောက်အလုပ်ရှုပ်နေမှန်းသိရတ်နဲ့ ကူဖို့မစဉ်းစားဘဲ ရောက်ကတည်းကအိမ်မကပ်ဘဲ အလေလိုက်နေတယ်'

အစ်ကို့ဆဲသံဆူသံကို ဂရုမစိုက်နိုင်သေးဘဲ အိမ်ဘေးကားဂိုဒေါင်မှာ ရပ်ထားတဲ့ နေမျိုးနွယ်တွေကထုတ်လုပ်ပြီး တကောင်းအဘိရာဇာသာကီဝင်တွေတပ်ဆင်ထားသော TE 21 ဟီးနိုးကုန်တင်ကားကြီးကို တအံ့တဩလှည့်ပတ်ကြည့်ရင်း. . .

'အစ်ကို ဒါဘယ်သူ့ကားလဲ မိုက်တယ်ဗျာ၊ အိမ်ကကားနဲ့ကတော့နတ်ဗြဟ္မာနဲ့ ပြိတ္တာလိုကွာချင်တိုင်းကွာပါ့ဗျား၊ ဒီလိုကားမျိုးဝယ်ထားလိုက်ရင်ပြီးရော၊ အခုအိမ်က GMC ကားကြီးများ ဟိုဟာထည့် ဒီဟာထည့်နဲ့ လက်ပူတိုက်ရလွန်းလို့ အစ်ကိုတောင်မိန်းမယူဖို့အချိန်မရတော့ဘူးမဟုတ်လား'

အစ်ကိုက GMC ကားကြီးအောက်ပက်လက်ဝင်သွားရင်း. . .

'ငါ. . . ခွန့်ပစ်မိတော့မယ်၊ အိမ်မကပ်တဲ့ခွေးဝင်စားက ဘယ်သိပါ့မယ်၊ အဲဒီ 'ဟီးနိုး' ကမနေ့ကမှငွေချေပြီးတာ၊ မင်းအခု ကျောင်းပြီးပြီ ဘာအလုပ်မှမရှိဘဲ ယောင်ပေပေလုပ်မနေနဲ့တော့ ကားနောက်လိုက်ရမယ်'

အစ်ကိုကပြောပြောဆိုဆို မီးညှိစတီးကရက်ကိုဘေးချပြီး လက်ညှိုးထိုးပြသဖြင့် ကျွန်တော်က 'ကွင်း၊ခွ' မျိုးစုံထည့်ထားသော တူးဘောက်(Tool Box) လေးကိုအစ်ကိုလက်လှမ်းမီရာသို့ ရွှေ့ပေးရင်းဝမ်းသာအားရဖြင့်. . .

'ကျွန်တော်အလုပ်လုပ်ချင်နေတာကို အစ်ကိုသိတယ်ဟုတ်လားဝမ်းသာလိုက်တာအစ်ကိုရာ၊ ကျွန်တော်ကလည်း အဖေအမေတို့ကိုတစ်လှည့်လုပ်ကျွေးချင်နေပြီဗျ၊ ဟဲဟဲ ဒါဆိုဟီးနိုးကားက ကျွန်တော့်အတွက်ပေါ့နော်ဒါကြီးနဲ့သာဆို ဘယ်ခိုင်းခိုင်းမငြင်းဘူး'

'သောက်ရူး မင်းကိုဘယ်သူက အဲဒီကားပေးမယ်ပြောလို့လဲ၊ တားအကြောင်း ဘာမှနားမလည်တဲ့ကောင်လက်ထဲ ဒီကားပေးလိုက်လို့ကတော့





'ငွေ' တောင်ပြန်ရမှာမဟုတ်ဘူး'

အစ်ကိုကချထားသောစီးကရက်ကို ကောက်ဖွာလိုက်ရင်း. . .

'ဘာဖြစ်လို့လဲအစ်ကိုရ ကျွန်တော်လည်း ကားအကြောင်းတော်တော်နားလည်နေပါပြီ'

ကားအောက်မှ အစ်ကို့ခေါင်းထွက်လာပြီး သူ့စီးကရက်ကိုပြန်ယူရင်း. . .

'ဘာဖြစ်ဖြစ် အောက်သက်ကျေအောင် GMC နောက်ကိုအရင်လိုက်ဦး၊ စိတ်ချရမှဟီးနိုးနောက်ကိုလိုက်ရမယ်၊ မနက်ဖြန် ပေါက်ဖော်တို့ပွဲရုံကနှမ်းတွေ ပြည်ကိုပို့စရာရှိတယ် မင်းက GMC နဲ့သွား၊ ငါက သမပစ္စည်းတွေတောင်ကြီးပို့ဖို့ ဟီးနိုးနဲ့သွားမယ် ဒါပဲ'

'သားကြီးဩရသ ပီသပါ့ဗျား၊ ကောင်းတဲ့ကားကျ အစ်ကို၊ မကောင်းတဲ့ကားကျ အဲ. . . အဲ'

အစ်ကိုကခွနဲ့လှမ်းပစ်သဖြင့် ကျွန်တော်ကခုန်ရှောင်လိုက်ပြီး. . .

'အဲဒီလိုစိတ်ကြီးလို့ အစ်ကို့ရည်းစားဘုန်းကြီးလူထွက်နဲ့ လိုက်ပြေးတာမဟုတ်လား'

ဗိုးခနဲ ဗိုးခနဲ ခွနှစ်ချောင်းလေထဲမှပျံဝဲလာသဖြင့် ကျွန်တော်လည်းခုန်ရှောင်ရင်း မီးဖိုချောင်ဘက်သို့ပြေးခဲ့သည်။

မီးဖိုချောင်ထဲဝင်လိုက်တော့ ခရမ်းချဉ်သီးလှီးနေသည့် အမေကကျွန်တော့်ကိုလှမ်းကြည့်ရင်း. . .

'ဘယ်သူနဲ့တွေ့ချင်လို့လဲ၊ အလည်လာတာလား'

အမေ့စကားကြောင့် ကျွန်တော်ကြောင်သွားသည်၊ နောက်မှ သဘောပေါက်သွားသဖြင့်ရယ်ရင်း အမေ့နောက်ကနေ၍ အမေ့ပခုံးကိုဖွဖွလေး နှိပ်ပေးလိုက်သည်။

'ကိုယ့်အိမ်တိုယ် ပြန်လာရကောင်းမှန်းသိလို့ တော်သေးတာပေါ့ ဖယ်စမ်း ငါဓားနဲ့ထိုးလိုက်မယ်'

ကျွန်တော်က စားပွဲနားတွင် ဝင်ထိုင်လိုက်ပြီး စားလို့ရတာမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲသွင်းရင်း. . .

'အမေတို့က ဆူဖို့လောက်ပဲသိတယ်၊ ဒီမှာမိဘတွေကျေးဇူး ဆပ်ချင်လွန်းလို့ စာမေးပွဲကိုဂုဏ်ထူးလေး၊ ငါး၊ ဆယ်ခုရအောင်ဖြေလာခဲ့ရတာ၊ အဲဒါကြောင့် ဦးနှောက်ကြည်အောင် လျှောက်လည်ရတာ အမေ့သားကို မုန့်ဖိုးပေးဝါဦး'

အမေကကျွန်တော့်ဘက်လှည့်ပြီး မေးဖြင့်ရွယ်ရင်း. . .

'အောင်မလေးကျေးဇူးရှင်ရဲ့ ပြီးခဲ့တဲ့အပတ်ကပဲ စာမေးပွဲဖြေကာနီးအားနည်းနေလို့ အားဆေးထိုးချင်လို့ ငွေပို့ပါဆိုလို့ ပို့ပေးခဲ့ရတာလေ ဘယ်နှရက်ရှိသေးလို့လဲ'

ကျွန်တော်က အမေ့ပိုက်ဆံအိတ်ကို ကျီးကန်းတောင်မှောက်ရှာရင်း. . .

'ဒါက ဒီလိုရှိတယ်အမေရဲ့၊ အဲဒီငွေတွေက သားစာမေးပွဲအောင်ပြီးဘွဲ့ရဖို့အတွက် အမေတို့ရင်းနှီးမြှုပ်နှံထားတဲ့သဘောပါ၊ သားဘွဲ့ရပြီး အလုပ်အကိုင်ရလို့ ဝင်ငွေရလာရင် အဲဒီငွေကို ဘယ်သူသုံးရမလဲ စဉ်းစားကြည့်ပါဦးအမေရဲ့၊ အမေ့ 'ချွေးမ' ပဲသုံးရမှာမဟုတ်လား. . . အား. . .'

အမေကခရမ်းချဉ်သီးဖြင့် လှမ်းပစ်၍ ကျွန်တော်ငုံ့ရှောင်လိုက်ရာ ဆီဖိုထဲဝင်လာသော အဖေ့ရင်ဘတ်ကိုမှန်သွားသည်။ အစည်းအဝေးမှ ပြန်လာပုံရသည့် အဖေ၏'တက်ထရက်' တိုက်ပုံအဖြူဆွတ်ဆွတ်ကြီးတွင် ခရမ်းချဉ်သီးများ ပေကျံသွားလေရာ ရာသီဥတုအခြေအနေကတော့ လေပြင်းတိုက်မည့်အဆင့်သို့ ရောက်ရှိသွားပေပြီ။

အမေ့ကိုအမြဲတမ်းအရှုံးပေးလေ့ရှိသော ကိုယ့်အဖေအကြောင်းကို ကိုယ်သိသလို အဖေ၏ ဒေါသမြွှားဦးလှည့်စရာကလည်း မီးဖိုချောင်ထဲတွင် ကျွန်တော်တစ်ယောက်တည်းသာရှိတော့သောကြောင့် ကြောင်အိမ်ပေါ်မှ အမေ့ပိုက်ဆံအိတ်ကို လျှင်မြန်စွာယူပြီးထွက်ခဲ့သည်။

ကိုပိန့်ထန်းတောပြန်ရောက်တော့ ကြက်သားကာလသားဟင်းလည်း ကျက်နေပေပြီ။ နီရဲကြွတ်ရွနေသော လယ်ကွက်ကင်ကြီးများကလည်း ရနံ့





တသင်းသင်းနှင့် ကျွန်တော့်ကိုကြိုဆိုနေသလို အမြှုပ်တစီစီနဲ့ ကျွန်တော့်တို့ ဖိတ်ခေါ်နေသည်။

တစ်ဖက်ရပ်ထန်းတဲလေးအတွင်း နေရာယူထားကြသော သူငယ်ချင်းများကြား ကျွန်တော်ကတိုးဝင်လိုက်ရင်း ကြက်ကာလသားချက်ကို အရင်မြည်းကြည့်လိုက်သည်။ ကောင်းလိုက်သည့်ဖြစ်ခြင်း။ ထို့နောက်အုန်းမှုတ်ခွက်ဖြင့် တစ်ယောက်တစ်လှည့်သောက်ရင်းရောက်တတ်ရာရာများကို စကားဝိုင်းဖွဲ့နေစဉ် ကျွန်တော်တို့၏အနောက်ဘက် ထန်းနှစ်ပင်ကြားရှိထန်းရည်ဝိုင်းမှ စကားသံကြောင့် ကျွန်တော်စိတ်ဝင်စားပြီး နားစွင့်လိုက်သည်။

'ဘာပြောတယ် အဲဒီကောင်တွေဝယ်လိုက်တဲ့ TE21 က အင်ဂျင်တွဲနေတယ် ဟုတ်လား'

'အေး. . . ဟုတ်တယ်၊ ရေနံချောင်းက နောင်ရိုးစက်မှုဇုံက လက်ရာကလည်း ကောင်းသလားမမေးနဲ့ အဆက်ရာမတွေ့ရအောင်ကို အာမခံနဲ့လုပ်ပေးထားတာ'

ကျွန်တော့်ရင်ခုန်သံမြန်သွားသည်။ ထပ်မံ၍နားစွင့်လိုက်သောအခါ. . .

'မင်းက ဘယ်လိုလုပ်သိတာလဲ'

'ဟ နောင်ရိုးစက်မှုဇုံကကောင်တွေက ငါ့အမျိုးကြီးပဲကွ၊ သူတို့ကကြိတ်ပြီးသတင်းပေးလို့ ငါ့သူဌေးနဲ့ငါက အဲဒီကားကိုမဝယ်ဘဲနဲ့ထားခဲ့တာ၊ ဘယ်နှယ့်ကွာ ဆက်ရာဘယ်လောက်ကောင်းကောင်း 'ဇော်' လောက်တော့ ဘယ်စွံတော့မလဲ'

'ဒါဆို မသိလို့ဝယ်တဲ့ကောင်တွေတော့ ခံရပြီပေါ့'

'ခံရတာတောင် နည်းသေး၊ ကားအကြောင်းဘာမှနားမလည်ဘဲနဲ့ ဆရာကြီးလုပ်ချင်တဲ့ကောင်တွေ ကားရဲ့ဆေးဘော်ဒီနဲ့ နံပါတ်ကိုကြည့်ပြီး အမှန်အကန်ဆိုပြီး ဝယ်သွားကြတာကွ ဟီးဟီး'

'ခံရတာကောင်းတယ် သူတို့ကိုယ်သူတို့လူလည်ကြီးလို့ထင်နေတဲ့ကောင်တွေ နောက်ထပ်အင်ဂျင်အသစ်တစ်လုံး ဝယ်ဖို့သာပြင်ပေတော့



www.burmeseclassic.com

www.burmeseclassic.com



ဟားဟားဟား'

ကျွန်တော်က ဆက်ခနဲထရပ်လိုက်ရင်း ထန်းရည်ဖိုးငွေကို ဝိုင်းထဲ ပစ်ချလိုက်သည်။ သူငယ်ချင်းများကကြောင်ကြည့်နေကြစဉ် ကျွန်တော်က သူငယ်ချင်း ၏စက်ဘီးကို မပြောမဆိုယူ၍ အိမ်ဘက်သို့တအားနင်းခဲ့သည်။

အိမ်ရှေ့ရောက်သောအခါ စက်ဘီးကိုတံခါးတွင်မှီထောင်ခဲ့ပြီး အိမ်ပေါ်သို့ပြေးတက်ရင်း. . .

'အဖေရေ. . . အဖေ. . .'

လေ့ကားထိပ်မှ 'ဘွား' ခနဲအဖေပေါ်လာပြီး မျက်ထောင့်နီကြီးဖြင့် ကျွန်တော့်ကိုကြည့်ကာ. . .

'မင်းအမေလင်မှိုလို့ ဒီလောက်ကြီးတောင် အော်ခေါ်နေတာလား၊ ငါနားမပင်းဘူးကွ'

ဘယ်တော့မှမညာတတ်သော မှန်ရာကိုသာပြောတတ်သော အဖေ့ကို ကျွန်တော်ကြည့်ရင်း. . .

'သတင်းတစ်ခုရခဲ့လို့အဖေ'

'ဘာလဲ. . .'

'အဖေတို့ဝယ်လိုက်တဲ့ TE ကားကြီးက အင်ဂျင်ကွဲဖူးတယ်တဲ့၊ နောင်ရိုးစက်မှုဇုံမှာ ပြန်ဆက်ပြီးမှညာရောင်းလိုက်တာတဲ့'

အဖေမျက်မှောင်ကြုတ်သွားပြီး. . .

'ဘယ်ကောင်ကပြောတာလဲ'

'ကိုသန်းစိုးကပြောတာ'

'ဘယ်ကသန်းစိုးလဲ ကြည်အောင်တို့အိမ်က ချက်ပက်လက် ခေါင်းတိုတားကို မောင်းတဲ့ကောင်လား'

'အစစ်ပေါ့ နောင်ရိုးမှာအလုပ်လုပ်တဲ့ သူ့အမျိုးတွေက သူ့ကိုပြောလိုက်တာတဲ့'

အဖေက ဝရန်တာဘက်ထွက်ပြီး အိမ်ဘေးကားဂိုဒေါင်ရှိ အစ်ကို့ကို လှမ်းခေါ်လိုက်သည်။





'ကျော်ကြား. . .'

'ဗျာ. . . လာပြီအဖေ. . .'

အစ်ကိုက အိမ်အောက်လျှောက်လာပြီး အပေါ်မော့ကြည့်သည်။ အဖေက ဟီးနိုးကားကြီးကိုလက်ညှိုးထိုးပြီး. . .

'ဒီကားကိုဘယ်လိုလုပ်ပြီး ဝယ်လိုက်တာလဲ ပြောစမ်း. . .'

'ပိုက်ဆံပေးဝယ်တာပေါ့ အဖေရ'

အဖေက လက်သီးကိုဆုတ်ရင်း. . .

'မင်းအမေ. . . . တယ်. . . ငါဆဲမိတော့မယ်၊ ပိုက်ဆံပေးဝယ်မှန်းတော့ သိတာပေါ့ကွ၊ ကားကိုသေသေချာချာကြည့်မဝယ်လို့ ပြောနေတာကွ၊ အဲဒီကားက အင်ဂျင်ကွဲဖူးတယ်တဲ့'

အစ်ကိုက ဇဝေဇဝါဖြင့်. . .

'ဟုတ်လို့လားဗျာ၊ အဖေဘယ်ကကြားခဲ့တာလဲ'

အဖေက ကျွန်တော့်ကိုမေးငေါ့ရင်း. . .

'မင်းညီ ကြားလာခဲ့တာ'

အစ်ကိုက ကျွန်တော့်ကိုလက်ညှိုးထိုးရင်း. . .

'မင်းဘာတွေ မလည်ရှုပ်လုပ်ပြန်ပြီလဲ'

ကိုယ့်အမှားကိုယ်မသိဘဲ ဒေါသတကြီးဖြင့် ကျွန်တော့်ကိုရန်လုပ်နေသော အစ်ကို့ကိုကြည့်ရင်း သနားကရုဏာသက်စွာဖြင့် ကျွန်တော်ကဝရန်တာလက်ရန်းပေါ်တွင် တံတောင်ဆစ်တင်၍ မေးထောက်လိုက်ရင်း. . .

'ဘာမှမလည်ရှုပ်မလုပ်ဘူးဗျာ၊ ကိုသန်းစိုးကပြောတယ် ဒီကားကြီး အင်ဂျင်ကွဲတာကို ရေနံချောင်းနောင်ရိုးစက်မှုဇုံမှာလုပ်နေတဲ့ သူ့အမျိုးတွေကအာမခံနဲ့ အရာမပေါ်အောင်ဆက်ပေးထားတာတဲ့၊ နောက်ပြီးအစ်ကိုတကားရဲ့ဆေးရောင်လေးမြင်ရုံနဲ့တန်တယ်တန်တယ်ဆိုပြီး ဝယ်သွားတာတဲ့၊

ဟင်း. . . . အစ်ကိုကတော့ ကားဝယ်တာ ဟင်းရွက်ကန်စွန်းရွှတ်ဝယ်တာကျနေတာပဲ၊ နားမလည် ပါးမလည်နဲ့ ဟင်း'

အစ်ကိုကရှူးရှူးရှားရှားဖြစ်သွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



'မင်းကရော ဘယ်လောက်နားလည်လို့လဲ'

ကျွန်တော်ကအဖေ့ကိုကြည့်လိုက်ပြီး လေပြည်ကလေးဖြင့်. . .

'အဲဒါသာကြည့်တော့ အဖေရေ၊ အစ်ကိုကသားဆို အမြဲရန်လုပ်ဖို့ပဲ ကြံနေတာ'

'ယောကောင်. . . စကားများမနေနဲ့ ကားအင်ဂျင်ကို သေချာပြန်စစ်ကြည့်စမ်း၊ ဟုတ်နေတယ်ဆိုရင် ဈေးသွားလျှော့ခိုင်းရဦးမယ်၊ ကားဖိုးငွေ နောက်ဆုံး အရစ် မပေးရသေးဘူးမဟုတ်လား'

အစ်ကိုက ခေါင်းညိတ်ရင်း သူ့ခေါင်းကိုတဖြင်းဖြင်းကုတ်ကာ ထွက်သွားသည်။ ကျွန်တော်ကသက်ပြင်းရှည်ကြီးကိုချ၍ အဖေ့ကို မော့ကြည့်ရင်း. . .

'အဲဒါတွေ ခက်တယ်ပြောတာပေါ့ အဖေရ၊ အစ်ကိုက ကားအသစ်လိုချင်တာပဲသိတယ်၊ ကိုယ်ဝယ်မဲ့ကားရဲ့ ရာဇဝင်က ဘယ်လိုဘယ်အကြောင်းရှိတယ်ဆိုတာ ဘယ်တော့မှမစုံစမ်းဘူး။ ဘော်ဒီလေးလှတာမြင်တာနဲ့ ယူဖို့ကြိုးစားတော့တာပဲ၊ အခုတောင်သားသိခဲ့လို့ပေါ့ နို့မဟုတ်ရင်တွေးတောင်. . .'

'ဟာ. . . သောက်စကားလာများနေတယ် ငါရိုက်လိုက်ရ၊ သွားကွာ ဒီမှာစိတ်တိုနေရတဲ့အထဲ သွား. . . သွား. . . မင်းအစ်ကိုကိုကူလုပ်ပေးလိုက်'

ကျွန်တော်လည်း ခေါင်းညိတ်ရင်း အိမ်ပေါ်ထပ်မှပြေးဆင်းလာခဲ့သည်၊ ထို့နောက် မီးဖိုချောင်ထဲဝင်လိုက်သည်။ အမေကပန်းကန်ပြားများကို ရေဆေးနေရင်းမှ. . .

'ဟဲ့. . . သား ဘာဖြစ်နေကြတာလဲ'

အမေကျွန်တော့်ကို စိတ်ဆိုးပြေသွားပြီဆိုတာသိသဖြင့် ဟင်းအိုးအဖုံးတို ဖွင့်ကြည့်လိုက်ရင်း. . .

'ဘာဖြစ်ရမှာလဲ အမေရ၊ အင်ဂျင်ကွဲဖူးတဲ့ကားကြီးကို အစ်ကိုဝယ်မိနေလို့ အဖေကဆူနေတာ'

အမေကမျက်လုံးပြူးရင်း. . .

'ဟယ်တော်. . . ဒုက္ခပါပဲ'





ဆိတ်ကလီစာကို အရေသောက်ချက်ထားခြင်းဖြစ်၍ ပန်းကန်တစ်ချပ်ထဲ ထမင်းကိုပုံရင်း. . .

'ဒုက္ခမနေနဲ့တော့အမေရေ သားထမင်းစားလိုက်ဦးမယ်၊ ပြီးရင် ကိုကို့ကို ကူလုပ်ပေးလိုက်ဦးမယ်'

ပြောပြောဆိုဆို ဟင်းကိုပန်းကန်တစ်လုံးထဲသို့ ဦးချဖယ်ထားလိုက်သည်။

'အေးအေး ခဏလေးနေဦး အမေသရက်သီးသုပ် သွားဝယ်လိုက်ဦးမယ်၊ မင်းအဖေလည်း ထမင်းစားတော့မယ် ထင်တယ်'

ဟင်းများကိုထမင်းပေါ်သို့ပုံလိုက်စဉ်. . .

'ဟယ်. . . ကြောင်အိမ်ပေါ်တင်ထားတဲ့ ငါ့ပိုက်ဆံအိတ်ကော၊ ငထင်ကျော် နင့်လက်ချက်မဟုတ်လား'

ကျွန်တော် 'ဟိုက်' ခနဲဖြစ်သွားသည်။ ထို့နောက် ခါးကြားမှပိုက်ဆံအိတ်ကိုနှိုက်ယူလိုက်ရင်း. . .

'ဟုတ်တယ် အဖေ့ဟာဘရိတ်ဆီ ဝယ်ခိုင်းလို့ ခဏကယူသွားတာ ဒီမှာ အမေ့ပိုက်ဆံအိတ်'

အမေ့ကိုပြန်ပေးပြီး ထမင်းတစ်လုပ်ကိုပါးစပ်ထဲထည့်လိုက်စဉ်. . .

'ဘာကွ မင်းကိုငါဘယ်တုန်းကခိုင်းလို့လဲ'

မီးဖိုချောင်ဝမှ အဖေ့အသံပေါ်လာသဖြင့် ကျွန်တော်ထမင်းနင်သွားသည်။ ထမင်းကိုအတင်းမျိုချရင်း. . .

'အဲ. . . ဟို. . . အစ်ကိုကခိုင်းတာ အဖေရ ကျွန်တော်မှားပြောမိတာ'

အဖေက ရေတစ်ခွက်ခပ်သောက်ရင်း. . .

'မနေ့ကမှ ဘရိတ်ဆီ ဝမ်းလီတာဘူး လေးဘူးတောင်ဝယ်ပေးထားတာ၊ ဘာပြုလို့ ထပ်ဝယ်ခိုင်းရတာတဲ့လဲ'

'အဲ. . . အင်း. . . အခုကားက နှစ်စင်းဖြစ်သွားပြီပဲ မလောက်လို့နေမှာပေါ့'

'ကားထဲမှာလဲ ဘရိတ်ဆီအပြည့်ထည့်ပြီးသား ဘာမလောက်စရာရှိမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး အဖေရာ ဈေးချိုလို့နေမှာပေါ့'

အဖေနှင့်အမေက ဘာမှမပြောတော့ဘဲထွက်သွားမှ ကျွန်တော်လဲ မြုံးရင်းထမင်းကိုဆက်စားနေလိုက်သည်။

'ငထင်ကျော်. . .'

ငယ်သံပါအောင် ခေါ်ခေါ်လိုက်သည့် အစ်ကို့အသံကြီးကြောင့် ထမင်းပင်သီးမတတ်ဖြစ်သွားသည်။

'လာစမ်း. . . ဒီမှာကိုသန်းစိုးရောက်နေတယ်၊ အိမ်ကကားအကြောင်း သူမပြောပါဘူးတဲ့'

ကျွန်တော်လည်း ထမင်းပန်းကန်ကိုကြောင်အိမ်ထဲသွင်းကာ လက်ဝင်မဆေးတော့ဘဲ ကားဂိုဒေါင်ဘက်သို့အပြေးသွားလိုက်သည်။ အူကြောင်ကြောင်ဖြင့် ကျွန်တော့်ကိုကြည့်နေသော ကိုသန်းစိုးကိုတွေ့လိုက်ရသဖြင့်. . .

'ပြောစရာရှိရင်လည်း ရဲရဲသာပြောလိုက်စမ်းပါ ကိုသန်းစိုးရာ အားနာမနေပါနဲ့၊ ခင်ဗျားတို့ကျွန်တော်တို့ဆိုတာက ရပ်ဆွေရပ်မျိုးလိုနေ နေကြတာပဲ မဟုတ်လား၊ တစ်ယောက်အကျိုးကို တစ်ယောက်သယ်ပိုးကြရမှာပေါ့၊ လူဆိုတာ အသိုင်းနဲ့အဝိုင်းနဲ့နေကြတာပဲ တစ်ဦးကောင်း တစ်ယောက်ကောင်းနေလို့ ဘယ်ရ ပါ့မလဲ၊ အဲဒါကြောင့် သူ့အကျိုး ကိုယ့်အကျိုး. . .'

'ဟာ. . . ဒီခွေးမသားက လိုရင်းမရောက်တော့ဘူး၊ ငါလက်ပါမိတော့မယ်'

အဖေ၏ ချိုးကျူးထောပနာသံကြောင့် အမေကလည်း. . .

'ဩော်. . . တော်တကျပ်ကို ခွေးမလို့ပြောတယ်ပေါ့လေ၊ ဒါရှင်နဲ့ရမွေးထားတာ ကျုပ်ခွေးမဆိုရင် ရှင်လည်း. . .'

'တော်ကြပါတော့ဗျာ ဆွေကြီးမျိုးကြီးတွေမှန်းသိပါတယ်၊ ဟော့ကောင်ထင်ကြီး မင်းတို့ကားကိစ္စ ငါပြောတယ်လို့ဘယ်ကောင်ကပြောတာလဲ'

'ကျွန်တော့်နားနှစ်ဖက်နဲ့ ကောင်းကောင်းကြီးကြားလိုက်တာပါဗျာ၊ ဘယ်သူမှမပြောဘူး'

ကိုသန်းစိုးက စိတ်ရှုပ်သွားဟန်ဖြင့်. . .





'ဟော့ ဘယ်အချိန်က ဘယ်နေရာမှ ငါပြောတာကို မင်းကြားခဲ့တာလဲ'

ကျွန်တော်ကလည်း ကိုသန်းစိုး ငြင်းမရအောင် အပိုင်ပြောလိုက်သည်။

'နေရာက ကိုပိန့်ထန်းတောမှာ၊ အချိန်က ကဒိုးအလှည့်ကိုကျော်ပြီး ခွတ်ခိုးသောက်တဲ့အချိန်ပဲ၊ တိကျပါတယ်နော်'

'တိကျပါပေ့ ငါ့သားရယ်၊ မင်းအစ်ကိုဝယ်ခိုင်းတဲ့ ဘရိတ်ဆီဆိုတာ လတ်စသတ်တော့ ထန်းရည်ဖိုးကိုး၊ မင်းအစ်ကိုကို ငါမေးပြီးပြီ၊ သူဘာမှ မဝယ်ခိုင်းပါဘူးတဲ့'

အစ်ကိုက အမေ့ကိုဆွဲရင်း. . .

'ကိုသန်းစိုးစကားကိုဆုံးအောင်နားထောင်ပါဦးအမေရယ်၊ ဟိုခွေးကောင်ကိုသတ်ချင်ရင်နောက်မှသတ်'

ကိုသန်းစိုးကလည်း ယခုမှစဉ်းစား၍ ရသွားပုံပေါ်သည်၊

'ဟား ဟား ဟား ငါမှတ်မိပြီ ငါပြောတဲ့ အင်ဂျင်ကွဲတဲ့ ဟီးနိုးဆိုတာ မင်းတို့ကားမဟုတ်ဘူး၊ ပွဲ့ဖြူက ကိုကိုနိုင်တို့ဝယ်လိုက်တဲ့ကားကွ၊ တဲ. . . ထင်ကြီး ငါ့ကိစ္စတော့ပြီးပြီ၊ မင်းပြဿနာကို မင်းဟာမင်းရှင်း. . .'

အဖေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး အမေ့ရှေ့သို့တော့်တတ်ရင်း. . .

'ဩော်. . . ဒီလိုလား၊ လာခဲ့စမ်း ခွေးမသား'

'ရှင်လုပ်ပြန်ပြီနော် နှစ်ခါရှိပြီ ကျွန်မသည်းမခံနိုင်တော့ဘူး'

'ဩ. . . မင်းသားကိုထိတော့ မင်းကနာတယ်ပေါ့လေ ဟုတ်လား'

'ကျွန်မကိုထိလို့နာတာတော့၊ ရှင့်ခုံဖိနပ်ကြီးနဲ့ ကျွန်မကိုနင်းမိတာ နှစ်ခါရှိပြီ သိရဲ့လား ကိုဒေါသရဲ့'

မိဘနှစ်ပါး၏ ပဋိပက္ခကြားတွင် သားသမီးကောင်းပီသစွာ ဝင်ဝါရန် မသင့်တော်သဖြင့် တံခါးတွင်မှီထောင်ထားသော စက်ဘီးကိုယူရင်း. . .

'သူများစက်ဘီး သွားပေးလိုက်ဦးမယ်ဗျို့'



www.burmeseclassic.com

www.burmeseclassic.com



ဟုအော်ဟစ်ကာ စက်ဘီးကိုအသားကုန်နင်းလိုက်သည်။

'ဟေ့ကောင်. . . စက်ဆရာကို မလာခဲ့နဲ့တော့လို့သွားပြောလိုက်ဦး' ဟုသောအစ်ကို၏အသံကိုသာ နောက်ဆုံးကြားလိုက်ရတော့သည်။

♣ ♣ ♣



(၁၅)

'သီတာဒေဝီကို လိုချင်လွန်းလို့ ဒသဂီရိ ဦးတုန်အောင်အသားကုန်မတင်ခဲ့ရတဲ့ 'လေး' ဆိုတာ တခြားမတွေးနဲ့ထင်ကြီးရဲ့ မင်းတို့ GMC ကားကလေးထုပ်ကြီးကွ။ ကဲ. . . ဝိုင်းမမယ် ဝမ်း. . . . တူး. . . သရီး . . . အိုး. . . အီး. . .'

ဝပ်ရှော့လုပ်သားများနှင့်အတူ ကျွန်တော်လည်းဒူးများညွှတ်သည်အထိ လေးထုပ်ကြီးကိုမ၍ အထိုင်ပေါ်ပြန်တင်လိုက်ပြီးနောက် မြေပေါ်သို့ထိုင်ချလိုက်ရင်း ကျွန်တော့်ကားမှ အကူဒရိုင်ဘာ ကိုချိုထွေးအား. . .

'အောင်မလေး. . . လို့တောင်မှ မအော်နိုင်တော့ပါဘူး ကိုချိုရဲ့မြို့ကထွက်လာလို့ မိုင်အစိတ်မပြည့်သေးဘူး ကားဘီးတစ်ခါပေါက်ပြီးပြီဟော. . အခုလေးကျိုးလို့ဆက်ရပြန်ပြီ၊ သွားရမယ့်ခရီးမိုင် တစ်ရာ့ငါးဆယ်ကျော် ကျန်သေးတယ်၊ ကောင်းလိုက်တဲ့ကား ခြောက်လက်မလောက်ကမူလေးတက်တာတောင် ငယ်သံပါအောင်အော်အော်ပြီး တက်တဲ့ကား၊ ဒီကကောင်လည်း ကြမ်းတုံး(ဂျမ်းဒုံး) ကိုင်ပြီးနောက်ကနေပြေး. . . ပြေးလိုက်ရလွန်းလို့ ကြမ်းတုံးကိုင် ပြေးပွဲသာရှိခဲ့ရင် ပထမဆုတော့သေချာပြီ. . .'

အို. . . ကြည့်လှည့်ပါဦး အစ်ကိုရဲ့၊ ညီအစ်ကိုအရင်းကို မေတ္တာတော်အနန္တနဲ့ ချွန်းတွန်းလုပ်ပြီး ဒီကားနောက်ကို အောက်သက်ကျေအောင် လိုက်ခိုင်းသတဲ့၊ အခုတော့ ကျွန်တော့်မှာ ဖွတ်ဖွတ်ကျေနေပါပြီဗျ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ငိုချင်းကြောင့် စီးကရက်ကိုမီးညှိဖွာရှိုက်နေသော ကိုချိုထွေးတ. . .

'သွား. . . သွား. . . ထင်ကြီး၊ မင်းတို့ကားဘော်ဒီမှာရေးထားတဲ့ ယာဉ်ငါးတန် ကုန်ငါးတန်စာတန်းရဲ့အောက်မှာ ဂဟေ(ဂျိုင်း) ငါးတန်လို့ ထပ်ရေးလိုက်ဦး'

ကျွန်တော်တို့ရယ်နေကြစဉ် နှမ်းကုန်သည်ပေါက်ဖော်က အနားလာထိုင်ရင်း သက်ပြင်းရှည်ကြီးကိုချရင်း. . .

'ဟင်း. . . ဒရိုင်ဘာကလည်း စားတော့ဆိမ့်ပြန်၊ သောက်တော့ အစိခံ၊ ကျန်တာ မကျန်တာ အုံနာက်ဆိုတဲ့ ဒရိုင်ဘာမျိုး၊ ကားကလည်းဆံပင်ညှပ်ဆိုင်ရှေ့တောင် ဖြတ်မမောင်းဝံ့လောက်အောင် 'ပန်း' မရှိတဲ့ စင်းလုံးချောတာယာတွေကိုတပ်၊ နောက်ကရေစည်းလှည်းကတောင် လမ်းတောင်းရတဲ့အထိ အမြန်နှုန်း ကောင်းကောင်းနဲ့ မောင်းနိုင်တဲ့အင်ဂျင်တင်ပြီး၊ ဂီယာတုတ်(ဒုတ်) ယောက်၊ 'ကတ်တောက်' ကြိုးချည်၊ ဘက်ထရီရေလောင်း၊ ဘရိတ်ဆီ ဆပ်ပြာရည် ထည့်ပါလို့ မီးမစုံ၊ 'ဟွန်း' မလိုတဲ့ကားဆိုမှကားကိုမှ ငှားမိလေခြင်းကွာ၊ မိုင်အစိတ်နဲ့ တစ်ညအိပ်ရမယ့်ကိန်းတော့ဆိုက်နေပြီ မြန်မြန်လုပ်ကြပါကွ'

ကိုချိုထွေးနဲ့ကျွန်တော်လည်း ရယ်လိုက်ကြရင်း ကိုချိုက. . .

'ဘာဖြစ်လို့ လောနေတာလဲ ပေါက်ဖော်ရဲ့ မင်းနှမ်းတွေအချိန်မီရောက်မှာပါ၊ ဘာလဲ အိမ်မှာကျန်ခဲ့တဲ့ မင်းမိန်းမကိုစိတ်မချလို့လား'

'အိမ်ကဟာမကြီးကို ခွေးစားစား ကျီးထိုးထိုး မပူပါဘူး၊ အခုလောနေတာက နှမ်းဈေးတွေမငြိမ်လို့ကွ. . .'

'ခင်ဗျားတို့လင်မယား ဘယ်လောက်ချစ်ကြတယ်ဆိုတာ ကျွန်တော်သိတယ် ကိုပေါက်ဖော်၊ ခင်ဗျားစကားသာကြားရင်တော့ ခင်ဗျားမိန်းမပဲ ငိုမလား၊ ခင်ဗျားပဲငိုရမလား တစ်ခုခုတော့ သေချာနေပြီ ကိုပေါက်ဖော်ရဲ့'

'အရား. . . ထင်ကြီး. . . မင်း အားကြီးမဟုတ်တာပြောတဲ့ကောင်ပဲ၊ ငါတို့ လင်မယားက အိတ်ကပ်ထဲမှာ ပိုက်ဆံအပြည့်ရှိနေမှ အရသာရှိရှိ ရယ်နိုင်တာ၊ ရယ်တတ်ကြတာ၊ အဲဒီလိုပဲ ငိုတာတောင်မှ အိတ်ကပ်ထဲမှာ ပိုက်ဆံ





အပြည့်ရှိမနေရင် အရသာရှိရှိ မျက်ရည်ကျလို့မရကြဘူးကွ၊

သူရောငါရော အစိပ္ပါယ်ရှိရှိ သဘာဝကျကျ ငိုနိုင်၊ ရယ်နိုင်၊ ချစ်နိုင်အောင်လို့ ဒီနှမ်းတွေတက်ဈေးအမီရောင်းချင်နေတာ၊ အဲဒါကြောင့် မြည်ကို မြန်မြန်ရောက်ချင်နေပြီကွ၊ ဘာလဲ ငါ့စကားတွေကမြင့်တော့ မင်းနားမလည်ဘူးဖြစ်သွားပြီမဟုတ်လား၊

မင်းကကောလိပ်မှာသာ ဘွဲ့ရခဲ့တာ၊ အပြင်လောက ဘဝတက္ကသိုလ်မှာတော့ မင်းအဆင့်က မူကြိုအဆင့်ရောက်ဖို့ ကျုရှင်တက်ရဦးမယ်၊ အရားရား. . . ငါတို့လင်မယား ဘဝနဲ့ရင်းပြီးရခဲ့တဲ့ ဒဿနတွေ မင်းကို . . . ကား ပြောမိသလို ဖြစ်သွားတာ ငါ့မိန်းမသိရင် စိတ်ကောင်းမှာမဟုတ်ဘူး၊ ကဲ တဲ မင်းအိတ်ကပ်ထဲက စီးကရက်ပေးစမ်းပါဦး. . . . . . . . . . .

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . အဲဒီလိုပေးဆပ်ခြင်းနဲ့ စခဲ့တဲ့ လူ့လောကကြီးထဲမှာ သက်ကြားအို ကုန်တင်ကားကြီးကို ဆေးပေးမီးယူ ခြေဆုပ်လက်နယ်ပြုလုပ်ရင်း ဆိုတဲ့ပြေးလမ်းကြောင်းပေါ်ကို မရဲတရဲတက်ခဲ့ရပြီပေါ့. . .॥

အတက်ကားကိုဦးစားပေး၊ အဆင်းကားကို ဦးညွတ်၊ မြေညီပေါ်ကကားကို ဂါရဝပြုပြီး မြို့ဝင်ကြေး၊ ဂိတ်ကြေး၊ တံတားကြေး၊ ဘာကြေးညာကြေးတွေကို မိတ်ဆွေဖွဲ့လို့ ကျင်းတွေ၊ ချိုင့်တွေ၊ ခလုပ်ကန်သင်းတွေကို အောင်မြင်စွာ ဖြတ်ကျော်ရင်း အချိန်ကာလယန္တယားကြီးရဲ့ဝါးမျိုမှုအောက်မှာ မြန်မာပြည်အနှံ့ခြေဆန့်ရင်း ငါ့ကားအိုကြီး ပြုံးချိုချိုဖြစ်ရတဲ့အထိ နင့်ဇာတ်မြေက မရှိုးနိုင်တဲ့ ထန်းလျက်ထွက်ကုန်တွေကို အကြိမ်ကြိမ်သယ်ပို့ခဲ့တဲ့ အချိန်တိုင်း. . .

အချစ်ဝတ်လို့ ချဉ်ခြင်းတတ်နေတဲ့ ငါ့နှလုံးသားလေး အချစ်ဓာတ်စာရလာလိမ့်နိုးနိုးနဲ့ နင့်နှလုံးသားရဲ့ကွင်းဖွင့်ဖလားပွဲကို ဝင်ရောက်ခြေစွမ်းပြရင်း အနိုင်ဂိုးသွင်းဖို့ အခါခါငါကြိုးစားပေမယ့် ကံဇာတ်ဆရာရဲ့ ပြက်ရယ်ပြုမှုကြောင့် နင့်အိမ်ကွင်းမှာပဲ အမှားပေါ်ကအမှားဆင့်ရင်း အနီကတ်ဝေဝေဆာဆာတို



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာပိုက်လို့ အခုတော့ ငါ့ရင်ခွင်နန်းတော်ပေါ်က အချစ်ပလ္လင်ထက်မှာလည်း စိုးစံမယ့်ဘုရင်မ ကင်းမဲ့ခဲ့ပြီပေါ့. . .

ဘုရင်မ ရှုံခဲ့တဲ့အမျက် ရာဇဒဏ်ကိုကျေနပ်အောင်လည်စင်းခံမယ်လို့ ကြံဆောင်ပေမယ့် မျက်နှာတော်တောင်မော်ဖူးခွင့်မပေးဘဲ ရေကြည်ကိုနှောက်ဖြိုး ခြေရာဖျောက်သွားခဲ့လေတော့ ပျောက်သောသူရှာရင်တွေ့ဆိုတဲ့ Antique Dialouge အန်းတစ်ဒိုင်ယာလော့(ဒ်) ကလည်း ငါ့အတွက် အဓိပ္ပာယ်လွဲမှားခဲ့လေ သလားလို့ သံသယတွေရင်မှာခိုဝင်လာတဲ့အထိ ရေမြေဆုံးအောင် အချစ်မဖုရားမကိုရှာခဲ့ပေမယ့် ရှာလေလေဝေးလေလေမို့ သင်းသင်းအောင်ရေနင့်ကိုယ်စားငါတော့ တစ်ရွာတစ်ကျိုသာဆောက်ပါရစေတော့ကွယ်. . .

မိတ္ထီလာသို့ ဆန်များပို့ရန်အော်ဒါရသဖြင့် ပြည်မြို့ကမ်းနားလမ်းကပွဲရုံတွင်ကားကိုထိုးပြီးနောက် ကိုချိုကိုထားခဲ့ကာ လက်ဖက်ရည်ဆိုင်သို့သွားရန်အတွက် ကားပေါ်မှအဆင်းပွဲရုံထဲမှ လူတစ်ယောက်ပြေးထွက်လာပြီး. .

'ထင်ကြီး. . .'

'ဟာ. . . ကိုကြီးကျော် ခင်ဗျားပြည်ကို ဘာလာလုပ်တာလဲ'

'ရွှေတောင်ကို ငါအလည်ရောက်နေတာ သုံးရက်ရှိပြီကွ၊ ငါ့တည်းအိမ်ကကား ဒီပွဲရုံကို သူ့ကိစ္စနဲ့သူလာတာ ငါလည်းဖျင်းတာနဲ့လမ်းကြုံလိုက်လာတာလေ၊ မင်းဒီကားကြီးကိုမှတ်မိလို့ ထွက်ကြည့်ရင်း ဟီး. . . ဟီး. . .'

ထိုစဉ် ဆိုင်ကယ်တစ်စီး ကျွန်တော်တို့ဘေးလာရပ်ရင်း. . .

'ဗိုလ်ချုပ်လမ်းပေါ်ဖြတ်မောင်းသွားတဲ့ကားက မြန်မာပြည်မှာ အစုတ်ဆုံး ကားဖြစ်မှန်းသိလိုက်ရလို့ နောက်ကလိုက်လာတာ ကိုကြီးကျော်က ဒီကောင့်ကားနဲ့ ပါလာတာလား. . .'

ဆိုင်ကယ်နှင့်လာသူမှာ သားစစ်ဖြစ်၍ ကျွန်တော်တို့လည်း တပျော်တပါး နီးရာလက်ဖက်ရည်ဆိုင်ထဲ ဝိုင်းထိုင်လိုက်ရင်း. . .

'ငါအိမ်ထောင်ကျပြီကွ ကွမ်းတောင်ကိုင်မလေးနဲ့လေ ဟီးဟီး'

'အသက်မပြည့်တဲ့ကိစ္စ ဘယ်လိုရှင်းယူကြသလဲ ကိုကြီးကျော်. . .'

ကိုကြီးကျော်ကသားစစ်ကို ငါနဲ့ကိုင်တုပ်ပြီးမှ. . .





'အသက်ပြည့်ပြီးသားကွ အသက်ပြည့်ပြီးသား'

'ဩော်. . . လက်စသတ်တော့ သက်ကြီးပုလေးဖြစ်နေတာကိုး. . .'

ကျွန်တော်ကိုလှည့်ဆဲရင်း. . .

'ငါတို့ကအကျဉ်းချုံးပြီး ကန်တော့တောင်း၊ တောင်းလိုက်တာဆိုတော့ မင်းတို့ကိုလည်း မဖိတ်ဖြစ်တော့ဘူးလေ၊ မတော်လို့မင်းတို့လာရင် ရမယ့်လက်ဖွဲ့ဖိုးထက် အရက်ဖိုးကပိုကုန်နေမှာစိုးလို့ကွ ဟားဟားဟား. . .၊ ငါတလည်းရွာမှာပဲ မှုလတန်းပြလုပ်နေတယ်၊ အခုကျောင်းပိတ်တုန်း ရွှေတောင်မှာရှိတဲ့ သူ့ရဲ့အမျိုးတွေဆီကို ဆွေပြမျိုးပြလာခဲ့တာလေ၊ ကားလည်းကြုံတုန်းဖျင်းလည်းဖျင်းတာနဲ့ ဒီကိုလိုက်လာခဲ့တာ၊ သားစစ် မင်းကရော. . .'

'ကျွန်တော်လည်းစာမေးပွဲပြီးကတည်းက ဦးလေးတွေနဲ့ ရန်ကုန်ဘုရင့်နောင်မှာ ပွဲရုံလုပ်နေတာဗျ၊ ဦးလေးက သူ့ကိစ္စနဲ့သူပြည်ကိုလာတာကျွန်တော်လည်း လိုက်လာခဲ့တာ၊ ရောက်နေတာနှစ်ရက်ရှိပြီ'

'မင်းကွာ မချိုနဲ့တစ်မြို့ထဲနေပြီး တော်တော်နှုတ်လုံတဲ့ကောင်၊ မချိုတတစ်ဦးတည်းသောသမီး၊ သူ့မိဘတွေက သောက်ရမ်းချမ်းသာတဲ့ သူဌေးတွေဆိုတာ မြို့ထားတယ်၊ အနည်းဆုံးထွန်းထွန်းကိုတော့ အသိပေးသင့်တာပေါ့'

'ဘာဖြစ်လို့လဲ ကိုကြီးကျော်ရဲ့ မချိုအကြောင်းထွန်းထွန်းသိတယ်မဟုတ်လား'

'အဲဒီသောက်အ ကလည်းမသိပါဘူးကွာ၊ မချိုကိုတောင်းအောင်သွားမှ ငါတို့တွေနဲ့အတူ သူလည်းသိတာ'

'အောင်စာရင်းတွေထွက်တော့ မချိုကိုတောင်းအောင်သွားဖို့ ထွန်းထွန်းရယ် ကျွန်တော့်ကိုဖုန်းဆက်အကြောင်းကြားတယ်တဲ့၊ ကျွန်တော်ကကားလိုက်နေရတော့ အဆက်အသွယ်မရလို့ မလိုက်ဖြစ်ဘူး၊ ဘယ်သူတွေပါသေးလဲကိုကြီးကျော်. . .'

'သူငယ်ချင်းတွေထဲကဆို ငါနဲ့ဝင်းနိုင်ပဲပါတယ်၊ ဝင်းနိုင် ကားနဲ့ပဲသွားတာ၊ ထွန်းထွန်းကတော့ သူ့မိဘတွေနဲ့ လူကြီးသုံးယောက်ပါတာပေါ့'

'ကျွန်တော်ကရန်ကုန်ရောက်နေတော့ အားလုံးနဲ့ အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်နေတယ်ဗျ၊ သူတို့တွေကိစ္စ အဆင်ပြေတယ်မဟုတ်လား'

'ဘယ်လိုပြောရမှန်းမသိပါဘူးကွာ၊ ထွန်းထွန်းတို့က တောင်းရမ်းတယ် ဆိုပေမယ့် စေ့စပ်တဲ့သဘောလောက်ပါပဲ၊ မင်္ဂလာကိစ္စကိုတော့ နှစ်ဖက် ညှိနှိုင်းပြီးနောက်မှ ရက်သတ်မှတ်မယ်ပေါ့ကွာ အဲဒါကို မချိုကလည်း သူ့မိဘတွေကို အသိပေးပြီးသားကြီးပါကွာ၊ သူ့မိဘတွေက ရှုတင်းတင်းနဲ့ဟော့ မာရေကြောရေကြီးတွေကွ၊ ရပ်မိရပ်ဖ လူကြီးတွေကိုလည်း တစ်ယောက်မှခေါ်မထားဘူး၊ အစကတည်းက သဘောမတူရင်မလာနဲ့လို့ တားထားရင်လည်းရရဲ့ သားနဲ့ကွာ. . .'

'ဘာလဲ အခုမောင်းထုတ်လို့လား'

'အဲဒီလိုလည်းမဟုတ်ဘူး၊ စေ့စပ်တဲ့ကိစ္စကိုသဘောတူသလိုလိုတော့ အမူအရာပြတယ်ကွ၊ မင်္ဂလာကိစ္စကိုတော့ လုံးဝအပြောမခံဘူးဟော့၊ ပြောတိုင်းစကားကို လွှဲလွှဲပစ်တာကွာ၊ မချိုရဲ့အဖေကြီးက သိပ်လည်တာ'

'အဲဒီတော့ ဘာဖြစ်ကုန်ကြတုံး'

'ဘယ်လိုနားလည်ရမှန်းမသိဘဲ ပြန်ကြရတော့တာပေါ့၊ ထွန်းထွန်းဆိုင်မဲ့မဲ့ကိုဖြစ်လို့ မချိုကလည်းမျက်နှာပျက်ပျက်နဲ့အားပေးပါတယ်၊ တစ်ခုခုထူးခြားရင် သူထွန်းထွန်းဆီအရောက်ပြေးခဲ့မယ်တဲ့၊ ဝင်းနိုင်ကလည်း သူ့ဖုန်းနံပါတ် ပေးထားခဲ့တယ်၊ မချိုလာချင်တဲ့အချိန်လှမ်းခေါ် လိုက် သူ့ကားနဲ့လာခေါ်မယ်တဲ့. . .'

'ခင်ဗျား ဘယ်လိုထင်လဲ'

'ဟ. . . မချိုကိုယ်တိုင်က ထွန်းထွန်းမှ ထွန်းထွန်းဖြစ်နေတာပဲ၊ ကာယကံရှင်အလိုတူမှတော့ ငါကဘာထင်ရဦးမှာလဲ၊ အဲဒါထားပါ မင်းနဲ့ သင်းသင်းအောင်ကိစ္စ ပြောစမ်းပါဦးကွ'

ကျွန်တော်ကသက်ပြင်းရှည်ကြီးကိုချ၍ မျက်နှာကျက်တွင် ပျင်းရိစွာလည်ပတ်နေသော ပန်ကာအိုကြီးကိုမော့ကြည့်ရင်း စိတ်အတွင်းမှလည်း. . .

'ငါ့ကိုမေးနေကြပြီ သင်းသင်းရယ်၊ အမေးလွယ်သလောက် အဖြေရခက်လို့ ငါဘယ်လိုရှင်းပြရမှာလဲကွယ်. . .'





'ဟော့တောင်. . . ပဲများမနေနဲ့ မပြောချင်လည်းနေ၊ ကဲ. . . သားစစ်ခင်းနဲ့'

ကျွန်တော်က ပျာပျာသလဲ လက်ကာရင်း. . .

'နေပါဦးကိုကြီးကျော်ရယ် ကျွန်တော့်မှာအဲဒါကိုပြောချင်နေတာ ဘယ်ကစပြောရမှန်းမသိလို့ဗျ'

'မကွေးစိန်ရတုစားသောက်ဆိုင်တုန်းက သင်းသင်းအောင်ကို မင်းရည်းစားစကားပြောလိုက်တာ ငါတို့သိပြီးသား ကျန်တာဆက်ပြော'

'ကိုကြီးကျော်သိတယ်ဟုတ်လား၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရှက်ရွံ့တဲ့ အမူအရာတွေကို ကိုကြီးကျော် ရိပ်မိလိုက်တာလား'

ကိုကြီးကျော်က ညစ်ညစ်ပတ်ပတ်ဆဲရင်း. . .

'သင်းသင်းအောင်က ငါတို့ကိုကျောပေးနေလို့ သတိမထားမိတာ မင်းကတော့ကြောင်တောင်ကန်းမို့ မမြင်တာ၊ မင်းအသံအကျယ်ကြီးကို အားလုံးကြားတယ်ကွ. ကိုယ့်ဟာကိုယ်အရက်သောက်ချင်လို့ အစားလျှော့စားတာကို ခုတုံးလုပ်ပြီး ညာတဲ့[illegible]ကောင်ကများ'

'မဟုတ်ဘူး ကိုကြီးကျော်၊ မဟုတ်ဘူး ကျွန်တော်စားချင်စိတ်မရှိလို့တို မစားဘဲနေခဲ့တာပါ၊ အရက်တစ်ခွက်နဲ့ သူ့အချစ်ကိုမညာရက်ပါဘူးဗျာ'

'ကဲ. . . ထားပါ မင်းတဖြည်းဖြည်းဝေးပြီးပျောက်သွားတဲ့အထိ သင်းသင်းအောင်က မင်းကို ငေးကြည့်နေတာ ငါတို့သတိထားမိတယ်၊ မင်း သူ့ဆီကို သွားသေးလား'

ကျွန်တော်ကလေးလံစွာ ခေါင်းညိတ်လိုက်ရင်း. . .

'သူကျောင်းဆရာမ လုပ်နေတယ်၊ အလယ်တန်းပြဆရာမပေါ့'

'ဟာ. . . ငါသိချင်တာက မင်းနဲ့သူနဲ့နောက်ဆုံးအခြေအနေ. . .'

'အဲဒီအကြောင်းတွေပြန်ပြောရမှာ ကျွန်တော့်ရင်မှာမချိတော့ပါဘူး ကိုကြီးကျော်ရယ်၊ ဖူးစာရေးနတ်က ကျွန်တော့်နဖူးစာကို 'အင်' ထုပြီးရေးခဲ့လေသလား၊ မြားနတ်မောင်ကပဲ ဘယ်အငြိုးနဲ့ချက်ကောင်းမှန်အောင် မပစ်ခဲ့လေတော့ ကံကြမ္မာငြိုဟ်ဆိုးကို ကျွန်တော်တည့်တည့်ကြီးဝင်တိုးမိပုံက



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိုကြီးကျော်ရဲ. . . ၊

လူရှင်းနေတဲ့သူတို့အိမ်ဝိုင်းထဲ ကျွန်တော့်ကားကြီးမောင်းဝင်လိုက်တော့ တအံ့တဩနဲ့ငေးကြည့်နေတဲ့ သင်းသင်းအောင်နဲ့ကိုမိုးကိုတွေ့လိုက်ရတယ်. . .'

'ကိုမိုးဆိုတာဘယ်သူလဲ၊ သူမှာအစ်ကိုရှိတယ်လို့ နှင်းနှင်းကငါ့ကို မပြောဘူးပါလား'

'မင်းယောက်ဖကိုမိုးက အမြီးဖွားဖွားလေးနဲ့ 'တယ်လီယာ' ခွေးလေးကွ သိပ်လှတာပဲ၊ ဒင်းကအိမ်ထဲဝင်လာတဲ့ငါ့ကို အစာမကြေပုံပြနေလို့ သင်းသင်းက ငါ့ကိုခလုပ်မထိဆူးမငြိအောင် ကိုမိုးကိုအိမ်ပြင်ထွက်နိုင်းလိုက်တယ်. . .

သူ့ခွေးထက်ငါ့ကိုစေတနာပိုမှန်း ငါသိလိုက်ရတော့ သိပ်ပျော်သွားတာပေါ့ ကံဇာတာငယ်ထိမ်အထိတက်နေတုန်း လက်လွတ်မခံပဲ ငါ့နှလုံးသားရဲ့အနက်ရှိုင်းဆုံးကထွက်ပေါ်လာတဲ့ အကြွင်နာစကားတွေကို ဖွင့်အံမိတာပေါ့ သင်းသင်းရယ် အချစ်နဲ့တည်ဆောက်ထားငဲ့ 'ဟောဒီဩကာသ လောကကြီးထဲ. . . ထဲ. . . ထဲ. . .'

'ရပြီထင်ကြီး အဲဒီလောက်အသေးစိတ်မလိုဘူးလေကွာ ကိုကြီးကျော်က ရွှေတောင်ပြန်ရဦးမှာကွ လိုတိုရှင်းသာပြောပါ. . .'

ကျွန်တော်ကပျစ်ပျစ်နှစ်နှစ်ဆဲပစ်လိုက်သည် ပြီးမှ. . .

'ငါကရည်းစားစကားပြောပြီး အဖြေတောင်းတော့ သူကရှက်လို့ခေါင်းလေးငုံ့ရင်း စဉ်းစားပါရစေဦးလို့ပြောတယ်ကွ၊ အခွင့်အရေးရတုန်း ငါကဆက်ပြီးပြောတော့ သူစဉ်းစားရင်ဦးစားပေးအဆင့်တစ်မှာ ထားပေးပါ့မယ်ဆိုတဲ့အထိ ရောက်လာရောကွ၊ သူ့လက်ကလေးနှစ်ဖက်ကိုကိုင်ရင်း စိတ်ချပါရစေ သင်းသင်းရယ်နော်လို့ ငါကပြောတော့ရှက်လို့ဟော့ ငြိမ်ငြိမ်လေးခေါင်းညိတ်တယ်. . .'

'ဟာ. . . မင်းသူ့လက်ကိုကိုင်တာ သူမရုန်းဘူးဆိုတော့ ပွဲသိမ်းပေါ့ ထင်ကြီးရဲ. . .'





'ဟုတ်ပါ့ဗျာ ငြိမ်နေပြီးခေါင်းညိတ်တယ်ဆိုမှတော့ ဖက်နမ်းလိုက်လို့တောင်ရတယ်'

'ဟော့ကောင် သူ့လက်ကိုသူမရုန်းတာ သေချာတယ်နော်'

ကျွန်တော်ကသွားကိုဖြီးရင်း. . .

'အင်း. . . သူဘယ်လိုမှရုန်းလို့မရဘူး၊ လက်ဖက်ရည်ပန်းတန်ကို သူက လက်နှစ်ဖက်နဲ့ကိုင်ပြီး ငါ့ကိုပေးတယ်၊ ငါကသူ့လက်ပါရောပြီး ဆုပ်ကိုင်ထားတော့ သူရုန်းလိုက်ရင် လက်ဖက်ရည်တွေသူ့အပေါ်ဖိတ်ကျမှာပေါ့ကွ အဲဒါကြောင့်ခေါင်းညိတ်တာတောင် သူ့လက် မလှုပ်မိအောင်ငြိမ်ငြိမ်လေးပဲခေါင်းညိတ်ရတယ်လေ'

ကိုကြီးကျော်နှင့်သားစစ် တဟီးဟီးရယ်လိုက်ကြပြီးမှ. . .

'ဘာဖြစ်ဖြစ်ကွာ ဒီအဆင့်ဆို ပန်းခင်းလမ်းပေါ်ရောက်တဲ့အဆင့်ပဲ'

'မင်းအတွက်ငါတို့တွေ ကြိုးစားပေးရကျိုးနပ်တာပေါ့'

အားကြိုးမာန်တက် ထောက်ခံချက်ပေးနေကြသော သူငယ်ချင်းနှစ်ဦးကို ကျွန်တော်ကလှည့်မကြည့်ဘဲ စကားဆက်လိုက်သည်။

'ငါလက်ဖက်ရည်သောက်ပြီးတဲ့အချိန်မှာ သူ့မိဘတွေရောက်လာတယ်၊ သင်းသင်းကမိတ်ဆက်ပေးတယ်ကွ၊ အဲဒီဟာကရော ဘယ်အဆင့်လဲ ဘာသဘောလည်းသိကြတယ်နော်'

'မိဘကိုသွယ်ဝိုက်ပြီး နားဖောက်တဲ့အဆင့်လေကွာ'

'သူရည်ရွယ်ထားတာမင်းပဲလို့ မိဘတွေကိုအသိပေးတဲ့သဘောဆောင်မိုက်တယ်ကွာ'

'တစ်လျှောက်လုံးမင်းခံလာခဲ့ရတာ အခုလိုအချိန်မှာ စံသင့်ပါတယ်နော့ ကိုကြီးကျော်ရာ'

ကိုကြီးကျော်ကခေါင်းညိတ်ပြသည်။ တောက်ပသောမျက်ဝန်းအစုံဖြင့် ကြည့်နေကြသည့် သူတို့နှစ်ဦးကို တစ်ချက်လှည့်ကြည့်ရင်း. . .

'ငါကားပေါ်တက်တော့ သူကလက်မပြဘူး ရီဝေတဲ့အကြည့်နဲ့ကြည့်နေတာတွေ့ရတယ်၊ ငါလည်းစက်နှိုးရော လက်ပြတယ်၊ ပထမဖြည်းဖြည်းလေး



www.burmeseclassic.com

www.burmeseclassic.com



နောက်မြန် လာတယ်၊ နောက်ဆုံးအတင်းကြီးကိုလက်ပြတော့တာပဲ၊ ငါ့ကားကို ဂီယာလည်းထိုးလိုက်ရောလက်ပြရုံနဲ့ အားမရတော့ဘူးထင်ပါရဲ့ အော်ဟစ်ရင်း ကားနားကို ပြေးလာတယ်၊

ငါ့ကားစက်သံနဲ့ဆိုတော့ သူဘာပြောလဲဆိုတာမကြားရပေမယ့် ငါ့နှလုံးသားကတော့ ကောင်းကောင်းကြီးနားလည်သွားပြီလေ၊ ငါလည်းရုပ်ရှင်ထဲကလိုစလိုမိုးရှင်းနဲ့ ပြေးဖက်ဖို့ကြံသေးပေမယ့် မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ သူ့မိဘနှစ်ပါးကအိမ်ဝထွက်လာတာ မြင်လိုက်ရတော့ သူ့မိဘနှစ်ပါးရဲ့ရှေ့မှာ သူတို့သမီးကိုဖက်လို့မသင့်တော်ဘူးဆိုပြီး မိကောင်းဖခင်သားသမီးပီပီ စိတ်လိုက် မာန်ပါမလုပ်ဘဲ စိတ်လျှော့ပြီး ကားကိုမောင်းထွက်လိုက်ရတယ်'

'သင်းသင်းက ထင်ကြီးကိုကြိုက်ရဲ့သားနဲ့ မြို့ထားရတာကြာပြီပဲ ကိုကြီးကျော်ရယ်၊ အခုလို နှစ်ယောက်ချင်းအနီးကပ်တွေ့ပြီး နားလည်မှုတွေရသွားတော့ သူ့ရင်ထဲကမျိုသိပ်ထားတဲ့ချစ်စိတ်တွေ ပေါက်ကွဲနေတဲ့အချိန်ကျမှ ခွဲရမယ်ဆိုတော့လည်း မိဘရှေ့မှာတောင် ကြွေမဆောင်နိုင်ဘူး ဖြစ်သွားမှာပေါ့နော်'

'ဟုတ်တယ် သားစစ် ငါလည်းအဲဒီလိုပဲထင်တယ်၊ ကဲ. . . ထင်ကြီး မင်းရဲ့ နှလုံးသားစာမေးပွဲက ဂုဏ်ထူးအပြည့်နဲ့အောင်သွားပြီလို့မှတ်'

'ဟင့်အင်း. . . ဟင့်အင်း. . . 'ဆပ်ပလီ' ဖြေလို့မရအောင်ကိုကျခဲ့တာ ကိုကြီးကျော်ရဲ့၊ ကျွန်တော့်ကားလည်းမောင်းထွက်လိုက်ရော 'ကိန်ကိန်' ဆိုတဲ့ အသံကြားလို့ဘက်မှန်ကပြန်ကြည့်လိုက်တော့ ဘယ်အချိန်က ကားအောက်ဝင် နေရမှန်းမသိတဲ့ ခွေးရဲ့အမြီးကို ကျွန်တော့်ကားနဲ့တက် ကြိတ်မိလိုက်တာကို တွေ့ရတော့တာပါပဲဗျာ. . .'

'ဟေ. . .'

ခနဲကိုကြီးကျော်တို့နှစ်ယောက် အံ့အားသင့်သွားသည်။

'ဒါ. . . ဒါဆို. . . လက်ပြပြီး မင်းကားနားကိုပြေးလာတဲ့အကြောင်းက'

'သူ့ခွေးကျွန်တော့်ကားအောက် ဝင်နေတာမြင်လို့ ကားကိုစက်ရပ်





အောင် အော်ဟစ်လက်ပြပြီးပြေးလာတာဗျ'

မျက်ရည်များထွက်သည်အထိ ကိုကြီးကျော်တို့နှစ်ယောက် အော်ဟစ်ရယ်မောနေကြသည်။ မရယ်နိုင်သောကျွန်တော်က. . .

'မိုးနတ်မင်းကမျက်နှာသာမပေးဘူး ကိုကြီးကျော်၊ သူ့ခွေးအတွက်နဲ့ ပက်ပက်စက်စက်ပြောနေတဲ့ သင်းသင်းအောင်၊ ဒေါသမီးတဝင်းဝင်းတောက်နေတဲ့မျက်လုံးအစုံတွေနဲ့ကြည့်နေတဲ့ သူ့မိဘတွေကို ကျွန်တော်ဘယ်လို ရင်ဆိုင်ရဲတော့မှာလဲ၊ အဲဒီကတည်းကကျွန်တော် သူ့အိမ်ကိုမသွားရဲတော့ပါဘူးဗျာ. .၊

သင်းသင်းနှလုံးသားရဲ့ကွင်းဖွင့်ဖလားပွဲကို ယုံကြည်ချက်အပြည့်နဲ့ဝင်ပြီး ခြေစွမ်းပြခဲ့တာပါ ကိုကြီးကျော်ရယ်. . .၊ အခုတော့ သူ့အိမ်ကွင်းမှာပဲ အနိုင်ပေါ်အနိုင်ဆင့်လို့ ခြေစမ်းပွဲနဲ့တင်လှည့်လာခဲ့ရပါပြီဗျာ'

ကျွန်တော့်စကားကြောင့် သူနားသွားသ[illegible]ည်ထင်သည်။ ကိုကြီးကျော်က အရယ်ရပ်လိုက်ပြီး. . .

'ခွေးတစ်ကောင်အစား သွားပေးကြည့်ပါလား'

'အင်း. . . ကျွန်တော်လည်း အဲဒီစိတ်ကူးရလို့ သတင်းစုံစမ်းကြည့်တော့ ခွေးကအမြီးသာဖြတ်လိုက်ရတာ မသေဘူးဗျ၊ သူ့ခွေးမသေဘဲနဲ့ အစားမပေးရဲ လို့လက်လျှော့လိုက်ရတာ၊ နောက်ပြီး သင်းသင်းအောင်လည်း အထက်တန်းပြ ရာထူးတိုးပြီးပြောင်းသွားပြီ၊ ဘယ်ပြောင်းသွားလဲဆိုတာ အခုထိစုံစမ်းလို့မရသေးဘူး၊ 'ရွာလေလေ ဝေးလေလေ' မို့တစ်ပင်လဲ တစ်ပင်ထူချင်စိတ်တောင်ပေါက် နေပါပြီဗျာ အသစ်ကိုချစ်မရလို့သာ ဟင်း. .'

ထိုစဉ် သားစစ်ကလမ်းပေါ်ကိုလက်ညှိုးထိုးရင်း. . .

'ဟာ. . . ဟိုမှာ. . . ဖွန်လွင်. . . ဖွန်လွင်. . . ဟော့. . . တင့်လွင်. . .'

လမ်းမပေါ်၌မိန်းမကြီးတစ်ယောက်နှင့်စကားပြောရင်း လမ်းလျှောက်သွားနေသောတင့်လွင်ကိုမြင်လိုက်ရ၍ သားစစ်ကလှမ်းခေါ်သည်။ တင့်လွင်ကတစ်ချက်သာလှမ်းကြည့်၍ ဆက်လျှောက်သွားသည်။

'ဟ. . . ငါဒီလောက်အော်ခေါ်နေတာတောင် မကြားဘူးလား'

ကိုကြီးကျော်ကလက်ခေါက်မှုတ်၍ ခေါ်ရန်လုပ်နေသဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တတားလိုက်ရင်း. . .

'ခေါ်မနေနဲ့ ဒီကောင်ကျွန်တော်တို့ကို မျက်နှာမပြရဲတော့ဘူး'

'ဘာဖြစ်လို့လဲ'

'သူဘေးကမိန်းမကြီး မြင်တယ်မဟုတ်လား၊ အဲဒါ. . . သူ့မိန်းမ'

'ဟေ. . . ဟုတ်ရဲ့လား၊ သူ့အမေဖြစ်ပါလိမ့်မယ်ထင်ကြီးရယ်'

'သူ့အမေလောက်ကြီးနဲ့ရသွားလို့ ကျွန်တော်တို့ကို မျက်နှာမပြရဲတော့တာ၊ အဲဒီမိန်းမကြီးက ချမ်းသာသလောက်သိပ်လည်တာ၊ သူ့သမီးကို အပိုင်ဆိုပြီး ဖွန်လွင်က လှုပ်ရှားသွားတာလေ၊ နောက်ဆုံးလည်လွန်းတဲ့ဘီးဟိုဟာသင့်သလို ဖြစ်ကုန်တာပေါ့'

'မင်းကဘယ်လိုလုပ်သိလဲ'

'မောင်တာ့ရည်းစား ငယ်ငယ်ကပြောတာဗျ၊ သူနဲ့ဖွန်လွင်ကအမျိုးတွေလေဗျာ၊ ငယ်ငယ်နဲ့မောင်တာလည်း အခုနှစ်ကုန်ရင်ယူတော့မှာ. . .'

'သန့်ဇင်တို့ သတင်းရောကြားသေးလား'

'သန့်ဇင်ရော မထားရောနှစ်ယောက်စလုံး လ. ဝ. က မှာလုပ်နေကြတယ် အဆင်ပြေပါတယ်၊ အဆင်မပြေတာကသက်ပြင်း. . .'

'ဟ. . . သက်ပြင်းကဒုရဲအုပ် ဖြစ်သွားပြီလို့ကြားတာပဲ'

'ဒီကောင်က ယာဉ်စည်းကမ်းထိန်းသိမ်းရေးရောက်နေတယ်လေ မော်တော်ပီကယ်ပေါ့၊ ကျွန်တော့်ကားမြင်တိုင်း လိုက်ဖမ်းနေလို့ ရန်ကုန်ကို မသွားရဲဘူး၊ သားစစ်. . . မင်းနဲ့ရောမတွေ့ဘူးလား'

'တွေ့တယ်. . . မင်းတစ်ယောက်အရင်လိုမဟုတ်တော့ဘူး အပိုးကျိုးသွားပြီတဲ့၊ သူ့ကိုတွေ့ရင် ကားပေါ်ကပြေးဆင်းလာပြီး ကိုသက်နေကောင်းလားဆိုပြီး ပါးစပ်ထဲစီးကရက်ထိုးထဲ့ပြီး မီးညှိပေးတဲ့အဆင့်ရောက်တဲ့အထိ အပိုးကျိုးသွားပြီ လို့ပြောတာပဲ'

ကျွန်တော်ကညစ်ညစ်ပတ်ပတ်ဆဲလိုက်ပြီးမှ. . .

'ကဲ. . . မင်းနဲ့စန္ဒီးဝိုက်ကရော ဘယ်တော့ယူကြမှာလဲ'

'အဲဒီကိစ္စ သူ့အိမ်ကိုဖွင့်ပြောလိုက်တယ်တဲ့ သိပ်ပြီးအဆင်ပြေပုံ





မရဘူး၊ လူကြီးချင်းစကားပြောထားတာရှိတယ်တဲ့'

'ဟ. . . လူကြီးချင်းပြောထားတော့ရောဘာဖြစ်လဲ၊ သူယူချင်မှဖြစ်တာပါ'

'သူကတော့ ဟိုလူကိုငြင်းတယ်တဲ့၊ ဒါပေမယ့်. . .'

'ဒါပေမယ် ဘာဖြစ်လဲ'

'ငါနဲ့အဆက်အသွယ်ပြတ်နေတာ သုံးလနီးပါးရှိနေပြီ'

'မင်းမိတ္ထီလာကိုသွားပြီး လူချင်းတွေ့ဖို့ကောင်းတယ်'

'အင်း. . . အခုရက်ပိုင်းအားတုန်းသွားလိုက်ချင်တယ်'

'ငါ့ကားမိတ္ထီလာကိုသွားမှာပဲ လိုက်ခဲ့ပေါ့ကွ၊ အချင်းချင်းတွေပဲတွာကားခကတော့ အပြည့်သာပေးပါ'

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

မိတ္ထီလာသို့ရောက်၍ပွဲရုံတွင် ဆန်များကိုချနေစဉ် သားစစ်တစ်ယောက် ရေမိုးချိုး၍ မဥမ္မာတို့အိမ်သို့ထွက်သွားသည်။ နှင်းဖြူ၏အိမ်သို့ သူတိုက်ရိုက် မသွားရဲသဖြင့် မဥမ္မာကိုခေါ်ခိုင်းမည်ဖြစ်ကြောင်းပြောသွားသည်။

ဆန်များကိုချပြီးနောက်မကွေးသို့ပို့ရမည့် ဝါကျင်ခုံနှင့် ချည်ငင်စက်များကိုတင်ရပြန်သည်။ ပစ္စည်းတင်ပြီး ငွေရှင်းပြီးသွားသောအခါ ကျွန်တော့်ကားကြီး ကြံ့ခိုင်ရေးလုပ်ရန်အတွက် အဖေ့လက်ထက်ကတည်းကဖောက်သည်ဖြစ်နေသော ကား'ဝပ်ရှော့' ဆီသို့သွားကာ အသေးစားလိုအပ်ချက်များကို ခင်ဆေးပြုပြင်နေလိုက်သည်။ နှင်းဖြူနှင့်တွေ့ပြီးပါကသားစစ်တစ်ယောက် ဤဝပ်ရှော့သို့ လာခဲ့မည်ဖြစ်ကြောင်းပြောသွားသဖြင့် ကားပြင်ရင်းသူ့ကိုစောင့်နေလိုက်သည်။

မိုးချုပ်စပြုချိန်တွင် သားစစ်ရောက်လာပြီး. . .

'ထင်ကြီး. . . လာကွာအနီးဆုံးလက်ဖက်ရည်ဆိုင်ကို သွားရအောင်'

'အဆင်သင့်ပါပဲသူငယ်ချင်း၊ မင်းအဆင်ပြေလာလို့ ငါကိုပြုစုတော့မယ် ဆိုတာကြိုသိထားလို့ ရေမိုးချိုးပြီးစောင့်နေတာခင်ဗျ'

ကျွန်တော်စကားအဆုံးအလွန်ညစ်ညမ်းသော သုံးအနှုန်းများက သားစစ်ပါးစပ်မှထွက်ပေါ်လာသဖြင့် အံ့အားသင့်စွာဖြင့် သူ့မျက်နှာကို ကြည့်





လိုက်မိသည်။

'ဆောရီးကွာ. . . မင်းကိုဆဲတာမဟုတ်ပါဘူး ငါ့ကိုယ်ငါဆဲတာပါ၊ လာလာ ဟိုထိပ်မှာဆိုင်တစ်ဆိုင်တွေ့ထားတယ်'

ဆိုင်ထဲသို့ဝင်ထိုင်ပြီးနောက် သားစစ်က(ရမ်) နှစ်ပက်ကိုမှာသည်၊ ကျွန်တော့်အတွက်ပါ နှစ်ပက်မှာလိုက်ပြီး စားစရာစာရင်းကိုကြည့်နေစဉ် ရောက်လာသောအရက်ခွက်ကို ဆတ်ခနဲကောက်၍ သားစစ်ကမော့ပစ်လိုက်သည်။ ထို့နောက်ရှုံ့မဲ့သောမျက်နှာဖြင့် ရေကိုကမန်းကတန်းသောက်နေသည်ကို မြင်လိုက်ရသောကြောင့် ကျွန်တော်လည်းနားမလည်နိုင်စွာဖြင့်. . .

'မင်းဘာဖြစ်လာခဲ့သလဲ သားစစ်'

'မင်း. . . အလကားကောင်ပဲ'

ကျွန်တော့်ကိုဘလိုင်းကြီး'ဖဲ့' လိုက်သဖြင့် အောင့်သက်သက်ဖြစ်သွားသောကြောင့် ကျွန်တော့်ခွက်ကို လှမ်းယူလိုက်ရင်း. . .

'မင်း. . . အခုမှသိသလား'

ဟုကျွန်တော်ပြောလိုက်စဉ် သားစစ်ကကျွန်တော့်လက်ထဲမှခွက်ကို ဖျတ်ခနဲဆွဲယူ၍ မော့သောက်လိုက်ပြီး အမြည်းပန်းကန်လာချပေးသော စားပွဲထိုးလေးကို အရက်ထပ်ဖြည့်ခိုင်းနေသဖြင့်. . .

'သားစစ်မင်းဘာပြဿနာဖြစ်လာခဲ့သလဲ ငါ့ကိုပြောစမ်းပါဦး၊ မင်းတာ အရက်အပြင်းမသောက်ဖူးဘဲနဲ့ စွတ်သောက်နေရင်'ခေါင်း' သွားလိမ့်မယ်၊ ငါ့ကိုပြောစရာရှိတာပြော၊ ဆဲစရာရှိတာဆဲပြီးမှသောက်ပါကွာ၊ ရော့. . . ဒီမှာ ကန်စွန်းပလိန်းစားလိုက်ပါဦး'

သားစစ်ကတွေတွေကြီးငြိမ်နေသည်။ အရက်ခွက်များရောက်လာသောအခါ တစ်ခွက်ကိုရေရော၍ ကျွန်တော်အနည်းငယ်မော့လိုက်ပြီး ကျန်တစ်ခွက်ကို သားစစ်သောက်မည်စိုး၍ ကျွန်တော့်ရှေ့သို့ရွှေ့ထားလိုက်စဉ် သားစစ်ကကျွန်တော့်ကို စာတစ်စောင်ပေးပြီး. . .

'ရော့. . . နှင်းနှင်းရဲ့စာဖတ်ကြည့်စမ်း'

စာကိုကျွန်တော်ကယူလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



'မင်း. . . သူနဲ့မတွေ့ခဲ့ဘူးလား'

ခေါင်းကိုလေးတွဲ့စွာခါလိုက်ပြီး. . .

'ငါရောက်နေတယ် တွေ့ချင်လို့ လာခဲ့ပါဆိုပြီး မဥမ္မာပြောခိုင်းလိုက်တာ၊ သူ. . . သူက ဒီစာကိုပေးလိုက်တယ်၊ မင်း. . . သေသေချာချာဖတ်ကြည့်ကွာ၊ ငါ့မျက်လုံးများမှားနေသလားလို့'

ကိုသားစစ်

နှင်းနှင်းကိုမေ့လိုက်ပါ၊ ထင်ချင်သလိုထင်နိုင်ပါတယ်၊

စွပ်စွဲချင်သလိုစွပ်စွဲနိုင်ပါတယ်၊ နှင်းနှင်းကိုမေ့လိုက်ပါတော့. . .၊

နှင်းဖြူ။

စာကိုဖတ်ရင်းမျက်စိပြာသွားသဖြင့် ရေရောထားသော ကျွန်တော့်ခွက်ကို မြန်မြန်မော့လိုက်ပြီး စာကိုပြန်ဖတ်ကြည့်လိုက်သည်။ မမှားပါ လုံးဝမမှားပါ၊ နှင်းနှင်း၏လက်ရေးမှ နှင်းနှင်းလက်ရေးအစစ်ဖြစ်သည်။

စာမမှားလျှင် ဘာကမှားနေသနည်း တစ်ခုခုတော့လွဲနေပေလိမ့်မည်၊ ဘာလွဲနေမှန်း ကျွန်တော်လည်းမသိသဖြင့်. . .

'မဥမ္မာ. . . မဥမ္မာကိုမေးကြည့်သေးလား'

'ဒီစာပေးလိုက်တယ်ဆိုတာကလွဲလို့ ဘာမှမေးလို့မရဘူး'

ကျွန်တော်လည်း ဘာပြောရမှန်းမသိတော့၍ ခေါင်းကုတ်လိုက်စဉ် သားစစ်ကကျွန်တော့်ရှေ့ရှိ သူ့ခွက်ကိုကောက်မော့ပြီး စားပွဲပေါ်ဆောင့်ချရင်း. . .

'ထင်ကြီး. . . မင်းပြောတော့ နှင်းနှင်းကငါ့ကို ထားပစ်ခဲ့မှာ မဟုတ်ဘူးဆို၊ ငါ. . . ထားပစ်ခဲ့မှာစိုးလို့ မိန်းကလေးတန်မယ့် ငါ့ဆီကအဖြေပြန်တောင်းတယ်ဆိုကွ'

ဖြေသိမ့်ဖို့ စကားလုံးရှာမတွေ့သဖြင့် စိတ်ညစ်နေစဉ်. . .

'ဟော့. . . ချာဟိတ် နောက်နှစ်ပက်ထည့်ကွာ'





သားစစ်အရက်ထပ်မှာနေသောကြောင့် ကျွန်တော်လန့်သွားသည်၊ ဒီကောင်ကအရက်ပြင်းကိုသိပ်ပြီးသောက်ဖူးသူမဟုတ်၊ အခုသူသောက်တာက သိပ်များနေသည်။ အရက်အရှိန်တက်လာပါက သူ့ကိုကျွန်တော်ထိန်းနိုင်မည် မထင်သောကြောင့် သားစစ်၏ခွက်ကိုလာယူသော စားပွဲထိုးလေးကို ကျွန်တော်က မျက်စိတစ်ဖက်မှိတ်၍ ခေါင်းဆတ်ပြရင်း ရှောင်နေရန်အချက်ပြလိုက်ပြီး သားစစ်ကိုကြည့်ကာ လေပျော့လေးဖြင့်ဝန်ခံလိုက်သည်။

'အေးကွာ. . . ငါမှားသွားတယ်'

'မင်းမှားတာက ပါးစပ်နဲ့ကွ၊ ငါမှားတာက နှလုံးသားတစ်ခုလုံး ဘဝတစ်ခုလုံးကွ ထင်ကြီးရ ဟားဟားဟား၊ ငါမချစ်တော့တဲ့နောက်ပိုင်းအထိ သူကချစ်နေမှာပါတဲ့၊ အရက်မရှိပြောခဲ့တဲ့ လေထဲကစကားတွေ လေထဲမှာ ပျောက်ကုန်ပြီမဟုတ်လား. . . အေ့. . .၊ ဒီကောင့်မ ရှိတဲ့ဒေသမှာ ငါမနေချင်ဘူး ပြန်မယ်၊ ညတွင်းချင်းပြန်မယ်'

ကျွန်တော်ကခေါင်းညိတ်လိုက်ပြီး. . .

'ကဲ. . . ပြန်အောင်ကွာ၊ ဒီအမြည်းတွေကိုတော့ ထုပ်ယူသွားတော့မယ်'

'ငါမှာထားတဲ့အရက် မြန်မြန်လို့ပြောလိုက်စမ်းကွာ'

'အရက်ကုန်သွားပြီလို့ စားပွဲထိုးလေးပြောသွားတယ်၊ မင်း. . . မကြားလိုက်ဘူးလား'

ကျွန်တော်က သားစစ်ကို ပြောင်ညာရင်း ငွေရှင်းဖို့နောက်အလှည့်. . .

'ရော့. . . အစ်ကို'ရမ်' လေးပက်'

ပြုံးပြုံးရွှင်ရွှင်ဖြင့် အရက်ခွက်လာပေးနေသော စားပွဲထိုးလေးကို တွေ့လိုက်ရသည်၊ သားစစ်ကလည်း အာလေးလျှာလေးဖြင့်. . .

'အော့. . . ငါမှာတာ နှစ်ပက်ထဲမဟုတ်လားကွ'

'ဟုတ်ကဲ့. . . ဒီဘက်ကအစ်ကိုက ခေါင်းဆတ်ပြတော့ နှစ်ဆထည့်ရမယ်ထင်ပြီး လေးပက်ထည့်လာခဲ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com



စားသုံးသူ၏မျက်နှာရိပ်၊ မျက်နှာကဲကို ကိုယ့်ဘက်ကိုယ်ယက်သိသော စားပွဲထိုးလေးကို ဆွဲထိုးချင်စိတ်ပေါ်သွားသော်လည်း ဒေါသကို မျိုသိပ်ရင်း. . .

'အေး. . . ငါမေးဆတ်ပြတာက တစ်ယောက်နှစ်ပက်စီမှာတာကွ၊ ကဲ. . . အခုနှစ်ပက်စီခွဲထည့်ပေး'

စားပွဲထိုးလေးကအရက်ကို ခွက်နှစ်ခုထဲ မျှထည့်ပေးနေစဉ် သားစစ်ထဲမှားသွားမှာစိုး၍ စားပွဲခုံအောက်မှ ကျွန်တော်ကခြေထောက်ဖြင့် စားပွဲထိုးလေး၏ ခြေထောက်ကို နင်းလိုက်ရင်း သားစစ်ခွက်ထဲလျှော့ထည့်ရန် အမူအရာပြလိုက်သည်။ ဒီတစ်ခါတော့ စားပွဲထိုးလေးကနပ်ပါသည်။ သားစစ်နှင့်နီးသော ခွက်ထဲသို့ လျှော့ထည့်ပေးသည်။ ကျွန်တော်က သက်ပြင်းချပြီး. . .

'ကဲ. . . ညီလေး အားလုံးဘယ်လောက်ကျသလဲ တွက်ကွာ၊ ဒီစားစရာတွေကို ပါဆယ်ယူသွားမယ် ထုပ်ပေးလိုက်'

ဟုပြောကာစားပွဲထိုးလေးကိုမျက်စိမှိတ်ပြလိုက်သည်။ 'ချက်' ဆိုနားခွက်ကမီးတောက်သော စားပွဲထိုးလေးကကျွန်တော့်ကိုအလေးပြုရင်း အရက်နည်းနည်းလေးထည့်ထားသောခွက်ကို ကျွန်တော့်ရှေ့သို့တွန်းပို့ပေးလိုက်ပြီး ထွက်သွားသည်။

သားစစ်ကကျန်သောခွက်ကိုကောက်ယူ၍ မျက်နှာကိုရှုံ့မဲ့ကာ တစ်ခါတည်းမော့လိုက်ပြီး. . .

'အေ့. . . နှင်းနှင်း. . . နှင်းနှင်း. . . နောက်ဆုံးကျတော့ နင့်ရဲ့အမိုက်မည်းကြီးတွေထဲမှာ ငါ့ကိုနံပါတ်စဉ်တပ်ပြီးထည့်လိုက်ပြီပေါ့ ဟင်းဟင်း၊ နင်ရှိတဲ့နေရာမှာ ငါလုံးဝမနေဘူး၊ ထင်ကြီး. . . ငါတန်းပြန်မယ်လိုက်ပို့'

ပြောပြောဆိုဆို ကျွန်တော့်ခွက်သို့ လှမ်းလာနေသော သားစစ်၏လက်ကို မြင်လိုက်ရသဖြင့် ဖျတ်ခနဲကျွန်တော်ကောက်မော့လိုက်သည်။ ထို့နောက် ငွေရှင်း၊ စားစရာအထုပ်များကိုယူပြီး ယိုင်ထိုးနေသော သားစစ်ကိုတွဲ၍ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

အဝေးပြေးလမ်းပေါ်တွင် ကားနှင့်လုပ်စားနေသူတစ်ယောက်အတွက်





မထင်မှတ်သော အန္တရာယ်တွေကဝိုင်းဝိုင်းလည်နေသည်။ ဖြူသနားစာခံနေကြတွေပါက မူးသည်၊ မမူးသည်ကို ကြည့်၍ဆုံးဖြတ်မည်မဟုတ်. အရက်နံ့ရရုံဖြင့် တပန်ရှုံးပြီးဖြစ်သည်။ အရက်နံ့ထွက်နေသောပါးစပ်မှ ထွက်လာမည့်စကားလုံးများကို မည်သူအလေးထားမည်နည်း။ ထို့ကြောင့် ကျွန်တော့်ပါးစပ်ထဲအရက်တစ်ခွက်ဝင်သွားပြီးသည်နှင့် ကျွန်တော်ဘယ်တော့မှ ကားမောင်းလေ့မရှိ။ ယခုအခြေအနေတွင်လည်း ကျွန်တော်ကားမောင်းမည်မဟုတ်။ ထို့ကြောင့် ကျွန်တော် စိတ်ညစ်နေသည်။

ကိုချိုထွေးကတော့ ကားလောကမှာ အံ့ဩစရာကောင်းလောက်အောင် တစ်မိပေါက်တစ်ယောက်ထွန်း အရက်မုန်းသမားဖြစ်သည်။ အရက်တို အနံ့ပင်မခံသည့်သူ။ သို့သော်လည်း မနေ့ကတစ်ညလုံး ကားမောင်းလာခဲ့သည်။

ကိုချိုက ပွဲရုံကအလုပ်သမလေးများဖြင့် စကားတွေဖောင်ဖွဲ့ကာတစ်နေ့လုံးမအိပ်ရသဖြင့် ယခုည သူ့ကိုကားထပ်မောင်းခိုင်းဖို့အကြောင်းတော့ပြောရမှာဝန်လေးနေသည်။ သားစစ်ကလည်း 'ဖွတ်' ရေချိန်လွန်အောင်မူးနေသော်လည်း ညတွင်းချင်းပြန်မည်သာ တစာစာပြောနေသဖြင့် ကျွန်တော်ဘာလုပ် ရမှန်းမသိတော့။

ဝပ်ရှော့ရှေ့ရှိ လမ်းပေါ်တွင်ရပ်ထားသော ကျွန်တော့်ကားကြီးနားရောက်တော့ ကိုချိုက. . .

'ဟာ. . . သားစစ်အပျော်လွန်ပြီး ချလာသလား'

သားစစ်က ခေါင်းကိုအနိုင်နိုင်ထောင်ကြည့်ရင်း အာလေးလျှာလေးကြီးဖြင့်. . .

'အာ. . . ကိုချို. . . ကျွန်တော် အပျော်လွန်လာတာမဟုတ်ဘူး အလွမ်းမတော့ လွန်လာတာဗျ၊ အလွမ်းတွေလွန်လာတာ'

မိတ္ထီလာသို့လာသည့် လမ်းတစ်လျှောက်လုံး သားစစ်ကသူနှင့်နှင်းနှင်းအကြောင်း ကိုချိုကို ရင်ဖွင့်ခဲ့သဖြင့် အားလုံးကိုသိထားသောကိုချိုက. . .

'ဘာတွေဖြစ်လာလို့လဲ သူ့မိဘတွေက သူတို့သဘောတူတဲ့သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတင်းပေးစားဖို့ လုပ်နေကြပြီလား၊ ဒီမယ်. . . သားစစ် ယောကျ်ားပဲ လွယ်လွယ် ကူကူနဲ့ အရှုံးမပေးစမ်းပါနဲ့၊ မင်းကောင်မလေး လိုက်မယ်ဆိုရင် လာ. . . အခု ငါတို့ကားရှိတယ်၊ တစ်ခါတည်းခိုးမယ်ကွာ. . .'

သားစစ်က ကိုချိုကိုဖက်၍ငိုရင်း. . .

'မရဘူးကိုချိုရဲ့ မရတော့ဘူး၊ နှင်းနှင်းကိုယ်တိုင် ကျွန်တော့်ကို သစ္စာမဲ့သွားတာဗျ အီး. . . အီး. . .'

သူ့ကိုဖက်၍ ယောကျ်ားတန်မဲ့ငိုနေသော သားစစ်ကိုကြည့်ရင်း ကိုချို့ဒေါသများ အထွတ်အထိပ်သို့ရောက်သွားသည်။ ကားဘီးဖုံးကြီးကို 'ဒုန်း' ခနဲ မြည်အောင်ထုပြီး ဆို့နင့်ကြေကွဲသော အသံဆိုးကြီးဖြင့် အော်ကြီးဟစ် ကျယ်. . .

'သစ္စာရေသောက်ပြီး ဖေးပေါက်တဲ့မိန်းမ၊ ငါတို့ယောကျ်ားတွေရဲ့ မြူစင်သန့်ရှင်းတဲ့ မေတ္တာကို မုဒိန်းကျင့်တဲ့မိန်းမ၊ ယောကျ်ားမျက်ရည်နဲ့ ခြေဆေးချင်တဲ့မိန်းမ. . .'

ကိုချိုထွေးက ကားဘီးဖုံးကိုတဒုန်းဒုန်းထုရင်း အော်ဟစ်နေသော ပေါက်ကွဲသံစဉ်များကြောင့် ဝပ်ရှော့ထဲမှအလုပ်သမားများက သံပိုက်လုံးများ၊ ဂွင်း(ကွင်း) များ၊ ဂွ(ခွ) များကိုဆွဲကိုင်ပြီး ဝင်းတံခါးမကြီးကိုဖွင့်၍ ထွက်လာရန် တာစူရင်း ကျွန်တော့်ကိုမြင်သွားသဖြင့်. . .

'ကိုထင်ကြီးဘာဖြစ်တာလဲ၊ ဘယ်ကောင်နဲ့ဖြစ်တာလဲ၊ ခင်ဗျားတို့ကို ဘယ်သူစော်ကားလွှတ်လိုက်သလဲ အခုရှင်းမယ်၊ အခုချက်ခြင်းရှင်းမယ်'

ကျွန်တော်က ဝင်းတံခါးမကြီးကို အပြေးပြန်ပိတ်ရင်း. . .

'မဟုတ်ဘူး. . . မဟုတ်ဘူး. . . ဘာမှမဖြစ်ပါဘူး'

ကျွန်တော့်ကို တိုးထွက်လာသူတွေကလဲ ကားဆီသို့လှမ်းကြည့်ရင်း. . .

'ဘာလို့မဖြစ်ရမှာလဲ၊ ဟိုမှာ ခင်ဗျားလူတစ်ယောက်က ငိုလို့၊ ကိုချိုကလည်း ဒေါသတွေထွက်လို့၊ ဘယ်ကောင် စော်ကားသလဲဆိုတာသာပြောစမ်းပါ၊ ကျုပ်တို့ကမိတ္ထီလာမှာမွေး မိတ္ထီလာကန်ရေသောက်ပြီး ကြီးလာတဲ့လူ





တွေပါဗျ သွေးမသေးပါဘူး၊ ဒီနေရာတင် အသက်ချင်းလည်းပြလိုက်မယ်. . .'

သံပိုက်လုံး တစ်ရမ်းရမ်းလုပ်နေသောလူကို ကျွန်တော်ကဆွဲရင်း. . .

'မလဲပါနဲ့ မလဲပါနဲ့၊ ခင်ဗျားတို့နဲ့မဆိုင်ပါဘူး'

'ဘာလို့မဆိုင်ရမှာလဲ၊ ခင်ဗျားနဲ့ကျုပ်တို့နဲ့က မိဘတွေလက်ထက် ကတဲက ဆွေမျိုးလိုပေါင်းသင်းလာခဲ့တဲ့သူတွေ၊ ခင်ဗျားတို့အစော်ကားခံရတာကို ကျုပ်တို့ကလက်ပိုက်ကြည့်နေရမှာလား၊ မိတ္ထီလာသားဗျ ဘယ်သူ့ကိုမှလည်း မစော်ကားဘူး၊ ကိုယ့်ဆွေမျိုးစော်ကားရင်လည်း မခံဘူး'

ကျွန်တော့်မှာ သူ့ကိုလည်းဆွဲမရ၊ အထဲမှထွက်လာသူများကိုလဲ တားမရသောကြောင့်. . .

'ကျွန်တော်တို့ကို ဘယ်သူမှမစော်ကားပါဘူး မိတ္ထီလာသားတွေရဲ့၊ ကျွန်တော့်သူငယ်ချင်း အသည်းကွဲလာလို့ ကိုချိုကချော့နေတာပါဗျ'

ထိုအခါကျမှ ဇာတ်ရည်လည်သွားပြီး. . .

'ဪ. . . ဒီလိုလား၊ အင်ဂျင်ကွဲရင်တော့ အရာမပေါ်အောင်ဆက် ပေးတတ်တယ်၊ အသည်းကွဲတာတော့ ကျွန်တော်တို့လည်း ဘာမှမလုပ်တတ် ဘူး'

'မလုပ်တတ်ရင်လည်း အထဲပြန်ဝင်တော်မူကြပါ ဝန်ဇင်းမင်းဖိုးရာဇ တွေရဲ့ အနွယ်တော်တွေရဲ့၊ ဟိုမှာလူတွေထွက်ကြည့်နေပြီ မြန်မြန်ပြန်ဝင်ကြပါ တော့'

ထိုအခါမှ သူတို့လည်းအထဲသို့ပြန်ဝင်ရင်း. . .

'ပညာရှိ သတိဖြစ်ခဲ့ ဆိုတာသိပ်မှန်တာပဲ'

ဟုပြောသွားသဖြင့်. . .

'ဟုတ်ကဲ့. . . တကယ်မှန်ပါတယ်၊ ခင်ဗျားတို့မိတ္ထီလာသား ဖိုးရာဇ က ပညာရှိဝန်ကြီး ဖြစ်ခဲ့ပေလို့ပေါ့ဗျာ၊ ဗန္ဓုလလို စစ်သူကြီးသာဖြစ်ခဲ့ရင် မတွေး ရဲစရာပါပဲ၊ ကဲကဲ ဝင်. . . ဝင်. . .'

တောင်းတောင်းပန်ပန်ဖြင့် ဝပ်ရှော့ထဲမှလူများကိုပြန်သွင်းပြီး ကား နားသို့သွားလိုက်သည်။ ဘာမှသိပုံမပေါ်သော ကိုချိုက. . .



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်. . . သားစစ်၊ မင်းနေရာမှာငါဆိုရင်လည်း ကိုယ်ဆုံးရှုံးခဲ့တဲ့အရပ်မှာ တစ်မိနစ်တောင်မနေဘူး၊ လာ. . . ကားပေါ်တက် ငါကိုယ်တိုင်မောင်းပြီး မပ္ပဠိသာမြို့ကခွာမယ်၊ ကျောက်ပန်းတောင်းရောက်မှ အိပ်ကြတာပေါ့'

ကျွန်တော်က ပျာပျာသလဲ. . .

'ကိုချို. . . ကျောက်ပန်းတောင်းကလည်း ကျွန်တော့်နှလုံးသားရဲ့ကန့်သတ်နယ်မြေလေဗျာ၊ သင်းသင်းအောင်ခွေးကို ကျွန်တော့်ကားနဲ့နင်းခဲ့တာအဲဒီတစ်မြို့လုံးသိတယ်၊ ပြီးတော့အလုပ်မရှိဘဲနဲ့ ကျောက်ပန်းတောင်းမှာညမအိပ်ဘူးလို့ သစ္စာဆိုထားလို့ပါကိုချိုရယ်. . . ဝွေးချိုအထိတော့မောင်းပါ၊ ဝွေးချိုမှာညအိပ်ကြတာပေါ့'

ကိုချိုကကားဘီးအဖုံးကို'ဒုန်း' ခနဲထုရင်း. . .

'ဟေ့ကောင်. . . ထင်ကြီး၊ မင်းငါ့အနာဟောင်းကိုလာမဆွနဲ့၊ ဝွေးချိုက စားသောက်ဆိုင်မှာ အရက်တစ်ခွက်နဲ့ ငါ့နှလုံးသားဟက်တက် အကွဲခံလိုက်ရတာ မင်းမသိဘူးလား၊ အဲဒီကတည်းက အရက်ကိုငါမုန်းပြီး ငါ့မျက်ရည်ချောင်းစီးအောင် ငိုကြွေးခဲ့ရလို့ ဝွေးချိုကိုတောင် 'ဝွေးငို' လို့နာမည်ပြောင်းထားတာကွ'

'ဝွေးငိုလို့တောင် နာမည်ပြောင်းရလောက်အောင် ခင်ဗျားနာကြည်းခဲ့ရင်လည်း ရေနံချောင်းအထိမောင်းဗျာ၊ ရေနံချောင်းရောက်မှ ကျွန်တော်တို့ပေက်မကောင်းတွေ အိပ်ကြတာပေါ့'

'ရေနံချောင်းနဲ့ မကွေးနဲ့က မိုင်သုံးဆယ်လောက်ဝေးတော့ကာမထူးပါဘူးကွာ မကွေးရောက်အောင်မောင်းတော့မယ်၊ ကဲ. . . တက်တက်'.

♣ ♣ ♣



(၁၇)

မနက်ခုနစ်နာရီခွဲလောက်တွင် သားစစ်နိုးလာသည်၊ ခေါင်းကိုရမ်းရင်း. . .

'ငါတို့ဘယ်ရောက်နေသလဲ'

ကျွန်တော်ကသောက်လက်စ ဒူးယားကိုသူ့ထံပေးရင်း. . .

'မကွေးရောက်နေပြီ၊ ကုန်တွေချဖို့ အလုပ်သမားသွားခေါ်နေကြတာ'

သားစစ်က စီးကရက်ကိုမယူဘဲ. . .

'ခေါင်းအရမ်းကိုက်နေတယ်ကွာ၊ ရေရှိရင်ချိုးချင်တယ်'

'လာလေ. . . ငါလည်းရေချိုးမလို့ တစ်ခါထဲလိုက်ခဲ့'

ဆပ်ပြာခွက် သွားတိုက်ဆေး သွားပွတ်တံစသည့် တိုလီမိုလီပစ္စည်းများထည့်ထားသော ပလပ်စတစ်အိပ်ကိုဆွဲ၍ ဂိုဒေါင်နောက်ဘက်ရှိ ရေကန်သို့ထွက်လ ခဲ့သည်၊ ရေချိုးအဝတ်အစားလဲပြီးနောက် ကားအောက်မြေပြင်ပေါ်တွင် မိုးကာစကြီးကိုခင်းကာ အိပ်ပျော်နေသော်ကိုချို့ကို တစ်ခက်လှမ်းကြည့်လိုက်ပြီး လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သို့ထွက်လာခဲ့ကြသည်၊

သားစစ်လည်း 'ဘလက်' ကော်ဖီကိုကြိတ်မှိတ်သောက်နေသည်၊ ကျွန်တော်က မုန့်ဟင်းခါးတစ်ပွဲစားပြီးနောက် လက်ဖက်ရည်တစ်ခွက်ကိုသောက်လိုက်ရင်း ငွေရှင်းစားပွဲပေါ်မှ သတင်းစာတစ်စောင်ကို သွားယူလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ညကကိစ္စကို သားစစ်ပြန်စလာပါက သူ့ကိုနှစ်သိမ့်စရာစကား ကျွန်တော့်တွင် မရှိသေးသဖြင့် သတင်းစာကိုဟိုကြည့်၊ သည်ကြည့်လုပ်ရင်း အချိန်ဆွဲရန် အတွက်ဖြစ်သည်။

သားစစ်က သူ့အိတ်ကပ်ထဲမှ နှင်းဖြူ၏စာလေးကို ထုပ်ယူလိုက်သည်ကို မြင်လိုက်ရသဖြင့် သတင်းစာကိုဖြန့်ကာ ကျွန်တော့်မျက်နှာကို ကွယ်ထားလိုက်သည်။

'တောက်'

'တောက်'

ကျွန်တော်နှင့်သားစစ်နှစ်ယောက်စလုံးထံမှ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသော'တက်' ခေါက်သံကြောင့် ဘေးစားပွဲရှိလူများက ကျွန်တော်တို့ကို လှမ်းကြည့်သည်။ မှုတေတေဖြင့် သားစစ်ကကျွန်တော့်ကို မေးဆတ်ပြသည်။ နှင်းနှင်းစာကြောင့်သူ'တက်' ခေါက်ခြင်းဖြစ်၍ ကျွန်တော်က ဘာကြောင့်'တက်' ခေါက်တာလဲဟူသော အဓိပ္ပါယ်ကိုရသဖြင့် ကျွန်တော့် လက်ထဲရှိသတင်းစာမှ မင်္ဂလာသတင်းကို သူ့ကိုပြလိုက်သည်။

'ဟင်. . . မချို. . . လက်ထပ်သွားပြီ'

တအံ့တဩဖြင့် သူကျွန်တော့်ကိုမော့ကြည့်သည်။ ကျွန်တော်က ခေါင်းညိတ်ရင်း. . .

'အေး. . . သတင်းစာနေ့စွဲအရဆိုရင် တစ်ပတ်တောင်ရှိသွားပြီ၊ ဘာဖြစ်ကုန်ကြတာလဲကွာ'

'ထွင့်ထွင့်. . . ထွင့်ထွင့်ခံလိုက်ရပြီပေါ့. . . တောက်'

အစိုးမရတဲ့လောကကြီးထဲမှာ လိုက်လို့မမီအောင် အပြောင်းအလဲတွေ သိပ်မြန်နေသည်။ ညကမှယတ်လတ်ဆတ်ဆတ် အသည်းကွဲသွားသော သားစစ်ကို ဖျောင်းဖျရန်အတွက် စကားလုံးများရှာနေသော ကျွန်တော်တစ်ယောက်မချိုနှင့် အခြားသူတစ်ယောက်၏လက်ထပ်မင်္ဂလာ သတင်းကိုတွေ့လိုက်ရသောအခါ ကျွန်တော့်မှာဒေါသတွေထွက်၍ စိတ်မကောင်းလည်း ဖြစ်သွားသည်။





'ကျွန်တော်တို့အုပ်စုက အသန့်အရှင်းဆုံးနှင့် အချစ်ဆုံးအတွဲဟု သတ်မှတ်ထားသော ထွင့်ထွင့်နှင့်မချို။ သူတို့နှစ်ယောက်အကြား ဝေးကွာသွားရော ဘာအကြောင်းမှမရှိဟု အားလုံးကသတ်မှတ်ထားခဲ့ကြသည်။ အခုတော့ ဘာတွေဖြစ်ကုန်ပြီလဲ။ ဘေးမှကျွန်တော်ပင်လျှင် ခံစားနေရလျှင် ကာယကံရှင် ထွင့်ထွင့်. . . ဒီကောင်အခုချိန်ဆိုလျှင် ဘာတွေဖြစ်နေမလဲ တွေးပင်မတွေးချင်တော့ပါ။

သားစစ်ကသူ့စာရွက်ခေါက်ကလေးကို ပြန်သိမ်းသည်။ ကျွန်တော်ကတော့ အရသာမရှိသောလက်ဖက်ရည်ကို ဇွတ်မှိတ်သောက်နေလိုက်သည်။ နှစ်ယောက်သား စကားပြောချင်စိတ်လည်းမရှိကြတော့၍ ငွေရှင်းပြီးထိုင်ရာမှ ထတော့. . .

'ထင်ကြီး. . . ငါ့ကိုဘယ်လိုမှ မအောက်မေ့ပါနဲ့ကွာ၊ ငါကားဂိတ်ကိုသွားပြီး လိုင်းကားနဲ့အောင်လံကိုပြန်တော့မယ်. . .'

ပြောပြောဆိုဆို သားစစ်ထွက်သွားသည်။ သဘောပေါက်စွာဖြင့် ကျွန်တော်က ဘာမှမပြောတော့ဘဲ သူ့နောက်ကျောကို ငေးကြည့်နေမိသည်။ ထို့နောက် ကားဆီသို့ပြန်၍ ကုန်များချနေသည်ကိုကြည့်ရင်း ကုန်သည်တစ်ဦးနှင့် ရောက်တတ်ရာရာ စကားများပြောကာ ပျံ့လွင့်နေသည့်စိတ်ကို မနည်းစုစည်း နေရသည်။

ကိုချိုနိုးလာတော့ သူရေချိုးတာကိုစောင့်ပြီး လက်ဖက်ရည်ဆိုင်သို့ထွက်ခဲ့ပြန်သည်။

'ဒီနေ့ မောင်းဆီဝယ်ရမယ်၊ ပန့်နည်းနည်းချိန်ရဦးမယ်၊ လုပ်စရာက ဒါပဲရှိတယ်၊ ဘာကုန်တင်ပြီး ဘယ်ကိုသွားရမလဲ သိပြီလား'

'ကိုဘုန်းတို့ပွဲရုံကမြေပဲဆံတွေ ရန်ကုန်ကိုပို့ဖို့ရှိတယ်၊ ဒါပေမယ့် အခုညနေကျမှ တိတိကျကျသိရမယ်'

ထိုစဉ် ဟိုင်းလတ်ကားလေးတစ်စီး လက်ဖက်ရည်ဆိုင်ရှေ့ ထိုးဆိုက်လာရင်း. . .

'ထင်ကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . ဝင်းနိုင်၊ ဟင်. . . ထွဋ်ထွဋ်'

'သားစစ်နဲ့တွေ့ပြီးပြီ၊ မင်းငါတို့နဲ့လိုက်ခဲ့ဦး'

ကအံ့တသြဖြင့် ကျွန်တော်လည်းကိုချိုကိုထားခဲ့ပြီး သူတို့ကားပေါ် တက်လိုက်ခဲ့သည်။ 'ဂိတ်' ပေါင်းစုံနားရှိ စားသောက်ဆိုင်ထဲဝင်လိုက်တော့ ရေချိန်ကိုက်နေသည့် သားစစ်ကိုတွေ့လိုက်ရသည်။ သူ့စားပွဲတွင်ဝိုင်းဆိုင်လိုက် ကြစဉ် ဝင်းနိုင်က. . .

'မင်း. . . ဒီကိုရောက်နေတယ်၊ ကုန်တွေချနေတယ်လို့ သားစစ်က ပြောလို့ ငါတို့လာခေါ်တာ'

ကျွန်တော်ကခေါင်းညိတ်ရင်း ထွဋ်ထွဋ်ကိုအကဲခတ်ကြည့်လိုက် သည်၊ အနည်းငယ်ညှိုးငယ်နေသည်မှလွဲ၍ သိပ်ပြီးထူးခြားမှုမရှိပါ။ သားစစ်က အရက်ခွက်ကို ထွဋ်ထွဋ်ရှေ့သို့ ချပေးလိုက်ရင်း. . .

'ဟေ့ကောင်. . . ထွဋ်ထွဋ်၊ မင်းလည်းအသည်းကွဲနေတယ် မဟုတ် လား၊ သောက်လေ. . . သောက်ပါကွ'

ထွဋ်ထွဋ်က အရက်ခွက်ကို သားစစ်ထံပြန်တွန်းပို့လိုက်ပြီး ကျွန်တော့် ဆီမှဒူးယားကိုယူ၍ မီးညှိဖွာရှိုက်နေသည်။ အေးဆေးတည်ငြိမ်နေသော ထွဋ်ထွဋ်ကိုကြည့်ရင်း. . . ဒီကောင် အတွေ့အထိနည်းလို့ သိပ်ခံစားနေရပုံ မပေါ်ဘူးဟု တွေးမိလိုက်သည်။ သားစစ်ကအရက်ခွက်ကို ထပ်မံ၍ထွဋ်ထွဋ်ထံ ပေးရင်း. . .

'သစ္စာမရှိတဲ့မိန်းမတွေရဲ့ဒဏ်ကို အရက်နဲ့ခုခံရတယ်ကွ. . . သောက်'

ထွဋ်ထွဋ်ကဆေးလိပ်ကို အေးဆေးစွာဖွာရင်း ခေါင်းရမ်းလိုက်ပြီး. . .

'သားစစ်. . . မင်းဘာဖြစ်နေတာလဲ'

'ဘာဖြစ်ရမှာလဲ၊ နှင်းနှင်းက ငါ့ကိုမေ့လိုက်ပါတော့ဆိုတဲ့ စာလေးနဲ့ ငါ့ကို ထားသွားခဲ့ပြီလေ. . . ဟေး. . . ဟေး သူ့ကိုသိပ်ချစ်မိခဲ့တဲ့ငါ. . . အခု အသည်း တွေကွဲနေတာပေါ့ကွာ'

'ခြော်. . . ငါကအရက်နာကျနေတယ်မှတ်လို့၊ ဟေ့ကောင်တွေ





အသည်း ကွဲတဲ့ခံစားချက်နဲ့ အရက်နာကျတဲ့ခံစားချက်တူလား'

ကျွန်တော်က စိတ်ပျက်စွာခေါင်းခါရင်း. . .

'ငါ့မှာမှ ရည်းစားမရှိတာ ဘယ်သိမလဲ'

ဝင်းနိုင်ကလည်းခေါင်းခါသည်။ သားစစ်က စားပွဲခုံကို လက်ဖြင့်ပုတ် ရင်း. . .

'ငါက. . . နှင်းနှင်းကိုအသက်နဲ့ထပ်တူချစ်ခဲ့မိလို့ ခံစားနေတာတွေ သက်သာအောင် အရက်နဲ့ကြိုးစားပြီး ဖြေဖျောက်နေရတာကွ၊ မင်းကမချိုကို ဒွဲ့စွဲ့လမ်းလမ်းနဲ့မချစ်ခဲ့လို့ ဘာခံစားချက်မှမရှိဘဲ အေးတိအေးစက်နေနိုင်တာ မဟုတ်လား၊ မင်းစိတ်နဲ့နှိုင်းပြီး ငါ့ကိုမစော်ကားနဲ့'

ထွဋ်ထွဋ်ကဘာမှပြန်မပြောဘဲ ဒူးယားကိုသာဖွာနေသည်။ ခဏကြာ မှ. . .

'ငါလည်းခံစားရတာပေါ့ကွာ၊ ပြောမပြတတ်လောက်အောင်ကို ခံစား နေရတာ၊ ဘယ်လောက်အထိ ခံစားနေရသလဲဆိုရင် မချိုအတွက်ငါ့ရဲ့ခံစား ချက်တွေ ပျောက်ကုန်မှာစိုးလို့ ငါအရက်မသောက်ဘဲ နေ. . . နေတာပေါ့ နောက်ဆုံး. . . ငါ အရက်သောက်ဖြစ်ခဲ့ရင်တောင်မှ ငါကြိုက်လို့ငါသောက်တာ ပဲဖြစ်ရမယ်၊ မချို ကြောင့်သောက်တာ မဖြစ်စေရဘူး၊ မချိုကိုငါချစ်တယ်. . .'

ထူးဆန်းသောစကားများပြောနေသည့် ထွဋ်ထွဋ်ကို ကျွန်တော်တို့ တအံ့တသြဖြင့် ငေးကြည့်နေမိသည်။

'ဒီမှာ. . . သားစစ် မင်းအသည်းကွဲလို့ အရက်နဲ့ဖြေဖျောက်နေခဲ့ တာကို ငါကစော်ကားနေတာ မဟုတ်ပါဘူး၊ မင်းကမှုယပ်ပြီးကြိုးစားဦးမယ် ဆိုရင် လိပ်ပြာသန့်သန့်နဲ့ကြိုးစားခွင့်ရှိသေးတဲ့ လမ်းကြောင်းတည့်တည့်ကြီး ပေါ်မှာ ရှိနေပါသေးတယ်ကွာ. . . ငါကတော့. . . သူများသားမယားဆိုတဲ့ လောက ကတားမြစ်ထားကဲ့ လမ်းဆုံးကိုရောက်နေပြီကွ. . .'

မျက်ရည်မကျအောင်ထိန်းရင်း တုန်တုန်ရင်ရင်ဖြင့် ပြောလိုက်သော ထွဋ်ထွဋ်စကားကြောင့် ကျွန်တော်စိတ်ထိခိုက်သွားရသည်၊ သားစစ်လည်း ခေါင်းငိုက် စိုက်ကျသွားသလို ဝင်းနိုင်လည်း သက်ပြင်းရှည်ကြီးကိုချလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ခဏငြိမ်သွားကြပြီး ဝင်းနိုင်ကကျွန်တော့်ပခုံးကိုပုတ်၍. . .

'ထင်ကြီး. . . ငါတို့စုံစမ်းကြည့်တော့ မချိုရဲ့ယောကျ်ားက သူ့အပေါ်နဲ့ ဆွေမျိုးမကင်းဘူးတဲ့၊ သူ့မိဘကို မလွန်ဆန်နိုင်လို့နေမှာပါ၊ အဲဒါထားပါ အခု. . . မချိုသူ့မြို့ကို ပြန်ရောက်နေပြီတဲ့၊ သူဘယ်မှာနေတယ် ဆိုတာကို လည်း သိရပြီ၊ အဲဒါ. . . ထွန်းထွန်းက သွားတွေ့ချင်တယ်တဲ့'

'ဟာ. . . ဘယ်ဖြစ်မလဲ'

ကျွန်တော်ကအလန့်တကြား ငြင်းလိုက်စဉ် ထွန်းထွန်းကစီးကရက်ကို မီးငြိမ်းရင်း. . .

'ထင်ကြီး. . . မင်းကိုတိုင်ပင်ပြီး အကြံတောင်းနေတာ မဟုတ်ဘူး လိုက်ပို့ ခိုင်းနေတာ'

'ဟ. . . ထွန်းထွန်းရ မင်းမချိုကိုသွားပြီး ဒုက္ခပေးသလိုဖြစ်နေမှာပေါ့'

'ဒုက္ခပေးမလို့ မဟုတ်ဘူး၊ ဒုက္ခ'မေး' ရအောင်သွားမှာ၊ သူဒုက္ခဖြစ်နေတာ ငါသိတယ်'

'ဟာကွာ. . . မင်းသွားလို့ မချိုယောကျ်ားသိသွားရင် ဘာဖြစ်ကုန်မလဲ'

'မချိုယောကျ်ားကိုတွေ့ရအောင် ငါသွားတာမဟုတ်ဘူး'

'ငါပြောချင်တာက ဒီလိုလေ၊ မင်းသွားတွေ့ပါပြီတဲ့ မချိုယောကျ်ားက မင်းကိုဘာမှမလုပ်တောင် မင်းပြန်သွားရင် မချိုကိုနှိပ်စက်မှာပေါ့'

ထွန်းထွန်းကခေါင်းခါရင်း. . .

'မချိုကိုနှိပ်စက်မခံရအောင် ငါတစ်ခါတည်း ခေါ်လာခဲ့မှာ. . .'

'ဟေ'

ကျွန်တော်မျက်လုံးပြူးသွားသည်။ အောင်မလေး. . . အမူးသမား သားစစ် ကမှ သူ့ဟာသူမူးရင်း အိပ်ပျော်သွားသေးတယ်။ ဒီမမူးတဲ့ကောင်ကို ဘယ်လိုထိန်းရပါ့မလဲ။ သူလုပ်ပုံက အခန့်မသင့်ရင် ကျွန်တော်ပါကြရာပါ အမှုတွဲနဲ့ ကျောက်ထုရတော့မယ်၊ ကျွန်တော်ဇောချွေးများစီးကျလာသည်။ သူ့ကို တားရန် အတွက် စကားလုံးများကို အလျင်အမြန်ရွေးချယ်ရင်း. . .





'ဒီလိုလေကွာ'

'ဒီလိုမလေနဲ့ အခုကားရှိတယ်၊ ဝင်းနိုင်ရည်းစားရောက်နေတာ ငါတွေ့ခဲ့တယ် ဝင်းနိုင်ကိုခေါ်သွားဖို့ မကောင်းဘူး၊ သားစစ်ကလည်း မင်းမြင်တဲ့ အတိုင်းပဲ ငါလည်းကားမမောင်းတတ်ဘူး၊ အဲဒီတော့ ဒီကားကိုမောင်းဖို့ မင်းဝဲရှိ တယ်၊ လာကွာ. . . အချိန်မရှိဘူး. . . သွားရအောင်၊ ဝင်းနိုင်. . . ထင်ကြီးတား ကို မင်းအိမ်ဝိုင်းထဲထည့်ထားလိုက်ကွာ'

ပြောပြောဆိုဆို ထွန်းထွန်းကကျွန်တော့်ကို အတင်းဆွဲခေါ်နေသည်၊ ဘယ်လိုမှ ငြင်း၍ရမည်မဟုတ်၊ ထို့ကြောင့် အဖော်ရလိုရငြား. . .

'ကဲ. . . ဝင်းနိုင် ငါ့ကားဆီကိုတော့ လိုက်ပို့ပါဦးကွာ၊ ငါ့. . . ကားကိစ္စ လေးတွေ စီစဉ်စရာရှိတာ ကိုချိုနဲ့တိုင်ပင်ပြီး. . .'

'နေ. . . နေ. . . မင်းကားကိစ္စပူမနေနဲ့၊ ငါနဲ့ကိုချိုထွေးနဲ့လည်း ရင်းနှီးတာပဲ၊ မင်းကားရဲ့လုပ်စရာရှိတာတွေ ငါနဲ့သူနဲ့တိုင်ပင်ပြီး လုပ်ထားလိုက် မယ်၊ အချိန်မရှိတော့ဘူး မင်းတို့ဟာမင်းတို့သွားကြတော့၊ ငါဆိုက်ကားခေါ်ပြီး မင်းကားဆီသွားလိုက်မယ်'

ပြောပြောဆိုဆို ဝင်းနိုင်ကကျသင့်ငွေကိုရှင်း၍ ဆိုက်ကားတစ်စီးတို ခေါ်ပြီး ငါ့လက်ကလွတ်'ဗြွတ်' ဆိုသည့် ကလေးလူလည်ပုံစံမျိုးဖြင့် ဝမ်းသာ အားရကြီးထွက်သွားသဖြင့် ကျွန်တော်ကလည်း သားစစ်ကို သေဖော်ညှိလိုက် သည်။

'သားစစ်လိုက်မယ်ဆိုရင် တက်လေကွာ'

သားစစ်က အရက်အများကြီးကျန်သေးသည့် ပုလင်းကို အမိုက်ပုံးထဲ ပစ်ထည့်ရင်း. . .

'ထွန်းထွန်း. . . မင်းစကားတွေကို ငါကြိုက်တယ်၊ မင်းကိုလည်း လေးစားသွားပြီ နှင်းနှင်းအတွက်နဲ့ ငါဘယ်တော့မှ အရက်မသောက်ဘူး၊ နှင်းနှင်းကို ငါချစ်တယ်'

ထွန်းထွန်းကသားစစ်၏ ကျောကိုပုတ်ရင်း. . .

'ကောင်းတာပေါ့ကွာ၊ ဒါပေမယ့် အခုမင်းမူးနေပြီ မချိုအိမ်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ယိုတ်ခဲ့နဲ့'

ကျွန်တော့်၏မျှော်လင့်ချက်ကို မပျက်စေရန်အတွက်. . .

'သားစစ်. . . ရွှေခန်းကိုလာလေကွာ. . . သုံးယောက်စီးလို့ရတာပဲ'

'ဟင့်. . . အင်း. . . ငါ့အတွေးနဲ့ငါပဲ နောက်ခန်းမှာ တစ်ယောက်တည်း စီးပါရစေ၊ မောင်းတော့'

♠ ♠ ♠

နောက်ဆုံး ဖြစ်လိုရာဖြစ်စေတော့ဟု သဘောပိုက်ပြီး တတ်သမျှမှတ်သမျှ ဘုရားစာတွေကျွန်တော်ရွတ်ရင်း ရှေ့မှဝင်းတံခါးကိုဖွင့်၍ ဝင်သွားသော ထွန့်ထွန့် ၏နောက်မှနေ၍ အိမ်ထဲသို့ဝင်လိုက်ခဲ့သည်။

အိမ်ရှေ့ဧည့်ခန်းဆက်တီစားပွဲပေါ်တွင် ဘစ်ပိုင်းတစ်စ ကစားထားသော ချက်(စ်) ရုပ်များနှင့် ချက်(စ်) ခုံတစ်ခုံရှိနေသည်။ ထွန့်ထွန့်က စီးကရက်တစ်လိပ်ကိုမီးညှိ၍ ဆက်တီခုံတွင်ဝင်ထိုင်ရင်း ချက်(စ်) ခုံကိုစိုက်ကြည့်နေသည်။

ကျွန်တော်ကလည်း 'အဟမ်း. . . အဟမ်း' ဟုလုပ်ချောင်းဆိုး၍ ခုံတွင် ဝင်ထိုင်လိုက်ရင်း ထွန့်ထွန့်ကိုကြည့်လိုက်ရာ စီးကျတော့မည့် မျက်ရည်များကို မျက်တောင်တဖျတ်ဖျတ်ခတ်ကာ ထိန်းနေသည့်ထွန့်ထွန့်က. . .

'ထင်ကြီး. . . ဒီမှာမြင်လား'

'ဘာလဲ'

'ဒီမှာလေကွာ အဖြူဘုရင်မကြီးပတ်မိနေတာ၊ နောက်က သူ့မြင်းခံနေတော့ အခုံ'ပွန်း' လို့ခေါ်တဲ့ တစ်ဖက်နယ်ရုပ်က 'စား' တာကို ခံရတော့မယ်'

'ငါမှနားမလည်တာ'

'ဒါ. . . တမင်အနိုင်ကျင့်တာ'





ကျွန်တော်စိတ်ရှုပ်သွားသည်။ ထိုစဉ်. . .

'ဟင်. . . ထွန့်ထွန့်. . .'

ဟူသောအသံနှင့် အခန်းဝမှ မချိုပေါ်လာပြီး ရှေ့ခုံတွင် ဝင်ထိုင်လိုက်သည်။ ထွန့်ထွန့်က မချိုကိုမော့မကြည့်ဘဲ 'ချက်' ခုံတိုကြည့်ရင်း. . .

'ဒါ. . . ဘယ်လိုလုပ် ပိတ်မိသွားတာလဲ'

မချိုက သက်ပြင်းကိုလေးပင်စွာချ၍ အားယူပြုံးရင်း. . .

'ငါ. . . မင်းဆီကိုလာတာပဲ၊ အခု. . . ငါနဲ့ရတဲ့ကောင်က မင်းဆီကို လိုက်ပို့ မယ်ဆိုပြီး. . .'

မချို၏အသံများ တိမ်ဝင်သွားသည်။ ထွန့်ထွန့်က မချိုမျက်နှာကို မော့ကြည့်ရင်း. . .

'မင်း. . . မိဘတွေက ငါနဲ့သဘောမတူဘူးဆိုတာကို စေ့စပ်တုန်းက ငါသိတာပေါ့၊ အဲဒီနေ့ကစပြီး ငါလည်းဝင်းနိုင်ရဲ့ကားကို အဆင်သင့်ယူထားတာ၊ မင်းဖုန်းဆက်မလား၊ လူကိုယ်တိုင်လာမလားဆိုပြီးလည်း မျှော်နေခဲ့တာ၊ မင်းမလာလို့ ငါ. . . အခု မင်းကိုလာခေါ်တာ'

ကျွန်တော် မျက်လုံးပြူးသွားသည်။ ခဏကြာမှ. . .

'ငါ့မိဘတွေက ငါ့ကိုလူတစ်ယောက်နဲ့ပေးစားဖို့ စီစဉ်ကြတယ် ဘယ်သူလဲဆိုတာတော့ ငါလည်းမသိဘူး၊ မင်းဆီကိုလည်း ဘယ်လိုမှဆက်သွယ်လို့မရဘူး၊ အခု. . . ဒီကောင်က ငါ့အဖေနဲ့အမျိုးမကင်းဘူးလေ၊ သူက မင်းဆီကို လိုက်ပို့ပေးမယ်ဆိုတော့ ယုံပြီးငါလိုက်သွားမိတာ အလတားကောင်. . . ပိုက်ဆံ ရှိတာကလွဲရင် နည်းနည်းမှအကျင့်ကောင်းတဲ့အကောင်မဟုတ်ဘူး မင်္ဂလာဆောင်တဲ့ နေ့မှသိရတယ်၊ ငါ့မိဘတွေက သူနဲ့ပေးစားချင်လို့ တမင်အကွက်ဆင်လိုက်ကြတာ. . . ငါကိုယ်က ညံ့လွန်းပါတယ် ထွန့်ထွန့်ရယ်. . .'

ထွန့်ထွန့်ကအံကြိတ်ရင်း. . .

'အဲဒါတွေ ပြောမနေပါနဲ့တော့ မချိုရယ်. . . အခု ငါကိုယ်တိုင် လာခေါ် နေပြီလေ'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အိမ်ရှေ့၌ ဆိုင်ကယ်ရပ်သံနှင့်အတူ အသားဖြူရော်ရော် နီစပ်စပ်ရှိသူတစ်ဦး အိမ်ထဲဝင်လာပြီး. . .

'ဇွည့်သည်တွေ ရောက်နေကြတာလား၊ ချိုချိုကလည်း အအေးလေး ဘာလေးလုပ်ပေးဦးမှပေါ့ နေနေ အစ်ကိုကြီးပဲလုပ်ခဲ့မယ်'

မချိုကထိုသူကိုလှည့်မကြည့်ဘဲ စီးကရက်ကို ချက်(စ်) ခုံပေါ်ထိုး၍ မီးငြိမ်းလိုက်ရင်း. . .

'လာ. . . အိမ်ရှေ့ကလက်ဘက်ရည်ဆိုင်မှာ သွားစကားပြောကြရအောင်'

ကျွန်တော့်မှာယောင်အအဖြင့် သူတို့နောက်လိုက်သွားရပြန်သည်။ အိမ်နှင့်မျက်စောင်းထိုး လက်ဖက်ရည်ဆိုင်ဖထဲကထောင့်စားပွဲမှာ ဝင်ထိုင်၍ လက်ဖက်ရည် မှာလိုက်ကြသည်။

'မချို. . . မင်း ငါနဲ့လိုက်ခဲ့ပါနော်'

'ငါ. . . ဘယ်လောက်တောင် မင်းနဲ့အတူနေချင်တယ်ဆိုတာ မင်းသိပါတယ် ထွန်းထွန်းရယ်၊ ဒါပေမယ့် မင်း. . . ငါ့ကိုခေါ်သွားရင် မင်းဒုက္ခ ရောက်သွား မှာပေါ့'

'ချစ်တဲ့သူနဲ့ အတူမနေရတဲ့ ဒုက္ခ၊ မချစ်တဲ့သူနဲ့ အတူနေရတဲ့ ဒုက္ခ တွေထက် ပိုကြီးတဲ့ဒုက္ခဆိုတာ ရှိသေးလို့လား မချိုရယ်. . .'

ကျွန်တော့်မှာ သူတို့နှစ်ယောက်ကြားတွင်ထိုင်၍ သူတို့နှစ်ယောက် စကားနားထောင်ရင်း ဟိုနီစပ်စပ်ကောင်၏ လှုပ်ရှားမှုကိုလည်း မျက်ခြည်မပျက် ကြည့်နေရသည်။ ထိုအကောင်က ကျွန်တော်တို့ကိုလှမ်းကြည့်ပြီး ဆိုင်ကယ်ကို 'ဝူး' ခနဲစီးကာ ထွက်သွားသည်။

'ထွန်းထွန်း. . . မင်းထောင်ကျသွားမှာစိုးလို့ပါကွာ၊ ငါလည်း ဟိုကောင့် လက်က. . .'

မချိုစကားရပ်၍ ခေါင်းငုံ့သွားသည်။ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရ သည်။ ခေါင်းပြန်မော့လာတော့ ပါးပြင်ပေါ်သို့မျက်ရည်များ စီးကျနေသည်ကို တွေ့လိုက်ရသည်။

'မင်းငါ့ကိုဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ငါသိပါကယ်ထွန်းထွန်းရယ်၊





ငါ့နှလုံးသားထဲမှာလည်း မင်းကလွဲပြီး တခြားဘယ်သူမှ နေရာယူလို့ မရဘူး ဆိုတာ ကိုလည်းယုံထားပါနော်၊ ငါ. . . မင်းကိုမချစ်လို့ မင်းနောက်ကိုမလိုက် တာမဟုတ်ဘူး မင်းဒုက္ခရောက်မှာ စိုးလွန်းလို့ပါ၊ ခုနကဆိုင်ကယ်သံကြားလိုက် တယ်၊ ငါ့မိဘတွေကို သွားပြီးတော့ပြောတာနေမှာပဲ ထွန်းထွန်းငါတို့မဖြစ်နိုင် ဘူး. . .'

'ချို. . . ဖြစ်သမျှကိုငါရင်ဆိုင်ရဲပါတယ်၊ ဒုက္ခတောထဲမှာ မင်း တစ်ယောက်တည်းကို မထားခဲ့ပါရစေနဲ့'

ကျွန်တော်ကြားဝင်လိုက်သည်။

'ဒီမယ်. . . မိုးထွန်း မင်းကမချိုကိုခေါ်တယ်၊ မချိုက မင်းနောက်ကို လိုက်လာပါပြီတဲ့ ဘာဖြစ်ကုန်ကြမလဲ၊ ရိုးရိုးလေးပဲစဉ်းစားကြည့် သူများမယား ခိုးမှုနဲ့ မင်းကထောင်ကျမယ်၊ ပြီးတော့ မချိုကသူ့ယောကျ်ားနဲ့ပြန်ပါသွားမှာပဲ မင်းမှာ ဘာအကျိုးရှိလို့လဲ၊ မချိုမှာရော ဘာအကျိုးရှိသွားမှာလဲ'

'ထင်ကြီး. . . မင်းကိုအကြံပေးဖို့ခေါ်လာတာမဟုတ်ဘူးကွ၊ မင်း ကြောက်ရင် မင်းဟာမင်းနေခဲ့'

'ငါ. . . အကြံပေးနေတာမဟုတ်ဘူး၊ ဖြစ်လာတော့မယ့် ပြဿနာတွေ ကို မင်းတို့နားလည်အောင် ပြောပြနေတာ၊ ဒီမယ်. . . ထွန်းထွန်း မချိုကိုချစ်တဲ့ စိတ်နဲ့ မင်းကထောင်အကျခံပြီး ဘဝနဲ့ရင်းနိုးနိုင်တယ်ထားပါတော့၊ မင်းက ယောကျ်ားလေးကွ. . . မချိုဘက်ကိုလည်း ပြန်ငဲ့ကြည့်ပါဦး၊ မင်္ဂလာဆောင်တာ မှ ရက်ပိုင်းရှိသေးတယ် လင်ငယ်နဲ့လိုက်ပြေးတဲ့ကောင်မဆိုပြီး သူများတံတွေး ခွက်ပက်လက် မျောမှာကိုရော မင်း. . . အဖြစ်ခံနိုင်သလား၊ မင်းတို့နှစ်ယောက် ဘယ်လောက်ချစ်ကြသလဲဆိုတာ ငါလည်းသိတာပဲ၊ ဒါပေမယ့်. . . အခုအချိန် က စိတ်ကူးတွေယဉ်ပြီး နှလုံးသားနဲ့ ဆုံးဖြတ်ရမယ့်အချိန်မဟုတ်ဘူး၊ ဘဝနဲ့ ရင်းပြီး ဦးနှောက်နဲ့ ဆုံးဖြတ်ရမယ့်အချိန် ရောက်နေပြီကွ၊ ကဲ. . . မင်းတို့ဟာ မင်းတို့ သေသေချာချာ စဉ်းစားပြီး ကြိုက်သလိုဆုံးဖြတ်ကြ ငါ့ဘက်က တာဝန် ကျေစေရမယ်'

စကားအရှည်ကြီးကိုပြောပြီးနောက် ကျွန်တော့်ရှေ့ရှိ အေးစက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော လက်ဖက်ရည်တို ကောက်မော့လိုက်သည်။ အချိန်အခါမဟုတ်ထိုင်သောကြောင့် လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တို့သုံးယောက်မှလွဲ၍ ဘယ်သူမှမရှိ လူရှင်းနေသည်။ ကျယ်လောင်စွာဖွင့်ထားသော ကက်ဆက်သံကြောင့်လည်း ကျွန်တော်တို့ စကားများကို ဘယ်သူမှကြားမည်မဟုတ်၊ ထွန့်ထွန့်အံကြိတ်ရင်း ခေါင်းငုံ့နေသည်၊ မချိုထံမှ ရှိုက်သံသဲ့သဲ့ကြားနေရသည်မှအပ ကျွန်တော်တို့ စားပွဲဝိုင်း က တိတ်ဆိတ်နေသည်။

တိတ်ဆိတ်မှုကို စတင်ဖြိုခွဲသူက မချို၊ မချိုကခေါင်းမော့၍ ထွန့်ထွန့်ကိုစိုက်ကြည့်နေသည်။ ထို့နောက်. . . ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်ဖြင့် မျက်ရည်များကိုသုတ်လိုက်ပြီး. . .

'ထွန့်ထွန့်. . . ငါမင်းနောက်ကို မလိုက်ချင်ဘူး'

ထွန့်ထွန့်အံ့ဩတုန်ရင်စွာဖြင့် မချိုကိုကြည့်ရင်း. . .

'မလိုက်ချင်ဘူး. . . ဟုတ်လား. . . ဘာဖြစ်လို့လဲ၊ ထင်ကြီးစကားတွေကြောင့်တော့ တွေဝေမသွားပါနဲ့'

မချိုကခေါင်းကိုခါရင်း. . .

'ကိုထင်ကြီးစကားကြောင့် မဟုတ်ဘူး ငါ့ခံစားချက်ကြောင့်ပါ'

'မင်း. . . ညာနေတာ. . . ငါ့ကို. . . မင်းညာနေတာ. . .'

မျိုးထွန့်ကအရူးတစ်ယောက်လို တတွတ်တွတ်ပြောဆိုနေသော်လည်း မချိုကစီးကျနေသော မျက်ရည်များကြားမှ အားတင်း၍ပြုံးရင်း မျိုးထွန့်ကို စေ့စေ့ကြည့်ကာ ခေါင်းကိုသာ တွင်တွင်ရမ်းပြနေပါတော့သည်။

ကျွန်တော်ကဒေါသတွေထွက်နေသော မျိုးထွန့်ကိုဆွဲ၍ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ဆိုင်ပိုင်ရှင်နှင့် စားပွဲထိုးများကတော့ မီးဖိုထဲတွင်အလုပ်ရှုပ်နေသဖြင့် ဘာမှသိပုံမပေါ်ပါ။

တစ်လမ်းလုံးအံကြိတ်လာသောမျိုးထွန့် ယင်းချောင်းတံတား၏ မြောက်ဘက် သခင်ဖိုးလှကြီးနှင့် ဆရာစံရုပ်တုရှေ့တွင် ကားပေါ်မှဆင်း၍ ခုံတန်း ပေါ်သို့သွားကာ ရှိုက်၍ ရှိုက်၍ငိုနေပါတော့သည်။

မချိုကရော ကိုယ့်ကိုသိပ်ချစ်နေတဲ့သူကို ဤကဲ့သို့ ရက်ရက်စက်စက်





ပြောသင့်ပါသလား. . .။

နှစ်ဦးစလုံးကိုစိတ်တိုနေသည့် ကျွန်တော်သည် ယောကျ်ားတန်မဲ့ငိုကြွေးနေသော ထွန့်ထွန့်တို့မြင်ရသောအခါ ဝဦးစားစရာအတွေးများ ထပ်မံ၍ဖွံ့လွင့်လာပါသည်။

သူတို့နှစ်ဦး၏ဘဝသည် လိပ်ပြာပြာလုံလုံဖြင့် ဘယ်လိုမှပေါင်းဆုံ၍ မရနိုင်ကြောင်း၊ သူတို့နှစ်ဦးစလုံးသိရှိသွားပေပြီ။

ထို့ကြောင့် ထွန့်ထွန့်နာကြည်း သွားအောင် မချိုကရက်ရက်စက်စက် ဘာမင်လုပ်ခဲ့တာလား. . .။

မချိုနာကြည်းသွားအောင် ထွန့်ထွန့်ကရက်ရက်စက်စက် လုပ်ခဲ့တာလား. . .။

နှစ်ယောက်စလုံး မနာကြည်းဘဲနဲ့ နာကြည်းချင်ယောင် ဆောင်လိုက်ကြတာလား. . .။

ကျွန်တော်ဘယ်လိုမှ စဉ်းစား၍မရတော့ပါ။ ဒါပေမယ့် ဤအဖြစ်အပျက်သည် သူတို့နှစ်ဦး၏ဘဝအတွက် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးဟု၍သာ ကျွန်တော်ထင်မိနေပါတော့သည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ပဌာန်နဂိုရ်ဆိပ်ကမ်းဘက်မှ ကားများတင်ထားသည့်'ဧရာမင်းဇက်' ရေယာဉ်ကြီးသည် ဧရာဝတီမြစ်ပြင်ကိုဖျင်းရိစွာဖြတ်သန်းပြီး အနောက်ဘက် မလွန်ဆိပ်ကမ်းတွင်မေးတင်၍ ရပ်လိုက်သည်။

ကုန်အပြည့်တင်ထားသောGMC ကားကြီးကို ကျွန်တော်မောင်း၍ ဇက်ရေယာဉ်ပေါ်မှဆင်းလိုက်ပြီးနောက် မလွန်ဆိပ်ကမ်း၏မတ်စောက်သည့် ကမ်းပါးအတက်ကြီးကိုငယ်သံပါအောင် အော်ဟစ်ရင်း မချိမဆန့်ရုန်း၍ တက်ပစ်လိုက်သည်။

သက်ကြားအိုGMC ကြီကလည်း သူမအိုသေးကြောင်း ထုတ်ဖော်ပြသလိုက်သည့် မည်းမှောင်နေသောမီးခိုးလုံးကြီးများက ဆိပ်ကမ်းအတက်လမ်းနှင့် ဧရာမင်းဇက်ရေယာဉ်ကြီးကို ဖုံးလွှမ်းပစ်ခဲ့သည်၊ ကမ်းပါးထိပ် သရက်ပင်အောက်အရောက်'ဒိုင်း' ခနဲမြည်သံနှင့်အတူ ကား၏နောက်ဘီးထဲမှ လေများထွက်ပြေးသွားကြသည်၊

ကျွန်တော်နှင့်ဒရိုင်ဘာကိုချိုတို့ ကားအောက်ဆင်းလိုက်ရင်း. . . .

'ကဲ. . . ကိုချိုရေဒီတစ်ခါတော့ ခင်ဗျားသွားပြီးဖာလိုက်ဦးဗျာ၊ ကျွန်တော့်မှာလည်းတစ်လမ်းလုံး ဖာနေရတာ ပြောရမှာတောင်ရှက်တယ်'





ကိုချိုက'တောက်' ခေါက်ရင်း. . .

'မင်းကားဘီးကလည်း ငါးရှဉ့်နဲ့ကျောက်ကျောကုမ္ပဏီ(Eel & Jelly Brothers Company) ကအထူးထုတ်လိုက်တဲ့ စင်းလုံးချောတာယာတွေဆိုတော့လည်း မပေါက်မှာမပူရတော့ဘူးပေါ့ကွာ၊ အပိုဘီးကိုငါယူသွားပြီးဖာလိုက်မယ်၊ မလွန်မှာဖာဆိုင်မရှိလို့ မင်းလှအထိသွားဖာရမှာဆိုတော့ မလွန်ရွာထဲက မြင်းလှည်းဆရာအိမ်ကိုသွားတော့မယ် ဟင်း. . . ၊ ငါတော့ ဆုံးဖြတ်လိုက်ပြီ ဒီတစ်ခေါက်နောက်ဆုံးပဲဟေ့၊ မင်းလှရောက်ရင် ဒီပြင်ကားပဲ ငါလိုက်တော့မယ် ထင်ကြီးရေ. . .'

'အဲဒီလို သစ်စိမ်းချိုး ချိုးတတ်လွန်းလို့ ငွေးချိုကကောင်မလေးတဒိုက်တစ်လုံးနဲ့ခင်ဗျားကို ပစ်ထားခဲ့တာမဟုတ်လား'

ကိုချိုကဆဲရင်း မလွန်ရွာထဲသို့မြင်းလှည်းငှားအောင်ထွက်သွားသည်။ ကျွန်တော်က ချိုက်(ဂျိုက်) များထောက်၍ပေါက်သည့်ဘီးကိုဖြုတ်ပြီးနောက် မလှမ်းမကမ်းရှိမြသပိတ်ဘုရားပေါ်သို့ တက်လာခဲ့သည်။

မြတ်စွာဘုရား၏ 'မြသပိတ်' တော်ကိုဌာပနာထားသည့် မလွန်'မြသပိတ်' ဘုရားက ကျွန်တော့်ဇာတိချက်မြှုပ် မင်းလှမြို့နဲ့ ခြောက်မိုင်သာကွာဝေးသော်လည်း မရောက်ဖြစ်တော့တာ တော်တော်တောင်ကြာခဲ့ပြီ၊ စိတ်အေးလက်အေးဖြင့် ဘုရားရှိခိုးပြီးနောက် ရင်ပြင်တော်၏ မြောက်ဘက်ထောင့်ရှိ ခေါင်းလောင်းဆီသို့သွားလိုက်သည်၊ ဤခေါင်းလောင်းထိုးသောသူသည် မလွန်မြေနှင့် ဤမြသပိတ်ဘုရားသို့ နောက်တစ်ကြိမ်ထပ်၍လာရတတ်သည်ဟု အယူရှိကြသော်လည်း ကျွန်တော့်၏ရှိစုမဲ့စုကုသိုလ်အဖို့ဘာဂတို ဤခေါင်းလောင်းကိုထိုး၍ အမျှဝေပစ်လိုက်သည်။

ထို့နောက် ရင်ပြင်တော်၏အမြောက်ဘက်မှနေ၍ လှမ်းမျှော်ကြည့်လိုက်သည်။ ဟိုး. . . အနောက်မြောက်ဘက်တွင် တလူလူတက်နေသည့် မီးခိုးတန်းလေးနှင့် နေရောင်တွင် ပြောင်ပြောင်လတ်လက် အရောင်ထွက်နေသည့် အလုံးကြီးများ၊ အချောင်းကြီးများက အရှေ့တောင်အာရှမှာအကြီးဆုံးဆိုသည့် မန်းသံပုရာကန် ရေနံချက်စက်ရုံကြီးပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com



ဤစက်ရုံကြီး၏အရှေ့ဘက်တစ်မိုင်အကွာမှာ ကွေ့ဟောက်စီးဆင်းနေသော ဧရာဝတီမြစ်ပြင်ကျယ်ကြီး၏ အနောက်ဘက်မှာ ကျွန်တော့်မွေးရပ်မြေ မင်းလှမြို့ကိုလည်း စိမ်းစိမ်းစိုစိုနှင့်မြင်တွေ့နေရသည်။ အင်္ဂလိပ်-မြန်မာ တတိယ စစ်ပွဲအတွင်း နယ်ချဲ့အင်္ဂလိပ်တွေကို အပြင်းအထန်ခုခံခဲ့တဲ့ 'မင်းလှခံတပ်ကြီး' ကိုတော့ မြစ်ကွေ့ဖြင့်ကွယ်ပ်နေ၍ မမြင်ရသော်လည်း မြစ်အရှေ့ဘက်ကမ်းရှိ 'ဂွေးချောင်း' ခံတပ်ကုန်းပေါ်မှာပေါက်နေတဲ့ မန်ကျည်းပင်ကြီးကိုတော့ ယင်ထင်ရှားရှားကြီး မြင်ရပြန်သည်။

မြစ်အနောက်ဘက်ကမ်း မင်းလှခံတပ်နှင့် အရှေ့ဘက်ကမ်း ဂွေးချောင်း ခံတပ်နှစ်ခုအကြား ဧရာဝတီမြစ်ပြင်နေရာဟာတော့ သူကျွန်မခံလိုတဲ့ ရှေးမြန်မာ့ တပ်မတော်သားကြီးတို့ရဲ့ စစ်တလင်းပေါ့။ ဧရာဝတီမြစ်ကိုဆန်တက်လာတဲ့ နယ်ချဲ့တို့ရဲ့ စစ်သင်္ဘောကြီးတွေပေါ်က ခေတ်မီအမြောက်ကြီးတွေရဲ့ အဆက်မပြတ် 'တဒိန်းဒိန်း' ပစ်ခတ်သံတွေအောက်မှာ ရှေးမြန်မာကြီးတွေရဲ့ မိကြီးမောင်းပျက် သန်းလုံးအမြောက်ကြီးတွေအသံတိတ်ခဲ့ရပေမယ့် သေနပ်တစ်ကမ်း ဓားတစ်ကမ်းတိုက်ပွဲကြားမှာ လက်နက်အင်အား မမျှသော်လည်း လှေခွက်ကြီးကျန်အလဲမလှဲစိတ်ဓာတ်နဲ့ တိုက်ခိုက်နေတဲ့ မြန်မာ့တပ်မတော်သားကြီးတွေရဲ့ ပုံရိပ်ဟာလည်းထင်ဟပ်နေဆဲပါ။

ဝါးအစည်းပြေနေတဲ့ နေပြည်တော်ကပို့လိုက်တဲ့ 'အင်္ဂလိပ်ကိုမခုခံနှ ခုခံလျှင်သူပုန်'ဆိုတဲ့ ကြေးနန်းသတင်းတွေကြောင့် နယ်ချဲ့ရဲ့ဖနောင့်အောက်မှာ ထီးကျိုးစည်ပေါက်၊ ကုန်းကောက်ဝရာမရှိလောက်အောင် ရွှေမှန်ကင်း အစစ်က ထင်းဖြစ်ခဲ့ရတာတွေကလည်း မ မှကောင်းတဲ့နှောင်းအတိတ်ရဲ့ အရိပ်ပုံတွေပေါ့။

စိတ်မကောင်းစရာ အတိတ်ကြောင်းတစ်လွှာကို ရင်နာနာနဲ့ မတွေးချင်တော့ပါဘူး။ ဟောဒီ. . . ခံတပ်ညီနောင်အကြား စစ်တလင်းဖြစ်ခဲ့ရတဲ့ ဧရာဝတီမြစ်ပြင်နေရာတည့်တည့်ကနေ မျှော်ကြည့်လိုက်ရင် နင့်ရဲ့ဇာတိချက်ကြွေ ကျောက်ပန်းတောင်းမြေကို ငါနှလုံးသားထဲက လှမ်းမြင်နေရတယ် သင်းသင်းရယ်. . .။





ရေကြည်ရာမြက်နုရာကို စားကျက်အသစ်ရှာဖို့ နင်ထွက်ခွာသွားခဲ့လို့ ခြောက်သွေ့သွားတဲ့ ကျောက်ပန်းတောင်းမြေကထန်းလျက်တွေတောင် အချိုပေါ့ ကုန်ပြီလို့ ငါခံစားနေရပါတယ်. . .။

ငါတို့တွေ လေးနှစ်တာပညာရင်နို့ သောက်မျိုဆို့ရင်း ခိုလှုံခဲ့တဲ့ ခန်းခါးမြေက မကွေးကောလိပ်ကြီးတောင် မကွေးတက္ကသိုလ်ကြီးအဖြစ် လူးလား မြောက်စွာပြောင်းလဲခဲ့ပြီလေ. . .။

မရပ်မနားလည်ပတ်နေတဲ့ ရာသီစက်ဝန်းနဲ့အတူ အရာရာပြောင်းလဲနေပေမယ့် ငါ့နှလုံးသားမှာစွဲထင်ခဲ့တဲ့ နင့်ရဲ့ပုံရိပ်ဟာလည်း မပြောင်းလဲသေးပါဘူး သင်းဆင်းရယ်. . .။

ငါကားကြီး ဘီးဦးတည့်ရာအရပ်ဒေသတိုင်း နင့်ကိုတွေ့လိမ့်နိုးနဲ့ ငါရှာခဲ့ရတာလည်း မောင်တာနဲ့ငယ်ငယ်တို့လင်မယား ကလေးတစ်ယောက်မွေးတဲ့အထိကို ရှာမတွေ့နိုင်သေးတာကတော့ နင်ပဲအပုန်းကောင်းနေလို့လား သင်းသင်းရယ်. . .

ဟော. . . နားထောင်စမ်းပါဦး မလွန်မြောထဲ အလှူခံဌာနကဖွင့်လိုက်တဲ့ မြန်မာပြည်ရဲ့ နာမည်ကျော်ကန်းထရီးအဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ ပန်းနွယ်ကစိမ်းဆိုတဲ့ သီချင်းသံက လေလှိုင်းကြားမှာပျံ့လွင့်လို့ လာနေတယ်လေ. . .

'×××စုံနံ့သာမြိုင် ရှာပုံဖွင့်သလိုပ×××ရင်နင့်အောင်ချစ်ရလွန်းသူ အပူတပြင်းရှာဖွေ×××မရမြေဆုံး×××ဆုံးစေ့တကယ်×××အလှဂမုန်းနွယ် ချစ်သက်ဦးရယ်×××ဘဝဆုံးတကယ် မပစ်ရက်ဘူးကွယ်×××'

'ဩော်. . . သင်းသင်း. . . သင်းသင်း. . . စိမ်းရက်တဲ့သင်းနွယ်ရေ စုံနံ့သာမြိုင်မှာ ရှာပုံဖွင့်သလို မင်း. . . မောင်ကြီးတစ်ယောက်လည်း ရေမြေဆုံးအောင်ရှာရဦးတော့မှာပါလား၊ အင်း. . . အခုတော့ အရမ်းကိုအိပ်ချင်နေပြီမို့ တစ်ရေးနိုးမှပဲ ရှာပါရစေတော့ သင်းနွယ်ရေ'

တစ်နေ့ကုန်ပင်ပန်းလာသဖြင့် ကျောဆန့်ချင်သောကြောင့် အနိုင်ကောင်းသော အရှေ့ဘက်ရင်ပြင်တော်စောင်းတန်းရှိ ခုံတန်းပေါ်တွင်လှဲလုံး



www.burmeseclassic.com

www.burmeseclassic.com



လဲ့ရင်း ကိုသိန်းတန်၏သီချင်းကိုခံစားကာ မှိန်းနေလိုက်သည်။

'ဩော်. . . ကိုသိန်းတန်. . . ကိုသိန်းတန် ပျောက်ဆုံးသွားတဲ့ပန်းနွယ်ကို ခင်ဗျားရှာပုံကြီးကလည်းဗျာ မြို့ထဲ၊ ရွာထဲ၊ လူတောထဲကိုမရှာဘဲ ဘာကြောင့်များ မြစ်ဆိပ်တွေ၊ တောတွေ၊ တောင်တွေကြားထဲသွားရှာနေရတာတုံးဗျ၊ ကန္တ ပန်းနွယ်ကိုကျားမုကားဆွဲသွားလို့လား စသည်ဖြင့် စသည်ဖြင့် တေးပဟေဠိကို အဖြေညှိရင်း တွဲ့တေးသိန်းတန်၏ချော့သိပ်မှုကြောင့် တရေး အိပ်ပျော်တော့မလို ဖြစ်နေစဉ် 'တဝုတ်ဝုတ်' ဖြင့် အနီးကပ်ခွေး ဟောင်သံကြောင့် ဒေါသထွက်သွားပြီး. . .

'ဘယ်. . . ခွေးသူခိုးက ဘုရားရင်ပြင်တော်ပေါ်တက်ပြီး ဟောင်နေတာလဲ. . . တောက်'

'ဘာခွေးသူခိုးလဲ ဒီလိုခွေးမျိုး ရှင်မွေးနိုင်လို့လား'

ဒေါသသံဖြင့် အော်ဟစ်လိုက်သော မိန်းကလေးတစ်ယောက်၏ အသံ ကြောင့် ကျွန်တော်လူးလဲထကြည့်လိုက်တော့. . .

'ဟင်. . . သင်းသင်း. . . သင်းသင်းအောင်'

ကျွန်တော်ပျောက်ဆုံးခဲ့သော သင်းသင်းအောင်နှင့် သားစစ်ပျောက်ဆုံးခဲ့သော နှင်းဖြူတို့နှစ်ယောက်ပြုံးကြီးကို ဘုရားရင်ပြင်တော်ပေါ်၌ တွေ့လိုက်ရသဖြင့် ကျွန်တော်အံ့ဩမှင်သက်သွားမိသလို သူတို့နှစ်ယောက်ကလည်း ဟအံ့တဩဖြင့် ကျွန်တော့်ကိုပြန်ကြည့်နေသည်။ သူတို့နှစ်ယောက်၏ ဘေးနားတွင်လည်း ရှိစုမဲ့စု ငုတ်စိစိအမြီးလေးကိုရအောင်ကုတ်ရင်း ပြေချိန်တန်လို့မှုမုန်းမာန်မပြေဘဲ သူနှင့် မယားလုဘက်အလား ကျွန်တော့်ကိုသဘောထားကာ တဝုတ်ဝုတ် ဟောင်နေသူကတော့ ခွေးလေး။

သူတို့နှစ်ဦးစလုံးကတစ်ပြိုင်တည်း. . .

'ကိုထင်ကြီး. . . ရှင်ကဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ'

'အဲဒါ. . . ငါမေးရမှာဟ၊ ငါကမင်းလှမှာနေတာ ဒီနဲ့ခြောက်မိုင်လောက်ပဲ ဝေးတယ်'

'နှင်းနှင်းတို့နှစ်ယောက်က စနေနေ့ညတိုင်း ဘုရားကိုလာနေကျမို့လို့





လာခဲ့တာ. . .၊ ဟို. . . ကိုထင်ကြီး နှင်းနှင်းကိုကတိတစ်ခုလောက်ပေးပါနော်. . .'

နှင်းနှင်းက တွေ့တွေ့ချင်းကတိတွေတောင်းနေသဖြင့် စိတ်မရှည်သော်လည်း သင်းသင်းရှိနေသဖြင့်. . .

'အေး. . . ပေးမယ်လေ. . . ဘာကတိလဲ'

'နှင်းနှင်း. . . ဒီမှာရှိတာ ကိုသားစစ်ကိုမပြောပါနဲ့နော်. . .'

'ဘာ. . . သားစစ်ကိုမပြောရဘူး ဟုတ်လား၊ သားစစ်ကတော့ နင့်ကြောင့် ရူးလို့၊ နင်ကတော့ ဒီမှာအိမ်ထောင်ကျပြီး ပျော်လို့ပေါ့ဟုတ်လား၊ ငါတို့ ယောကျ်ားလေးတွေရဲ့ အသည်းနှလုံးဟာ သံနဲ့လုပ်ထားတယ်မှတ်လို့ နင်တို့ မိန်းကလေးတွေက ဖြောင်းဆန်အောင် အပြောင်းအလဲမြန်ပြနေကြတာလား. . .'

သင်းသင်းအောင်ကဒေါသတကြီးဖြင့်. . .

'ဘာပြောတယ်. . . ပြန်ပြောစမ်းပါဦး. . .'

'အဲ. . . ဟို. . . ဟို. . . သင်းသင်း နင့်ကိုပြောတာမဟုတ်ဘူး. . . သူ. . . သူ့ကို. . .'

သင်းသင်းအောင်က ခါးထောက်ရင်း. . .

'အကျိုးအကြောင်း ဘယ်တော့မှမမေးမမြန်းဘဲနဲ့ အရမ်းပြော၊ အရမ်းလုပ်တတ်လွန်းလို့ ရှင့်ကို ကျွန်မမုန်းတာ'

ဩော်. . . မုန်းခင်တုန်းက ချစ်သေးတယ်ပေါ့ ဟုတ်လား သင်းသင်းဟု မေးလိုက်ချင်သော်လည်း မမေးရဲသောကြောင့် နှင်းနှင်းဘက်သို့လှည့်ပြီး. . .

'ကဲ. . . ပြောကြပါဦး ငါနဲ့သားစစ်နဲ့ နင်တို့နှစ်ယောက်ကို လိုက်ရှာနေတာ မြန်မာပြည်အနှံ့ပဲ'

ကြုံတုန်း ကျွန်တော်သင်းသင်းကို ရှာနေကြောင်းပါ ထည့်ပြောလိုက်သည်။

နှင်းနှင်းကစီးကျလာသော မျက်ရည်များကိုသုတ်ရင်း. . . ကျွန်တော်ထိုင်နေသော ခုံတန်းနားသို့လျှောက်လာကာ ကျွန်တော့်ဘေးတွင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

လမ်းလျှောက်လာသောနှင်းဖြူကိုကြည့်၍ ကျွန်တော်တုန်လှုပ်သွားကာ. . .

'နှင်းနှင်း. . . နင့်ခြေထောက်က. . . ဘာ. . . ဘာဖြစ်သွားတာလဲ'

နှင်းဖြူကခေါင်းငုံ့၍ တုန်ရီသောအသံဖြင့်. . .

'ကျောင်းပြီးတဲ့အထိ ကိုသားစစ်နဲ့ အဆက်အသွယ်မပြတ်ဘူး၊ အိမ်ကိုလည်းဖွင့်ပြောလိုက်တယ်၊ အစကတော့ သဘောမတူဘူး သူတို့ စကားလွန်ထားတာရှိလို့တဲ့ နောက်တော့လည်း ကိုယ့်ကိစ္စကိုယ်ဆုံးဖြတ်ဆိုပြီး ဘာမှမပြောကြတော့ပါဘူး၊ နှင်းနှင်းလည်းဝမ်းသာသွားပြီး ကိုသားစစ်ကို စာရေးအကြောင်းကြားမလို့ဘဲ၊ အဲဒီအချိန်မှာ အဖေကတိုက်ပွဲမှာ ဒဏ်ရာရလို့ တောင်ကြီးဆေးရုံမှာ ရောက်နေတယ်ဆိုတဲ့ အကြောင်းကြားစာလာတယ်လေ၊ အဲဒါနဲ့ မေမေနဲ့ နှင်းနှင်းလည်း အဖေ့ဆီကိုလိုက်သွားကြတာ လမ်းမှာ. . . ကား. . . တား. . . အက်ဆီးဒန့် (Accident) ဖြစ်လို့ နှင်းနှင်းခြေထောက်ကို ခိုက်မိသွားတယ်. . .'

နှင်းနှင်းဆီမှ ရှိုက်သံသဲ့သဲ့ထွက်ပေါ်လာသည်။

'လူစဉ်မီအောင် လမ်းလျှောက်လို့ရပေမယ့် လူကောင်းတွေလိုတော့ ပုံမှန်လမ်းလျှောက်လို့ မရနိုင်တော့ဘူးလေ၊ အဲဒါတွေကို ကိုသားစစ် မသိစေချင်ဘူး၊ နှင်းနှင်းရဲ့ ဒီဘဝထဲကိုလည်း ကိုသားစစ်ကို ဆွဲမခေါ်ရက်ဘူး'

'နှင်းနှင်း. . . နင့်ကိုသားစစ်ကအပျော်သဘောမျိုးနဲ့ ချစ်ခဲ့တာမဟုတ်ဘူး၊ ဒီကိစ္စတွေသားစစ်ကို အသိပေးပြီး သူ့ဟာသူဆုံးဖြတ်ပါစေလားဟာ'

'ဟင့်အင်း. . . ကိုသားစစ်အကြောင်းကို နှင်းနှင်းသိတယ် သူနောက်ဆုတ်မှာမဟုတ်ဘူး၊ ဆွေပြမျိုးပြတောင်မှ လူမြင်ကောင်းအောင် အတူယှဉ်တွဲပြီးသွားလို့မှမတင့်တယ်တဲ့ နှင်းနှင်းရဲ့ဘဝထဲကို ကိုသားစစ်တိုးဝင်လာမှာစိုးလို့ မိတ္ထီလာကို ကိုသားစစ်လာတုန်းက. . .'

နှင်းနှင်း. . . စကားကိုဆက်မပြောနိုင်တော့ဘဲ ငိုရှိုက်၍သာနေပါတော့သည်။ ကျွန်တော်လည်း တွေ့တွေ့ချင်း မဆင်မခြင်ပြောခဲ့မိသည်များကြောင့် နှင်းနှင်းကို အားနာသွားသလို သနားလည်းသနားမိသွားသည်။





နှင်းနှင်းက မျက်ရည်များကိုသုတ်ပြီး စိတ်ကိုတင်း၍ ဘာမှမဖြစ်သည့်ပုံစံမျိုးဖြင့်. . .

'အဖေလည်းမလွန်စက်ရုံမှာ တာဝန်ပြန်ယူရတော့ နှင်းနှင်းတို့လည်း ဒီကိုပြောင်းလာရတာပေါ့၊ နှင်းနှင်း မလွန်မှာပဲကျောင်းဆရာမဝင်လုပ်နေတယ်၊ သင်းသင်းကတော့ အတက်တန်းပြဆရာမအဖြစ် ရာထူးတိုးပြီး နှင်းနှင်းအရင် ဒီကိုရောက်နေတာကြာပြီ'

ဩော်. . . ကျွန်တော်ကမြန်မာပြည်အနှံ့ မိုင်ထောင်ချီပြီး သူ့ကိုလိုက်ရှာလို့ ခင်းကတော့ ကျွန်တော့်အိမ်နဲ့မြောက်မိုင်အကွာမှာ ရောက်နေတာတောင် အတော်ကြာပြီတဲ့၊ လုပ်ရက်ပါပေ့ မိုးနဟ်မင်းရယ်ဟု စိတ်ထဲမှယူကြုံးမရ တိုင်တည်လိုက်ရင်း. . . ကျွန်တော်ကဆွေးမြေ့စွာဖြင့် သင်းသင်းအောင်ကို လှမ်းကြည့်လိုက်သည်။

သူမကရှုတင်းတင်းဖြင့် ကျွန်တော့်ကိုပြန်ကြည့်သည်။ ထိုစဉ် ကျွန်တော့်ကားကြီးမှ ဟွန်းသံကွဲကြီး ဆူညံစွာထွက်ပေါ်လာသောကြောင့် ကားကြီးကိုလမ်းမပေါ်၌ အစောင့်မရှိဘဲ ဒီအတိုင်းပစ်ထားခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ယခုမှသတိရသွားသဖြင့် ခုံတန်းပေါ်ထိုင်နေရာမှ ရုတ်တရက်ခုန်ထလိုက်ရာ ခွေး၏ ရှေ့လက်ကိုတက်နင်းမိသွား၍ ခွေးလည်း'ဂိန်'ခနဲ အော်ကာ ကျွန်တော့်ခြေထောက်ကို ကိုက်ထည့်လိုက်သည်။

ကျွန်တော့်ခြေသလုံးပူခနဲဖြစ်သွားသဖြင့် ငုံ့ကြည့်လိုက်စဉ် သင်းသင်းကပြေးလာပြီး ငကိန်ကိန်အော်နေသည့် သူ့ခွေးကိုခွ ချီလိုက်ရင်း. . .

'ကိုမိုး. . . ခြေထောက်ကိုနင်းမိသွားသေးတယ် မဟုတ်လား၊ ကိုမိုး. . . ဘာဖြစ်သွားသေးလဲ၊ ရှင့်ခန္ဓာကိုယ်ကြီးနဲ့ဆိုတော့ ကိုမိုး တော်တော်လေး နာသွားမှာပေါ့၊ ရှင်ဟာလေ နမော်နမဲ့အမြဲတမ်းနိုင်တာပဲ၊ ကိုမိုး. . . ကိုမိုး. . . ကျွတ် ကျွတ်. . . ကျွတ်'

အကိုက်ခံရသည့်သူကိုမသနားဘဲ၊ ကိုက်တဲ့ခွေးကို သနားပြနေသော သင်းသင်းအောင်ကို အမြင်ကပ်သွားသဖြင့်. . .

'မတော်လို့ပါ ကိုမိုးရယ် အနူးအညွတ်တောင်းပန်ပါတယ်' ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နဲ့ ခင်ဗျားသွားလေးတွေ နာသွားတယ်ဆိုရင်လည်း နမော်နမဲ့နိုင်တဲ့ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ နော်. . . ကိုမိုး'

ကျွန်တော်ကတမင်ရွဲ့ပြောလိုက်ပြီး ဘုရားပေါ်မှဆင်းရန်ပြင်လိုက်စဉ် နှင်းနှင်းက. . .

'ကိုထင်ကြီး. . . နှင်းနှင်းအကြောင်းတွေနဲ့ နှင်းနှင်းဒီမှာရှိတာ ကိုသားစစ် ကို လုံးဝမပြောလိုက်ပါနဲ့နော်'

'အေးပါဟာ. . . စိတ်ချပါ'

ဟုကျွန်တော်ကပြန်ပြောလိုက်ပြီး စောင်းတန်းလှေကားအတိုင်း ပြေးဆင်းလိုက်စဉ်. . .

'ဟဲ့. . . သင်းသင်း ဒီမှာကြည့်စမ်း သွေးစက်တွေမဟုတ်လား၊ ကိုထင်ကြီးကို ကိုက်မိထားတယ်ထင်တယ်'

ဟူသောနှင်းနှင်းစကားကိုသာ နောက်ဆုံးကြားလိုက်ရသည်။ ကားပေါ်သို့ ကျွန်တော်တက်တက်ချင်း ကိုချိုကကားကိုမောင်းထွက်လိုက်သည်။

'ကံကောင်းတယ်ဟေ့ မလွန်ရွာထဲတင် သန်းစိုးရဲ့ကားကြီး ပျဉ်တွေ ချနေတာတွေ့တာနဲ့ သူ့ဆီက အပိုဘီးငှားလာခဲ့တာ၊ မင်းမတွေ့တာနဲ့ ငါဟာ ငါပဲ ဘီးလဲထားလိုက်ရတယ်၊ ဟာ. . . ဟေ့ကောင် မင်းခြေထောက်မှာ သွေး တွေနဲ့ပါလား ဘာဖြစ်လို့လဲ. . .'

ကျွန်တော်က ညကလက်ကျန်အရက်ဖြင့် ခွေးကိုက်ဒဏ်ရာကို ဆေးလိုက်ရင်း. . .

'လူကိုက်လို့ဗျ. . . လူကိုက်လို့'

'ဟာ. . . အဲဒါဆိုရင်တော့ မင်းကံကောင်းသွားပြီ၊ ဘာမှမပူနဲ့ ထင်ကြီး လူရူးပြန်ကာကွယ်ဆေး အဂ္ဂအထိမပေါ်သေးဘူးကွ ဟားဟားဟား'

♣ ♣ ♣



(၁၉)

'လမ်းကြုံလို့ အလကားတင်ခေါ်မဲ့သူက'လိုက်မှာလား' လို့မေးတာကို 'မလိုက်ရင်ကော' လို့ဒေါသသံကြီးနဲ့ ပြန်ဖြေနေမှတော့ဗျာ'မလိုက်ရင်နေခဲ့' လို့ပြန်ပြောပြီး ဆက်မောင်းရမဲ့ဟာကို ခင်ဗျားက တကူးတက ကားကိုရပ်ပြီး တင်ခေါ်နေရသေးတယ်'

ပုသိမ်-မုံရွာ လမ်းမကြီးပေါ်ရှိ ရှမ်းတပ်ကြီးကျေးရွာမှ နှမ်းများကိုတင် ၍ ပြည်သို့ပို့ရန်အတွက် ပုသိမ်-မုံရွာ လမ်းမကြီးအတိုင်းမောင်းနေစဉ် နေပူကျဲကျဲကြီး၌ချွေးတလုံးလုံးဖြင့် ခြေလျင်လျှောက်နေကြသော လူတစ်စုတို့ တွေ့ရာ သနားစိတ်ကြောင့် လမ်းကြုံလျှင်လိုက်ပါစေတော့ဆိုပြီး'လိုက်မလား' ဟု ကျွန်တော်က လှမ်းမေးမိသည်။

ထိုလူစုက'မလိုက်ရင်ကော' ဟုစူစူဆောင့်ဆောင့်အသံကြီးဖြင့် ပြန်ပြောသဖြင့်. . . ကျွန်တော်ဒေါသထွက်သွားစဉ် ကားမောင်းနေသည့်ကိုချိုတာ ကားကို ရပ်ပေးပြီး ထိုလူစုကိုတင်ခေါ်သည်။ လိုရာခရီးကိုရောက်၍ ထိုလူစု ဆင်းသွားပြီးနောက် အထက်ပါအတိုင်း ကျွန်တော်ကကိုချိုကို အပြစ်တင်စကား ပြောလိုက်ခြင်းဖြစ်သည်။

ကိုချိုကတဟားဟားရယ်ရင်း. . .

'ဟောဒီ. . . ပုသိမ်-မုံရွာ လမ်းမကြီးပေါ်မှာရှိတဲ့ ငဖဲ၊ ပဒန်နယ်တ



www.burmeseclassic.com

www.burmeseclassic.com



စပြီး မင်းလှ၊ မင်းတုန်း၊ ကံမနယ်တစ်လျှောက်ကလူတွေရဲ့ ဒေသသုံး စကားအသုံးအနှုန်းကို မင်းမသိသေးလို့ပါကွာ၊ စကားနောက်က '. . . ရင်ကော' ဆိုတဲ့ အသုံးအနှုန်းက 'သေချာပေါက်' ဆိုတဲ့အဓိပ္ပာယ်ရတယ်ကွ'

'ခင်ဗျားပြောတာ နားမရှင်းပါဘူး 'ရင်ကော' ဆိုတာ သေချာပေါက် ဟုတ်လား'

'အေးလေကွာ. . . မလိုက်ရင်ကောဆိုတာ သေချာပေါက်လိုက်မယ်လို့ ပြောတာကွ၊ အဲဒီလိုပဲ မစားရင်ကောဆိုတာက သေချာပေါက်စားမှာ၊ သေချာပေါက်လုပ်မယ်၊ ကိုင်မယ်၊ သွားမယ်ဆိုရင်လည်း မလုပ်ရင်ကော၊ မကိုင်ရင်ကော၊ မသွားရင်ကောလို့ပြောကြတာဟာ ဒီနယ်ကလူတွေရဲ့ ဒေသသုံး စကားအသုံးနှုန်းတွေပေါ့'

'မသိပါဘူးဗျာ. . . ဒေါသသံကြီးနဲ့ပြောတော့. . .'

'ဒေါသသံမဟုတ်ပါဘူး၊ သူတို့လေယူလေသိမ်းကိုက အဲဒီလိုဖြစ်နေတာ၊ ဟိုကွာ. . . စကားဝဲပုံနည်းတစ်မျိုးလို့သာမှတ်ထားလိုက်၊ အဲဒါအသာထားဦး အရေးကြီးတာက ဒီကားရဲ့ဂီယာကဒုက္ခပေးနေပြီကွ၊ တစ်ချက်တစ်ချက် ပြုတ်ထွက်နေတယ်'

'ဩော်. . . ကျွန်တော့်ကားဂီယာက မပြုတ်ရင်ကောဖြစ်နေပြီပေါ့ ဟုတ်လား. . .'

'အေး. . . မပြုတ်ရင်ကောဖြစ်နေလို့ ဂီယာဘောက်ကိုမလဲရင်ကော လုပ်ရတော့မယ်'

ကျွန်တော်ကရယ်လိုက်ရင်း. . .

'အစ်ကိုလည်း. . . ဒီနေ့ရန်ကုန်ကနေ ပြည်ကိုဆင်းလာနေပြီ၊ ပြည်ပွဲရုံမှာ ကျွန်တော်တို့နဲ့ ဆုံမှာလေ၊ အစ်ကိုနဲ့တွေ့ရင်ပေါ့ ကားအကြောင်း သေသေချာချာ ပြောပြရမှာပဲ၊ ဂီယာတင်မကဘူး အင်ဂျင်ကလည်း 'ရွှဲ' နေပြီ မဟုတ်လား'

'အင်ဂျင်တင်မကဘူး၊ ဘောဒီပါ မရွဲရင်ကော ဖြစ်နေပြီကွ'

♣ ♠ ♠





ကျွန်တော်တို့ပြည်ကိုရောက်ပြီး နှမ်းများကိုချနေစဉ် အစ်ကို့ကားကြီး ဝင်လာသည်။ ကားပေါ်မှ အစ်ကိုတစ်ယောက်တည်းသာ ဆင်းလာသည်ကို မြင်လိုက်ရသဖြင့် မဟုတ်လျှင်မခံ၊ ဟုတ်လျှင်ပိုဆိုးတတ်သော အစ်ကို့ စိတ်ဓာတ်ကြောင့် စပါယ်ယာတော့ပြေးပြန်ပြီဟု သဘောပေါက်လိုက်မိသည်၊ အစ်ကိုက သူ့ကားနောက်တံခါးကြီးကို ဖွင့်ချရင်း. . .

'ဒီမှာမြင်လား. . . မင်းကားအတွက်'

'ဂျပန်ကျ အင်ဂျင် ဂီယာဘောက်နှင့် နောက်တန်းကြီးကို မြင်လိုက်ရသဖြင့်. . .

'ဟား. . . အစ်ကိုဝယ်လာခဲ့တာလား'

'အေး. . . အပြည့်တော့ ငွေမချေရသေးဘူး၊ မင်း. . . ဒါတွေတင်ပြီး မနက်ဖြန်မနက် အိမ်ကိုတစ်ယောက်တည်းပြန်တော့၊ ကိုချို့ကို ငါခေါ်ထားလိုက်မယ် ဖြစ်မလား'

'ဖြစ်ပါတယ် ဂီယာကဒီလောက်ကြီးလည်းမဟုတ်ပါဘူး ဂရုစိုက်ထိုးရင် ရပါတယ်၊ ကုန်လည်းသိပ်ပါတာမှမဟုတ်ဘဲ၊ ဒါနဲ့. . . အင်ဂျင်က အိမ်မှာ တင်လဲမှာလား''

'အေး. . . နောက်တစ်ရက်နှစ်ရက်အတွင်း နောင်ရိုးက စက်ဆရာ လိုက်လာလိမ့်မယ်၊ ငါလည်းဒီတစ်ခေါက် ရန်ကုန်ကို ကုန်ပို့ပြီးရင် ပြန်လာခဲ့မယ်'

'မျက်နှာကြီးကပြုံးလို့ ဘာလဲ အင်ဂျင်၊ ဂီယာ၊ တန်း ဝမ်းဆက် အသစ်လဲရမယ်ဆိုလို့ ပျော်နေတာလား'

ကိုချို့ကို ကျွန်တော်ကခေါင်းညိတ်ပြလိုက်ရင်း ပုသိမ်-မုံရွာ ဒေသသုံး စကားဖြင့် ပြန်ပြောလိုက်သည်. . .

'မပျော်ရင်ကော'

♠ ♠ ♠

အောင်လံမြို့ထဲ၌ စည်ကားသိုက်မြိုက်စွာ ဘုရားပွဲလှည့်နေသဖြင့် ကျွန်တော့်ကားကြီးကိုစက်ရပ်လိုက်ပြီး ကျိတ်ကျိတ်တိုးနေသည့်လူများကို



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေမိသည်။

ထိုစဉ်ဆိုင်ကယ်တစ်စီးကလည်း စက်ရှိန်လျှော့၍ ကျွန်တော့်ဘေးတွင် ဝင်ရပ်လိုက်သဖြင့် လှမ်းကြည့်လိုက်ရာ. . .

'ဟာ. . . ကိုထင်ကြီး၊ ဒီကားကြီးကိုမြင်ဖူးပါတယ်ဆိုပြီး ကြည့်နေတာ ဘယ်သွားမလို့လဲ'

ဆိုင်ကယ်၏နောက်ခုံတွင် ထိုင်နေသော ဖြူဖြူဖွေးဖွေးဝဝကစ်ကစ် ကလေးလေးကိုချီထားသည့် အမျိုးသမီးလေးက အော်ဟစ်နှုတ်ဆက်နေသဖြင့် သေသေချာချာကြည့်လိုက်ရာ. . .

'ဟာ. . . မချို. . . နင်က'ဝ' နေလို့မှတ်ဧောင်မမှတ်မိတော့ဘူး'

'ဒီမှာလည်းကြည့်စမ်းပါဦး မချိုရဲ့သားလေးလေ တစ်နှစ်ပြည့်သွားပြီ'

ရုတ်တရက်ကျွန်တော်ထွင့်ထွင့်ကိုသတိရသွားသည်။ ယခုဆိုင်ကယ်မောင်းနေသည့် နီစပ်စပ်ကောင်နေရာတွင် ထွင့်ထွင့်သာရှိပါကဟူသော အတွေးများကို အမြန်ရပ်လိုက်ပြီး. . .

'မချိုရေ နင့်သားက ဆူမိုနပန်းသမားကြီးလို ဝတုတ်နေတာပဲဟေ့၊ နာမည်ကရော ဘယ်သူတဲ့လဲ'

'ထွင့်ထွင့်. . .'

အံ့ဩလွန်း၍ ကျွန်တော့်ပါးစပ်'ဟ' သွားသည်။ နီစပ်စပ်ကောင်ကိုလည်း ကြည့်လိုက်မိသည်။

'သားသား နာမည် ထွင့်ထွင့်ပါခင်ဗျလို့ ပြောလိုက်လေ သားသား'

မချိုကကလေးကိုမြှောက်ပြလိုက်သဖြင့် ကလေးကကျွန်တော့်ကိုရယ်ပြသည်။ နီစပ်စပ်ကလည်း နွမ်းလျသည့်အပြုံးဖြင့် ပြုံးပြသည်။ ကျွန်တော်က မရယ်နိုင် မပြုံးနိုင် အားတုံ့အားနာဖြစ်နေစဉ် မချိုကတော့ ပြုံးရွှင်စွာဖြင့်. . .

'ပြီးခဲ့တဲ့ အပတ်ကတောင် ကိုချစ်အောင်ကြီးလာသွားသေးတယ်၊ သူအခု မကွေးတက္ကသိုလ်မှာ သရုပ်ပြလုပ်နေတယ်တဲ့'

'ဟုတ်လား. . . ဒီကောင်ကြီးကို ငါမတွေ့ရတာတော်တော်ကြာနေပြီ၊ ဒါနဲ့ သားစစ်ကိုရော နင်တွေ့မိသေးလား'





'တွေ့တယ်. . . သူဒီကိုပြန်ရောက်နေတာကြာပြီ၊ လူကလည်း ဖြူဖွေးပြီး 'ဝ' လို့'

'ဒီကောင် အရက်တွေနင်းကန်သောက်လို့ 'ဖော' လာတာနေမှာပါ'

'သားစစ်က အရက်မသောက်ဘူးဗျ၊ သူ့ပွဲရုံကဧည့်သည်တွေကို စားသောက်ဆိုင်မှာလိုက်ဧည့်ခံတာ နှစ်ခါ၊ သုံးခါ ကျွန်တော်နဲ့ကြုံဖူးတယ်၊ သူအရက်မသောက်လို့ သူ့ကိုအားမနာပါနဲ့ စိတ်ကြိုက်သောက်ကြပါလို့ပြောပြီးဧည့်ခံတာ၊ ဘီယာသောက်တာတောင် မတွေ့ဘူး'

နီစပ်စပ်ကလည်းဝင်ပြောသဖြင့် ကျွန်တော်ကလည်း. . .

'ဟုတ်လား. . . ဘီယာတောင်မသောက်ဘူးဆိုတော့ အံ့ရောဗျာ'

'ခင်ဗျား အချိန်ရရင် အိမ်ကိုလိုက်ခဲ့ပါဦးလား စားသောက်ပြီးမှ ခရီးဆက်ပေါ့'

'ဟုတ်သားပဲ ကိုထင်ကြီးရ အိမ်လိုက်စားပါဦးလား'

သူတို့လင်မယားက နှုတ်အတင်းအိမ်လည်ခေါ်ကြသော်လည်း ပဉ္စာန်နဂိုရ်တွင် ဇက်ကူးချိန်အမီသွားရမည်ဖြစ်သောကြောင့်. . .

'အခုတော့ အချိန်မီသွားစရာရှိလို့ပါ၊ နောက်မှ အေးအေးဆေးဆေး လာခဲ့ပါ့မယ်၊ ဟော. . . ဟိုမှာ ဆိုင်ကယ်တွေအတွက် လမ်းရှင်းသွားပြီ တဲ့ဘဲ သွားကြ သွားကြ'

လက်ပြ၍ထွက်ခွာသွားကြသော သူတို့မိသားစုကိုကြည့်ရင်း သူမ၏ သားနာမည်ကို'ထွင့်ထွင့်' လို့ပေးရဲသော မချို၏သတ္တိကိုအံ့ဩနေမိသည်၊ ထိုကိစ္စကိုမှားသည်၊ မှန်သည်ဟုကျွန်တော်မဝေဖန်လိုပါ။ ဘာဖြစ်ဖြစ် မချိုတို့ မိသားစုကတော့ ဘဝခရီးကို ပုံမှန်အနေအထားဖြင့် ဖြတ်သန်းနေကြောင်း တွေ့ရ၍ ဝမ်းသာမိပါသည်။

သူမ၏နှလုံးသားထဲတွင် ထွင့်ထွင့်မှလွဲ၍ အခြားလူကို နေရာပေးဖို့ မရှိဟုပြောခဲ့သော မချို၏စကားများကို ပြန်၍ကြားယောင်မိပြန်သည်။ ဟုတ်ပါသည်. . . ယခုထွင့်ထွင့်ဟူသော သူ့သားလေးကမချို၏နှလုံးသားဝယ် ကြည်နူးစရာအပြည့်ဖြင့် နေရာယူထားလိုက်ပြီ မဟုတ်ပါလား. . .။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်ထွင့် . . . သူကတော့ဘွဲ့ရပြီး အသက်လည်းမီသဖြင့် စစ်ထဲဝင်သွားခဲ့သည်မှာ ယခုဗိုလ်ကြီးဘဝဖြင့် ရှေ့တန်းတစ်နေရာတွင် တိုင်းပြည်တာဝန်ကို ထမ်းဆောင်၍နေပေပြီ။

အချိန်ကာလ၏တိုက်စားမှု လက်တွေ့ဘဝအတွေ့အကြုံများနှင့် ပေါင်းစပ်၍ ယခုဗိုလ်ကြီးဘဝ၌ သူ၏ခံယူချက်များကလည်း စစ်ထဲဝင်ကာစ သူ့ခံယူချက်များနှင့်တော့ ထားလားမျှတနိုင်တော့မည်မဟုတ်တော့ပေ . . .။

ထွင့်ထွင့်၏နောက်ကို မချိုလိုက်သွားခဲ့ပါက ကြုံရာပါအမှုတွဲဖြင့် အချုပ်ကျမှာစိုး၍ သူတို့နှစ်ဦးကိုကွဲကွာစေအောင် အကြံပေးခဲ့မိလေသလားဟု မသိစိတ်မှ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိခဲ့သည်။ ယခုတော့ စိတ်ရော အမြင်ရော ရှင်းသွားပါပြီ။

မချို၏ရင်သွေး ထွင့်ထွင့်သည် နီစပ်စပ်၏ရင်သွေးပင်ဖြစ်သော်လည်း ကိုယ့်ရင်မှလွယ်၍ မွေးထားရသောသားဖြစ်၍ မချိုတစ်ယောက်အသည်း ပေါက်မတတ် ချစ်ပေလိမ့်မည်။ ထိုအတူ နီစပ်စပ်သည်လည်း သူ့ရင်သွေးစစ်စစ်ဖြစ်သောကြောင့် မချစ်ဘဲနေပါတော့မည်လား။ အတိတ်က သူပြုမိခဲ့သည်များကြောင့် သူ့ကလေး၏အမည်ကို ထွင့်ထွင့်ဟုပေးထားသည်ကိုပင် သူလိုက်လျောနေခြင်းက မချိုကိုရော သူ့သားလေးကိုရော သံသယကင်းကင်းဖြင့် ချစ်လွန်း၍ မဟုတ်ပါလား . . .။

အကယ်၍များ အချစ်ကိုဦးစားပေးကာ ထွင့်ထွင့်နောက်ကို မချိုလိုက်ခဲ့ပါက ကျွန်တော်ဆက်မတွေးချင်တော့ပါ။ ယခုတော့မချိုရော ထွင့်ထွင့်ပါ သူတို့ဘဝခရီးလမ်းကို သူတို့ကိုယ်တိုင် သံသယကင်းကင်းဖြင့် လျှောက်လှမ်းနေကြပြီပဲလေ . . .။

ကားကြီးများသွားလို့ရအောင် လမ်းရှင်းသွားပြီဖြစ်၍ ကျွန်တော်လည်း အတွေးစကိုရပ်သိမ်းကာ ကားကိုစက်နှိုးလိုက်သည်။ ထို့နောက် စိတ်ကူးတစ်ခုက 'ဖျပ်' ခနဲဝင်လာသောကြောင့် ကားကြီးကို ရွှေညာဘက်လမ်းထဲသို့ ချိုးကွေ့ရန်အချက်ပြကာ ကားကိုမောင်းလိုက်လေတော့သည်။

♣ ♣ ♣



(၂၀)

ပဌာန်နဂိုရ်ဆိပ်ကမ်းမှ ဧရာဝတီဖြစ်ကိုဖြတ်၍ အနောက်ဘက်မလွန်ဆိပ်ကမ်းသို့ကားများကို ပို့ပေးနေသည့်'ဧရာမင်း' ဖက်ရေယာဉ်ကြီးပေါ်သို့ ကျွန်တော့်ကားကို သားစစ်ကနောက်ပြန်မောင်း၍တက်နေသည်။ 'ဖက်' တစ်စီးလုံး ကျွန်တော့်ကားမှလွဲ၍ အခြားကားတစ်စီးမှမရှိပါ။ ကားကြီးနောက်ပြန်မလျှောစေရန်အတွက် နောက်ဘီး၏နောက်တွင် ကြမ်းတုံးကို ကျွန်တော်တခုလိုက်ပြီး ကားခေါင်းပေါ်သို့တက်လိုက်စဉ် သားစစ်က ကားစက်ကိုပိတ်၍ . . .

'ထင်ကြီး . . . မင်းငါ့ကို ဖွတ်အတင်းခေါ်လာတာ အကြောင်းတော့ရှိရမယ်'

'မင်းကို ငါပြောသားပဲ ငါ . . . ဝမ်းတွေလျှောနေလို့ပါဆို'

'အခု . . . ငါမောင်းလာတဲ့လမ်းတစ်လျှောက်လုံး မင်းအိမ်သာတက်တာ ငါမတွေ့ရပါလား၊ ပြီးတော့ သောက်စားကိုလည်း နင်းကန်စားသေးတယ်'

'ဟ . . . ငါကတစ်ညလုံး ဝမ်းလျှောလာခဲ့တာကွ၊ ဆေးတွေစားသို့အခုတော့ နည်းနည်းကောင်းသွားလေတော့ . . . အားပြတ်မှာစိုးလို့ အစားတို့စားနေရတာပါကွာ'

'ဒီရုပ်ကြီးလား အားပြတ်တဲ့ရုပ်၊ မင်း . . . ငါ့ကိုတမင်ခေါ်လာတာ . . .'

'မဟုတ်ပါဘူးကွာ လူကနာလန်ထစ ကိုချိုကလည်း ပါမလာ . . .'



www.burmeseclassic.com

www.burmeseclassic.com



'မင်း. . . ထူထူထောင်ထောင်ကြီးပါ၊ ပြီးတော့ ကုန်ကလည်း သိပ်မများဘဲနဲ့ မင်းတစ်ယောက်တည်း မောင်းလည်းရတာပဲ'

'ရတော့. . . ရတာပေါ့ကွာ. . . အဲ. . . ဒါပေမယ့် မရလို့ပေါ့'

သားစစ်ကစိတ်မရှည်စွာဖြင့် ကျွန်တော့်အင်္ကျီကိုဆွဲကာ. . .

'မင်း. . . ငါ့ကို တစ်ခုခုဖုံးထားတယ် မဟုတ်လား ပြောစမ်း'

'ဟဲ့ကောင်. . . စီးကရက်တွေ ကျိုးကုန်လိမ့်မယ် လွှတ်စမ်းပါဦး'

သားစစ်ကအင်္ကျီကိုလွှတ်လိုက်သဖြင့် ကျွန်တော်လည်းအိတ်ကပ်ထဲမှ စီးကရက်နှစ်လိပ်ကို ထုတ်ကာမီးညှိ၍ သူ့ကိုတစ်လိပ်ပေးလိုက်စဉ် ဇက်ရေယာဉ်ကြီးလည်း ဝဋ္ဋာန်နဂိုရ်ဆိပ်ကမ်းမှခွာလိုက်သည်။ ဇက်ရေယာဉ်၏စက်အားကြောင့် ဖြစ်ပေါ်လာသော'ဝဲဂယက်' ကြီးများကိုကြည့်ရင်း ကျွန်တော်အကြံထုတ်လိုက်ပြီး. . .

'မကွေးမြသလွန်၊ မလွန်မြသပိတ် ဆိုတဲ့စကား မင်းသိတယ် မဟုတ်လား'

'ငါမေးတာနဲ့ ဘာဆိုင်လဲ'

'ဆိုင်တာပေါ့ကွ၊ မကွေးမှာမြတ်စွာဘုရားရဲ့ သလွန်တော်ကို ဌာပနာပြီး မြသလွန်ဘုရားကိုတည်ခဲ့သလို ဟောဒီမလွန်မှာလည်း ဘုရားရဲ့ မြသပိတ်ကို ဌာပနာပြီး မြသပိတ်ဘုရားကိုတည်ခဲ့တယ်လေ သိပ်တန်ခိုးကြီးတာကွ၊ မကွေး ကောလိပ်မှာ ငါတို့နေတုန်းက ဒီမြသပိတ်ဘုရားပွဲတော်ကို မင်းတို့ငါနဲ့ လိုက်လည်တာမှတ်မိတယ် မဟုတ်လား။ အခုပွဲတော် စခါနီးလို့ ဆိုင်ခန်းတွေ တောင်ဆောက်နေပြီ. . .'

'ထင်ကြီး. . . ဝေ့လည်ကြောင်ပတ်တွေလုပ်မနေနဲ့ ငါမေးတာသာဖြေ၊ မင်းငါ့ကိုခေါ်လာတာ အကြောင်းရှိရမယ် အဲဒါဘာလဲ'

'ငါ. . . အခုပြောနေတာပဲ ဆုံးအောင်မှနားမထောင်ချင်လည်း နေကွာမပြောတော့ဘူး. . .'

'မပြောရင် မင်းကားကြီးကို ရေထဲမောင်းချလိုက်မယ်'

သားစစ်တပြောပြောဆိုဆို ကားစက်ကိုနှိုးလိုက်သည်။ 'ဝူး' ခနဲ





စက်နိုးသွားရုံမက မည်းနက်သောမီးခိုးများပါထွက်လာသဖြင့် ရေယာဉ်ပေါ်မှ လူများကဝိုင်းကြည့်ကြသည်။ သားစစ်ပုံက တကယ်လုပ်တော့မည့်ပုံပေါ်နေ၍ ကျွန်တော်ကလန့်သွားသည်။ ကြမ်းတုံးကို ကားဘီးရှေ့ဘက်မှ မခုမိသည်တိုလည်း နောင်တရမိသဖြင့်. . .

'ဟေ့ကောင်. . . မလုပ်နဲ့ ငါဆက်ပြောမယ်'

'ပြော. . .'

'အဲဒီ. . . ဘုရားရင်ပြင်တော်ပေါ် အရှေ့မြောက်ထောင့်က ခေါင်းလောင်းကိုထိုးရင် မလွန်မြေကိုနောက်တစ်ခေါက်ပြန်နင်းပြီး ဘုရားကိုနောက်တစ်ခေါက် ပြန်လာဖူးရလိမ့်မယ်လို့တောင် ငါပြောခဲ့သေးတယ်လေ၊ မယုံဘူးဆိုပြီး အဲဒီခေါင်းလောင်းကို မင်းထိုးခဲ့တာမှတ်မိလား'

'ထင်ကြီး. . . မဆိုင်တာတွေလျှောက်ပြောမနေနဲ့ ငါစိတ်မရှည်တော့ဘူး'

သားစစ်ကပြောပြောဆိုဆို ဂီယာထိုးရန်အတွက် ကလပ်(ချ်) တိုနင်းလိုက်သဖြင့်. . .

'အဲ. . . အဲဒီ ဘုရားပေါ်မှာ. . . ဟို. . . ဟိုလေ'

ထိုစဉ် ဇက်ရေယာဉ်မှတာဝန်ရှိသူတစ်ဦး ရောက်လာပြီး. . .

'ဘာပြုလို့ ကားစက်ကိုနှိုးထားရတာလဲ. . .'

ကျွန်တော်က ဝမ်းသာအားရဖြင့်. . .

'ဟာ. . . ခင်မောင်ထွန်းပါလား၊ အဲ. . . ဟို ဟို ငါ့ကားက 'စတတ်တာမိုတာနဲ့ ဘက်ထရီ' ကသိပ်မကောင်းလို့ အင်ဂျင်ပူတုန်းနှိုးထားတာ ဝါတွ'

'နောက်လည်း လှည့်ကြည့်ဦး မင်းကားအိပ်ဇော့ကမီးခိုးလုံးကြီးတွေကြောင့် ရှေ့ကိုဘာမှမမြင်ရတော့လို့ ဟိုမှာဇက်ရေယာဉ်မှူးက မင်းတိုအော်ဆဲနေတယ်၊ ကဲ. . . စက်ရပ်လိုက်ကွာ၊ ကမ်းစပ်ရောက်လို့ စက်နှိုးမရရင် ငါတို့ဝိုင်းတွန်းပေးပါ့မယ်'

သားစစ်ကစက်ပိတ်လိုက်စဉ် ကျွန်တော်ကခင်မောင်ထွန်းဘက်လှည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



'ငါက မင်းကိုအစိုးရဆီတဲ့ ရေယာဉ်တွေမှာလိုက်နေတယ်လို့ ထင်နေတာ၊ ရော့. . . စီးတရက်သောတ်ဦးတွာ မတွေ့ရတာတောင်ကြာနေပြီ'

စကားရောဖောရောဖြင့် စကားတွေပြောနေလိုက်သည်။

'တုန့်' ခနဲဇရာမင်းဇက်ရေယာဉ်ကြီး မလွန်ဆိပ်ကမ်းတွင်ကပ်၍ တားအတက်အဆင်းလုပ်သည့် တံခါးကြီးကိုချပြီးပြီးချင်း သားစစ်က ကျွန်တော့်တားကြီးကို အတင်းမောင်း၍ ဇက်ပေါ်မှဆင်းလိုက်သဖြင့်. . .

'တေ့ကောင်. . . ကြမ်းတုံးကျွန်နေခဲ့ပြီကွ ရပ်စမ်းပါဦး'

သားစစ်က ကားတိုမရပ်ဘဲ တမ်းပါးကြီးကို အတင်းတက်ရင်း. . .

'ဒါမြသပိတ်ဘုရား မဟုတ်လား။ အတည့်ဆက်မောင်းလိုက်မယ်'

ကမ်းပါးပေါ်မှတစ်ဆင့် ဘုရားပြောက်ဘက်ကုန်းမြင့်ကြီးကို ဆက်တက်နေပြန်သည်။ ကုန်းထိပ်နားသို့ရောက်လာသည်။ ဤကုန်းထိပ်၏ ဟိုဘက်အဆင်းတွင် ဘုရားပွဲတော်ခင်းရှိသည်။ ဘုရားပွဲတော်ရက် ရောက်ခါနီး ပြီဖြစ်၍ ဈေးဆိုင်တန်းများဆောက်နေကြသည်မှာ တော်တော်လေးပင် ပြီးနေပေပြီ။

'သားစစ်. . . အဲဒီကုန်းထိပ်တည့်တည့်ရောက်ရင် ရပ်လိုက်'

'ဘုရားပေါ်မှာ ဘယ်သူရှိလဲ. . .'

'အေး. . . ဟုတ်ပြီ အဲဒီကုန်းထိပ်မှာရပ်တော့၊ စက်ပိတ်ခဲ့ ဂီယာကို သေသေချာချာထိုးခဲ့'

ဟုအော်ဟစ်ကာ ကားစက်ရပ်ရပ်ချင်း ကားပေါ်မှခုန်ဆင်း၍ ဘုရားပေါ်သို့ပြေးတက်ခဲ့သည်။

သားစစ်ကလည်း ကုန်းထိပ်ဆင်ခြေလျှောတွင် ကားကိုရပ်၍စက်ပိတ်ကာ ကျွန်တော့်နောက်မှပြေးလိုက်လာသည်။ စောင်းတန်းလှေကားအဆုံး ရင်ပြင်တော်ပေါ်တွင်သင်းသင်းကို တွေ့လိုက်ရသဖြင့် အမောတကော ကျွန်တော်က. . .

'နှင်းနှင်း. . . နှင်းနှင်းရော. . .'

သင်းသင်းတသူ့ခွေးကိုလှုင်မြန်စွာ ကောက်ပွေ့ရင်း. . .

'ဟင်. . . ကိုထင်ကျော်ဦး နှင်းနှင်းရှိပါတယ်၊ သင်းသင်းလေ ဟိုတစ်ခါက တော်တော်ရိုင်းသွားတာ အဲဒါကြောင့် ကိုထင်ကျော်ဦးကို တောင်းပန်ချင်နေတာ၊ အဲဒါနဲ့ မင်းလှတ ကိုထင်ကျော်ဦးတို့အိမ်ကို လိုက်သွားသေးတယ်. . . ခရီးထွက်သွားတယ်ပြောလို့ သင်းသင်းတောင်းဝန်ပါတယ်ရှင်. . .'





ကျွန်တော့်မှာဘာလုပ်ရမှန်းမသိဘဲ ဘုရားတိုဝဲပြေးရှိခိုးလိုက်ရမလား ဘုရားပေါ်မှပဲ ခုန်ချလိုက်ရမလား၊ ဝမ်းသာရမလိုလို၊ ငိုရမလိုလိုဖြစ်သွားပြီးမှ. . .

'အဲ. . . အင်း. . . သင်းသင်း. . . ငါတို့ ပြီးမှအေးအေးဆေးဆေး တောင်းပန်ပါ ဟာ၊ အခု. . . နှင်းနှင်းဘယ်မှာလဲ'

သင်းသင်းကြောင်သွားပြီး ခွေးတိုအောက်ချရင်း အသံခပ်စွာစွာဖြင့်. . .

'ဘာ ဖြစ် ပြန် ပြီ လဲ'

ကျွန်တော်တ စီးတျလာသောခွေးများတို လတ်ခုံဖြင့်သုတ်ရင်း. . .

'သားစစ်. . . ပါလာတယ်'

'ဘာ. . . ရှင်. . . တတိမတည်တဲ့ အလတားလူ. . .'

သင်းသင်းထံမှရော သင်းသင်းနောက်ဘက်ရှိ တန်ဆောင်းလေးအောမှရော တစ်ပြိုက်နက်တည်းထွက်ပေါ်လာသည့် စကားသံကြောင့် ကျွန်တော် လှမ်းကြည့်လိုက်ရာ တန်ဆောင်းဘေးအတွယ်မှ ထွက်လာသော နှင်းနှင်းကို မြင်လိုက်ရသည်။

နှင်းနှင်းကလည်း ကျွန်တော့်နောက် လှေကားထိပ်မှပေါ်လာသော သားစစ်ကိုမြင်လိုက်ရသဖြင့် ထွက်ပြေးရန်ကြိုးစားလိုက်သည်၊ သို့သော်. . . နှင်းနှင်းလဲကျသွားသဖြင့် သားစစ်တအပြေးသွားလိုက်စဉ် ကျွန်တော်ဘာ. . .

'ဒီမယ်. . . ငါကတိမတည်တာ မဟုတ်ဘူးနော်၊ နင့်အကြောင်းတွေနဲ့ နင်ဒီမှာရှိနေတယ်ဆိုတာ သားစစ်တိုမပြောဝါဘူးဆိုတဲ့ ကတိတို ငါထောင်ခဲ့တာ. . . ငါသားစစ်တို လုံးဝမပြောခဲ့ဘူး မယုံရင်မေးကြည့်. . .၊ ဒါပေမယ့် ငါ့ရဲ့ကတိထဲမှာ သားစစ်ကို ခေါ်မလာပါဘူးလို့မှမပါဘဲ၊ အဲဒါကြောင့်. . . ခေါ်လာခဲ့တာ. . .'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သားစစ်က နှင်းဖြူကိုဖြည်းညင်းစွာထူလိုက်ပြီး နှင်းဖြူ၏ခြေထောက်ကို ယုယစွာကိုင်ကြည့်ရင်း. . .

'နှင်းနှင်းရယ်. . . တစ်ယောက်တည်းလျှောက်လို့မရတဲ့ခရီးကို ဘာပြုလို့များ ဇွတ်တိုးသွားချင်ရတာလဲ၊ နှင်းနှင်း ဘယ်သွားချင်လဲ ပြော. . ဘဝခရီးတစ်လျှောက်လုံး နှင်းနှင်းရဲ့အဖော်အဖြစ် ကိုယ်. . . လိုက်ပို့ပေးမယ်လေ. . .'

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲပြောလိုက်သော သားစစ်၏စကားသံကြောင့် ကျွန်တော်ပါရောယောင်၍ကြွေသွားသည်။ နှင်းနှင်း၏ရှိုက်သံများ၊ သားစစ်၏ အားပေးသံများကို နားစွင့်ရင်း မျက်တောင်မခတ် ငေးကြည့်နေမိစဉ်. . .

'ကိုထင်ကျော်ဦး. . . သင်းသင်းထပ်ပြီးတော့ တောင်းပန်ပါတယ် တော့ နပ်ပါနော်. . .'

ဟူသောအသံကြားမှ ကျွန်တော့်ထံလာနေသည့် ရှက်သွေးဖြန်းနေသော သင်းသင်းအောင်ကို ကျွန်တော်ကဆွေးမြေ့စွာဖြင့်ကြည့်လိုက်ရင်း. . .

'သင်းသင်းရယ်. . . မင်းမတောင်းပန်ခင်ကတည်းက ကိုယ်ကျေနပ်ပြီးသာပါ၊ ဘာပြုလို့လဲဆိုတော့ သင်းသင်းကိုအသက်နဲ့ထပ်တူ ကိုယ်ချစ်နေမိလို့ပေါ့. . .'

ဟုလေသံပျော့ပျော့ကြီးဖြင့်ပြောရင်း သင်းသင်းအောင်၏ နူးညံ့သောလက်ဖဝါးနှစ်ဘက်ကို ဆုပ်ကိုင်လိုက်သည်။ သင်းသင်းမရုန်းဘဲ ခေါင်းငုံ့နေသည်။

သူ့လက်ထဲတွင် မှောက်ကျစရာလက်ဖက်ရည်ခွက် မရှိသောကြောင့် သူမ ဘာကြောင့်မရုန်းမှန်း ကျွန်တော်ကောင်းကောင်းကြီ သဘောပေါက်သွားပြီး ဂေါပကရုံးခန်းကို လှမ်းကြည့်လိုက်သည်။ တစ်ဦးတည်းရှိသောဂေါပကကြီးက ဘောပင်တစ်ချောင်း စာအုပ်တစ်အုပ်ဖြင့် ခေါင်းမဖော်နိုင်အောင် အလုပ်ရှုပ်နေကြောင်း သေချာသွားသောအခါ ကျွန်တော်ကတစ်ဆင့်တက်၍ သင်းသင်း၏ လက်မောင်းလေးကို ပြောင်းကိုင်လိုက်ရင်း. . .





'သင်းသင်းရယ်. . . မင်းအတွက်နဲ့ ကိုယ်စိတ်မောခဲ့ရတဲ့ အချိန်တွေကို မေ့ပစ်လိုက်ပြီး တစ်သက်လုံးကျေနပ်စွာ ပျော်ပါရစေတော့နော်'

ဟုထပ်ပြောလိုက်သောအခါ သင်းသင်းကပြုံး၍ ခေါင်းညိတ်ပြရင်း. . .

'အခုရော မပျော်ဘူးလားဟင်. . .'

ဟုနူးညံ့သော လေသံတိုးတိုးလေးဖြင့်မေးရင်း ကျွန်တော့်ရင်ခွင်ထဲသို့တိုးဝင်လာသည်။ ကျွန်တော်ကလည်း ဖြည်းညင်းစွာဖက်လိုက်ရင်း ပါးငဲ့ခဲ့လည်း 'မပျော်ရင်ကော. . .' ဟူသည့် ပုသိမ်-မုံရွာလမ်းမှ ဒေသသုံးစကားလုံးကြီး ယောင်ပြီးထွက်သွားတော့မလို ဖြစ်သွား၍ ပါးစပ်ကိုပြန်စေ့လိုက်စဉ်. . .

'အူသံလည်းမဟုတ်၊ ဟောင်သံလည်းမဟုတ်သော ထူးခြားသည့် အသံကြီးက ခွေးဆီမှ ထွက်လာသဖြင့်. . .

'ဘာလဲ. . . မနာလိုဖြစ်နေတာလား။ ခွေးဟာ ခွေးလိုပဲနေရမှာပေါ့ ခွေးငမိုး ရဲ့'

ဟုစိတ်အတွင်းမှကြုံးဝါးလိုက်ရင်း လေပြည်တွင်ဆော့ကစားနေသော သင်းသင်း၏နူးညံ့သော ဆံနွယ်များကြားမှတစ်ဆင့် ခွေးကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

ခွေးက ကျွန်တော့်ကိုမကြည့်ဘဲ ဘုရားအောက်သို့သာကြည့်၍ အသံပေးနေသောကြောင့် သူမျက်နှာမူရာသို့ ကျွန်တော်ကြည့်လိုက်သည်။ ဘုရားအောက်ကုန်းထိပ်တွင် ရပ်ထားသော ကျွန်တော့်ကားကြီးကို မြင်လိုက်ရသဖြင့်. . .

'ငါ့ကားကြီးကို မင်းကရန်လုပ်ချင်တာလား၊ မင်းနာတော့မယ်နော်'

ဟုအသံမထွက်ဘဲ ခွေးကိုသတိပေးလိုက်စဉ် ကျွန်တော့်ကားကြီး ရွေ့နေသလို ထင်လိုက်သောကြောင့် မျက်လုံးကိုပွတ်ပြီ၍ သေသေချာချာ ကြည့်လိုက်ရာ. . .

ဂီယာပြုတ်သွားပေပြီ၊ ကြမ်းတုံးလည်းမခုခဲ့ရသဖြင့် ကားကြီးသည် ရွေ့ရုံမက ကုန်းဆင်းအတိုင်း လိမ့်စပင်ပြုနေပါသည်၊ ကြည့်ရင်း ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မြန်လာ့ကာ ဆောက်လုပ်ဆဲဖြစ်သော ပွဲတော်ခင်းဈေးဆိုင်တန်းများဆီသို့ ဦးတည်ပြီး ပျော်ပျော်ကြီးပြေးဆင်းနေသော ကျွန်တော့်ကားကြီးကို တအံ့တဩမြင်သက်စွာဖြင့် ပါးစပ်အဟောင်းသားပွင့်ကာ ငေးကြည့်နေမိလေတော့သည်။

ထိုစဉ် ကျွန်တော့်ရင်ခွင်ကြားမှ သင်းသင်းကသာယာချိုလွင်သော အသံလေးဖြင့်. . .

'ခွေးလေးဝေဟင်ပျော်လို့ အသံပေးနေပြီပဲကိုရယ်. . . ကိုရောမပျော်ဘူးလား ဟင်. . .'

ဟုထပ်မံ၍မေးလေသောကြောင့်. . .

'မ. . . မပျော့်ရင်ကော. . . ကွယ်'

ဟုခြောက်ကပ်သောလေသံကြီးဖြင့် ကျွန်တော် ပြန်ဖြေလိုက်မိလေတော့သတည်း။ ▮

ထူးဧရာဝဏ်အောင်

BURMESE CLASSIC .com



www.burmeseclassic.com